ဒဂုံတွေ့ပါလျက်ဘုန်းဇင်ဇင်နဲ့ပြီးပြင်

၁၃၈၇ ခု

ဘိုကွဲနိဿန္ဒါ

နှင့်

သိလရှင် သမိုင်း

[ဝိုင် အမ် ဘီ အေ စာပေ‘ပဌမ’ဆုရ စာအုပ်]

ရဇဝတ္ထုန်း

ပြုစုသည်

ဘာသာရေးစာပေဆိုင်ရာ ခွင့်ပြုချက်အမှတ်(၉၉၀၃)

၁၃၃၉-ခု တပေါင်းလ

၁၉၇၀-ခု မတ်လ

ပြင်ဆင်ဖြည့်စွက်၍ ပထမ အကြိမ်

အုပ်ရေ- ၂၅၀၀

ပန်းချီ- မောင်မောင်သိုက်

ဘးလောက်- နယူးဘာဒးပာဒး

အဖုံး- သိန်းသန်းဦး

တန်ဘိုး- ၁၂ ကျပ်

ဦးအုံးမောင် (၀၁၂၁၆၄)၊ ရွှေတည်စာပေဘုံကံ ၆၆ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍ ဦးဘိုးဟန် (၀၂၂၆၈) မင်းထုန်းမိုး ပုံနှိပ်တိုက်၊ ၆၈၊၁၆၅၅လမ်း၊ဘာမွေ၊ရန်ကုန်ကရိုက်နှိပ်သည်။

သီလရှင်သမိုင်း

မာတိကာ

ရှေးကိုင်းသား၏အမှာ ၅
စာရေးသူ၏ မှာထားချက် ၃၁
ဒုတိယအကြိမ်ရိုက်နှိပ်ခြင်း မှတ်ချက် ၃၈
သီလရှင်သမိုင်း ၄၂

ပဌမပိုင်း

ဘိက္ခုနီသာသနာ ၄၃
အမျိုးသမီးခေါင်းဆောင် မဟာပဇာပတိဂေါတမီ ၄၄
ခေမာထေရီ ၅၆
ဥပ္ပလဝဏ္ဏာထေရီ ၆၇
တေဒဂ်ရ ရဟန္တာမ ၁၃ ပါး ၇၉
ဘိက္ခုနီတို့ အဝတ်အဆင် ၈၁
သီဟိုဠ်ကျွန်း ဘိက္ခုနီသာသနာ ၈၄
အပရန္တတိုင်း ၁၀၁
သုဝဏ္ဏဘူမိ ၁၀၄

ဒုတိယပိုင်း

သီလရှင်ခေတ် ၁၁၆
ပရိဗိုဇ် ၁၂၅
ပဏ္ဍရင်္ပပရိဗိုဇ် ၁၃၅
သီလရှင်တို့၏ သီလ ၁၃၈
မြန်မာရာဇဝင် ရှေးပိုင်းခေတ်သီလရှင် ၁၄၀
ပုဂံခေတ် သီလရှင် ၁၄၈
အင်းပခေတ် သီလရှင် ၁၅၈
သီတင်းသုံးနှင့် သီလရှင် ၁၆၂
သပ္ပရိဟ်-သောပယို-သုပယို ၁၆၈
အဝတ်ဖြူ ၁၇၃
အရောင်ဆိုးရပုံ ၁၈၁

တတိယပိုင်း

သီလရှင်ဆရာကင်း ၁၉၅
ဆရာကင်း ဘွဲ့တေးထပ် ၂၀၈
လောင်းရှည် မိဖုရား သီလရှင်
ဝတ်လိုကြောင်းခွင့်တောင်းတေးထပ် ၂၁၃
ဆရာကင်း၏ တပည့်ကြီးများ ၂၁၈

စတုတ္ထပိုင်း

မျက်မှောက်ခေတ် သီလရှင်များ ၂၂၈
သီလရှင်ချောင်များ၏ အခြေအနေ ၂၃၃
ထင်ရှားသော သီလရှင် စာသင်တိုက်ကြီးများ ၂၄၆

မာတိကာ ၅

စစ်ကိုင်းတောင်ရိုး သီလရှင်ချောင်များ ၂၄၀
မင်းကွန်းသီလရှင်ချောင်များ ၂၄၉
မူရာလယ်တာ သီလရှင်တိုက်များ ၂၅၂
ရန်ကုန်သီလရှင်များ ၂၅၃
ရန်ကုန်ရှိသီလရှင်ကျောင်းတိုက်အချို့ ၂၅၆
တွံတေးသီလရှင်တိုက် ၂၆၀
ပြည်-တောရများ ၂၆၁
ရွှေတောင်အမှာရာမသီလရှင်တိုက် ၂၆၄
မော်လမြိုင်သီလရှင်စာသင်တိုက် ၂၆၅
သီလရှင်အဖွဲ့အစည်းများပေါ်ပေါက်လာခြင်း ၂၇၁
ခေတ်မှီသလရှင်များ ၂၇၅
မြို့တော်မြို့ဗုဒ္ဓဘာသာမိဘမဲ့ ကလေးဂေဟာ ၂၇၆
တောင်ငူမြို့ အမျိုးသမီး စောင့်ရှောက်ရေးအဖွဲ့.... ၂၇၈
မန္တလေးမြို့ ပဲ့ကုန်းရပ် မိဘမဲ့ဂေဟာ ၂၈၃
သီလရှင်တက္ကသိုလ် ၂၈၄
ဘီအေ သီလရှင် ၂၈၆
နယ်ခြားသာသနာပြု သီလရှင် ၂၈၈
ပဲ့သိမ်း (နိဂုံးချုပ်) ၂၉၀
ဇနာဉ်ဆက်တွဲ ၁—မှ ၃—အထိ ၃၀၂-၃၂၀

ရွှေကိုင်းသား၏အမှာ

"အကြင် အကြောင်းအရာ တခုခုကို သိလို၏၊ ထို အကြောင်းကို ကျမ်းပြုပါ" ဟု ဆိုရိုးတရပ် ရှိခဲ့ဘူးလေသည်။ ထိုဆိုရိုးနှင့်ပတ်သက်၍ အဓိပ္ပါယ်ကို ယခု ဆရာ ရဝေထွန်း၏ "သီလရှင်သမိုင်း" ကို ဖတ်ရှုရမှ ပို၍ သဘောပေါက်လာသည်။ သီလရှင်များသည် သာသနာဝင်တွင် မပါနိုင်သကဲ့သို့ လူဝတ်ကြောင်မဟုတ်၍လည်း လူ့အကြောင်းတွင် ထည့်သွင်းစဉ်းစားခြင်းမရှိခဲ့ပါပေ။ ယင်းသို့ နှစ်ဖက်စလုံးဟိုက ဥပေက္ခာရှုထား၍လည်း သီလရှင်အကြောင်းကို သာသနာဝင် သမိုင်းစဉ်များ၌ ရှာမတွေ့နိုင်သလို လူ့မှုရေး :သမိုင်းကြောင်းများ ၌လည်း သီလရှင်များနှင့်ပတ်သက်၍ အထောက် အထားများ ရှာမရနိုင်လောက်အောင် ခေါင်းပါးနေခဲ့ခြင်းဖြစ်လေသည်။ ယင်းသို့ မှုခြမ်းပြုစရာ နောက်ခံ သမိုင်းကြောင်း ခေါင်းပါးလျက်ရှိသောသီလရှင်အကြောင်းကို စစ်ကိုင်းတောင်ရိုးမှ ထင်ရှားသော ဆရာတော်ကြီး တပါးက ဤစာရေးသူကို သုတေသန ပြုခိုင်းပါသည်။ လွန်ခဲ့သည့် ၃ - နှစ်ကျော်လောက်က ဖြစ်ပါသည်။ ပဌမဟုတ် သိလို သော ဆရာတော်ကြီးတပါးအတွက် သုတေသန ပြုပေးရာမှ နောက်ပိုင်းတွင် ကိုယ်တိုင်ကလည်း သိလိုလာပေသည်။ ဤသိလိုမှုသည်ပင် ရှေ့သို့ တလှမ်းတိုး၍ ရှာဖွေလေ့လာရန် စိတ်အားသန်မှု ဖြစ်လာ စေပါသည်။

သို့သော် သီလရှင်နှင့် ပတ်သက်၍ ဖော်ပြခဲ့သည့်အတိုင်း မိုးငြိမ်းပြုစရာ နောက်ခံသမိုင်းကြောင်းများမှာ ရှာမရ နိုင်လောက်အောင် ခေါင်းပါးနေခဲ့သည့်အတွက် ပဌမဌ် သီလရှင် သုတေသန ပြုလုပ်ရမည်ကို စိတ်ဓာတ်ကျဆင်း သလို နောတ်ဆုတ်ချင်လာပါသည်။ သို့သော် နောက် ဆုတ်၍ကား မဖြစ်၊ ယူထားမိခဲသာ တာဝန်ကို ကျေ ပွန်နိုင်သလောက် ကျေပွန်အောင် ဆောင်ရွက်ပေးရမည် ဖြစ်၍ သုတေသန ခရီးစဉ်ကို ဆက်လက် ချီတက်မြဲ ချီ တက်ရပေတော့၏။ ရွှေသို့ ချီတက်၍သာ ချီတက်ရသည်၊ သီလရှင်နှင့်ပတ်သက်၍ ဆရာကင်းအထက် ကျော်တက် ၍ မဖြစ်နိုင်အောင် လမ်းစမှာ ပြတ်သလို ဖြစ်နေပြန် လေသည်။ ဆရာကင်းသည်ပင် ယခုတွေ့ရှသည့် ဆရာ ကင်းလို မင်းပေါက်စိုးကြား ထွန်းထွန်းကားကား မ ဟုတ်ဘဲ ချောင်ကြိုချောင်ကြားမှ သိမ်သိမ် ငယ်ငယ် နှင့် မထင်မရှားသွားနေရသည့် ဖွားသီလကြီး တပါး သာ ဖြစ်နေလျှင်လည်း သီလမှုင်သမိုင်းကြောင်းမှာ အမှန်ပင် လမ်းစပြတ်သွားစရာ ရှိနေပေသည်။ ယခုသော် သီလရှင် လောကတွင် ထွန်းပြောင် ထောက်ပခဲ့သော သီလရှင် ဆရာကင်းရှိနေ၍သာ ၎င်း၏ သဲလွန်စဖြင့် သီလရှင်သမိုင် ကြောင်းကိုဆက်လိုက်နိုင်ခဲ့ခြင်းဖြစ်သည်။

သီလရှင် မယ်ကင်း ခေါ် ဆရာကင်း အကြောင်းကို ကွယ်လွန်သူ သုတေသနပညာရှင် မှော်ဘီ ဆရာသိန်းကြီးက ပဌမဆုံးအဖြစ် ထုတ်ဖော် မှတ်

တမ်းတင်ခဲ့ရသော ကျွန်ုပ်တို့ဟတွေ့ သိရှိရပေရာ ဆရာသိန်းကြီးအား ကျေးဇူးတင်စရာ ဖြစ်ပေသည်။ ယင်းမှတ်တမ်းကို "ဒဂုန်-ကိုဦးမြင့်" ဆိုသူက ယဉ်ကျေးမှုစာစောင် အတွဲ ၃ အမှတ် ၆-တွင် တဆင့်တင်ပြခဲ့ရ၍ တိုင်းပြည် လူထု လက်တွင်းဝယ် ကျယ်ကျယ်ပြန့်ပြန့် ရောက်သွားပါသည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မှာလည်း ယင်းသည့် မှတ်တမ်းကို အခြေပြုပြီးလျှင် သီလရှင်သမိုင်းလမ်းကြောင်းကို ဆက်လျှောက် နှိုင်ခဲ့ခြင်း ဖြစ်လေသည်။

မှတ်တမ်းအစနားတွင်—

"ဘကြီးတော်လက်ဆက် သားဘော် အိမ်ရှေ့မင်းသည် မဏီပူရ ကသည်းပြည်ကိုတိုက်ခိုက်အောင်မြင်တော်မူ၍ များစွာသော ကသည်းများကို လက်ရဘမ်းဆီးပြီး မြန်မာပြည်သို့ ခေါ်ခဲ့ရာတွင် သီလရှင်မယ်ခေမာ(၀၀) ဆရာကင်းမှာ သုံးနှစ်သမီးခန့် ရှိပြီဖြစ်လေသည်၊ ဇာတိမှာ မဏီပူရ ကသည်းပြည် ဖြစ်လျက် ၁၁၇၆-ခုဖွားတနင်းလာသို့ ဖြစ်သည်" ဟု ဆရာကင်း၏ ဇာတိမျိုးနွယ်ကို ဖော်ပြထားပါသည်။

ယင်းသည့် မှတ်တမ်းလာစကားကို အောက်ပါကဲ့နှိုင်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးလာ စကားရပ်များနှင့် တိုက်ဆိုင်ကြည့်သင့်သည်၊ ရာဇာဒင်တွင်—

"သက္ကရာဇ် ၁၁၈၁- ခု၊ နတ်တော်လတွင် မဏီပူရကသည်းစော်ဘွားမဟာရိန်(ဇူပရာဇာ)သည်

သစ္စာတော်သာခံ၍ရွှေဘဝါးတော်အောက်သို့မဖူးရောက်နေသည် ဟူသော အကြောင်းကြောင့် အလုံမြို့ဝန်မင်းကြီး မဟာဗန္ဓုလကို လက်ဝဲစစ်ကဲကြီး၊ ပုခန်းကြီးမြို့ဝန်မင်းကြီးမင်းခေါင်ကို လက်ယာစစ်ကဲ ခန့်တော်မူပြီးလျှင် ညီတော် ဒဂါရုဝတီမင်းသား သတိုးမင်းရဲကျော်ထင်ကို ဗိုလ်ချုပ်ခန့်တော်မူ၍ မဏီပူရမြို့ကိုတိုက်သိမ်းစေရာအရေးတော် ပြီးပြေ၍ ဆင်မြင်း သုံ့ပန်း လူသူ လေးသောင်းတို့ကို သိမ်းယူပြန်လာစေခဲ့သည်”။ (ကုန်းဘောင်ခေတ် မဟာရာဇဝင်၊ ဒုတိယအုပ်၊ စာမျက်နှာ ၂၅၈-၂၇၀) ဟူ၍ ဖော်ပြထားရာ ရာဇဝင်လာ ကသည်းပြည် သိမ်းယူသည့် သက္ကရာဇ်နှင့် တွက်ယူလျှင် သီလရှင် မယ်ကင်းဖြစ်မည့် သူငယ်မသည် ၎င်း၏မွေးဖွားသက္ကရာဇ် ၁၁၇၆ ခုနှစ်အရမြန်မာနိုင်ငံသို့ ရောက်ရှိလာချိန်သည် ၅ နှစ်သမီးအရွယ်လောက် ရှိနေပြီဟု ခန့်မှန်း ရပေသည်။ (၁၁၈၁-၁၁၇၆ = ၅နှစ်) ဆရာကင်း ဖွားသက္ကရာဇ် ၁၁၇၆ ခုနှစ် အမှန်ထားလျှင် ၃ နှစ်ကို ၅ နှစ်ဟု ပြင်ဆင် မှတ်သားရပေမည်။ ၎င်းပြင် မဏီပူရ ကသည်းပြည်ကို သိမ်းယူစေသည်မှာလည်း သံ၁းတော် အိမ်ရှေမင်းမဟုတ်၊ ညီတော် ဒဂါရုဝတီ မင်းသားဖြစ်ကြောင်းကို ပြင်ပြီး ယူဆရပေမည်။ ဤရာဇဝင် ညွှန်းချက်ကို ရပေဝတ္ထုန်း နှင့်လည်း နှိုးနှော တိုက်ဆိုင် မိပါသည်။ မှတ်တမ်းတွင်ဆက်လက်တွေ့ရှိသည်မှာ—

“မယ်ကင်း အင်းဝမြို့သို့ ရောက်သောအခါ သီလရှင်

ပြု၍ သုံးပါးမင်းကြီးက သမီးအဖြစ်ဖြင့် အိမ်ဦးတွင်ပင် ဆရာထက်ကြပ်ထားကာ ပိဋကတ်တော်များ ကို သင်ကြားစေသည်။ ရှေးဦးစွာ သီလရှင် ပြုပေးသော ဆရာသီလရှင်ကား အမည်မထင်ရှားဖြစ်လေသည်'' ဟူ၍ ဖြစ်ပေသည်။

ရခဝထွန်း စကိုင်းတောင်သို့ လာစဉ်ကမယ်ကင်းကို မေ့စားသော ''သုံးပါးမင်းကြီး'' အမည်နှင့် ပတ်သက်၍ အမည်ဆန်းနေသောကြောင့် သုံ့ပန်းများကို တာဝန်ယူရသည့်အတွက် ''သုံ့ပန်းမင်းကြီး''ဟု ခေါ်သလော ဟု ကျွန်ုပ်တို့ ဆွေးနွေးကြံဆ ကြည့်မိကြပါသေးသည်။ သို့သော် ထိုကြံဆချက်မှာ မမှန်ပါ၊ ဘကြီးတော်ခေတ် အင်းဝမြို့တွင်း ပန္နက်ပုံစံတွင် အတွင်းနန်းမြို့ သစ်တပ် အပြင်ကပ်လျက်အရှေ့မြောက်ထောင့်၌(ခ ပါ.မင်းကြီး) အိမ်ရာဟူ၍ ဆရာဝန်ကြီးအိမ်ရာနှင့် တဲ့ပြီး မြောက်ဘက်က ရှိနေသည်ကို တွေ့ခဲ့ရပါသည်။ တောင်မြောက် ၂၂ တာ ၂ မိုက် ၂ သစ်ရှိ၍ အရှေ့အနောက် ၂၀-တာရှိသော ဝင်းကျယ်ကြီး ဖြစ်ပါသည်။ ယခု အင်းဝမြို့ဟောင်းအတွင်း ယုဒဿန် (ကျပ်ဆင်) အကျဉ်းခံရသည့် အင်းဝ လက်မခံ့ထောင်နေရာ၏ အနောက်မြောက် ထောင့်ကျပါသည်။

ထိုသုံးပါးမင်းကြီးမှာ မန်ကျည်းတုံဇာတိ အမည် မှာ ဦးရန်အောင် ဖြစ်ကြောင်းနှင့်လည်း ၁၉၃၉-ခု၊ အောက်တိုဘာလထုတ် သူရိယမဂ္ဂဇင်းပါ သိပ္ပံမောင်ဇ

၏ "မန်ကျည်းတုံ" ဆောင်ပါးအရသိရှိပါသည်။ သို့သော် ထိုသုံးပါးမင်းကြီး ဦးရန်အောင်မှာ မဏ္ဍိပ္ပရကို သွားတိုက်ရာတွင် ကျဆုံးသည်ဟု ဖော်ပြထားသဖြင့် မယ်ကင်းကို မွေးစားသော သုံးပါးမင်းကြီး ဖြစ်နိုင်မဖြစ်နိုင်ကို စိစစ်ကြည့်ဘို့ လိုပေလိမ့်ဦးမည်၊ သို့သော် ၎င်းပြဿနာကို ရာဇဝင်ဆရာများအတွက် ချန်လှပ်ထားခဲ့ပြီးလျှင် သီလရှင်သမိုင်းအကြောင်းကို ဆက်ရပါမည်။

ဤနေရာ၌ သီလရှင် မယ်ကင်း၏ဇာတိနှင့်ပတ်သက်၍ မူကွဲရှိနေကြောင်းကိုကား ဖော်ပြရပေဦးမည်၊ စစ်ကိုင်းတောင်ရိုး ရွှေဟာသ်ာချောင် ဆရာတော်က မယ်ကင်းသည် အမရပူရ တောင်သမန်ရွာသူဖြစ်ကြောင်းကို ထွင်ခေါင် ဆရာတော် အတ္ထုပ္ပတ္တိတွင် ဖော်ပြထားရာ မော်ဘီဆရာသိန်းကြီး အဆိုနှင့် ကွဲလွဲနေသည်ကို တွေ့ရှိရပါသည်။ ထိုအဆို ၂-ပြင်နှင့် ပတ်သက်၍ အမှန်ကို မှတ်သားထားလိုသောကြောင့် အံ့ဆုံးအဖြတ်. ခံသည့် အနေဖြင့် စစ်ကိုင်းတောင်ရိုး ထွင်ခေါင် ဓမ္မိကချောင်ကြီးတွင် စတုတ္ထမြောက် ထွင်ခေါင် ဆရာတော် အဖြစ်ဖြင့် သီတင်းသုံးတော်မူလျက်ရှိသော ဆရာတော် ဦးသုဝဏ္ဏ (၁၂၄၈ ခုဖွား) အား လျှောက်ထားရာ ဆရာတော်က ဆရာသိန်းကြီး အဆိုအတိုင်း ဆရာကင်းသည် မဏ္ဍိပ္ပရ ကသည်းပြည် ဇာတို့ အမှန် ဖြစ်ကြောင်းနှင့် "မယ်ကင်း ကောင်းစားဘို့ရာ ကသည်းပြည် မျက်ပေးရသည်" ဟူ၍ပင် အမိန့်ရှိတော်မူလိုက်ပါသေးသည်။

ဆရာကင်း သဲလွန်စမှုနေပြီး သီလရှင်များ စတင် ဓပါ ဓပါက်လာပုံနှင့် ပတ်သက်၍ ဆက်လက်လျှောက် ထား ကြည့်သောအခါ၌ သံလရှင်မယ်ကင်းထက်စောပြီး မတ္တရာဘုံးသေးကြောင်း၊ မယ်ကင်းစသော သီလရှင် များသည်ပင် ပဌမထွဋ်ခေါင် ဆရာတော်ကြီး ရှင်ဥာဏ ဝံသ(၁၁၆၀ ပြည့်ဖွား ၁၂၇၂ ခုနှစ်လွန်) လက်ထက် မှ စတင်ဖြစ်ပေါ်လာဟန်ရှိ၍ "သီလရှင်အစ ထွဋ်ခေါင် က" ဟူသော စကား ရှိကြောင်း မိန့် မြွက် တော် မူ ပါသည်။

မမှ ကထွဋ်ခေါင်ခေျာင်ကြီးတွင် သီလရှင် မယ်ကင်း ကောင်းမှု အာရုံခံပြာသာဒ်တဆောင်နှင့် သီလရှင် မယ် နတ်ပေးကောင်းမှု ယွန်းဆက် လည်ပေါ်ဆောင်အထွတ် ဘပ်(မန္တလေးနန်းတွင်းဗဟိုစင်အဆောင်မျိုး)တဆောင် တောင် မြောက် ယှဉ်လျက် ရုပ်ပွားတော်များ ပူဇော် ထားသည်ကို ဒုတိုကမ္ဘာစစ်ကြီးမဖြစ်မီအထိ ရှိနေခဲ့ရာမှ ဂျပန်ခေတ်အတွင်းက ဆရာကင်းကောင်းမှု ပြာသာဒ် တဆောင်ကို ဂျပန်စစ်သားများ ဖျက်ဆီးပစ်သိုက်၍ မယ်နတ်ပေးကောင်းမှု တန်ဆောင်းဟုသာ ကျန်ရစ်ပါ တော့သည်။ (မင်းကွန်းဂူကလေးချောင်တွင် သီလရှင် မယ်နတ်ပေးကောင်းမှု ဘုရားတဆူရှိသေးကြောင်း ရဝေ ထွန်းလာစဉ်က ပြောပြ၍ သိရှိထားရပါသည်။ သီလရှင် သမိုင်း အပိုင်း ၃-တွင် ထိုအကြောင်းပြည့်စုံစွာ ဖော်ပြ ထားပါသည်)။

၎င်းထွင်ခဲ့ခါင်ချောင်းကြီးအတွင်းမှာပင် မင်းတုန်းမင်းတရားကြီး အလယ်နန်းတော် ဆင်ဖြူမရှင် မိဖုရားကြီးကောင်းမှု မှန်စီကျောင်း မြောက်ဘက်ကပ်လျက် ချောင်းကမ်းထိပ်မြေပြန့်တွင် "ညတ်ရာမာန်အောင်စေတီ" ဘွဲ့ချည်းထားသော စေတီတဆူတည်ရှိရာ ယင်းစေတီ၏ စခန်းထောင့်တွင် ညတ်ရာမာန်အောင် စေတီကျောက်စာနှင့်တွဲလျက် အနောက်ဘက်က သီလရှင်ဆရာကြီး မယ်ညတ်ရာ၏အရိုးဂူ ကျောက်စာတခုပ် ဂူနှင့်ထားရှိသည်။ ဂူအတွင်းကျောက်စာပေါ်တွင်—

သီလသည် ဆရာကြီး၊ မယ်ညတ်ရာ၏ အရိုးအုတ်ဂူ
သက္ကရာဇ် ၁၂၀၀-ပြည့်၊ တပေါင်းလဆန်း
၁၂-ရက်၊ တနဂ်္ဂနွေနေ့ဘွား၊ အသက် ၇၈-နှစ်
၁၂၇၇ခု၊ ပြာသိုလဆုတ် ၅ရက်နေ့ကံကုန်သည်။

ဟူ၍ ကမ်ပည်းရေးထိုးထားပါသည်။ ၎င်းအရိုးအုတ်ဂူ အရှေ့ဘက်ရှိ ညတ်ရာမာန်အောင် စေတီကျောက်စာကျောဘက်တွင်လည်း ဒေါ်ညတ်ရာနှင့်ပတ်သက်၍—

"မန္တလေး မလွန်စေး ၉-လုံးဒါယကာဦးမိုင်း သမီး ခင်ပုန်းတို့၏သြရသ ရင်နှစ်သမီးစစ် အသက် ၂၂-နှစ်တွင် ပဋ္ဌမသင်္ကြံယနာတင်နှင့် သားတော် မာရ်အောင်ရတနာ စေတီ ဒါယကာတို့ ကိုးကွယ်ဆည်းကပ်သော ပဌမထွဋ်ခေါင် ဆရာဘော်ထံ ဆည်းကပ်၍ သီလရှင်ပြုကြောင်း၊ ထိုနောက် ၂၄၈-ခုနှစ်တွင် မန္တလေးဘက် ပြောင်းရွှေ့ပြီး ဘုရားကြီးမြောက်မုခ် အနောက်ဘက် အထွက်

ဘဏ္ဍာတော်ထိန်းလူကြီး (A. T. M) အေ-တီ-အမ် ရွှေတံဆိပ်ဘဲရ သမာဓိမြို ဝန် ဦးလှ ဇနီး မမဆင့်တို့၏ အုတ်ကျောင်းတွင် ရွှေ့ပြောင်းနေထိုင်၍ ၎င်းမှာ ပင် အနိစ္စရောက်ကြောင်း" ရေးထိုးထားပါသည်။

စတုတ္ထ ထွဋ္ဌခေါင် ချောင်ဆရာတော် ဦးသုဝဏ္ဏ မိန့် ကြားချက်အရဆိုလျှင် ပဌမထွဋ္ဌခေါင်ဆရာတော်ဘုရား ကြီးသည် မယ်ကင်း, မယ်နယ်ပေးတို့ကိုပဌမ၊ မယ်ဉတ္တရာ ကိုအလယ်၊ စစ်ကိုင်းအနောက် ကျောက်ဆည်ကုန်းရွာသူ စစ်ကိုင်းတောင် ပိတိသုခချောင်ဆရာကြီး ဒေါင်္ဂမ်းကို နောက်ဆုံးထားပြီး သီလရှင်အများအပြားကို သီလရှင် ဘောင်သို့ သွတ်သွင်းခဲ့ကြမြင့်တော် မူခဲ့သည်ဟု သိရှိရပါ သည်။ စစ်ကိုင်းအနောက် ကောင်းမှုတော်မှသီလရှင်များ ကိုလည်း ပဌမထွဋ္ဌခေါင်ဆရာတော်ကြီးကပင် စတင် ဘည်ထောင်ပေးခဲ့ခြင်း ဖြစ်လေသည်။ ဤသာဓကများ အရ "သီလရှင် အစ-ထွဋ္ဌခေါင်က" ဟု တထစ်ချမဆိုနိုင် စေကာမူ သီလရှင်သာသနာ စည်ပင်ပျံပွားအောင် အားထုတ်ဆောင်ရွက်တော်မူခဲ့သည်မှာကား ကောင်းစွာ ထင်ရှားလှပါသည်။

ဤနေရာတွင် စကားချပ်၍ ဖော်ပြလိုသည်မှာ သီလ ရှင်ဓေတ်ကို သမိုင်းကျကျ လေ့လာသည့်အခါ၌ သီလရှင် ဆရာကင်းတွင် လမ်းဆုံးနေသလို ဖြစ်နေခြင်းပင်တည်း၊ နီးစပ်ရာ သက်တော်ကြီး ဝါတော်ကြီး ဆရာတော်-တော်တော်များများထံ ဆည်းကပ်၍လျှောက်ထားသည့်

အခါ၌လည်း သီလရှင်ဆရာကင်းထက်စောပြီး မည္ဆန်ပြုနိုင်ကြပါ၊ ရှေ့မန်းဆရာတော် ဦးကေသရကလည်း သီလရှင်မိယ်ကင်းမှာ အဦးဆုံးပင်ဖြစ်သည်ဟုအမိန့်ရှိပါသည်။ မယ်ကင်းသည် သီလရှင်ဘဝတွင် စစ်ကိုင်းဂူတလုံးချောင်းမန္တလေးတောင်စသည်များတွင် နေထိုင်ကြောင်း၊ ရာဇဝတ်လွှာဖြစ်၍ ဆရာကင်းနှင့် ခေတ်ပြိုင်မှာ သီလရှင်မယ်ထပ်ဖြစ်ပြီး မယ်ဥတ္တရာတို့မှာ နောက်ကျကြောင်းများကိုပါ ရှေ့မန်းဆရာတော်သည် လွန်ခဲ့သည့် ၃-နှစ်လောက်က အမိန့်ရှိခဲ့ဘူးပါသည်။ အချို့ကလည်း သီလရှင်မယ်ကင်းမှာ မန္တလေးခေတ်တွင်မှ ထင်ရှားလာသူဖြစ်၍ သီလရှင်ခေတ်သည် မန္တလေးရတနာပုံခေတ်နှင့် ပြိုင်ပြီး ပေါ်လာသလို ထင်မှတ်ထားကြပါသေးသည်။ သီလရှင်မယ်ကင်း အတ္ထုပ္ပတ္တိအရ ဘကြီးတော်လက်ထက်ကပင် သီလရှင်ဘဝသို့ ကူးပြောင်းလာဘွယ်ရာရှိသည့်ပြင် ၎င်းအား သီလရှင်ဝတ်ပေးသော သီလရှင်ဆရာ ရှိခဲ့ဘူးသည်များကို ထောက်ခြင့် ဘကြီးတော်ခေတ်မတိုင်မီ အမရပူရခေတ်ဦး ဘိုးတော်ဘုရား လက်ထက်လောက်ကပင် သီလရှင်များရှိလောက်တန်ရာပြီ ဟု အကြမ်းဖျင်း ခန့်မှန်းစရာ ရှိနေပါသည်။

ဤအကြမ်းဖျင်း ခန့်မှန်းထားချက်ကို ၁၃၂၃-ခုနှစ်၊ ဝါခေါင်လအတွင်းက မန္တလေးတက္ကသိုလ် ဗုဒ္ဓကျမ်းစာဌာနမှဆရာဦးတင်ရှိန်နှင့်သီလရှင် ဗဟုသုဿုဘဖလှယ်ကြရာတွင် အတည်ပြုလိုက်နိုင်ပါသည်။ဆရာဦးတင်ရှိန်ထံတွင်

အမရပူရ ပဌမမြို့တည် နန်းတည် ဘိုးတော် မင်းတရား ကြီးက လောကီလောကုတ္တရာဆိုင်ရာ အရပ်ရပ်သော ပုစ္ဆာတို့ကို ထုတ်၍ ဉာဏာဘိဝံသ-သာသနာ့ပိုင် မောင်း ထောင်ဆရာတော်ကြီးအား လျှောက်ထားရာတွင် ဖြေ ကြားတော်မူသည့် အပေးတော်ပုံအဖြေကျမ်းပါရှိလာရာ ယင်းအပေးတော်ပုံကျမ်း ပဌမတဲ့စာ မျက်နှာနံပါတ် ၁၇၈-၁၇၉ (ရှေးရိုက်)တွင် တောင်လေးလုံးဆရာတော် နှမပေါက်ဘော်ဆွေသားမျိုးသား သီတင်းသုံးသူတို့မှာ အဝတ်နီသစ်ခေါက်ဆိုးဝတ်သည်။ အခြားသီတင်းသုံးသူ တို့မှာ အဖြူသက်သက်ဝတ်သည်များသည်။ အနီသစ် ခေါက်ဆိုးပင်သင့်သည်၊ အဖြူပင်သင့်သည်များကို ပါဠိ အဋ္ဌကထာကျမ်းဂန် မည်သို့ရှိသည်သိသာအောင် ဆရာ တော်မှာလျှောက်ပြီး သက္ကရာဇ် ၁၁၄၈-ခု တော်သ လင်းလဆန်း ၄-ရက်နေ့တွင် မဟာဒုါန်ဝန်ကို ဧလျှောက် ထားစေရာတွင်—

မောင်းထောင် သာသနာပိုင်ဆရာတော်က သီတင်း သုံးလူတို့အဝတ်နီသစ်ခေါက်ဆိုးနှင့်ဝတ်နေသည်၊ အဝတ် ဖြူနှင့်ဝတ်နေသည်၊ နှစ်ထွေနှစ်ရပ်ရှိရာတွင် အဝတ်နီဝတ် သည့်အရာမှာ ဧ၂-ကမ္ဘာထက်ဖုံသဘုရားသခင်လက်ထက် တော်အခါကဉရဝေဠ်ကဿပ, ဂယာကဿပ, နဒီကဿပ မထေရ်သုံးပါး အံ့လောင်းမင်းညီမင်းသားသုံးဦးတို့ ဖန် ရည်စှန်းသော အဝတ်ပုဆိုးနှင့်ဒသသီ ဆောက် တည်၍ သုံးလပတ်လုံး ဘုရား ဂကျောင်းတော်တွင်ပင်

သီတင်းသုံး နေကုန်ကြသည်ဟူ၍ ဓမ္မပဒအဋ္ဌကထာတွင် လာရှိသည်နှင့် ညီညွတ်သင့်တင့်၍ အဝတ်ဖြူဝတ်နေသည့် အရာသည်လည်း ကဿပ ဘုရားသခင် သာသနာတော်မှစ၍ ရှိသည်ဟု သာရတ္ထသင်္ဂဟတွင် လာသည်နှင့် ညီညွတ် သင့်တင့်သည်ပင် ဖြစ်ကြောင်းနှင့် ဖြကြားတော်မူလိုက်သည်။ ယင်း သမေးတော်ပုံ အဲဖြကျမ်းအရ ၁၁၄၈-ခုနှစ် ဘိုးတော် လက်ထက်ကပင် ယခုသီလရှင်ဟုခေါ်သော သီတင်းသုံးများ ရှိနေပြီဖြစ်ကြောင်းနှင့် အဝတ်ဖြူဝတ် သီတင်းသုံးနှင့် သင်္ခောက်ဆိုးအနီဝတ် သီတင်းသုံးဟူ၍ ၂- မျိုးရှိနေကြောင်းလည်း သိရှိရပေသည်။

ဆရာ ဦးတင်ရှိန်ထံမှ ထပ်မံသိရှိရသည့် သီလရှင်ဆိုင်ရာ ဗဟုသုတ တရပ်မှာ စစ်ကိုင်း ကောင်းမှုတော် သီလရှင်များသည် ရဟန်းတော်များကဲ့သို့ ဆွမ်းခံစားကြသည်။ ရဟန်းများဆွမ်းခံရာတွင် သာမဏေကျောင်းသားများနောက်မှ သပိတ်ကြီးကြီးအရွယ် သားရိုးကိုင်ဟင်းသပတာသုတ် အံဖုံးတထပ်ပါသော ဆွမ်းအုပ်ကို ပခုံးပိုက်ပြီး ဆွမ်းခံကြသည်ဟူသော အကြောင်းပင် ဖြစ်လေသည်။

ဤတွင်ကျန်ုပ်၏ သီလရှင် သုတေသန လုပ်ငန်းမှာ ဘိုးတော်ခေတ်လောက်နှင့်ပင် တခန်း ရပ်တန့်ထားပြီး

အခြားဆောင်ရွက် ဘွယ်ရာများနောက်သို့ လိုက်နေရ ပြန်၍ မေ့မေ့လျော့လျော့ ရှိနေစဉ် ရဇဝတ္ထန်းထံမှ သီလရှင် သမိုင်းစာမူများ တဆပ်ကြီး ရောက်လာပြီး ယင်း စာအုပ်အတွက် အမှာရေးသား ချီးမြှင့်ပေးပါရန် ဘာဝန်တခု ပါလာပါသည်။ ဤတွင် မေ့မေ့လျော့လျော့ ဖြစ်နေသော သီလရှင် သုတေသနလုပ်ငန်းမှာ တဖန်ပြန်၍ စိတ်ဝင်စားစရာ ဖြစ်လာပြန်တော့သည်။ စိတ်ဝင်စားဘွယ်ကလည်း ဘိုးတော်ခေတ်တွင် ရုပ်တန့်သားသော သီလရှင် သုတေသနခရီးတွင် အရင်ပူရခေတ်ဦးမှ အင်းဝခေတ်၊ အင်းဝခေတ်မှ ပုဂံခေတ်၊ ဂုင်းမှ မျိုးခေတ်အထိ သီလရှင် သမိုင်းအကြောင်းကို အလျားရှည်ရှည် ဖြန့်လိုက်နိုင်သောကြောင့်ဖြစ်ပါသည်၊ စင်စစ် ရဇဝတ္ထန်း၏ သီလရှင်သမိုင်းသည် ကျွန်ုပ်၏ သီလရှင် သုတေသန ခရီးစဉ်ကို ပြည့်ပြည့်စုံစုံနှင့် လမ်းဆုံးရောက်အောင် ပေးပို့လိုက်ခြင်းပင် ဖြစ်လေသည်။

ရဇဝတ္ထန်း၏ သီလရှင်သမိုင်း

ရဇဝတ္ထန်းက သီလရှင်သမိုင်းကို အပိုင်ကြီး ၄-ပိုင်း ခွဲပြီးပို့စုထားပါသည်။

ပဌမပိုင်းမှာ ဘိုကျွန်းသာသနာ အကြောင်းဖြစ်၍ ဘုရားလက်ထက်က ပဌမဆုံး ဘိကွျန်းဘောင် ဝင်ခဲ့ရ

သည့် မိထွေးတော် ဂေါတမီမှ စပြီး သာသနာတော် ၅၀၀-သိဟိုဠ်ခေတ် နာဂါထေရီမ စသော ဘိက္ခုနီ မျိုးအထိ ဘိက္ခုနီသာသနာဝင်ကို ပါဠိ အဋ္ဌကထာ, ဋီကာ, ဂဏ္ဌိ တို့ဖြင့် ကျမ်းညီပြီး တခမ်းတနား ပြုစုရေးသားထားသည်မှာ ကြည်ညိုဘွယ်ရာပင် ဖြစ်ပါသည်။ ထိုနောက် ယင်းဘိက္ခုနီသာသနာသည် ၉-တိုင်း ၉-ဌာန သာသနာပြုမှ ဆက်သွယ်ပြီး မြန်မာနိုင်ငံအတွင်းသို့ ရောက်လာပုံ၊ အပရန္တနှင့် သုဝဏ္ဏဘူမိသာသနာပြုခန်းမျိုးအရ အမျိုးသား ရဟန်းတော်မျိုးသာမက အမျိုးသမီးမျိုးထဲမှလည်း သာသနာဘောင်သို့ ဝင်ရောက်ကာ ရဟန်းပြုကြသော သာဓကမျိုးကို ထုတ်ဆောင်ပြီး မြန်မာနိုင်ငံတွင် သာသနာနှစ် ၃၀၀-အတွင်းအထိ ဘိက္ခုနီသာသနာ တည်ထွန်းနိုင်ဘွယ်ရာရှိခြင်း တင်ပြထားပါသည်။ ဤအပိုင်း ၁-မှာပင် ဘိက္ခုနီ သာသနာ ကွယ်ပခဲ့ရခြင်းကို ရဝေထွန်းက အချက် ၅-ချက် ထုတ်ပြပြီး ဆန်းစစ်ဝေဖန်ပြထားသည်မှာ စိတ်ဝင်စားဘွယ်ရာနှင့် သံဝေဂယူဘွယ်ရာ ဖြစ်နေပါသည်။

သီလရှင်သမိုင်း အပိုင်း ၂-မှာ (၁) ဥပဲသမ္ပဒပဗ္ဗဇ္ဇ (၂) သာမဏေရပဗ္ဗဇ္ဇ် (၃)ဂဿိပဗ္ဗဇ္ဇနှင့် (၄) ပရိပ္ပာဇက ပဗ္ဗဇ္ဇ-ဟူ၍ ပဗ္ဗဇ္ဇာအဖြစ်သို့ ရောက်နိုင်သည့် လမ်းကြောင်း လေးသွယ် လွှမ်းမှာရှိကြောင်း တင်ပြပြီးမှ

ဥပသမ္ပဒပဋိဇ္ဇအနုယ်ဝင် ဘိက္ခုနီသာသနာ အနုယ် အဆက်ပြတ်ခဲ့ပြီးနောက်၊ နောက်ပိုင်း ခေတ်များတွင် အကြောင်းအမျိုးမျိုးတို့ကြောင့် လူ့ဘောင်ကို ငြီးငွေ့ပြီး နိကာမမဇ္ဈာသယခေတ် ပြင်းထန်ကုန်သော အမျိုးသမီးတို့အဖို့ သာသနာခေတ်ရိပ်ကို ခိုလှုံသည့်အနေဖြင့် ဝင်ရောက်နိုင်ရန် ပရိဗ္ဗာဇကပဗ္ဗဇ်လမ်းသွယ်မှ ဆန္ဒပရိဗိုဇ် အမျိုးအစား၀င် ပဲ့ကျွရင်ပရိဗိုဇ်မများ ပြုလုပ်ကြရာမှ ယခုခေတ်သီလရှင်ခေါ် သာသနာ၀င် အမျိုးသမီးအဖွဲ့ အစည်းကြီး ပေါ်ပေါက်လာပုံကို သမိုင်းကြောင်းတို့ဖြင့် တင်ပြထားပါသည်။

သမိုင်းကြောင်းတွင် ခရစ်နှစ် ၈၀၀-ခန့်က ရေးသားခဲ့သော တရုပ်သမိုင်း (ထန်ရာဇ၀င်ဟောင်း) ကို ကိုးကား ထုတ်ဆောင်ပြီး ပျူခေတ်တွင် ဗုဒ္ဓသာသနာပွင့်လင်းစည်ပင်၍ ယောကျ်ားများ သာမက အမျိုးသမီးများပင် ၇နှစ်အရွယ်သို့ရောက်လျှင် ဆံပင်များကို ပယ်ဖြတ်ကာ ဘုန်းကြီးကျောင်းသို့ သွားရောက်ပြီး သာသနာတွင်း၀င်ကြပုံ အသက် ၂၀-သို့ရောက်မှ သာသနာဘောင်တွင် မပျော်ပိုက်လျှင် လူထွက်လာကာ ဆံပင်များ ပြန်လည်အရှည် ထားကြပုံ များကို ဖော်ပြထားခြင်းဖြင့် ပျူခေတ်တွင် ဘိက္ခုနီသဘောမျိုး ရှိနေသေးသလို တွေ့ဆစရာဖြစ်နေပါသည်။ သို့ရာတွင် ကျမ်းပြုဆရာ ရဇေ၀ထွန်းက ဘိက္ခုနီဟု မယူဆ သီလရှင်သဘောသာ ဖြစ်မည်ဟု ယူဆကင်ပြထားပါသည်။

ထိုနောက် ပုဂံခေတ်ကျောက်စာ ဟောင်းများအရ ပုဂံခေတ်တွင်လည်း ပျူခေတ်နှင့် အလားတူ ဘိကွဲနိ သဘော သက်ရောက်နေသော သဒ္ဓကများ ရှိနေသည်ကို ကျောက်စာအကိုးအကားများဖြင့် တင်ပြထားပါသည်။ ကျောက်စာများတွင် သာသနာရေး ကိစ္စနှင့် ပတ်သက်ပြီး "ဖုန်းမြတ်သော အိဝ်ဆိတဝ်" ။ ။"သခင်အိဝ်ကြံပင်သင်" ။ ။သက်ဝဓိအိဝိအ်ကြံသင် စသော အမျိုးသမီး အမည်များ ပါရှိနေပေသည်။ ယင်း သည် အမည်များကို ရဝေထွန်းက "ဖုန်းမြတ်သောအိဝ်ဆိတဝ်" ကို "ဆရာကြီး ဒေါ်ဆိတော်" ဟူ၍ဌင်၊ "သခင်အိဝ်ကြံပင်သင်" ကို "ဆရာကလေး မကြံပင်သင်" ဟူ၍ဌင်း၊ သက်ဝဓိ" မှာ "သဿဝဓိပတိ" ဟုဆိုလိုသဖြင့်အကြီးဆုံးသော ဘွဲ့အမည်ဟု ယူဆရကြောင်းနှင့် ခေတ်အခေါ်အဝေါ်များနှင့် ဖလှယ်ပြီး တင်ပြထားပါသည်။ ပြီးမှ ဌင်းအမည်ရှင်တို့မှာ ဘိကွဲနိသာသနာ ရှိနိုင်တော့သည့် ခေတ်မဟုတ်၍ ယဲခုခေတ် သိလရှင်တို့ကဲ့သို့ အမျိုးသမီး သာသနာ့ဝန်ထမ်း ပရိဗိုဇ်မများသာ ဖြစ်ရန်ရှိသည်ဟု တင်ပြထားပါသည်။

ယင်း စာပိုဒ်အောက်မှာပင် ဆက်ပြီး "ရာဇဝင်ဆရာကြီးတဦး ကား အထက်ပါအမည်ရှင်များကို ဘိကွဲနိများဟု ဆိုးဖြတ်၍ ပုဂံခေတ်၌ ဘိကွဲနိသာသနာ ရှိသည်ဟု ရေးသားခဲ့သည်" ဟူ၍ ကေစိဝါဒ့သဘောမျိုး တင်ပြထားပါသေးသည်။ ၁၄၁၆၇

ဤဘိက္ခုနီနှင့် သီလချင်ပြဿနာမှာ ပညာရှင်များ နယ်ပယ်တွင် အငြင်းပွားနိုင်ကောင်း ပွားနိုင်ဘွယ်ရာ ရှိ၍ ပညာရှင်များမိပ် သဘောထားကြီးကြီးနှင့် ကျယ် ကျယ် ပြန့်ပြန့် ဖွေးဖွေးတင်ပြနိုင်ကြပါစေ ဟူ၍သာ ဆုတောင်း ရပေဘာ့၏။ ကျမ်းပြုဆရာ ရဝေထွန်းက မှုကား ဘိက္ခုနီ သာသနာသည် သာသနာနှစ် ၅၀၀ခန့် ကပင် ပြတ်ခဲ့ပြီဖြစ်၍ ပျုံ့ခေတ်နှင့် ပုဂံခေတ်များဟုင် မည်သည့်နည်းနှင့်မျှ ဘိက္ခုနီများ မရှိနိုင်တော့ပြီဖြစ် ကြောင်းကို ကျမ်း ်းကျမ်းက ်း ခိုင်ခိုင် မာမာဖြင့် တင်ကြိုပြီး ကာကွယ်ထားသည်ကို သီလရှင်သမိုင်းဒုတိယ ပိုင်းဘွင် တွေ့ရှိရပါသည်။

ဤအပိုင်း ၂ မှာပင် ဒါင်းဝခေတ် သက္ကရာဇ် ၇၀၀ ကျော်တွင် "သီဟင်းသုံး" ဟူသောအမည်ဖြင့် သီလရှင် များ ရှိနေပြီဖြစ်ကြောင်းကို အင်းဝ စကြိုသူမြတ်နှင့် ရာဇာမိရာဇ်တို့ တွေ့ဆုံခန်းကို ကိုးကားပြီး ဖော်ပြထား ပါသည်။ သီတင်းသုံးသည် သီလရှင်ပင် ဖြစ်ကြောင်းကို လည်း ရတနာကြေးမုံ နန်းတွင်း ဇာတ်တော်ကြီးကို ကိုးကားထားသဖြင့်ပိုပြီးခိုင်မာစေပါသည်။ ဒေမေးတော် ဖြေကျမ်းအရ အမရပူရ ဘိုးတော်ခေတ်အထိ သီတင်း သုံး ဟူသော ဓဝါဟာရကို ဆက်လက်သုံးစွဲလျက် ရှိနေ ခဲ့ကြောင်း ဖော်ပြထားသည်မှာလည်း သတိပြုစရာ ဖြစ်ပါသည်။

ဤအပိုင်း ၂ တွင် နိဂုံးချုပ်အနေဖြင့် ကျမ်းပြုဆရာက "ဘုရင်မင်းခေါင်လက်ထက်မြန်မာသက္ကရာဇ် ၇၆၂ ခု၊ သာသနာနှစ် ၁၉၄၄၊ ခရစ်နှစ် ၁၄၀၀ ခန့်လောက် က သီတင်းသုံးခေါ် သီလရှင်များသည် အင်းဝနေပြည်တော်၌ မည်မျှအဆင့်အတန်းမြင့်မြင့် ရှိနေကြသည်ကို တကြိမ်တည်း တစုတဝေးတည်း သုံးရုတိတိ (ပင်းယစကို့သူမြတ်နှင့်အတူ ရာဇာဓိရာဇ်ထံသို့) စေလွှတ်နိုင်သည်ကိုထောက်၍ မည်မျှများပြားစွာ တည်ရှိနေမည်။ သာသနာရေး ကိစ္စတို့၌ ဘုရင်နှင့် မိဖုရားကြီးတို့အား (ဘုရင်မင်းခေါင်နှင့် ဘိုမယ်ကိုညွန်းသည်) အကူအညီပေးနိုင်သောအဆင့်၌ ရှိနေသည်ကိုထောက်၍ မည်မျှဒေါစိုးတရုပဂိုလ်တို့၏ အချိုးအမြောက် ခံယူရမည်တို့ကို သိနိုင်ပေတော့၏" ဟူ၍ ရေးသားထားပါသည်။

ဤတွင် အင်းဝခေတ်သီးဘင်းသုံးများနှင့်ပတ်သက်၍ အနည်းငယ် ဖြည့်စွက်လိုပါသည်။ လောကဗျူဟာ အင်ရုံစာတမ်း၊ စာမျက်နှာ (၁၀၆) အင်းဝမင်းတို့ သက်ဦးဆံပြုခေါ်သည့် အခမ်းအနားတွင်-

"သီတင်းသုံး ယောကျ်ား သီတင်းသုံး မိန်းမတို့ကို အသက်တော် အရေအတွက်ကို လှူရန်၊ ပုဆိုး ၁ စီး၊ ထမီဖြူ တပက်ဖြူ ၁ စီး၊ ၁ စီး၊ သိုယင်း ၁ စီး၊ အင်းကျီထူ ၁ စီး၊ တောင်ဝှေး ၁ စီး၊ ငါးပိ ၂၅ ဆား

၂၅၊ ငါး ခြောက် ၂၅ စီ လှူ တော် မူ သည်” ဟူ၍ ပါရှိ ရာ သီတင်းသုံးယောကျ်ား သီတင်းသုံးမိန်းမ ဟူ၍ ၂ မျိုး ၂ စား ရှိ ကြောင်း သိရှိ ရသည့်အပြင် ထမီ ဖြူ။ တပက် ဖြူ ဟူ သော အဝတ်အဆင်တို့ ဖြင့် ဦးကုလား မဟာ ရာဇဝင်ကြီးလာ စကို့ သူမြတ် အခန်းတွင် ပါရှိ သည့် “အဝတ် ဖြူ နှင့် သီတင်းသုံး” ဟူ သော စကား နှင့် ကိုက် ညီ နေ သည် ကို တွေ့ ရှိ ရ ခြင်း ပင် ဖြစ် လေ သည်။

တဖန် မှန်နန်း ရာဇဝင် တော်ကြီး ဘဝ်တိယ အုပ် စာမျက် နှာ နံ ပါတ် (၂၃၉) သာလွန်မင်း တရား အခန်း တွင်-

“သက္ကရာဇ် ၁၀၀၀ ပြည့် နှစ် တွင် ကျမ်း ဂန် သင် ကြား သော သာမဏေ တို့ ကို သင် ကျမ်း ကို ဆရာ တို့ က ပေး ရ သည်။ အနက် အဓိပ္ပါယ် ကို ဆို နိုင် သော သာမဏေ တို့ ကို ပဉ္စင်း တဆဲ ရှစ် ပါး၊ သာမဏေ ခုနစ် ပါး၊ ထို နှစ် က ဆုန် လ ဆန်း လေး ရက် တနင်္ဂနွေ နေ့ မွန်း တည့် ကျော် ခုနစ် နာရီ သုံး ပါဒ် တွင် ပဉ္စင်း ခံ တော် မူ သည်။ ပဟာ မြတ် မုနိ ဘုရား ရှင် အရှေ့ ၌ မဏ္ဍာပ်ကြီး ဆောက် ၍ ဗုန်း တော၌ င်း ယာစကာ သီတင်းသုံး သူ တော် တို့ ကို အလှူကြီး ပေး တော် မူ သည်” ဟူ၍ သီတင်းသုံး ကို သူ တော် နှင့် ဖက် တဲ့ ပြီး သုံးစဲ့ ထား ပါ သည်။ ယခု ခေတ် တွင် ဖိုး သူ တော် နှင့် မယ် သီလ ဟူ၍ တဲ့ ဖက် သုံး ထား သလို အင်း ဝ ခေတ် က အသုံး တမျိုး ဟု ဆို ဘွယ် ရာ ရှိ လေ သည်။

ကျွန်တော် သီတင်းသုံးဟူသော ဝေါဟာရကို အင်းဝခေတ်တွင် သက္ကရာဇ် ၇၆၂ ခုနှစ်မှ- ၁၀၀၀ ပြည့်နှစ်အထိ တွေ့ရှိရသည်ကို ထောက်သော် အင်းဝတခေတ်လုံး၏ အသုံးဝေါဟာရဟု ကောက်ယူနိုင်သည်နှင့် အမျှ အင်းဝတခေတ်လုံးတွင် သီလရှင်များ ထွန်းကား ပေါ်ပေါက်နေပြီလူ၍လည်း ကောက်ယူနိုင်ဘွယ်ရာ ဖြစ်လေသည်။

သီလရှင်သမိုင်း တတိယပိုင်းတွင်ကား "သပွရိုဟ်-သောပွယို-သွပွယို" ဟူသော မွန်စကားသက် ပေါရာဏစကားဖြင့် သီလရှင်ကို ရွေးခေတ်ကခေါ်ခဲ့ပုံမှ စ၍ နောက်ပိုင်းခေတ် ဗန်းမော် ဆရာတော်၏ စာချိုးပါ "ကြဲက်ဖြူမ" ဟူသော ဘန်းစကားမျိုးအထိ သီလရှင် ဝေါဟာရအမျိုးမျိုးကို ရှင်းလင်းတင်ပြ ထားပါသည်။

ကျွန်တော် ရှေဘိုဗုံကြီးသံခေါ် ကောက်စိုက် သီချင်း တပုဒ်မှ "လယ်ကြီးကို စိုက်မယ်ဆင်းတယ်၊ နေမင်းကပူ။ သည်နေပူ ဓာကူလုပ်မယ် ဘန်းကုပန္နလေး ဟူသော စကားအရ ကုန်းဘောင် ခေတ်ဦးပိုင်းဆီက သီလရှင် သို့မဟုတ် သီတင်းသုံးကို စကားပရိယာယ် သို့မဟုတ် ဘန်းစကားဖြင့် ဘိုကူခေါ်လေသလောဟု တွေးတောစရာ ဖြစ်ပါသည်။စလေဆရာကြီးဦးပုည၏ ဝိဇယပြဇာတ် ဘိကူနီယောင်ဆောင်ထားသော မယ်ကုဝဏ်ကို ဘီလူး

မမှန်းသိ၍ ဝိဇယမင်းသားက ကြိမ်းဝါးသည့်အခန်းတွင် လည်း "ဘိုကွန်ယောင် မာယာဆောင် ကြောင်သီလနှယ် အရင်းမဆုတ် စီးပွားလုပ်တဲ့ ပရြုပ်သယ်" ဟူသော စကား ပါရှိနေပါသေးသည်။

စင်စစ်အားဖြင့် သီတင်းသုံး- သီလသည် သီလရှင် ဟူသော ဝေါဟာရမျှားသာ ကျောက်စာ,ရာဇဝင်မျှား က အသိအမှတ်ပြု သုံးစွဲသော သီလရှင်၏ ဘရားဝင် အမည်မျှား ဖြစ်သင့်ပေသည်။ ထိုတွင် သီတင်းသုံး ဝေါ ဟာရမှာ အင်းဝတခေတ်လုံးနှင့် အမရပူရ ခေတ်ဦးပိုင်း အထိ သုံးစွဲခဲ့သော သက်တမ်းအရဆုံးသော အမည်ဖြစ် သည်ဟု ဆိုရပါမည်။ အမရပူရ နောက်ပိုင်း ခေတ်နှင့် ရတနာ့ပုံ မန္တလေးခေတ်တွင်ကား သီတင်းသုံး ဟူသော ဝေါဟာရ တိမ်ကောလာပြီး "သီလသည်" ဟူသော ဝေါဟာရက အစားထိုးပြီး ဝင်လာသည်ကို တွေ့ရှိရ ပါသည်။

သီလသည်ဟူသော အသုံး နှင့် ပတ်သက်၍ ကန်း ကောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယ အုပ် မျက်နှာ နံပါတ်(၁၇၀)တွင်

"ရဟန်းလေးဆယ်၊သာပကော လေးဆယ်မျှားကို ဆွမ်းစမဲပရိက္ခရာအစုံ။ ။သူတော်လေးဆယ်၊ သီလ

သည်လေးဆယ်တို့ကိုပိတ်ကိုယ်ဝတ်၊ကိုယ်ရုံ၊ တောင်ဝှေး၊စိပ်ပုတီး၊ဆန်တစိတ်စီ(လှဲ)အရှင်နှစ်ပါးမြေနှန်း တော်သို့ထွက်၍ ရေစက်ချလှူဒါန်းသည်" ဟူ၍ ၁၂၁၅ခုနှစ် မင်းတုန်းမင်းနှင့် မိဖုရားဒေါင်ကြီးတို့၏ သက်တော်စေ့ လှူဒါန်းရာတွင် သူတော်နှင့် သီလသည်ဟူသော အမည်စာရင်းပါရှိလာသည်။ ၁၂၂၇-ခုနှစ်မှ ၁၂၃၀-ပြည့်နှစ်အထိ ၃နှစ်အတွင်း မင်းတုန်းမင်းတရားကြီး လှူဒါန်းခဲ့သည့် အလှူခံစာရင်းတွင် "သူတော်,သီလသည်နောက်ပါတပည့်ပေါင်း သုံးသိန်းခုနစ်သောင်း ခုနစ်ထောင် သုံးရာ ရှစ်ဆယ့်ကိုး (၃၇၇,၃၀၉) ဟူ၍ သူတော်, သီလသည် အရေအတွက်ကိုဖော်ပြထားပါသည်။

သက္ကရာဇ် ၁၂၂၄- ခုနှစ် ထိုးမြောက်နန်းတော် မိဖုရားကောင်းမှု မန္တလေးမဟာမုနီ ပြာသာဒ်တော်ကြီး ကျောက်စာတွင်-

"သမုတိပညတ် ပုဂ္ဂိုလ်မြတ်တို့အား တိဗိဝရိတ် သက်နှံစုံ ၅၀၊သီလသည် ၅၀၀တို့အား အဝတ်အရုံ ပိတ်ပိုင်း ၅၀၀၊ ဒုက္ခိတလူတို့အား ဝေဠုပေးကမ်းရန် ခေါင်းပေါင်းများစွာတို့ကို မဟာမုနီဘုရားရင်ပြင်၊ စီစဉ် ခင်းကျင်းကင်းသော မာန်ဖြင့် ဂဂါစာသက္ကရာဇ်၁၂၂၅-ခု၊တန်ဆောင်မုန်းလဆန်း

၁၃- ရက်နေ့ ကောင်းမြတ်မင်္ဂလာ ချိန်အခါ၌ ဝသုန္ဓရေ မြေစောင့်နတ်အား ရှေကျေားဖြင့် ဇရစက်သွန်းချ တိုင်တန်းတော်မူ၍ အနုမောဒနာသဘင်ရင်တော်မူသည်"ဟူ၍ ကမ္ဘည်း ဇရေး ထိုးသားပါသည်။သီလရှင်သမိုင်းအပိုင်း၃- သီလရှင် ဝေါဟာရများကို ပြဆိုရာတွင် ဝေါဟာရများကို သမိုင်းကျကျ တင်ပြဘို့ လိုလိမ့်မည်ဟု ယူဆမိပါသည်။

ထိုနောက် သီလရှင်များ၏ အဝတ်အစား များနှင့် ဂုဏ်တို့၏ အသုံးအဆောင်များကို စာရင်း လုပ်ပြ ပြီးနောက် ဆရာကင်း မယ်နက်ပေးစသော သီလရှင်လောကမှ ရှေ့သွားခေါင်းဆောင် ဆရာများကို ကျယ်ကျယ်ပြန့်ပြန့်ပင် သုတေသန ပြုလုပ်ပြီး တင်ပြထားပါသည်။

အပိုင်း၄- မှာ မျက်မှောက်ခေတ် သီလရှင်များဟူသောအခေါ်းဖြစ်၍ ဂုဏ်းအပိုင်းတွင် ယခုမျက်မှောက်ခေတ် သီလရှင်များ၏ ဘဝအခြေအနေနှင့် ပဋိယတ်ပဋိပက်လုပ်ငန်းများ၊ ထင်ရှားသော သီလရှင် စာသင်တိုက်များ!အသင်းအဖဲ့များ၊ မိဘမဲ့ကျောင်းနှင့် သီလရှင် တက္ကသိုလ်စသော အပြုလုပ်ငန်း သဘောများကို ဘင်ပြထားရာ ဆွေးနွေးစရာ လေ့လာစရာများဖြစ်၍ အထူးစိတ်ဝင်စားကြရမည့် အခေါ်းဟု ဆိုချင်ပါသည်။

ဆရာ ရဇဝထွန်းသည် သူ၏စာအုပ်အမည်ကို“ သိ
လရှင်သမိုင်း”ဟူ၍ သိလရှင်နှင့် သမိုင်းကို တဲ့ပြီး ရဲရဲ
ကြီး သုံးစွဲထားပါသည်၊ သမိုင်း ဆိုလျှင် မြို့ရွာသမိုင်း
နိုင်ငံသမိုင်းနှင့် ဘုရားသမိုင်းမျာ်းတွင်သာ နားယဉ်ထား
ပြီးသောသူမျာ်းအား သိလရှင်သမိုင်းဟူသောအမည်သည်
စိတ်လှုပ်ရှားစရာ ဖြစ်ကောင်း ဖြစ်နေပေလိမ့်မည်။ သို့
သော် ပညာဝန်ထောက်မင်း ဦးဖိုးစိန်၏ အလိုအရ
သမိုင်းဟူသော အမည်သည် “သိမိုင်း”ဟူသော မြန်မာ
စကားဟောင်းမှ ဆင်းသက်လာသော မြန်မာစကား
လက်သက်ဖြစ်၍ အဓိပ္ပါယ်မှာ “သိဘွယ်ကြီး” ဟု ဆို
လိုသည်။ (မိုင်းမှာ အကြီးဟော မြန်မာစကားဟောင်း
ဖြစ်သည်။) ယခု သိလရှင်သမိုင်းမှာလည်း သိလရှင်နှင့်
ပတ်သက်၍ သိဘွယ်ရာမျာ်းကို ရေးသား ဖော်ပြ ထား
ခြင်း ဖြစ်ရကား သိလရှင်မိုင်းကို ဖတ်ရှုမိလျှင် ထို့
သဘောကို တွေ့ရှိရမည် ဖြစ်လေသည်။

ဤမျှဆိုလျှင် သိလရှင်သမိုင်းအတွက် ရှေ့ပြေး စာ
စာဘမ်းဟု ဆိုရမည့် အမှာစာမှာ ပြည့်စုံ လုံလောက်
ပြီဟု ဆိုရပါမည်။ နိဂုံးချုပ်အနေဖြင့် အမှာတွင်နိဒါန်း
ချီခဲ့သည့် “အကြင်အကြောင်းအရာ တခုခုကို သိလို၏၊
ထို့ကြောင်းကို ကျမ်းပြုပါ”ဟူသော ဆိုရိုးစကားက
လေးကို ပြန်ကောက်ပြီး ကျွန်ုပ်သိလိုသော သိလရှင်
အကြောင်းမှာ ကျွန်ုပ်ကိုယ်တိုင် ကျမ်းမပြုလိုက်ရစေ

ကာမူ ကျမ်းစုအနေဖြင့် ပါဝင်ကူညီနိုင်ခဲ့၍ အာသာ
ဆန္ဒ ပြည့်ဝခဲ့ပြီ ဖြစ်ကြောင်းကိုဖော်ပြရပေမည်။ကျွန်ုပ်
ကဲ့သို့ စာရှုသူအပေါင်းတို့အားလည်း အလိုဆန္ဒ ပြည့်
ဝနိုင်ကြပါစေသတည်း၊

၁၃၂၆-ပြာသိုလဆန်း ၁ ရက်။ ရွှေကုံးသား
စစ်ကိုင်းတောင်

စာရေးသူ၏ မှာထားချက်

သမိုင်းဟူသည် ရှေးရှေးကဖြစ်ပျက်ခဲ့သောအကြောင်း အရာများက စုပေါင်း၍ စကားပြေဖြင့်ဖြစ်စေ, လင်္ကာဖြင့်ဖြစ်စေ, ရေးသားထားသည့် စာပေများ၏ အမည်ဖြစ်သည်" ဟု သမိုင်းကို ပညာရှိများ အဓိပ္ပါယ်ဖော်ပြခဲ့ကြသည်။ သို့သော် အများအားဖြင့် ဘုရား တန်ဆောင်း ဂူဓကျောင်းပြာသာဒ်တို့၏ ဖြစ်ရပ် ဖြစ်စဉ်ကိုသာ သမိုင်းဟူ၍ အသိများနေကြ၏၊ အမှန်မှာ သမိုင်းနှင့် ရာဇဝင်သည် ရှေးအစုအစဉ် အတိတ်အကြောင်းအရာတို့ကို ကောင်းမွန်စွာ မှတ်တမ်းတင်ထားချက်တို့ချည်းသာဖြစ်၏၊ မင်းတို့၏ ဖြစ်စဉ်ကို ရာဇဝင်ဟု ခေါ်တွင်စေပြီး ဘုရားတန်ဆောင်း ဂူကျောင်းပြာသာဒ် အရပ်ရပ်တို့နှင့်တကွ တိုင်းပြည်မြို့ရွာ လူမှုရေးရာ ဘာသာသာသနာ စာပေလုပ်ခင်း သင်းပင်းဖွဲ့စည်းတို့၏ ဖြစ်ပျက်ကြောင်းလျားတို့ကို သမိုင်းဟု ခေါ်တွင်စေခဲ့သည်။

သို့ကဲ့သို့သမိုင်းဟူသော စကား၌ ဖြစ်လတ္တံ့သောအနာဂတ် ရေးရာများကို ရှာဖွေ စစ်ဆေး ဟောကိန်းထုတ်

ထားသည်ကို သိုက်ဟုခေါ်ထားပြီး အတိုတ်ကြောင်းရာ အဖြာဖြာကို, ပေ့ရှာစိစစ်၍ နှောင်းခေတ် လူအများတို့ သိမှတ်ပွယ်ရာ ရေးသား ထားသည်တို့ကို သမိုင်းဟူ၍ ခေါ်ရလေသည်၊ ဤနည်းဖြင့်သမိုင်းဟူသည် ရှေးဟောင်း ဖြစ်ဝဉ်တို့ကို ရေးတင် ဖော်ဆုတ် ထားချက်များ ဖြင့် ကြောင်းသိနိုင်ပေသည်။

သို့ဖြင့် သီလရှင်သမိုင်းမည်သော ဤစာအုပ်မှာ ယခု မျက်မြင် သီလရှင်တို့၏ ရှေးအစဉ်အဆက်တို့ကို ကွက် ကွက် ကွင်းကွင်း ထင်လင်းသိသာအောင် ရေးသားတင် ပြထားချက်များဖြစ်ကြောင်း ရိပ်စားမိနိုင်၏။ ဤသို့ ရေးသားတင်ပြရာ၌ သီလရှင်၏ အနှယ်ကို မဝိစစ်မီ သီလရှင်တို့ကဲ့သို့ အမျိုးသမီး သာသနာ့ ဝန်ထမ်းချင်း တူ၍ အနှယ်တူဟု ယူဆလွဲမှား ဝိုးဝါးဖြစ်နေကြသူများ အဖို့ ရှင်းလင်း သိသာ နိုင်ကြစေရန် ဘိုကွဲ နီတို့၏ အကြောင်းကို ရှေးဦးရှေးဖျား ဖော်ပြထားပါသည်။ ယင်းအခန်း၌ ဘိုကွဲနီသာသနာ စ, လယ်, အဆုံးကို အကျဉ်းချုံး၍ ရေးသားပြီး ၎င်း၏ ဆင်းသက်ရာ တိုင်း ရပ်ဌာနီတို့၏ စစ်တမ်းကိုလည်း ဖော်ပြလိုက်ပါသည်။

ထိုနောက်မှ သီလရှင်သမိုင်းကို ခေတ်အမျိုးမျိုးဖြင့် ဝေဖန်တင်ပြထားပြီး သီလရှင်တခေတ်တွင် မဖော်ပြ၍ မဖြစ်သော ကုန်းဘောင်ခေတ်မှ သီလရှင်ဆရာကြီးဆရာ

ကင်း၏ အကြောင်းကို ရှာဖွေ တင်ပြထားပါသည်။ ထိုပြင် ဆရာကင်း၏ အဆက်အနွယ်များနှင့် မျက်မှောက် သီလရှင်လောကရှိ သီလရှင်ဆရာကြီးများ, သီလရှင် စာသင်တိုက်ကြီးများ အကြောင်းကို တစိတ်တဒေသ လေ့လာတင်ပြထားပါသည်။ ထို့နောက်မှ သီလရှင်တို့၏ ခေတ်အလျောက် တိုးတက်သော အစိတ်အပိုင်းနှင့် အနာဂတ်ရေးရာတို့ကို ရေးသား၍ ရည်မြော် တောင့်တ ချက်များကို တင်ပြထားပါသည်။

ဤသို့ အပိုင်းကဏ္ဍလေးခုဖြင့် ဤစာအုပ်ကို ပြုစုရာ၌ မသေးငယ်လှသော လက်ရှိတာဝန်များ ကြားမှ အားလပ်ချိန်ကိုထုတ်ယူ၍ ဖုတ်ပူမီးတိုက်ပမာ ရေးသား ရသဖြင့် မိမိကိုယ်တိုင်ပင် ကျေနပ်မှု အပြည့်အဝမရှိသေး ပါ။ အမှန်အားဖြင့် သမိုင်းတစောင်တဖဲ့ကို ရှာဖွေပြုစုံ ရခြင်းသည် အခြားစာပေ ရာပေါင်းများစွာ ပြုစုရသည် ထက် ခက်ခဲလှပါသည်။ ပျောက်ဆုံး ကွယ်မြုပ်နေသော ပစ္စည်းတခုကို တောနင်း ရှာဖွေရ၌ တဦးတယောက် တည်းဖြင့် မလုံလောက်၊ အသင်းအဖဲ့အနေဖြင့်သာ လုပ် ဆောင်သင့်သလို ရှေးသမိုင်း တစောင်တဖဲ့ကို ပြုစုရာ တွင်လည်း တဦးခေါင်း တပညာဖြင့် မည်သည့်နည်းနှင့် မျှ မလုံလောက်နိုင်ကြောင်း ဝန်ခံပါသည်။

သို့တစေ....သမိုင်းချစ်ဟူသော စာအုပ်ကို ရေးသား ထုတ်ဝေပြီးနောက် ထိုစာအုပ်ပါ အချက်အလက် များမှ

သီလရှင် အနှယ်အဆက်ကို ဆက်လက် ရေးသားပါဟု ဘိုက်တွန်းကြသော စာဖတ်ပရိသတ်များ၏ဆန္ဒနှင့် မိခင်သဖွယ်ဖြစ်ပေသော မော်လမြိုင်မြို ဒေသရာမ သီလရှင် စာသင်တိုက် နာယကဆရာကြီး၏တိုက်တွန်းမေတ္တာရပ်ခံချက်ဘိုကို မလွန်ဆန်နိုင်သဖြင့် မနိုင်ဝန်ကို ထမ်းဆောင်ရခြင်းဖြစ်ပါသည်။ ဤသို့ ထမ်းဆောင်ရာ၌ ပန္တလေးမင်းကွန်း၊ စစ်ကိုင်းတောင်ရိုး၊ မုံရွာစသော အထက်မြန်မာပြည်၊ ပြည်, တောင်ငူစသော မြန်မာပြည်အလယ်ပိုင်းနှင့် ရန်ကုန်, တံတား, သထို, မော်လမြိုင် စသော မြန်မာပြည် အောက်ပိုင်းရှိ ဆရာတော်ကြီးများ, သီလရှင်ကြီးများနှင့် လူပညာရှိကြီး များတို့ထံ သွားရောက်ဆွေးနွေးခြင်း, တွေ့ဆုံမေးမြန်းခြင်းတို့ဖြင့် အချက်အလက်များကို ရှာဖွေခဲ့ပါသည်။

အထူးအားဖြင့် အကြောင်းအားလျော်စွာ ဂုဏ်ပြုမှတ်တမ်းဘင်လိုသည်မှာ ဤစာအုပ်အတွက် အချက်အလက်များကို ရှာဖွေရာ၌ ပန္တလေးမြို့ရှိ မြန်မာပညာရှိဆရာကြီးဒေါ်ပြည်ဦးဘတင်သည် လိုအပ်သောအကြံဉာဏ်များကိုပေး၍ ကြည့်ရှုသင့်သော စာအုပ်များကိုလည်း ညွှန်ကြားပါသည်။ ထိုနောက် စာမူ ကော်ပီကိုလည်း ကြည့်ရှုပေးဦးမည်ဆိုသဖြင့် ဤစာအုပ်၏ အပိုင်း ၃ ပိုင်းကို မိတ်ဘူးကော်ပီကူး၍ ပေးပို့လိုက်ရာ စိတ်ပါလက်ပါ ကြည့်ရှုပေးပါသည်။ ထိုစဉ် (၁၃၂၆ ခုနှစ်၊ နတ်တော်

လဆန်း ၁ ရက် "၅-၁၂-၆၄" စာဆိုတော်နေ့) တွင် ရုတ်ဘချက် ကွယ်လွန်အနိစ္စရောက်သွားရာ ယူကျုံးမရ ဖြစ်ရပါသည်။ ထိုထက် ဆရာကြီး၏ ပြင်ဆင်ဖြည့်စွက် ပေးမည့်အချက်အလက်များကို မထည့်သွင်းလိုက်ရသဖြင့် ဝမ်းနည်းချမဆုံး ဖြစ်ခဲ့ရပါ၏။ ထိုကြောင့် ဆရာကြီး၏ အယူအဆများပါဝင်သော ဤစာအုပ်ကို ရေးသားထုတ်ဝေရသော ကောင်းမှုအဖို့ကို ရည်ညွှန်းပေးဝေခြင်းဖြင့်သာ ဆရာကြီးအတွက် ဂုဏ်ပြုလိုက်နိုင်ပါတော့သည်။

ထိုမှဘပါး ဤစာအုပ်ရေးသားရာ၌ လျှောက်ထားမေးမြန်းအပ်သော ဖော်ပြပါ ဆရာတော်ကြီးများ သီလရှင် ဆရာများနှင့် လူပညာရှိကြီးများအားလုံး ဤသီလရှင် သမိုင်းစာမူကို ကြည့်၍ စာရေးသူမန္တစပ်မှုကြောင့် ကြုံးကျန်နေသော ကျောက်စာ ရာဇဝင်ပါ အချက်အလက်များ(ပုံစံ-သီလသည်ဟူသော ဝေါဟာရစသည်)ကို ပြည့်ပြည့်စုံစုံ ထည့်သွင်းပြီး အမှာစာ ရေးသားပေးပေသော စာပေဗိမာန်ဆုရှ သမိုင်းဆရာကြီး ရွှေကိုင်းသားအာဇင်း၊ စာအုပ်စာတမ်း အချက်အလက်များကို ရှာဖွေပေးပေသော စာပေဝေဗိမာန်ယဉ်ကျေးမှု စာပေဆုရ ကျမ်းပြုဆရာကြီး ဦးအုန်းရွှေအာဇင်း၊ ဤစာအုပ်ကို ရေးသားရန် တိုက်တွန်းပြီး လိုအပ်နေသော အကူအညီအားလုံးကို စိတ်အားထက်သန်စွာ ပေးကမ်းကူညီသော မော်လမြိုင်ခေမာရာမသီလရှင်စာသင်တိုက်နာယကဆရာ

ကြီး ဒေါ်ပညာစာရီအာဒင်း၊စာမူကို ပညာရှင်များထံ တင်ပြနိုင်ရန် ကော်ပီလိုအပ်သမျှ ကူးပေးသော အဆွေ တော်(အမည်မဖော်လိုသူ)တဦးအာဒင်း အထူးကျေးဇူး တင်ကြောင်း ဖော်ပြအပ်ပါသည်။

ထို့ပြင် ဤစာအုပ်ပါ အချက်အလက်များမှာ အဖွဲ့ အသင်းဖြင့် တောနင်းရှာဖွေသင့်သော သာသနာဝင် သမိုင်းအချက်အလက်များ ဖြစ်သည့် အာဒလျော်စွာ ပြည့်စုံကုံလုံမှုနှင့် ဝေးကွာလျက်ရှိပေသေးရာ ဤစာအုပ် ကို ဖတ်ရှုသူတိုင်းသည် ပြည့်စုံကုံလုံသော သမိုင်းတခုကို ဖတ်ရှုနေသည်ဟု မယူဆဘဲ သမိုင်းအခြေခံ အကြောင်း အရာ တခုအနေဖြင့်သာ ယူဆဖတ်ရှုပြီး ဤနှင့်ပတ်သက် သော ဖြည့်စွက်စရာ တိုးခဲ့စရာတို့ကို စာရေးသူထံ ကရုဏာရှေထား၍ ရေးသားပေးပို့ကြ စေလိုပါသည်။ လိုအပ်သမျှတို့ကို ဤစာအုပ် နောက်နောက်နှိပ်ခြင်းတို့ဌ ထည့်သွင်းဖြည့်စွက် သွားမည် ဖြစ်ကြောင်း ဖိတ်ခေါ် အစီရင်ခံအပ်ပါသည်။

အမြိုမြို သီလရှင် စာသင်တိုက်များရှိ သီလရှင် ဆရာ ကြီးများအာဒလည်း အချိန် တိုတောင်းမှုကြောင့်၎င်း၊ စာရေးသူ၏ လုံလေ့လျော့မှုကြောင့်၎င်း ပါဝင်သင့် လျက် မပါဝင်သေးသော ဆိုင်ရာသီလရှင် တိုက်ကြီး များ၏ အကြောင်းကို ရေးသားပေးပို့ရန် ပန်ကြားအပ် ပါသည်။ ဤရေးသားပေးပို့သည့် အချက်အလက်များကို အထူးလေးစားစွာခံယူ၍ ဖြည့်စွက်သွားရန် ကတိပြုပါ

သည်။ ထို့မျှမက သမိုင်းဆိုင်ရာ အချက်အလက်များကို လည်း မိမိတို့ သီလရှင်လောက၏ နောက် ကြောင်း များဖြစ်သည့် အားလျော်စွာ နက်နက် နဲနဲ သုံးသပ်၍ အနာဂတ် ရေးရာတို့၌ တိုးတက် အောင် မည်သို့ ဆောင်ထိန်း သွားမည်, မည်သို့ ပြုပြင်သွားမည် တို့ကို ပါလေ့လာကြစေလိုပါသည်။ ရှည်လျားလှသော ခရီး တလျှောက်လုံး မပျောက်မမျက် ချီတက်လာနိုင်ရန် ထမ်းဆောင်ခဲ့သည့် သမိုင်းပေး တာဝန်ကိုလည်း ရှေ့ သို့တိုး၍ ကြိုးကြိုးစားစား ထမ်းဆောင်နိုင်ရေးအတွက် အားသစ်လောင်းကြ စေလိုပါ၏။

ထို့ကြောင့် လူ့သမိုင်းနှင့်အမျှ ရှည်လျားလှပြီဖြစ် သော သီလရှင် သာသနာကို ဆ ထက်တပိုး တိုးမြင့် လာရန် အားထုတ်ကြရာ၌ ဤစာအုပ်သည် အထောက် အကူ ဘရပ်အနေဖြင့် ပါဝင်နေမည် ဖြစ်သည့်အတိုင်း မြန်မာနိုင်ငံရှိ သီလရှင် အားလုံးသည် ၎င်း ထို့သီလရှင် တို့၏ ကျောထောက် နောက်ခံဖြစ်သည့် ရဟန်းရှင် လူ တို့သည်၎င်း သီလရှင်သမိုင်းမည်သော ဤ စာအုပ်ကို ထိုက်သင့်သလို အသုံးပြုသွားမည်ဆိုလျှင် ဤ စာရေးသူ အဖို့ ကျေနပ် နှစ်သိမ့်မည်ပင် ဖြစ်ပါသတည်း။

ရဇဝတ္ထန်း

၁၃၂၆ ခု ပြာဆိုလဆန်း ၁ ရက်
၁၉၆၅ ခု၊ ဇန်နဝါရီလ ၃ ရက်
တနင်္ဂနွေနေ့။

ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း မှတ်ချက်

သီလရှင် သမိုင်းစာအုပ်သည် ဗုဒ္ဓသာသနာ့ သမိုင်း တွင် ကွက်လပ် ဖြစ်နေသော သမိုင်း တကွက်ကို ဖြည့်စွက်ထားသည့် သုတေသန စာအုပ်တအုပ်ဖြစ်သည်။ ယင်း စာအုပ်ကို ၁၉၆၅-ခုနှစ်က ပဌမအကြိမ် ပုံနှိပ် လုပ်ဆောင်ခဲ့ရာ သမိုင်းအချက်အလက် ပြည့်စုံခြင်း အထောက်အထား ခိုင်ခံ့ခြင်း၊ လေ့လာတင်ပြပုံ ပြတ်သားခြင်း၊ ဖတ်ကြားနားလည်လွယ်ခြင်း စသော ဂုဏ် အင်္ဂါရုပ်တို့ကြောင့် ဗုဒ္ဓဘာသာ ကလျာဏယုဝ (ဝိုင်-အမ်-ဘီ·အေ) အသင်းကြီး၏ မြန်မာစာ တိုးတက်ရေး စာပေပြိုင်ပွဲမှ ပဌမ ဆုတော်ငွေတထောင် ချီးမြှင့်ခြင်း ခံခဲ့ရပေသည်။

သို့သော် ယင်း ပဌမ နှိပ်ခြင်းစာအုပ်၌ အချို့ သမိုင်း အချက်အလက်များ လိုအပ်နေသေး၍ စာရေးသူ ကိုယ် တိုင်က အားမရသေးဘဲရှိသဖြင့် သီလရှင်သမိုင်းကြောင်း ဆိုင်ရာ အချက်အလက်တို့ကို ထပ်မံ ရှာဖွေ ခဲ့လေသည်။ ရှာဖွေ၍ ရသလောက်ကိုလည်း ထပ်မံ ဖြည့်စွက် ရေး

သားထားခဲ့၏။ ပဌမနှိပ် စာအုပ်တွင် ပါရှိသော မလွဲ အပ်ဟု ယူဆရသည့် အချို့ အချက်အလက်များနှင့် မှားယွင်း ချွတ်ချော်မှုတို့ကိုလည်း ထုတ်ပယ် ပြင်ဆင်ခဲ့ ၏။ သို့ဖြင့် သီလရှင်သမိုင်း စာမူသည် အတော်အတန် ပြည့်စုံသန့်ရှင်းသော စာမူတခု ဖြစ်နေခဲ့ပေသည်။

ထိုစဉ်မျှပင် အနယ်နယ် အရပ်ရပ်ရှိ သမိုင်းသုတေ သီတို့ကဗဒ္ဓသာသနာ့သမိုင်းဆိုင်ရာကိုလေ့လာရာ၌ ဤသီ ရှင်သမိုင်းမှာ မပါမဖြစ်သော စာပေ တရပ်ဖြစ်နေ သည်နှင့်အညီ ထပ်မံ ပုံနှိပ်ရန် တိုက်တွန်းနှိုးဆော်ကြရုံ မက ပဌမနှိပ်စာအုပ်ကိုပင် မဖတ်ရှုကြရကုန်သော အနယ် နယ် အရပ်ရပ်ရှိ သီလရှင် ဆရာကြီး ဆရာကလေးများ ကသည်း ထပ်မံ ပုံနှိပ်ရန် တိုက်တွန်းနှိုးဆော်ခဲ့ကြပေ သည်။

လွန်ခဲ့သော သုံးနှစ်လောက်ကပင် ဤသီလရှင်သမိုင်း ကို ပုံနှိပ်ရန် စီစဉ်ခဲ့သော်လည်း အချို့ သမိုင်းအချက် များ၌ အားမရသေးဘဲ ရှိနေ၍ ဆိုင်းငံ့ထားခဲ့ရ၏။ ထပ်မံ ပုံနှိပ်ရာ၌ ယခင်က ကြုံင်းကျန်ရစ်သော သီလရှင် ကျောင်းတိုက်ကြီးများ အကြောင်းကို ထပ်မံ ဖြည့်စွက် ရန်လည်း စီမံ စိုင်းပြင်း၍ ထားခဲ့၏။ သို့နှင့် အချိန်ကို ဆွဲ၍ လေ့လာမှုကို ပြုခဲ့ရာ သမိုင်းဆိုင်ရာ အချက်များ ၌ အသင့်အတင့် ပြည့်စုံလာခဲ့ပေသည်၊ သို့သော် စာရေး

သူ၌ တာဝန်ကြီးမား မအားမလပ်မှုကြောင့် ရည်မှန်းခဲ့ရင်းဖြစ်သည့် ကြွင်းကျန်နေသည့် သီလရှင် တိုက်ကြီးများသို့ကား သွားရောက် လေ့လာနိုင်ခဲ့ခြင်း မရှိပေ။ ထိုအကြောင်းကြောင့်ပင် ထပ်မံ ပုံနှိပ်ရေး ကြံ့ကြာသည်ထက် ကြံ့ကြာနေခဲ့ရပေသည်။

ဤအတွင်း ထုတ်ဝေသူက ဤမျှ လိုအပ်နေသော ကျမ်းတစောင်ကို အချိန်ဆွဲ၍မနေသင့်ဟု ခံယူလျက် စာရေးသူထံ အကျိုးအကြောင်း တင်ပြ၍ တောင်းခံရယူခဲ့ စာရေးသူက ကြွင်းကျန်သော သီလရှင် တိုက်ကြီးများကို လေ့လာရန် လိုအပ်သေးကြောင်း အချိန်မပေးနိုင်သဖြင့်လည်း မည်မျှ အချိန်ကြာဦးမည် မသိကြောင်း အဆိုပြုနေပေသေးသည်။ သို့ဒသာ်ခေတ်ကာဘောင်းဆိုနေသော ဤအချိန်ကောင်းတွင် စာကောင်းပေမန်တစောင် တိမ်မြုပ်၍ မနေသင့်ဟု ယူဆမိသဖြင့် စာရေးသူ ရယူလိုသော အချိန်ကို ပေးမနေနိုင်တော့ဘဲ သမိုင်းကြောင်း ပြည့်စုံသင့်သမျှ ပြည့်စုံနေပြီဖြစ်သော ဤ သီလရှင်သမိုင်း သုတေသနစာစဉ်ကို အချိန်မီ ဘင်ဆက်လိုသဖြင့် ယခုကဲ့သို့ ပုံနှိပ်ဖြန့်ချိလိုက်ခြင်းဖြစ်ပေသည်။

ထို့ကြောင့် ဤ သီလရှင်သမိုင်း သုတေသန စာစဉ်သည် သီလရှင်တို့၏ အဖြစ်သနစ် သမိုင်းကြောင်းမျှသာ

မက ဘိုကျွန် သာသနာ့ သမိုင်းနှင့် ရှားပါးသော မြန်မာ့ ဗုဒ္ဓသာသနာ့ သမိုင်းတစောင်ဖြစ်သည်နှင့် လျော်ညီစွာ စာဖတ်သူအား ဗုဒ္ဓသာသနာ့ သမိုင်းဆိုင်ရာ၌ သိမှတ်ဖွယ်ရာ ဗဟုသုတအဖြဲဖြဲကို ကျေနပ်ဖွယ်ရာ ပေးဆက်နေမည် ဖြစ်ကြောင်း အမှာစကား ပြောကြား ခွန်းဆက်လျက် မှတ်ချက်ပြုရ ပါသတည်း။

သီလရှင် သမိုင်း

ရဇဝထွန်း-ပြုစုသည်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဗုဒ္ဓဒိသန် ခရာတိကိုလ၊ နမာမိ မြွေးရှင်၊
အာစရိ ဦးတင်ကာ၊ နှစ်ဦးရှင် မာ,ပျ၊
မှန်းဆ၍ ရိုညွတ်စွာငယ်၊ ဆိုရွတ်ကာ ပေးမျှဝင့်။

မြို်ငမော်ရွှေ့ ခေမာရုံမှာ၊ ရွှေစာစုံသင်ချ၊
နေလာတုံရှင်ပျတဲ့၊ ခင်မတို့ မိခင်၊
သီလရှင် စာသမိုင်းကိုလ၊ ခါမဆိုင်းရေးဖို့ ပန်ဆင်။

သို့တွက်ကြောင့် ဖွရှာထွင်ကာ၊ ခေမာရှင်လို့ရှင်းခဲ့၊
ပိုမသွင်းတိကျပါစေ၊ ညီဆရှာဖွ၊
ရေးဆက်၍ ထွေးရွက်ဖြပြီ၊ ရှေးသက်သေစံထိုးလို့လေး။

ပဌမ ပိုင်း

ဘိက္ခုနီ သာသနာ

ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြသော သဗ္ဗညုဘုရား ရှင် တိုင်း ၌ပင် ရဟန်းယောကျ်ားပရိသတ်, ရဟန်းမိန်းမပရိတ်သတ်, ဥပါသကာ ယောကျ်ားပရိသတ်, ဥပါသိကာ မိန်းမပရိသတ် ဟူ၍ ပရိသတ်လေးပါးရှိရစမြဲ ဖြစ်ပေသည်၊ ဘုရားရှင်တိုင်းအဖို့မှာပင် ပဌမဖြစ်သောရဟန်းယောကျ်ား ပရိသတ်မှာ ဗေဒါဓိပင်နှင့် ရေပလ္လင်ကို အောင်မြင်တော်မူပြီး၍ ဘုရားစင်စစ် ဖြစ်တော်မူပြီးသည့်နောက် အနည်းငယ်သောရက်ပိုင်းအတွင်းမှာပဲင် ဖြစ်ပေါ်လာခဲ့သည်ဟု ဆိုရပေမည်၊ ကျွန်ုပ်တို့၏ ပေါတမထုတ်ထား သဗ္ဗညုမြတ်စွာဘုရားအဖို့မူကဆုန်လပြည့်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဝါဆိုလပြည့်တွင် တရားဦးဒေသနာ ဓမ္မစက္ကာ တရားကို ဟောကြားတော်မူပြီးလျှင် အရှင်ကောဏ္ဍညစသော ရဟန်းယောကျ်ားပရိသတ်များဖြစ်ပေါ်လာရပေသည်၊ ဘုရားဖြစ်ပြီး ၂-လမျှသော အခါနှင့်တွင် ရဟန်းယောကျ်ားပရိသတ် ဖြစ်ပေါ်ခဲ့သည်ဟု ဆိုရပေမည်။

တတိယနှင့် စတုတ္ထဖြစ်သော ဥပါသကာ ယောကျ်ားပရိသတ်နှင့် ဥပါသိကာ မိန်းမပရိသတ်တို့မှာလည်း ပဌမ

ရုဟန်းပရိသတ် ဖြာ်ပေါ်ပြီးနောက် မကြာမီမှာပင် ဖြစ်ပေါ်လာရပေသည်၊ ဂေါတမဘုရားရှင်၌မူ ဘုရားဖြစ်ပြီး ၄၉ ရက်မြောက်မှာပင် ညဉ့်လဇနပုဒ်သား တဖုဿဘလ္လိုက ကုန်သည်ညီနောင်တို့ဒွေဝါစိုက သရဏဂုံဖြင့် ဥပသကာပရိသတ် စတင်ဖြစ်ပေါ်ခဲ့သည်ဟု ဆိုသင့်၏၊ ဥပ်သိကာ ပရိသတ်အဖြစ်မှာမူ အရှင်ယဲသ၏ မိခင်နှင့် မယားတို့က အစ ဖြစ်လေသည်၊

ဘုရားရှင်၏ ဒုတိယပရိသတ်ဖြစ်သော ရဟန်း မိန်းမခေါ်ဘိက္ခုနီ တို့သည်ကား ဘုရားပွင့်တော်မူပြီး အတန်ကြာမှပေါ်ပေါက်လာပေရာ ဤဘိက္ခုနီတို့ ဖြစ်ပေါ်လာပုံနှင့် ကုန်ဆုံး ကွယ်ပျောက်သွားရပုံတို့ကို အကျဉ်းချုပ်၍ တင်ပြုလိုပေသည်။

အမျိုးသမီး ခေါင်းဆောင်
မဟာပဇာပတိဂေါတမီ

မိန်းမများသည် ဂေါဘမဘုရားရှင် ပွင့်တော်မမူမီ ခေတ်အခါက အိုနှိပ်ခံ,အနှိမ်ခံ လူတန်းစားတရပ် အဖြစ်ရပ်တည်ခဲ့ရသည်၊ ထိုခေတ်က ထွန်းတောက်ခဲ့သော ပြာဟ္မဏဝါဒအရှိန်အဝါအောက်တွင် ပြားပြားဝပ်မျှ အနှိမ်ခံနေရပေသည်၊ ထိုပြာဟ္မဏဝါဒ အောက်တွင် တလျှောက်လုံး အနှိမ်ခံလာရ

သော မိန်းမ(ဝါ) အမျိုးသမီးများသည် ဂေါတမဗုဒ္ဓ လောက ထွတ်တင် ဘုရားရှင် ပွင့်ထွန်းတော်မူလာသော အချိန်ကျမှပင် အနည်းငယ် ခေါင်းထောင်လာနိုင်ပေတော့သည်။

သို့သော် ထိုအခွင့်အရေးကို အမျိုးသမီးတို့သည် ဘုရား ရှင်ထံမှ လွယ်လွယ်ဖြင့် ရယူခဲ့ခြင်းကား မဟုတ်ပါပေ။ သက်စွန့် ဆဲဖျား ကြိုးစားအားထုတ်၍ ရယူခဲ့ရသော အခွင့်အရေးကြီးပင် ဖြစ်ပေ၏။ ထိုသို့ အမျိုးသမီးတို့၏ အခွင့်အရေးကြီးကို ဦးဦး ဖျားဖျား ကြိုးစားရယူခဲ့သော အမျိုးသမီးကြီးက မဟာပဇာပတိ ဂေါတမီခေါ် မြတ်စွာဘုရား၏ မိထွေးတော်ကြီးပင် ဖြစ်လေသည်။

[မဟာပဇာပတိ ဂေါတမီဟူသော အမည်မှာ အမည်မှည့်သောအခါ၌ လက္ခဏာဖတ် ပုဏ္ဏားများက သတို့သမီးငယ်၏ ကောင်းခြင်းလက္ခဏာနှင့် ပြည့်စုံသည်ကို မြင်၍ "ဤသတို့သမီးသည် (နောင်အခါ ၎င်းမှ) သမီးမွေးဖွားလျှင် စကြာမင်း၏ မိဖုရားရတနာဖြစ်၍ သားမွေးဖွားလျှင် စကြာမင်းကြီး ဖြစ်လတ္တံ၊ ဤသို့ နှစ်ပါးစုံမြင့်မြတ်သည်သာ ဖြစ်သော သားသမီးတို့သည် ဖြစ်လိမ့်မည်" ဟု နိမိတ်ဖတ်ကြ၏၊ ထို့ကြောင့် ထိုမင်း သမီး၏ အမည်ကို မဟာပဇာပတိ(မဟာ=မြင့်မြတ်သော +ပဇာ=သားသမီးတို့၏ ပတိ=အရှင်) ဟု မှည့်လေ၏။ ဂေါတမီဟူသည်မှာ အနွယ်နှင့် ဆိုင်သောအမည် ဖြစ်

သည်၊ နှစ်မည်ပေါင်းရှိ မဟာပဇာပတိ ဂေါတမီဟု ခေါ်ဝေါ်လေသည်။]

ဂေါတမဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် (၅၉၉-ဘီစီ) ကဆုန်လပြည့်နေ့တွင် သဗ္ဗညုဆွတ်တော်ဘုရား အဖြစ်သို့ ရောက်ခဲ့၏၊ ဘုရားဖြစ်တော်မူပြီး ၀၊တော် တ၀ါ ရတော်မူသည့် ၁၀၄-ခု တပေါင်းလ အချိန်အခါတွင် ဖွားဘက်တော် ကာလုဒါယီ၏ လျှောက်ထားချက်အရ ဆွေတော် မျိုးတော်တို့ကို ချီးမြှောက်တော်မူရန် အလို့ငှာ၊ ကပိလ၀တ်နေပြည်တော်သို့ ကြွတော်မူခဲ့ရာ ကဆုန်လတွင် ဇာတိဌာန် ကပိလ၀တ်နေပြည်တော်သို့ ကောင်းမွန်စွာ ရောက်တော်မူလာလေသည်။

ကပိလ၀တ် နေပြည်တော်သို့ ဆိုက်ရောက်တော် မူပြီးနောက် အသင့် စီမံပြုလုပ်ထားသော နိဂြောဓာရုံ ညဃျာဉ် (ကျောင်း)တော်၌ ရဟန်တော်များနှင့်တကွ သီတင်းသုံးတော်မူ၏။ ထိုစဉ်အခါ လာရောက် စည်းဝေးကြကုန်သော ဆွေတော် မျိုးတော် သာကီဝင်မင်းတို့သည် ခက်ထန်သော မာနရှိကြသူများဖြစ်ကြသည့်အတိုင်း "သိဒ္ဓတ်မင်းသားသည် အသက်အရွယ် အားဖြင့် ငါတို့အောက် ငယ်ရွယ်သူဖြစ်၏။ ငါတို့တွေ့၊ ငါတို့သား၊ ဦးငါတို့ညီမျှသာ ဖြစ်ပေ၏" ဟု သဘောထားကြပြီးလျှင် ငယ်ရွယ်သူများကိုသာ ရှိခိုးစေကြကုန်၏၊ ၎င်းတို့ကိုယ်တိုင်မှာမူ ရှိခိုးဦးခိုက်ခြင်းမရှိ ဖာသိဖာသာပင် ပြောဆိုနှုတ်ဆက် ဟိတ်ဟန်မပျက်ထိုင်နေကြလေသည်။ ထိုအခါဘုရားရှင်သည် ထိုသာကီဝင်

မင်းမျိုးတို့၏ မာနကို ချိုးဖျက်တော်မူလို၍ အဘိညာဉ်၏ အခြေခံဖြစ်သော စတုတ္ထစျာန်ကို ဝင်စားဘော်မူပြီးနောက် ကောင်းကင်သို့ ပျံတက်တော်မူကာ သာကီဝင်မင်းတို့၏ ဦးထိပ်၌ ဖဝါးခြေမှုန့်ကို ကြဲဘိသကဲ့သို့ပြု၍ ရေမီးအစုံအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူလေသည်။ ထိုအခါမှ ခမည်းတော် သုဒ္ဓါဒနမင်းကြီးမှစ၍ သာကီဝင်အပေါင်းသည် ဦးခေါင်း ညွှတ်လျှိုးရှိခိုးကန်တော့ကြလေတော့၏။

ထို့နောက် ကြီးကျယ်စွာသော ရတနာစင်္ကြံတော်ကြီးကို ဖန်ဆင်းတော်မူကာ လူးလာဖန်ဖန် စင်္ကြံကွတော်မူပြီး၍ လက္ခဏာတော်ရုံ အဂ္ဂသာဝက အရှင်သာရိပုတ္တရာမထေရ် မြတ်၏ ဒေါင်းပန်မှုဖြင့် ဗုဒ္ဓဝင်တရားတော်ကြီးကို ဟောတော်မူလေ၏။ ထို့နောက် ဗုဒ္ဓဝင်အဆက် ပါရမီဖြည့်ကျင့်မျှားကို ပြက်ပြက်ထင်ထင် သိမြင်စေရန် စရိယာပိဋကတ်တရားတော်မြတ်ကို ဆက်လက်ဟောကြားတော် မူလေသည်၊ ထိုပြာဋိဟာပဋိဟာရ်ကြီးသည် ဦးခေါင်း ညွှတ်လျှိုးသော တန်ခိုးတော်နှင့် တင့်တယ်သော ဗုဒ္ဓအာသရေတော်ကို ကြည်သိုကြပြီးလျှင် သာသနာတော်တွင်းသို့ ဝင်ရောက်လာကြကုန်သော သာကီဝင်မင်းသားမျှားနှင့် သူငြေး သူကြွယ် ကုန်သည် လယ်လုပ်မှုစ၍ သဒ္ဓါထက်သန်ကြသော အမျိုးသားတို့သည် လွန်စွာ များပြားကြလေသည်။

မကြာမီမှာပင် (ထိုပြာဋိဟာပဋိဟာရ်နေ့၏ တတိယမြောက်နေ့တွင်) ဘုရားရှင်၏ ညီတော် (မဟာပဇာပတိ ဂေါတမီ၏

သား) နန္ဒမင်းသားသည်ဌင်း, ခုနစ်ရက်မြောက်နေ့တွင် ဘုရား ရှင်၏ သားတော်ရာဟုလာသည်ဌင်း, သာသနာတော် တွင်းသို့ ဝင်ရောက်၍ ရဟန်းသာမဏေ ပြုသွားကြလေသည်၊(ထို ၃ ရက် မြောက်နေ့မှာပင် ပဇာပတိဂေါတမီသည် သောတာပန် အဖြစ် သို့ရောက်ခဲ့၏)။

ထိုအခါ မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် လည်း ဘဝဘဝက ဖြည့်ဆည်းပူးခဲ့သော ပါရမီတို့၏ နှိုးဆော်မှု ကြောင့် သာသနာတော်သို့ ဝင်ရောက်ရဟန်းပြုခွင့်ရရန် ဘုရား ရှင်အား တောင်းပန်လေ၏၊ ထိုအခါ ဘုရားရှင်က "မိထွေး တော် မသင့်သေး၊ မြတ်စွာဘုရား၏ ဓမ္မဝိနယ သာသနာတော် ၌ မာတုဂါမ၏ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြုခြင်းကို သင်မနှစ်သက်လင့်"ဟု သုံးကြိမ်တိုင်တိုင် ပယ် မြစ်တော်မူခဲ့လေသည်။

ထိုသို့ သုံးကြိမ်တိုင်တိုင် လျှောက်ထားဘောင်းပန်သည် ကို ဘုရားရှင်ကိုယ်တိုင်က သုံးကြိမ်တိုင်တိုင် ပယ်မြစ်တော်မူခဲ့ သဖြင့် မဟာပဇာပတိ ဂေါတမီသည် "မြတ်စွာဘုရား၏ ဓမ္မဝိနယ သာသနာတော်၌ မာတုဂါမ၏ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရဟန်းပြုခြင်းကို ဘုရားရှင်က ခွင့်ပြုတော် မမူပါ၊ တကား"ဟု ဝမ်းနည်းခွေနုန်း ယူကြုံးမရဖြစ်ကာ မျက်ရည်တွေ့ တွေ့ ကျ၍ ဖဲ့ဝဲခဲ့ရရှာလေသည်။

သို့သော် မဟာပဇာပတိဂေါတမိသည်ကား ရင့်မာသော ပါရမီရှင်တဦးပီပိအခြေအနေကို သုံးသပ်ဆင်ခြင်၍ ပုပန်မှုတို့ကို ဖျောက်လွှင့်ကာ တနေ့၌မူ မိမိဆန္ဒ ပြည့်ဝရပေမည်ဟုသာ တွေးတော၍ တရားသဘောကိုနှလုံးသွင်းလျက် အချိန်ကိုငံ့လင့်နေခဲ့လေသည်။

သို့နှင့် လေးနှစ်မျှသောအချိန်သည် ကုန်လွန်ခဲ့လေ၏၊

ကပိလဝတ်နှင့် ကောလိယစစ်ပွဲ

မြတ်စွာဘုရားသည်ရာဇဂြိုဟ်မြို့ဝေဠုဝန်ကျောင်းတော်၌ စတုတ္ထဝါကို ဆိုတော်မူပြီးနောက် ပဥ္စမဝါဆိုတော်မူရန် မဝေးလှတော့သော ၁၀၈ ခုနှစ်၊ နယုန်လဆန်းစအခါ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ ခေတ္တသီတင်းသုံးတော်မူစဉ် အချိန်တွင် ဗေဒပြဿုံသည့်အတိုင်း ထူးခြားသော်ဖြစ်ရပ်မျှား ပေါ်ပေါက်၍ လာခဲ့လေသည်။

ကပိလဝတ် ဒေဝဒဟနှင့် ကောလိယဟူသော မြို့သုံးမြို့သည် ဘုရားရှင်၏အနွယ်ဖြစ်သော သာကီဝင်တို့၏မြို့တော်များဖြစ်ကြ၏။ အချင်းချင်း အမျိုးဆက်နေသည့် မြို့များဖြစ်ကြသည့် အားလျော်စွာ ဤသုံးမြို့သည် တမြို့တနိုင်ငံတည်းလိုပင် ဖြစ်လေ

သည်။ သို့သော် ထိုစဉ်က ဓလတ်အားလျှော့စွာ သူ့မြို့နှင့်သူ့နိုင်ငံတည်ထောင်၍ ထီးပြိုင်နန်းပြိုင်များ ဖြစ်နေကြလေသည်။

ရောဟိနီမည်သောမြစ်သည် ဟိမဝန္တာဒေသမှ စီးဆင်းလာခဲ့ရာ ထိုနေရာတွင် ကပိလဝတ်နှင့် ကောလိယ နှစ်မြို့အကြား ဗဟိုလောက်တွင် ဖြတ်သန်းစီးဆင်းသွားလေသည်။

[ယခုတိုင်ရောဟိနီမြစ်ဟုခေါ်လျက်ပင်ရှိသေး၏၊ သို့သော် ကပိလဝတ်နှင့် ကောလိယ နယ်ခြားအနေမဟုတ် တော့ဘဲ ယခုခံတိယဟုခေါ် ဒေဝဒဟကို ဗဟိုမှဖြတ်၍ စီးနေပေပြီ။ လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ခန့်ကယဲခုနေရာနှင့် တမိုင်လောက် ဝေးသောနေရာ၌ ဤရောဟိနီမြစ်တည်ရှိသည်ဟု ထိုအရပ်ရှိ သက်ကြီးရွယ်အို့တို့ ပြောကြသည်ဟုဆိုသဖြင့်လွန်ခဲ့သည့် ၂၅၀၀ ကျော်ကနယ်ကြားဗဟိုအနေရှိနေမည်ကို မငြင်းနိုင်ပေ၊ ဟိမဝန္တာတောင်ခြေဖြစ်သော ထိုအရပ်၌ မြစ်ကြောင်းများ မကြာခဏ ပြောင်းရွှေ့နေသည်မှာ အဆန်းမဟုတ်ပါချေ။]

ထိုနောက် ရောဟိနီမြစ်မှ ရေများကို အမှီပြု၍ ကပိလ ဒေဝဒဟနှင့် ကောလိယသုံးနိုင်ငံသားတို့သည် လယ်ယာလုပ်ကိုင်ကာ ကောက်စပါးများစိုက်ပျိုးကြရ၏။ ရောဟိနီမြစ်သည်ထိုနိုင်ငံသားတို့၏ လယ်ယာလုပ်ခင်း ဖြစ်ထွန်းနိုင်အောင် ရေ အလုံအလောက်ပေးစမြဲဖြစ်လေသည်။ ထိုမဟာသက္ကရာဇ် ၁၀၈-ခုနှစ်

သည်ကား မိုးဦးအတန်ခေါင်သောနှစ်ဖြစ်၏။ဟိမဝန္တာတောင်ကို မြစ်ဖျားခံလာသော ထိုရောဟိနီမြစ်သည် ထိုနှစ်ဦးအခါတွင်မူ ကပိလဝတ်ဖက်နှင့် ကောလိယဖက် နှစ်ဖက်သော လယ်ယာတို့ကို ရေလုံလုံလောက်လောက် မပေးစွမ်းနိုင်တော့ချေ။ ခါတိုင်းနှစ်၏ ထက်ဝက်ခန့်မျှသာ ရေသွားရေလာရှိသဖြင့် လှယ်ယာလုပ်ခင်းများအတွက် ကမ်းနှစ်ဖက်ရှိ လယ်သမားတို့မှာ အခက်ကြုံ၍ နေကြရလေသည်။

ကောလိယဖက်မှရောဟိနီမြစ်ရေကို ကောလိယလယ်ယာကောက်စပါးများအတွက် အပြည့်အဝယူလိုက်လျှင် ကပိလဝတ်လယ်ယာကောက်စပါးများ လုံးဝပျက်စီးသွားဖွယ်ရာသာ ရှိပေသည်။ ထို့အတူ ကပိလဝတ်ဖက်မှ ကပိလဝတ်လယ်ယာကောက်စပါးများအတွက် အပြည့်အဝယူလိုက်လျှင် ကောလိယ လယ်ယာကောက်စပါးများလုံးဝပျက်စီးသွားဖွယ်ရာသာ ရှိပေသည်။ လက်ရှိကျဆင်းလာသော ရေအနေအထားအရ တဝက်စီယူ၍လည်း ထူးခြားမည်မဟုတ်။ သူ့ဖက်မဝ ကိုယ့်ဖက် မမျှနှင့် ပျက်စီးရမည်သာ ဖြစ်နေပြန်လေသည်။ ထိုပြဿနာမှာ ထိုစဉ်က ကပိလဝတ်နှင့် ကောလိယနှစ်ပြည်သားတို့အဖို့ သေရေး ရှင်ရေး ပြဿနာဖြစ်နေကြရတော့၏။

ထိုပြဿနာအတွက် နှစ်ဦးနှစ်ဖက် လယ်သမားကြီးများသည် တနေ့သောအခါတွင် ရောဟိနီ မြစ်ကမ်း၌ တွေ့ဆုံဆွေးနွေးကြံလေသည်။ သို့သော် ပြဿနာမှာ ဖော်ပြပါအတိုင်း တဖက်

အဟုတ် လောက်ငရုံမျှသာ ဖြစ်နေသဖြင့် အပေးအယူ မတည့်နိုင်ဘဲ မပြေမလည်ဖြစ်နေကြရတော့၏။

ကောလိယလယ်သမားတို့က "ဤရောဟိန် မြစ်ရေကို နှစ်ဖက်လယ်မြေအတွက် ထုတ်ယူအသုံးပြုလျှင် သင်တို့အတွက်လဲ မလောက်၊ ငါတို့အတွက်လဲမလောက် ဖြစ်ကြရမဲ့အတူတူ ငါတို့လယ်တွေဟာ တကြိမ်ရေသွင်းလိုက်လျှင် အောင်မြင်တော့မှာ ဖြစ်လို့ ဒီရေကို ငါတို့အား ပေးကြပါ" ဟူ၍ တင်ပြကြသည်။

ကပ်လဝတ် လယ်သမားတို့လည်း "အို....မဟုတ်တာဘဲ၊ သင်တို့စပါးကျီတွေပြည့်နေချိန်မှာ ငါတို့ခွက်လက်စဲပြီး သင်တို့ အိမ်တံခါးဝမှာမျက်နှာငယ်ကလေးတွေနဲ့လာရပ်မနေနိုင်ပါဘူး၊ ငါတို့လယ်ယာတွေဟာလဲ ရေတကြိမ်သွင်းလိုက်လျှင် အောင်မြင်တော့မှာမို့ ဒီရေကို ငါတို့ဘဲ ယူပါရစေ" ဟု ဆိုကြပြန်၏။

ထိုအခါ ကောလိယဖက်က "ကဲ....မပေးဘူးဟော့" ဟု ဆို လေရာ ကပိလဝတ်ဖက်ကလည်း "ဒီကလဲ မပေးနိုင်ဘူး၊ ဖြစ်ချင်ရာဖြစ်ပေတော့" ဟု ဆိုပြန်သဖြင့် ပြဿနာမှာ ရှုပ်သည်ထက် ရှုပ်လာလေ၏။ နွားတ်ဖြင့်ငြင်းခုံနေရာမှ ကြာသော် လက်ပါလာတော့ရာ ငြင်းခုံခြင်းကိုရပ်၍ ပါလာသော လက်နက်များဖြင့် အချင်းချင်းရိုက်နှက် ထိုးခုတ်ကုန်ကြတော့၏။

ပြဿနာမှာ ငယ်ရာမှ ကြီး၍လာလေသည်။အမှိုက်ကစ၍ ပြာသာဒ်မီးလောင်ရသော ပြဿနာ၊ ပျားတစက်ကြောင့် ပြည့်

ပျက်ရသော ပြဿနာ ဖြစ်လာတော့၏၊ ထိုလယ်သမား‌တို့ ရေလူသောအရေးမှသည် တိုင်းရေးပြည်ရေးအထိ ကျယ်ပြန့်လာတော့သည်။ အချင်းချင်း ရိုက်ကြ, နှက်ကြ, ထိုးကြ, သတ်ကြရာမှထွက်ပေါ်လာသော ဆဲရေးတိုင်းထွာ ငယ်ကျိုးငယ်နာဖော်မူတို့က ပင် တိုင်းရေးပြည်ရေးကို ဖန်တီးခဲ့ကြသည်။

ကောလိယ လယ်သမား‌တို့က ကပိလဝတ်လယ်သမား‌တို့အား ဆဲဆိုရိုက်နှက်ချ၍ "မင်း‌တို့ ကပိလဝတ်က သာကီဝင်တွေအား‌လုံး လာခဲ့တော့ကော.. ဒို့ကဘာမှမလဲ၊ မင်း‌တို့ သာကီဝင်တွေဟာ ခွေးတွေလို ကိုယ့်နှမ ကိုယ်ယူတဲ့အမျိုးဘဲ၊ မင်း‌တို့ ခွေး‌မျိုးတွေရဲ့ စစ်တပ်ကြီးလာအုံး‌တော့ ဒို့မကြောက်ဘူး" ဟု အမျိုးကိုထိခိုက်၍ ဆဲဆိုကြကုန်၏။

ကပိလဝတ် လယ်သမား‌တို့ကလည်း အညံ့မခံပေ။ "မင်း‌တို့ ကောလိယအနွယ်တွေကို ဒို့က ဂရုမစိုက်ဘူးဟေ့၊ ခိုစရာကပ်စရာမရှိ တိရစ္ဆာန်တွေလို ကလောပင်အောက် ကပ်နေရတဲ့အနွယ်တွေက စစ်တပ်ကြီးနဲ့ လာတော့ကော ဒို့က ကြောက်ရမလား" ဟု ငယ်ကျိုးငယ်နာကိုဖော်၍ ဆဲဆိုကြလေ၏။

နှစ်ဖက်သော လယ်သမား‌တို့၏ ရန်ပွဲသတင်း, ဆဲရေးတိုင်းထွာကြသောသတင်း အလုံးစုံသည် ဆိုင်ရာမြို့စား, ရွာစား, အမတ်, အမတ်ကြီး‌တို့မှတဆင့် မင်းညီမင်းသား တိုင်းပြည်သခင်ဘုရင်မင်းမျာ‌းအထိ ပေါက်ရောက်သွား‌ပေရာ အမှိုက်ကစ

ပြာသာဒ်မိုးလောင် ဟူဘိသက့်သို့ နှင့်ပြည်းထောင် စစ်ခင်းကြောင့် တော့မည့်အခြေအနေသို့ ဆိုက်ရောက်ခဲ့လေသည်။

ထိုအခါ ကပိလဝတ်မှ သာကီဝင် မင်းတို့သည် "နှမနဲ့ အိမ်ထောင်ပြုသူတို့ရဲ့ အစုမ်းကို ပြမယ်ဟော့" ဟုဆိုကာ စစ်ချီလာကြလေ၏၊ ကောလိယမင်းတို့ကလည်း "ကလောပင်အောက်က လူတို့ရဲ့အစုမ်းကို ပြရပြန်တာပေါ့ကွာ" ဟုဆိုကာ စစ်ချီလာကြလေတော့သည်၊ ရောဟိနီမြစ်တဖက်တချက်မှချီတက်၍လာကြသောနှစ်ဖက်စစ်သည်တို့သည် ရောဟိနီမြစ်၏ တဖက်စီ၌ မျက်နှာချင်းဆိုကြပေတော့မည်၊ နှစ်ပြည်ထောင် စစ်ဆင် တိုက်ခိုက်ကြမည့်အချိန်ကား နီးကပ်၍နေပေပြီ။

မြတ်စွာဘုရား၏ ငြိမ်းချမ်းရေးတရား

ထိုအချိန်မှာ ညနေချမ်းအချိန်ဖြစ်ပေ၏၊ ဤညနေချမ်းအခါ၌ ဤသို့နှစ်ဖက်စစ်သည်တို့ ရောဟိနီမြစ်ကမ်းသို့ ချီတက်ကြမည်ကို သာဝတ္ထိ၌ သီတင်းသုံးတော်မူလျက်ရှိသော မြတ်စွာဘုရားသည် သိတော်မူထားလေ၏၊ ဘုရားရှင်သည် သာဝတ္ထိမြို့ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူလျက် နံနက်မိုးသောက်ထစအခါတွင် ရှေ့ဂျာဏ်တော် ကွန်ယက်ကို ဖြန့်ကျက်၊ ကြည့်ရှုတော်မူရာမှ မြင်တော် မူသည်တွင် "ငါ (ဘုရား) ကွသွားတော်

မှု၍ ဤသူတို့၏ ရန်စစ်ကို ငြိမ်းနိုင်အံ့လော၊ မငြိမ်းနိုင်အံ့လော”ဟု ဆင်ခြင်တော်မူရာ“ထိုနေရာသို့ ငါ(ဘုရား)ကြွသွား၍ ဤသူတို့၏ ရန်စစ်ကို ငြိမ်းအေးရန် ဇာတ်တော် ၃-ဇာတ်တို့ကို ဟော ကြားရပေအံ့၊ထိုအခါ ရန်စစ်သည် ငြိမ်းလတ္တံ့။ ထို့နောက် ညီညွတ်မှုကိုပြုရန် ဇာတ် ၂-ဇာတ်ကို ထပ်မံ ဟောကြားပြီးလျှင် အတ္တဒဏ္ဍသုတ်ကို ဟောကြားအံ့၊ တရားဒေသနာကို ကြားနာ ပြီးလျှင် နှစ်ပြည်ထောင်သားတို့သည် နှစ်ရာ့ငါးဆယ်စီသော မင်းသားတို့ကို ငါ(ဘုရား) အားပေးလှူကြကုန်လတ္တံ့၊ ထိုမင်း သား ငါးရာတို့ကို ငါ(ဘုရား)သည် ရဟန်းပြုပေး၍ ကြီးစွာသော အစည်းအဝေးကြီး ဖြစ်ပေလတ္တံ့”ဟု ဆင်ခြင်တော်မူမိလေ၏။

ထို့ကြောင့် ဘုရားရှင်သည် နံက်စောစောကပင် ကိုယ် လက်သန့်စင်မှုကိုပြု၍ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွတော်မူကာ ဆွမ်းကိစ္စပြီးဆုံးစေပြီးနောက် အချိန်ကို ငံ့လင့်တော်မူလေ၏၊ ညနေချမ်းအချိန်သို့ရောက်သောအခါ ဂန္ဓကုဋီတော်မှ ထွက်တော် မူပြီးလျှင် တစုံတယောက်ကိုမျှမပြောကြားမသိစေဘဲ ကိုယ်တော် တိုင်သာလျှင် သပိတ်သင်္ကန်းကို ယူဆောင်တော်မူပြီး နှစ်ဖက်စစ် ဆုံရာ ရောဟိနီမြစ်၏ အထက်သို့ ကောင်းကင်ခရီးဖြင့် ကြွတော် မူလေ၏။

နေလည်းဝင်လေ၏၊ ရောဟိနီမြစ်ကမ်း တဖက်စီသို့လည်း နှစ်ဖက်စစ်သည်တို့ရောက်၍ စစ်မျက်နှာချင်း ဆိုင်မိလေ၏၊ ဘုရား ရှင်လည်း ရောဟိနီမြစ်အထက်ကောင်းကင် စင်နှစ်ဖက်ကြားတွင်

များများကြီး ရပ်တော် မူမိလေသည်၊ ဤသုံ ချက်သည် မရှေး မနှောင်းပင်ဖြစ်လေသတည်း။

ထိုအခါ ဘုရားရှင်သည်နှစ်ဖက်စစ်သည်တို့အား ထိတ်လန့် ရှံခြောက်စေရန် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ ပြီးလျှင် ညီသောရောင်ခြည်တော်တို့ကိုလွှတ်၍ အမိုက်မှောင်ကို ဖြစ်စေတော်မူ၏၊ ဘုရားရှင်၏ တန်ခိုးတော်ကြောင့် နှစ်ဖက်စစ် သည်တို့သည် မိမိတို့အချင်းချင်းပင် မမြင်နိုင် လောက်အောင် အမှောင်ဓာတ် ကြီးစိုးလာသဖြင့် ထိတ်လန့်ကြကုန်၏၊ တခဲနက် ဆူညံနေသော စစ်ချီသံတို့သည် တိတ်ဆိတ်ခြင်းသို့ရောက်လေ၏၊ ထိုအခါမှဘုရားရှင်သည် ကိုယ်တော်ကိုထင်ရှားစွာပြတော်မူပြီး လျှင် ရောင်ခြည်တော်ခြောက်သွယ်ကို လွှတ်တော်မူလေ၏။

ကပိလဝတ်ပြည်သားတို့သည် ဘုရားရှင်ကိုမြင်ကြရသော် "ငါတို့၏ ဆွေတော်မျိုးတော်မြတ်စွာဘုရားကြွလာတော်မူပါတကား၊ မြတ်စွာဘုရားသည် ငါတို့၏ရန်စစ်ကို မြင်ဘော်မူယောင် တကား" ဟု စဉ်းစားမိကြပြီးလျှင် "ဘုရားမြတ်စွာတောင် ကြွလာတော်မူနေမှတော့ ဘာပြုလို့ငါတို့ သူကပါးအသက်ကို သတ်နေ ကြတော့မလဲ၊ ကောလိယမြို့သားတွေက ငါတို့ကိုလာပြီး သတ် သွားချင်လဲ သတ်ကြပေစေတော့" ဟု ကွဲးတောကာ ကိုင်စွဲ ထားသောလက်နက်များကို စွန့်ပစ်လိုက်ကြလေသည်၊ ကောလိ ယမင်းနှင့် စစ်သည်တို့သည်လည်း ထို့နည်းတူပင်ပြုလုပ်ကြသဖြင့် တလှုပ်လှုပ်ထွက်နေသော စစ်ငွေ့စစ်ခိုးတို့သည် ငြိမ်သက်ခြင်းသို့ ရောက်လေတော့၏။

ထိုအခါ ဘုရားရှင်သည် ကောင်းကင်မှ သက်ဆင်းတော်မူခဲ့ပြီး ရောတိနိမြစ်၏ သာယာပျိုပျိုးသော သဲသောင်ပြင်ပေါ်ရှိ အသင့်ခင်းကျင်းထားသော ဘုရားနေရာတော်၌ နှိုင်းယှဉ်ဖွယ်မရှိသော ဘုရားအသရေတော်ဖြင့် တင့်တယ်စွာ သီတင်းသုံးတော်မူခဲ့လေ၏။ ထိုနှစ်ဖက်သော မင်းညီမင်းသားနှင့် စစ်သည်များတို့လည်း ထိုနေရာ၌ အညီအညွတ်စည်းဝေးလာရောက်ကြကာ ဘုရားရှင် အားရှိခိုး၍ နေကြလေသည်၊ ထိုအခါဘုရားရှင်က ကပိလဝတ်နှင့် ဒေဝဒဟ မင်းတို့အား "မင်းအပေါင်းတို့ အဘယ်အကြောင်းကြောင့် ဤနေရာသို့ ရောက်လာကြကုန်သနည်း" ဟု သီတော်မူလျက်နှင့်ပင် စကားစ ရစေခြင်းငှာ မေးမြန်းတော် မူလေသည်။

"မြတ်စွာဘုရား တပည့်တော်တို့သည် ဤနေရာသို့ မြစ်ကို ကြည့်ရှုရန် လာကြခြင်းလည်းမဟုတ်ပါ။ ရေသဘင်ပွဲဆင်နွှဲရန် လာကြခြင်းလည်းမဟုတ်ပါ။ အမှန်စင်စစ်မှာမူ ဤနေရာ၌ စစ်တိုက်ရန် ဦးတည်၍လာကြခြင်းသာ ဖြစ်ပါသည်ဘုရား"

"သင်တို့သည် အဘယ်ကိုအကြောင်းပြု၍ ရန်စစ်ဖြစ်ကြကုန်သနည်း မင်းအပေါင်းတို့"

"ရေကို အကြောင်းပြု၍ ရန်စစ် ဖြစ်ကြပါကုန်သည် မြတ်စွာဘုရား"

"ရေသည် အဘဲယ်မျှ အဖိုးတန်ပါသနည်း မင်းအပေါင်းတို့"

"အဖိုး အနည်းငယ်မျှသာ ထိုက်တန်ပါသည် မြတ်စွာဘုရား"

"မြေကြီးသည် အဘယ်မျှ အဖိုးတန်ပါသနည်း"

"အဖိုးမျှားစွာ ထိုက်တန်ပါသည် ဘုရား"

"ကောင်းလေပြီ မင်းမျိုးသည် အဘယ်မျှ အဖိုးတန်ပါသနည်း"

"အတိုင်းမသိ အဖိုးတန်ပါသည် မြတ်စွာဘုရား"

"မင်းအပေါင်းတို့ အနည်းငယ်မျှသာ အဖိုးတန်သော ရေတည်းဟူသောအကြောင်းကြောင့် အဖိုးအတိုင်းမသိ ထိုက်တန်သော မင်းမျိုးတို့ကို အဘယ်ကြောင့် ဖျက်ဆီး လိုပါသနည်း၊ အမှန်အားဖြင့် ရန်စစ်ဖြစ်ခြင်း၌ သာယာဘွယ်မည်သည် မရှိ" စသည်ဖြင့် စကားပလွင့်ခံပြီးလျှင် ရန်စစ်ဖြစ်ခြင်း၏ အပြစ်များ, မစူးစမ်းမဆင်ခြင် ပြုလုပ်မှုနှင့် အားကြီးအားမဲ့ ပြုလုပ်မှုတို့၏ အပြစ်များ, ညီညွတ်မှု၏ အကျိုးကျေးဇူးများနှင့် မညီမညွတ် ကဲ့ပြားမှု၏ အပြစ်များကို ထင်ရှားစေရန် ပန္နဒဇာတ်ကိုဂင်း, ဒဒ္ဒရဇာတ်ကိုဂင်း, လဋ္ဌကိဇာတ်ကိုဂင်း, ရုက္ခဓမ္မဇာတ်ကိုဂင်း, ဝဋ္ဋက ဇာတ်ကိုဂင်း, ဟာကြားတော်မှလေ၏။ ဆိုသို့ဇာတ်တော် ၅-ဇာတ်ကို ဟောကြားတော်မူပြီးနောက်တွင်အတွဒဏ္ဍသုတ်တော်ကို ဟောကြားတော် မူပြန်လေသည်။

ထိုအခါ ကပိလဝတ်နှင့် ကောလိယမင်းတို့သည် ကြည်လင်ရှင်ပျစ်ဖြင့် "အကယ်၍သာ မြတ်စွာဘုရား ကြွမလာလျှင် ငါတို့အချင်းချင်း သတ်ကြပြီး ဤ ရောဟိနီမြစ်ကို သွေးမြစ်ကြီး အဖြစ်သို့ ပြောင်လဲးပစ်မိကြတော့မည်မလဲ၊ ဆရာရင်းစစ် ဖြစ်တော်မူသော မြင့်စွာဘုရားသည် အကယ်၍သာ အိမ်ယာတည်ထောင် လူတို့ဘော်ဘင်မှာ နေခဲ့ပါမူ ကျွန်းငယ်နှစ်ထောင် အခြံအရံရှိသော ကျွန်းကြီးလေးကျွန်းကို လက်ဝယ်ရောက် ပိုင်စိုးသည်မင်းမျိုးတကာတို့ သနင်း စကြာမင်းကြီး ဖြစ်မည် အမှန်ပါပေ။ စကြာရတနာကြီးကို စီးပြီး ကြီးမား ကျယ်ပြောသော ပရိသတ် အခြံအရံနှင့် လေးကျွန်းစံ စကြာမင်းကြီးအဖြစ် တခမ်းတနား လှည့်လည်သွားလာ နေပေလိမ့်မည်၊ ယခုမူ ဤစည်းစိမ်တွေကို စွန့်ပစ် ပယ်ခွာ၍ သစ္စာသိမြင် ဘုရားရှင် အဖြစ်သို့ ရောက်တော်မူခဲ့သည့်အားလျော်စွာ ဇကစာရီ ဖြည့်ညီကျင့်သည်း တပါးတည်းသာ လှည့်လည်သွားလာ နေပါပေသည်၊ ထို့ကြောင့်ယခုငါတို့သည် ငါတို့ဆရာ ဗုဒ္ဓမြတ်စွာကို မင်းမျိုးအခြံအရံနှင့် စမ္ပယ်သွားလာ နေစေရမူ ကောင်းလေစွ ဟု အသီးသီး ပြောဆို တိုင်ပင်ကြလေ၏။။ ထိုနောက် ကပိလဝတ်နှင့်ကောလိယမင်းတို့သည် နှစ်ဖက်သော နိုင်ငံသားတို့ အတွင်းမှ နှစ်ရာငါးဆယ်စီသော မင်းသားတို့ကို မြတ်စွာဘုရား အား အခြံအရံအဖြစ် ပေးလှူကြလေသည်။ မြတ်စွာဘုရားသည် ထိုမင်းသား ငါးရာတို့ကို ရဟန်းပြုစေပြီးလျှင် ကပိလဝတ် မြို့တော်အနီး မဟာဝုန်တောကြီးသို့ ခေါ်ဆောင်သွားလေ၏။

နောက်တနေ့ နံက်မှစ၍ ဘုရားရှင်သည် ထိုရဟန်းသစ်ငါးရာတို့နှင့်အတူ တခါတရံ ကပိလဝတ်မြို့တော်သို့၎င်း၊ တခါတရံ ကောလိယမြို့တော်သို့၎င်း ဆွမ်းခံ လှည့်လည်တော်မူလေသည်၊ နှစ်မြို့တော်သူ နှစ်မြို့တော်သား တို့သည် ဘုရားအမှူး ရှိသော သံဃာ တော်အား ကြီးစွာသော ပူဇော်သက္ကာရပြုကြကုန်၏၊ သို့သော်မင်းမျိုးဖြစ်ကြကုန်သော ရဟန်းသစ်ငါးရာတို့ကား ဘုရားရှင်အား ကြီးမားသော ကြောက်ရွံ့လေးစားခြင်းကြောင့်သာ ရဟန်းပြုရခြင်းဖြစ်ပြီး သာသနာတော်၌ ယုံကြည်သဒ္ဓါရှိ၍ မိမိအလိုအတိုင်း ရဟန်းပြုလာကြသူများ မဟုတ်ကြသဖြင့် ဘုရားသာသနာတွင် မွေ့လျော်ပျော်ပိုက်ခြင်း မရှိကြချေ။

ပို၍ ဆိုးသည်ကား ကပိလဝတ်နှင့် ကောလိယမြို့ရှိ ထိုရဟန်းသစ်တို့၏ ဇနီးဟောင်း မင်းသမီးတို့ထံမှ ကြာရှည်စွာ မဒုနှိုင်ကြမည့်အတူတူ အမြန်ထွက်၍လာကြရန် အတင်းစကားပို့စေလွှတ်ကြခြင်းပင်ဖြစ်ရာ အလိုလိုကပင် ထွက်ချင်နေကြသော ရဟန်းသစ်တို့အဖို့ ပို၍ ပျင်းရိငြီးငွေ့မှု တိုးပွားဖွယ်ရာသာ ဖြစ်နေတော့၏။

ဝေသာလီမှ ဟိမဝန္တာသို့

ထိုအကြောင်းကို သိတော်မူသော မြတ်စွာဘုရားရှင်သည် “ဤရဟန်းတို့သည် ငါကဲ့သို့ မြတ်စွာဘုရားနှင့်အတူ နေကြပါကုန်လျက် သာသနာတော်၌ ငြိုးငွေ့နေကြပါမူ အသို့လျှင် သင့်ဖြစ်အံ့နည်း၊ ငါ(ဘုရား)သည် ဤရဟန်းတို့ကို ဟိမဝန္တာအရပ်သို့ ခေါ်ဆောင်၍ ကုဏာလ တရား ဒေသနာဖြင့် ထိုရဟန်းတို့အား မာတုဂါမတို့၏ အပြစ်ကိုပြ၍ မမွေ့လျော်မှုကို ပယ်ဖျောက်ပြီးလျှင် တရားအထူးကို ရစေရပေတော့မည်” ဟု စဉ်းစားတော် မူပိလေ၏။

ထိုသို့ စဉ်းစား ကြံစည်တော်မူပြီးနောက် ဒုတိယနေ့ တွင်ပင် ထိုရဟန်းသစ်တို့ကို စုဝေးစေတော်မူပြီးလျှင် ဟိမဝန္တာရှိ မဟာ ကုဏာလအိုင်၏ သာယာတင့်တယ်ပုံကို ဟောပြ၍ ရဟန်းသစ်တို့အား ရှုမြင်လိုသောစိတ် ထက်သန်စေပြီးသော် ဘုရားရှင်၏ တန်ခိုးတော်ဖြင့် ရဟန်းသစ်အားလုံးကို ဟိမဝန္တာ မဟာ ကုဏာလ အိုင်အရောက် ခေါ်ဆောင်လျက် မဟာကုဏာလ ဇာတ်တော်ကို ဟောတော်မူလေ၏၊ (ဤဇာတ်တော်ကို အသီတိနိပါတ်၌ ကြည့်ရှုနိုင်ပေသည်)၊ ဇာတ်တော်အဆုံးတွင် တရားထူး ရကြကုန်၍ အလာတင့် ဘုရားရှင်၏ တန်ခိုးတော်ဖြင့် လာကြကုန်သော်လည်း အပြန်ခရီးတွင် မိမိတို့၏ တန်ခိုးဖြင့် ပြန်ကြလာနိုင်ကြလေသည်။

များမကြာမီပင် ကပိုလာဝတ်နှင့် ကောလိယ မြို့တော်တို့ဘုင် ရှိကြသော ဇနီးဟောင်း မင်းသမီး တို့ထံသို့ ရဟန္တာဖြစ်၍ သာသနာတော်၌ မွေ့လျော်နေကြပြီ ဟူသော သတင်းစကားသာ ရောကလာပေတော့ရာ မင်းသမီးအားလုံးပင် မြော်လင့်ချက် ကင်းဝေး၍ ပူဆွေးလွမ်းတချိသာ နေကြရလေတော့၏။

ဘိက္ခုနီသာသနာ ခွင့်ပြုရာ

ဘုရားရှင်သည် ငါးဝါမြောက်ဝါကို ဝေသာလီပြည် မဟာဝုန်တောရှိ ကူဋာဂါရသာလာမည်သော ကျောင်း၌ သီတင်းသုံး ဝါဆိုတော်မူလေ၏၊ ထိုငါးဝါမြောက်အချိန် အခါတုင်ပင် ဘုရားရှင်၏ခမည်းတော် သုဒ္ဓါဒန မင်းကြီးသည် အရဟဲတ္တဖိုလ်သို့ရောက်၍ ထီးဖြူအောက်မှာပင် ပရိဗ္ဗာန် စံခဲ့လေသည်၊ သုဒ္ဓါဒနမင်းကြီး၏ မိဖုရားခေါင်ကြီး ဖြစ်သော မဟာပဇာတိဂေါတမီ (ဘုရားရှင်၏ မိထွေးတော်) သည်နှင့်ကပင် သာသနာတော်သို့ဝင်၍ ရဟန်းပြုရန် စိတ်သန်သန်နေခဲ့ရာ သုဒ္ဓါဒနမင်းကြီး ကွယ်လွန်ခဲ့ပြီးသည့်နောက်၌ကား ပို၍ပင် လူဝတ်ကြောင်ဘဝကို စက်ဆုပ်၍ နေခဲ့လေသည်။

ထိုစဉ်တုင် ယခင်ဖော်ပြခဲ့ပြီးသော ကပိုလဝတ် ကောလိယမှ (ရဟန္တာ ဖြစ်သွားကြသော မင်းသား ငါးရာတို့၏

ဇနီးဟောင်း) မင်းသမီးငါးရံတို့သည် မဟာပဇာပတိဂေါတမီ ထံသို့ ဝိုင်းဝန်း လာရောက် ကြပြီးကာ မဟာပဇာပတိ့ ဂေါတမီပင် ရှေ့ဆွားခေါင်းဆောင်ပြု၍ ဘာသနာတော်သို့ ဝင်ရောက်ရန် ပူဆာ တောင်းဆိုလာကြလေ၏။

ဆိုအခါ အလိုလိုကပင် စိတ်အား ထက်သန်နေသော မဟာပဇာပတိဂေါတမီသည် လူ့ဘောင်ကို ခွာရှောင်ရန် ဆုံး ဖြတ်ချက် ချလိုက်ပြီးလျှင် ဝိုင်းဝန်းတောင်းဆို လာကြသော မင်းသမီးဘို့အား "ကဲ ...ရှင်မတို့ ငါတို့သည် သားတော်ဘုရား ထံသွား၍ ရဟန်းမ ပြုလုပ်ရန် ခွင့်တောင်းကြစို့၊ သို့သော် ငါတို့သည် ဤ လူဝတ်လူစားဖြင့် သားတော် ဘုရားထံသွား၍ မသင့်လျော်ပေ၊ ငါတို့သည် (ကိုယ်တိုင်) ဆံပင်ကိုဖြတ်၍ ဖန် ရည်ဆိုး အဝတ်ကို ဝတ်ဆင်ကာ ပဲရိုဗိုင် (ရဟန်း) အသွင် ဖြင့် သွားကြကုန်စို့" ဟု ပြောဆိုတိုင်ပင်ပြီးနောက် ဆံပင်များ ဆို အသီးသီး ရိတ်ဖြတ်ကြပြီးလျှင် ဖန်ရည်ဆိုး အဝတ်များကို ဝတ်ဆင်ကာ မြင်စဉ်ဘုရားရှိရာ (ဝေသာလီပြည်) သို့ သွား ရောက်ကြရန် စီစဉ်ကြလေ၏။

မဟာပဇာပတိ ဂေါတမီကြီးမှူးသော သာကီဝင် မင်း သမီး တစု ကပိလဝတ်နေပြည်တော်မှ ဝေသာလီသို့ ထွက်ခွာ ကြမည်ဖြစ်တွင် ကပိလဝတ်နှင့် ကောလိယရှိ မင်းအဆက်တို့ သည် ဆံပင်တို့ကို ရိတ်ပယ်ကာ ထေရီမယ်အသွင် ဖြစ်နေကြသူ ဘို့အား တားဆီးလည်း ရတော့မည် မဟုတ်ဟု သိရှိကြသဖြင့်

နှုးညံ့သိမ်မွေ့သော နှန်းတွင်းသူ သားများဖြစ်၍ ခြေကျင်သွား မသင့်လျော်ဟု တိုင်ပင်ကြပြီးလျှင် ရွှေထမ်းစင် ငါးရာတို့ကို အသင့်စီမံ ပေးကြယေ၏။ သို့သော်လည်း ဂဂါတမိန္ဒင့် သာကီဝင် မင်းသမီးအားလုံးကပင် "ယာဉ်တို့ကိုစီး၍ သွားကြမည်ဆိုလျှင် ဘုရားရှင်အား မလေးစား မရိုသေရာ ရောက်တော့မည်" ဟု ဆိုကာ ကပိလဝတ်နှင့် ဝေသာလီအကြား ၅၁-ယူဇနာ ခရီးကို ခြေကျင်သွားကြလေ၏။

ယာဉ်အမျိုးမျိုးနှင့် သွားရန် တိုက်တွန်း၍ မရကြသဖြင့် သာကီဝင် မင်းတို့သည် ယာဉ်ထမ်းစင်တို့ဖြင့် ပို့ရန်ကိစ္စကိုလက်လျော့လိုက်ကြပြီးလျှင် အစောင့်အရှောက် လုံလုံလောက်လောက်နှင့် မင်းသမီးတို့အတွက် ရိက္ခာအလို့ငှာ ရှေ့မှကြို၍ တမျိုး နောက်မှလိုက်၍တဖုံ ဆန့်၊ ဆီ စသည်တို့ကို အမှုလုပ်ယောကျ်ားတို့အား လှည်းတို့ဖြင့် တင်ဆောင်စေလွှတ်လျက် စခန်းချရာ ချရာတို့၌ စားသောက်ဖွယ်ရာနှင့် အိပ်ရာနေရာတို့ကို အဆင့် ဖြစ်စေကြကုန်၏။

စိတ်ခဘတ် ဇဲ့သန်သန်ဖြင့် ဘုရားထံသို့ ခြေကျင်ခရီးဖြင့် ပင်ပန်းကြီးစွာသွားနေကြကုန်သော သာကီဝင် မင်းသမီးတို့၏ ကိုယ်ပေါ်တွင် ချွေးနှင့်မြူမှုန်တို့သည် အလိမ်းလိမ်းကပ်ငြိကြကုန်၏။ နှုနယ်သော ခြေတို့သည် မလှမ်းချင်အောင် နာကျင်ကြကုန်၏။ ဖုံးရောင်ပေါက်ကဲ့ သွေးသံရဲရဲ ကျဆင်းကြကုန်၏။ သို့သော် သူတို့သည် စားချိန်အိပ်ချိန်မှတပါး နား၍မနေကြပေ။

တနေ့နောက်ကျလျှင် ဘိက္ခုနိဖြစ်ရန် တနေ့ ဆုံးရှုံးခြင်းပင်
ဟု ယူဆကာ ပြင်းပြသော စိတ်ဇဝဖြင့် အားခဲ၍သွားကြလေ၏။

ရက်ပေါင်းများစွာ သွားကြ၍ ဝေသာလီသို့ရောက်ကြ
သော အခါ၌လည်း ဂေါတမီနှင့်သာကီဝင် မင်းသမီးအပေါင်း
တို့သည် ဆင်းရဲပင်ပန်း နွမ်းနယ်နေမှုကို ပဓာန မထားဘဲ
ဘုရားရှင် သီတင်းသုံးရာ သိမဟာဝုန်တောရှိ ကူဋာဂါရသာလာ
မည်သော ကျောင်းတော်အဝသို့ သွားရောက်စုံးကြလေသည်။
သို့သော် ၎င်းတို့သည် ယခင်က မိန်းမများ သာသနာဝင်ခွင့်ကို
ဘုရားကိုယ်တိုင် ပယ်မြစ်ခဲ့ဘူးသည်ကို တွေး၍ စိတ်အား
ငယ်ကာ ကျောင်းတော်တွင်းသို့ မဝင်ဝံ့ကြချေ။ ထို့ပြင် "ငါ
တို့သည် မြတ်စွာဘုရား ခွင့်မပြုသေးဘဲ ကိုယ်တိုင်ပင် ပရိဗိုဇ်
ရဟန်းမ အသွင်ကို ဝတ်ဆင်လာခဲ့ကြသည်၊ ဤကဲ့သို့ ရဟန်း
ဝတ်, ဝတ်၍သွားကြသည်ကိုလည်း အားလုံးကပင် သိရှိ၍
ထင်ရှား ကျော်ကြားခဲ့ပေပြီ၊ အာဇယ်၍ မြတ်စွာဘုရားက
ရဟန်းဘောင် ဝင်ရောက်ရေးကို လွယ်လွယ်ကူကူဖြင့် ခွင့်ပြုခဲ့ပါ
မူ ဆိုဖွယ်မရှိ၊ ခွင့်မပြုခဲ့ပါမူကား လွန်လွန်မင်းမင်း ကဲ့ရဲ့ရွဲတ်
ချမှုကို ခံရပေတော့မည်" ဟု တွေးတော ပြောဆိုကြပြီးလျှင်
ကျောင်းတော် တံခါးမုခ်တွင် မျက်ရည်ဖြိုင်ဖြိုင်ကျကာ ငိုယိုနေ
ကြလေသည်။

ထိုအခါ အရှင်အာနန္ဒာသည် အကြောင်းကိုကြားသိ၍
ကျောင်းတံခါးမုခ်ဝသို့ ကြွလာပြီး မဟာပဇာပတိ ဂေါတမီ

ဒ္ဂၤဳင့္ တ္ဂဲဆုံဒ္ဂုတ်ထက်မေးမြန်း၍ ဒ္ဂၤဳင်လန်းစေလေ၏။ မဟာပဇာ ပတိ ဂေါတမီက အာဂၤဳင်အာနန္ဒာအား ရှိခိုး၍ "အာဂၤဳင်အာနန္ဒာ မြတ်စွာဘုရား သာသနာသော်တင်း၌ မာတုဂၤါမ၏ လူ့ဘောင် မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြုခြင်းကို မြတ်စွာဘုရား ခွင့်ပြုခြင်းကြောင့် ဤနေရာ၌ ရပ်နေပါသည်" စသည်ဖြင့် လျှောက်ထားကာ အာဂၤဳင် အာနန္ဒာအား အကူအညီတောင်း လေသည်။

အာဂၤဳင်အာနန္ဒာသည် မိထွေးတော် မဟာပဇာပတိဂေါ တမီ၏ အဖြစ်ကိုမြင်၍ မျှားစွာသနားတော်မူကာ "မိထွေး တော် သို့ဖြစ်လျှင် ခေတ္တမျှ ဤနေရာတွင် ငံ့လင့်ဦးလော့၊ မြတ်စွာဘုရားထံ သွားပြီးလျှင် မာတုဂၤါမျှား၏ ရဟန်းပြုခွင့်ကို တောင်းပန်လျှောက်ထား ချေဦးမည်" ဟု နှစ်သိမ့်စေပြီးလျှင် ဘုရားရှင်ရှိရာသို့ ကြွသွားလေသည်။

ဘုရားရှင် ရှေ့တော်သို့ ရောက်သောအခါအာဂၤဳင်အာနန္ဒာ သည် ဘုရားရှင်အား ရိုသေစွာ ရှိခိုး၍ မိထွေးတော် မဟာ မဟာပဇာပတိ ဂေါတမီရောက်လာခြင်းကို လျှောက်ထားပြီး လျှင် "မြတ်စွာဘုရား ဤမိထွေးတော်ဂေါတမီသည် 'မြတ်စွာ ဘုရား သာသနာတော်တင်း၌ မာတုဂၤါမ၏ လူ့ဘောင်မှရဟန်း ဘောင်သို့ ဝင်ရောက် ရဟန်းပြုခြင်းကို မြတ်စွာဘုရား ခွင့်ပြု တော်မူ' ဟုတွေးတောကာ ဖူးရောင်ပေါက်ကွဲသောခြေ ညစ် နွမ်းပေရေနေသော ကိုယ်ဖြင့် ဦးကြွေးအားငယ်ကာ တံခါးမုခ်

ပြင်ပဋ္ဌ ရပ်ဘည်စောင့်စား နေပါသည်။ တောင်းပန်းပါသည် မြတ်စွာဘုရား မြတ်စွာဘုရား သာသနာတွင်းဋ္ဌ မာဘုဂါမ၏ ရဟန်းပြုခြင်းကို ခွင့်ပြုကော် မူစေချင်ပါသည်" ဟု လျှောက်ထားလေသည်။

ဘုရားရှင်က ခွင့်ပြုတော် မမူမဲ့၊ သာသနာတော်ဋ္ဌ မာတုဂါမ၏ ရဟန်းအဖြစ်ကို သင်မနှစ်သက်နှင့်ဟု ပယ်ရှားတော် မူလေသည်၊ အရှင်အာနန္ဒာက သုံးကြိမ်တိုင်အောင်. လျှောက်ထား ခွင့်တောင်းလေသည်၊ မြတ်စွာဘုရားကလည်း သုံးကြိမ် လုံးမှာပင်ပယ်ရှားတော်မူသည်သာ။

နောက်ဆုံးတွင်အရှင်အာနန္ဒာသည်မြတ်စွာဘုရားသာသနာဋ္ဌ မာတုဂါမ၏ ရဟန်းအဖြစ်ကို မြတ်စွာဘုရားက ခွင့်ပြုတော် မမူပေ၊ ငါသည် အခြားအကြောင်းဖြင့် မာတုဂါမ၏ ရဟန်းပြုခြင်းကို ဘောင်းပန်ဦးမည်ဟု စိတ်ကူးပြီးလျှင် "မြတ်စွာဘုရား မာတုဂါမသည် ရဟန်းဘောင်သို့ဝင်၍ သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်နှင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ထိုက်တန်ပါသလား ဘုရား" ဟု လျှောက်ထားလေသည်။

"အာနန္ဒာ မာတုဂါမသည် ရဟန်းဘောင်သို့ ဝင်၍ သောတာပတ္တိဖိုလ်,သကဒါဂါမိဖိုလ်,အနာဂါမိဖိုလ်နှင့်အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ထိုက်တန်၏"ဟု မြတ်စွာဘုရားက မိန့်တော်မူ၏။

ထိုအခါအရှင်အာနန္ဒာက "မြတ်စွာဘုရား မာတုဂါမသည် ရဟန်းဘောင်သို့ဝင်၍ သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်နှင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ထိုက်တန်ပါမူ မိထွေးတော် ဧကါတမိသည် အလွန်တရာကျေးဇူးများလှပါသည်။ မြတ်စွာဘုရား၏ မိထွေးတော်ရင်း ဖြစ်သည့်ပြင် မြတ်စွာဘုရားဖွားတော်မူစမယ်တော်မဟာမာယာကနတ်ရွာစံပြီးနောက် မိထွေးတော်သည် သားရင်းနှမငယ်သားကို နို့ထိန်းလက်အပ်၍ အရှင်ဘုရားအား ခြေဖြင့်သွားနိုင်သည့်အထိ နို့တိုက်၍ မွေးမြူခဲ့ပါသည်။ ထိုကြောင့် မိထွေးတော်ကို ချီးမြှောက်သောအားဖြင့် သာသနာတော်၌ ရဟန်းအဖြစ်ခွင့်ပြုတော်မူစေချင်ပါသည်"ဟု ထပ်မံ လျှောက်ထားပြန်လေသည်။

ထိုအခါတွင်မှ ဘုရားရှင်သည် မဟာပဇာပတိ ဧကါတမိန့်နှင့် သာကီဝင် မင်းသမီး ၅၀၀၊ ထိုမှတပါး မိန်းမအားလုံးတို့အတွက် ဘိက္ခုနီသာသနာတော်ကြီး ဖြစ်ပေါ်လာရန် ခွင့်ပြုချက်ကို ထုတ်ပြန်တော်မူလေသည်။ ဘုရားရှင် ဤသို့ခွင့်ပြုတော်မူခြင်းသည် အရှင်အာနန္ဒာ အကြိမ်ကြိမ်ခွင့်တောင်း၍ မလွဲသာလွဲသာခွင့်ပြုရခြင်းမဟုတ်ဧပ။ ခွင့်ပြုရမည်ကိုလည်း ကြိုတင်သိမြင်တော်မူပြီးပင်ဖြစ်သည်။ သို့သော် လွယ်လွယ်ကူကူဖြင့် ခွင့်ပြုလျှင် လေးလေးစားစား ရှိသင့်သလောက် ရှိမည်မဟုတ်။ ခက်ခက်ခဲခဲရသော ပစ္စည်းကိုမှ တန်ဖိုးထားတတ်သော မိန်းမတို့သဘာဝကို သိဓာတ်မှသည့်အတိုင်း ခဲယဉ်းစွာ ခွင့်တောင်းမှ အခွင့်ပြုတော်မူခြင်းပင် ဖြစ်ဧလသည်။

ဂရုဓံတရားခွစ်ပါး

ထိုသို့ခွင့်ပြုရာ၌ မိထွေးတော် ဂေါတမီအား ဂရုဓံတရား ရှစ်ပါးကို ခံယူစေလေသည်။ "အာနန္ဒာ မဟာပဇာပတိဂေါတမီသည် ဂရုဓ*ရှစ်ပါးကို အကယ်၍ ဝန်ခံသည်ဖြစ်အံ့။ ထိုဝန်ခံခြင်းသည်ပင် ထိုဂေါတမီအတွက် ပဉ္စင်းခံမှုဖြစ်စေလော့" ဟု မိန့်တော်မူကာ အောက်ပါ ဂရုဓတရားရှစ်ပါးကို မိန့်တော်မူပေ၏။

(၁) ဘိက္ခုနီမသည် ပဉ္စင်းဖြစ်၍ ဓါတရာရှိသော်လည်း ထိုနေ့ပဉ္စင်းဖြစ်သော ရဟန်းအား ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်း, ရိုသေခြင်းအမှုကိုပြုရမည်။ ဤတရားကိုလည်းရိုသေ၍, လေးစား၍, မြတ်နိုး၍, ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

(၂) ဘိက္ခုနီမသည် ရဟန်းယောကျ်ားမရှိသော ကျောင်း၌ ဝါမဆိုအပ်၊ ဤတရားကိုလည်း ရိုသေ၍, လေးစား၍, မြတ်နိုး၍, ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

(၃) ဘိက္ခုနီမသည် လခွဲတိုင်း (လထက်ဝက်တဆယ့်ငါးရက်တိုင်း) ဘိက္ခုသံဃာထံမှ ဥပုသ်ကိုမေးခြင်း, အဆုံး

---

* ဂရု = လေးလေးစားစား လိုက်နာရမည်။ ဓံမှ = တရား

အမခံရန် ချဉ်းကပ်ခြင်းဟူသော ဤတရားနှစ်ပါး တို့ကို လိုလားတောင့်တရမည်။ ဤတရားကိုလည်း ရိုသေချို့ လေ စားချ, မြတ်နိုးချ, ပူဇော်ချ အသက်ထက်ဆုံး မလွန်ကျူးအပ်။

(၄) ဘိုးနိမသည် ဝါကျတ်လတ်သော် နှစ်ဖက်သံဃာ၌ မြင်ခြင်း, ကြားခြင်း, ယုံမှားခြင်း ဟူသော အကြောင်းသုံးမျိုးတို့ဖြင့် ဖိတ်ကြားရမည်။ (၁၀ ရောဟ ပြုရမည်) ဤတရားကိုလည်းရှိသေ၍, လေးစားချ, မြတ်နိုးချ, ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

(၅) ဘိုးနိမသည် သံဃာဒိသ်အာပတ် သို့ရောက်လတ်သော် နှစ်ဖက်သံဃာ၌ ပက္ခမာနတ်ကိုကျင့်ရမည်။ ဤတရားကိုလည်း ရှိသေ၍, လေးစား၍, မြတ်နိုးချ, ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

(၆) နှစ်နှစ်တို့ပတ်လုံ တရားခြောက်ပါးတို့၌အကျင့်ကို ကျင့်ပြီးသော သိက္ခမာန်အား နှစ်ဖက်သော သံဃာ၌ ပဋိုင်းခံခြင်းကိုရှာရမည်။ဤတရားကိုလည်း ရှိသေ၍, လေးစား၍, မြတ်နိုးချ, ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

(၇) ဘိုးနိမသည်ရဟန်းယောကျားတို့ကိုတစုံတခု သော အကြောင်းဖြင့် မဆဲရေးအပ်၊ မရေရွတ်အပ်၊ ဤ

တရားကိုလည်း ရိုသေ၍, လေးစား၍, မြတ်နိုး၍, ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးဒေ။

(၈) ရဟန်းဖြစ်သည့်နေ့မှစ၍ ရဟန်းယောကျ်ားတို့ အပေါ်၌ ဘိက္ခုနိမတို့၏ ပြောဆိုခွင့်ကို ပိတ်ပင်အပ်၏။ ဘိက္ခုနိမတို့အပေါ်၌ ရဟန်းယောကျ်ားတို့၏ ပြောဆိုခွင့်ကိုမပိတ်ပင်အပ်၊ ဤတရားကိုလည်း ရိုသေ၍, လေးစား၍, မြတ်နိုး၍, ပူဇော်၍ အသက်ထက်ဆုံးမလွန်ကျူးအပ်။

"ဤတရား ၈-ပါးကို ဝန်ခံလိုက်နာခြင်းသည်ပင် မဟာပဇာပတိဂေါဘမီအတွက် ပဋိဉာဉ်မှုဖြစ်စေလော့" ဟု မိန့်တော်မူလေရာ အရှင်အာနန္ဒာသည် ဝမ်းမြောက်ဝမ်းသာပင် မဟာပဇာပတိ ဂေါတမီထံသို့ ပြန်ကြားမိန့်ဆိုလေသည်။

ထိုအခါ မဟာပဇာပတိဂေါတမီသည် အလွန်အလွန် ဝမ်းမြောက်ခြင်းဖြင့် "အရှင်ဘုရား အာနန္ဒာ ငယ်ရွယ် နုမျိုလျက် တန်ဆာဆင်လိုစိတ်ရှိသောမိန်းမပျိုကလေးသည် ခေါင်းလျှော်၍ ဆံပင်တို့ကို ဖီးလိမ်းပြီးနောက် ကြာပန်းစသော ပန်းပွင့် လှလှကလေးများကို လက်နှစ်ဖက်ဖြင့် နှစ်သက် ယုယစွာ မှ,ခြို၍ ဦးခေါင်းတွင် ပန်ဆင်သကဲ့သို့ တပည့်တော်မသည်လည်း ဤဂရုဓံတရား၌စ်ပါးကို လေးလေးစားစား ခံယူကျင့်သုံးပါမည်။ အသက်ထက်ဆုံး မလွန်ကျူးပါ" ဟု ဝန်ခံ လျှောက်ထားလိုက်လေသည်။

ဤသို့ မဟာပဇာပတိ ဂေါတမီက ဂရုဓံကိုဝန်ခံ လျှောက်ထားလျှင် အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ သွားပြီးလျှင် မိထွေးတော်သည် ဂရုဓံရှစ်ပါးကို ဝန်ခံသဖြင့် ရဟန်းအဖြစ်သို့ရောက်ပါပြီဟု လျှောက်ထားခဲ့လေသည်။

ထိုနောက်မှ မိထွေးတော် မဟာပဇာပတိဂေါတမီသည် မြတ်စွာဘုရားထံသို့ လာရောက်ဖူးမြော်ပြီးလျှင် "နောက်ပါသာကိုဝင် မင်းသမီးတို့နှင့်စပ်လျဉ်း၍ မည်သို့ပြုလုပ်ရမည်ကို လျှောက်ထားလေသည်၊ ထိုအခါ မြတ်စွာဘုရားက ထိုအမျိုးသမီးတို့ကို ဘိုးကွဲသံဃာက ဥတ်စတုတ္ထ ကမ္မဝါစာဖြင့် ရဟန်းခံပေးရန် ခွင့်ပြုတော်မူသဖြင့် သာကိုဝင်မင်း သမီးဂေါရလုံးပင် ရဟန်းအဖြစ်ရကြလေ၏။

ထို့ကြောင့် ဘိုးကွဲနှိ စတင်ချိန်က မိထွေးတော် ပဟာပဇာပတိဂေါတမီတပါးတည်းသာ ဂရုမ္ဓံရှစ်ပါးကို ဝန်ခံစေခြင်းဖြင့် ရဟန်းဖြစ်ကာ သာကိုဝင်မင်းသမီးဂေါရာကား ဘိုးကွဲသံဃာက ယခုခေတ်ရဟန်းခံသကဲ့သို့ ဥတ်စတုတ္ထကမ္မဝါစာဖြင့် ရဟန်းခံပေးရသည်ကို မှတ်သားထားရာ၏၊ ထို့နောက်မှ သာသနာ့ဘောင်သို့ ဝင်ရောက်သာကြသော ဘိုးကွဲနှိတို့သည် အဌဝါစိကုပသမ္ပဒါဟူသော ဘိုးကွဲနှိသံဃာတွင် ဥတ်စတုတ္ထ ကမ္မဝါစာဖြင့် ပဋမဘာကြိမ်ရဟန်းခံ၍ ဘိုးကွဲသံဃာတွင် ဥတ်စတုတ္ထကမ္မဝါစာဖြင့် ဒုတိယတကြိမ်နှင့် ဥတ်စတုတ္ထ ၂-ကြိမ်ဖြစ်၍ ကမ္မဝါစာရှစ်ကြိမ် ပတ်ရသည့်နည်းဖြင့် ရဟန်းအဖြစ် ခံယူကြရလေသည်။

ထိုမှဘပါး အဖုံကာသီဘိကွဲ့နိန္ဒ့ပတ်သက်၍ ဒူတေနုပသမ္မဒါဟူသော ရဟန်းခံမှုတမျိုးကို အကြောင်းအားလျော်စွာ ဘုရားရှင်ခွင့်ပြုတော် မူရသေး၏၊ ၎င်းဒူတေနုပသမ္မဒါ ခွင့်ပြုရခြင်း အကြောင်းကား ဤသို့တည်း။

အဖုံကာသီဟူသောအမျိုးသမီးကား ကာသိတိုင်းမှ သူဌေးသမီးတဦးဖြစ်သည်၊ သို့သော် အကုသိုလ်ကံကြောင့်အရွယ်ရောက်လျှင်ပင် ပြည့်တန်ဆာမဖြစ်ရလေ၏၊ နောင်တရားရ၍ ဘိကွဲ့နိမများထံ၌ ပဌမတြိမ်ရဟန်းခံပြီး ဘိကွဲ့သံဃာထံ၌ ရဟန်းခံရန် ဘုရားရှင်ရှိရာသာဝတ္ထိမြို့သို့သွားရန် စီစဉ်လေ၏၊ ထိုအကြောင်းကို သေသောက်ကြူး (ကာလသား)တို့သိ၍ "အဖုံကာသီသည် သင်္ကန်းဝတ်၍ သာဝတ္ထိသို့သွားတော့မည်၊ ငါတို့သည် အဖုံကာသီ လူ့ဘဝက ချဉ်းကပ်နိုင်ကြသူများမဟုတ်၊ သို့ဖြစ်၍ ယခု အဖုံကာသီ သာဝတ္ထိသို့အသွားတွင် လမ်းမှမြစ်ယူမှ လျော်ကြပါကုန်စို့" ဟု တိုင်ပင်ထားကြလေ၏၊ ဤသို့သေသောက် ကြူးတို့ တိုင်ပင်ကြသည်ကို ဘိကွဲ့နိမတို့ သိကြလေ၍ အဖုံကာသီသာဝတ္ထိသို့ မသွားဝံ့တော့ချေ၊ ထိုအကြောင်းကို ဘုရားရှင်ထံသို့ စေတမန်လွှတ်၍ အကြောင်းကြား လျှောက်ထားလေရာ ဘုရားရှင်က "အနုဇာနာမိ ဘိက္ခဝေ ဒူတေနုပသမ္ပဒန္တိ" ဒူတေနုပသမ္မဒါကို ခွင့်ပြုတော်မူ၏" ဟု အခြားဘိကွဲ့နိမတဦးကိုတမန်လွှတ်၍ပဉ္စင်းခံခွင့်ပြုတော်မူလေသည်၊ သို့သော် ဤဒူတေနုပသမ္မဒါကား အဖုံကာသီတဦးတည်း အတွက်သာဖြစ်၏။

ဘိုကွန်နိဆိုင်ရာ ဥပသမ္ပဒါလေးပါး

ထို့ကြောင့် ဘိက္ခုနီမတို့၏ ပဉ္စင်းခံမှုတို့သည်-

(၁) ဂရုဓမ္မ ပဋိဂ္ဂဟဏုပသမ္ပဒါဟူသော ဂရုဓ တရားရှစ်ပါးကို ခံယူခြင်းဖြင့် ပဉ္စင်းခံခြင်း၊ (၎င်းကား မိထွေးတော် မဟာပဇာပတိဂေါတမီ တဦးတည်း၏ ပဉ္စင်းခံခြင်းဖြစ်၏။)

(၂) ဥဘတော်စတုတ္ထကမ္မုပသမ္ပဒါဟူသော ဥဘတော်လျှင် လေးကြိမ်မြောက် ကမ္မဝါစာဖြင့် (ဘိက္ခု သံဃာ၌သာ) ပဉ္စင်းခံခြင်း (၎င်းကားမိထွေးတော်ဂေါတမီ၏ နောက်ပါ သာကီဝင်မင်းသမီးငါးရာတို့၏ ပဉ္စင်းခံခြင်း ဖြစ်၏။)

(၃) ဥဘတော်ဥပသမ္ပဒါဟူသော ဘိက္ခုနီသံဃာ၌ ဥဘတော်စတုတ္ထကမ္မဝါစာဖြင့် တကြိမ်၊ ဘိက္ခုသံဃာ၌ ဥဘတော်စတုတ္ထကမ္မဝါစာဖြင့်တကြိမ် ဥဘတော်စတုတ္ထ ၂ ကြိမ်ရဟန်း ခံခြင်း၊ (၎င်းကား ဓဂေါတမီ၊ သာကီဝင်မင်းသမီးငါးရာနှင့် အခြားသီတို့မှတပါး တသာသနာလုံးရှိ ဘိက္ခုနီတို့၏ ပဉ္စင်းခံခြင်းဖြစ်၏။)

ရဟန်းယောကျ်ားတို့ကဲ့သို့ ဟိဘိက္ခုပသမ္ပဒါဟူသော ဟိဘိက္ခုခေါ်၍ ရဟန်းဖြစ်စေခြင်း, သရဏဂမနုပသမ္ပဒါဟူသော သရဏဂုံသုံးပါးကို ခံယူဆောက်တည်၍ ရဟန်းဖြစ်စေခြင်း, ဩဝါဒ ပဋိဂ္ဂဟဏုပသမ္ပဒါဟူသော ဩဝါဒကိုခံယူ၍ ရဟန်းဖြစ်စေခြင်း, ပဉ္စာဗျာကရဏူပသမ္ပဒါဟူသော ပြဿနာကို ဖြေဆိုစေ၍ ရဟန်းဖြစ်စေခြင်းမျိုးကို ဘိက္ခုနီတို့၌ မရအပ်ဟု မှတ်သားသင့်ပေသည်။

မိထွေးတော် မဟာပဇာပတိဂေါတမီသည် ဘိက္ခုနီဖြစ်ပြီးမကြာမြင့်မီမှာပင် ပါမိအား လျော်စွာရဟန္တာဝမဖြစ်၍ သာကီဝင်မင်းသမီးငါးရာတို့သည်လည်း နန္ဒ ကောဝါဒသုတ် အဆုံး၌ ရဟန္တာဝမ အဖြစ်သို့ ရောက်ကုန်၏၊ ဤသို့ ဘိက္ခုနီ သာသနာကောင်းစွာတည်သည်ရှိသော်ထိုထို့ရာနိဂုံးမင်းနေပြည်တော်တို့မှ အမျိုး ကောင်းသမီး တို့ သည်လည်း ဘုရားသာသနာ၌ကြည်ညို သက်ဝင်ကြသည်နှင့် မိမိတို့၏ မိဘ လင် သား စသည်တို့ကို ခွင့်တော်း၍ သာသနာတော်သို့ ဝင်ရောက်ကြကုန်၏။

ထိုဘိက္ခုနီမတို့တွင် ကျော်ကြားသော ဘိက္ခုနီမများ အမြောက်အမြားရှိကြ၏၊ နိုင်ငံပိုင်ရှင်ဘုရင်မင်း၏မိဖုရားကြီးများ, သူဌေးကတော်ကြီးများ, အလုပ်ကိုင်မင်းသမီး သူဌေးသမီးများမှစ၍ အနည်းနည်းအဖုံဖုံထင်ရှားကျော်ကြားကုန်သောအမျိုးသမီးများ အများအပြား ဝင်ရောက်လာကြသည်၊ ထို့ကြောင့်လည်း

ဘုရားရှင်၏ ဘိက္ခုနီသာသနာကြီးသည်မျက်နှာမငယ် ထယ်ထယ် ဝါဝါတောက်ပလင်းထိန်နေခဲ့ပေသည်၊ထိုဘိက္ခုနီတို့ဘွင် အချို့ကိုဖော်ပြလိုပေသည်။

ခေမာထေရီ

လက်ျာတော် နေရာရ ပညာဒဂ် ဂုဏ်ထူးရှင် ခေမာထေရီကား ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီး၏ တောင်ညာစံ ဒေဝီမဟေသီအဖြစ်မှ သာသနာတော်သို့ ဝင်ရောက်လာသော အမျိုးသမီးကြီးပင် ဖြစ်၏၊ ခေမာမယ်သည် အိန္ဒိယ နိုင်ငံ၌ မိန်းမချော မိန်းမလှများ ပေါက်ဖွားရာ မဒ္ဒရာဇ်တိုင်း သာဂလမြို့တော်သူ မင်းသမီးတပါးပင် ဖြစ်၏၊ ရှေရုပ်အဆင်း ရှေလို ဝင်းနေသော အသားအရေရှိသူတဦးဖြစ်ပြီး သူ၏အလှကို ကျမ်းဆရာတို့ အထူးတလည် ချီးကျူးရေးသားထားလေသည်။

အရှယ်ရောက်လျှင် ဖေဖေပြပါအတိုင်း ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီး၏ မိဖုရား ဒေါင်ကြီး ဖြစ်လာရာ အဆင်းဂုဏ်စည်းဝိမ်ဂုဏ်တို့ကြောင့် မာန်တက်နေလေသည်၊ ထိုအခါ ဗိမ္ဗိသာရ မင်းကြီး၏ ပရိယာယ်ဖြင့် ဘုရားရှင်ထံ အပူးအမြော် ရောက်လာကာ ဘုရားရှင်၏ နိမိတ်ရုပ်ပြ ဓမ္မဒေသနာတော်ကြောင့် လူဝတ်ကြောင် ဘဝဖြင့်ပင် အရဟာတ္တဖိုလ် ပေါက်

ရဟန္တာမအဖြစ်သို့ ရောက်ခဲ့ပြီး ဘိက္ခုနီ ပြုလုပ်လာလေသည်၊ ခေမာထေရီမယ်သည် ရဟန္တာမတို့တွင် ပညာ အကြီးမားဆုံး ဖြစ်သည့်နှင့်အညီ "တေဒဂ္ဂ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ မဟာပညာနံ ယဒိဒ ခေမာ" ဟု ဘုရားရှင်က ငါ၏ပညာကြီးသူ ဘိက္ခုနီ တပည့်တော်မတို့တွင် ဤခေမာသည် အမြတ်ဆုံး ဟု ချီးကျူးတော်မူခဲ့လေသည်။

ဥပလဝဏ္ဏာထေရီ

လင်္ကာဝတော် နေရာရ ဂဒ္ဒိမန္တတောင်ဂုဏ် ဂုဏ်ထူး ရှင် ဥပလဝဏ်ထေရီကား သာဝတ္ထိပြည်သူ သူဌေးသမီးတဦးတည်း၊ ဥပလဝဏ်၏ အလှအပကား ထူးခြားလွန်းလှ၏၊ ကြာညိုပွင့် ချပ်အသွေး ညိုချောလေးဟု ဆိုရပေမည်၊ မယ်ဥပလ အရွယ် ရောက်လျှင်ပင် သူ၏အချောအလှဂုဏ်မှာ အိန္ဒိယတတိုင်းပြည် လုံးတုန့်အောင် ကျော်ကြားနေသဖြင့် အိန္ဒိယရှိ အားလုံးသော မင်းများသူဌေးများထံမှ အတောင်းအရမ်း ကြောင်းလမ်း စကား ဆိုလာကြလေသည်၊ ထိုကြောင့် တစုံတဦးနှင့်မျှ လက်ထပ်မပေးဝံ့ လောက်အောင် အန္တရာယ်များလာသဖြင့် သာသနာတော်သို့ဝင်၍ ဘိက္ခုနီပြုလုပ်လိုက်သည်ဟု ဖော်ဆိုရှိ လေသည်။

ဥပဂုတ္တကား ဇာတ်နိပါတ်တို့တွင် အလွန်ထင်ရှား သူတဦးဖြစ်၏၊ ဘုရားရှင်အလောင်းတော် ပါရမီဖြည့်ကျင့်တွင် တချက်တချက်၌ ယသောဓရာနှင့်တွဲ၍ ထူးထူးကဲကဲ ပါဝင်ခဲ့ပုံတို့ကိုပင် တွေ့ရှိဖတ်ရှုရပေသည်၊ အလှဂုဏ်ကြောင့် အန္တရာယ်များလှ၍ ဘိက္ခုနီပြုလုပ်ခဲ့သူဖြစ်သော်လည်း ပါရမီထူးပါရှိလာသူဖြစ်သည့်အတိုင်း မကြာမီပင် ရဟန္တာမဖြစ်လာခဲ့ပြီး တန်ခိုးဖန်ဆင်းခြင်း ပြာဋိဟာဒ်၌ ထူးထူးခြားခြား လေ့ကျက်မှု ကြီးမားသူတဦး ဖြစ်လာလေသည်။ ကဏ္ဍသရက်ဖြူပင်ရင်း၌ မြတ်စွာဘုရားတံခိုး ပြာဋိဟာ ပြရန် ချဉ်းကပ်ရာတွင်ပင် "တပည့်တော်မ တံခိုးပြပါအံ့၊ မြတ်စွာဘုရား ခွင့်ပြုတော်မူပါ" ဟုပင် ရဲရဲရင့်ရင့် လျှောက်ထားဝံ့လောက်အောင်ပင် မိမိအစွမ်းကို ယုံကြည်ခဲ့သူ ဖြစ်ပေရာ ဘုရားရှင်က ပရိသတ် အလည်တွင် တန်ခိုးအရာ၌ တေဒဂ် ထားတော်မူခဲ့ပေသည်။

ခေမာထေရီနှင့် ဥပဂုတ္တာထေရီ နှစ်ပါးက ဤဘုရားရှင်လက်ထက်တွင် အဂ္ဂသာဝိကာမ အကြီးမြင့်ဆုံး တပည့်မ-၂-ဦးပင် ဖြစ်ပေသည်။

ဇာတ်ရုရဟန္တာဝမ ၁၃ ပါး

ထိုမှတပါး ပဋ္ဌာစာရီ, ဓမ္မဒိန္နာစသော ထင်ရှား ကျော်ကြားသည့် ထေရီမကြီးများ ရှိပေသေးသည်။ ဖော်ပြပါ ထေရီမကြီးများ အပါအဝင် ဆိုင်ရာဆိုင်ရာ ဇာတ်ဂုဏ်ထူးရှ ထေရီမပေါင်း ဘုရားရှင်လက်ထက်တွင် ၁၃ ပါး ပေါ်ပေါက် ခဲ့ပေသည်။ ၁၃ ပါးကား....

(၁) မဟာပဇာပတိဂေါတမီအရှင်မ, ရတ္တညူဇာတ်ဘွဲ့= ဝါရင့်ဂုဏ်ထူး။

(၂) ခေမာအရှင်မ, မဟာပညာဘွဲ့= ပညာကြီးမားခြင်း ဂုဏ်ထူး။

(၃) ဥပ္ပလဝဏ္ဏာအရှင်မ, ဣဒ္ဓိမန္တဘွဲ့=တန်ခိုးကြီးမားခြင်း ဂုဏ်ထူး။

(၄) ပဋ္ဌာစာရီအရှင်မ, ဝိနယဓရဘွဲ့= ဝိနည်းမိုရ်ဂုဏ်ထူး။

(၅) ဓမ္မဒိန္နာအရှင်မ, ဓမ္မကထိကဘွဲ့=တရားဟောကောင်း ဂုဏ်ထူး။

(၆) နန္ဒာ (ဇနုပဒကလျာဏီ)အရှင်မ, စျာယီဘွဲ့= စျာန်ဝင်စားခြင်း ဂုဏ်းထူး။

(၇) သောဏာအရှင်မ, အာရဒ္ဓဝီရိယဘွဲ့= လုံ့လကြီးမားခြင်း ဂုဏ်ထူး။

(၈) သကုလာအရှင်မ, ဒိဗ္ဗစက္ခု အဘိညာဉ် ဘွဲ့= နတ်မျက်စိကဲ့သို့ မြင်နိုင်စွမ်းရှိသည့် ဂုဏ်ထူး။

(၉) ဘဒ္ဒါကုဏ္ဍလကေသာအရှင်မ, ခိပ္ပါဘိညဘွဲ့= အဘိညာဉ် လျင်မြန်စွာဝင်စားနိုင်ခြင်း ဂုဏ်ထူး။

(၁၀) ဘဒ္ဒကာပိလာနီအရှင်မ, ပုဗ္ဗေနိဝါသ အဘိညာဉ် ဘွဲ့=ရှေးဘဝအမျိုးမျိုးကို မြင်စွမ်းနိုင်ခြင်းဂုဏ်ထူး။

(၁၁) ဘဒ္ဒါကစ္စာနာ (ယသောဓရာ) အရှင်မ, မဟာဘိညာဘွဲ့=အားကြီးသော အဘိညာဉ်ရှိသူဂုဏ်ထူး။

(၁၂) ကိသာဂေါတမီအရှင်မ, လူခဲစီဝရဘွဲ့= ခေါင်းပါးသောသင်္ကန်းကိုဆောင်ခြင်းဂုဏ်ထူး။

(၁၃) သိင်္ဂါလကမာတာအရှင်မ, သဒ္ဓါပဗ္ဗဇိတဘွဲ့= သဒ္ဓါတရား လွန်ကဲခြင်းဂုဏ်ထူး။

ဤကဲ့သို့ ဂုဏ်ထူးရ ထေရီမကြီး ၁၃ ပါး ပေါ်ထွက်ခဲ့ပေ၏။ ဂုဏ်ထူးမရသော်လည်း တနည်းတဖုံအားဖြင့် ကျော်ကြားသော ထေရီမများလည်း မြောက်မြားစွာပင် ပေါ်ထွက်ခဲ့ပေသည်။

ဘိုကွဲနိုတို့အဝတ်အဆင်

ဘိုကွဲနိုသားသနာ စတင်ပေါ်လာပုံနှင့် ဘုရားရှင်လက်ထက် ထေရီမကြီးများအကြောင်းကို ဖော်ပြပြီးနောက် ဖော်ပြသင့်သေးသော အခြားအကြောင်းတခုမှာ ဘိုကွဲနိုတို့ ဝတ်ဆင်ပုံများပင် ဖြစ်၏။ ၎င်းအကြောင်းအရာနှင့် စပ်လျဉ်း၍ ပါဠိတော်မျာ်း၌ အထူးဖော်ပြချက် သီးခြားမရှိသော်လည်း ထိုထိုသိကၡာပုဒ်မျာ်းကို ကြည့်က ရဟန်းယောကျ်ား ဘိုကွဲမျာ်း ကဲ့သို့ပင် ဖြစ်၍ အလွန်ထူးခြားမှုမရှိကြောင်း သိသာရ၏။

ရဟန်းယောကျ်ားတို့ ကဲ့သို့ပင် ဒုကူဋ္ဌခေါ် နှစ်ထပ်သင်္ကန်းကြီး, ဧကသီခေါ် ကိုယ်ရုံနှင့် အန္တရဝါသက ခေါ် ခါးဝတ်သင်းပိုင်တို့ကို ဝတ်ဆင်ကုန်၏။ သပိတ်ကိုပိုက်၍ ဆွမ်းခံစာ်းရု၏။

ထိုကဲ့သို့ အဝတ်အဆင် ထူးခြားမှုမရှိ ရဟန်းယောကျ်ားတို့နှင့် အတူတူဖြစ်သည့်ပြင် တဦးနှင့်တဦး လဲလှယ်၍ပင်ဝတ်သင့်ကြောင်း သိကၡာပုဒ်မျာ်းရှိပေ၏။ဥဒါယီ မထေရ်နှင့် ဥပဟလဝဏ္ဏာအရှင်မတို့ သင်္ကန်းလဲလှယ်ကြောင်း သိကၡာပုဒ်ထင်ရှာ်းရှိ၏။

ရဟန်းယောကျ်ားတို့ထက် ပိုမိုမှုရှိသေးသည်။ ၎င်းမှာ ဘိကွဲနိုတို့သည် အမျိုးသမီးမျာ်းဖြစ်၍ မရှိလျှင် မဖြစ်သော

အတွင်းခံရင်စည်းတမျိုးကို ခွင့်ပြုထားရ၏။ ၎င်းကို ပါဠိတော်၌ 'သံကစ္စိုက'ဟုဆို၏။အတွင်းခွေးခံကိုယ်ကြပ် အင်္ကျီကဲ့ဘိုမဟုတ်၊ ရင်စည်းဝတ်ဘမျိုးပင်ဖြစ်သည်။ ရှေးနိုဿယ ဆရာတို့ကရင်လွှမ်းဘဘက်ဟု မြန်မာပြန်၏။ ဆဋ္ဌသံဂါယနာမှ ပြန်ဆိုသော ပိဋကမြန်မာပြန် (ပါဠိတ်ပါဠိုကော် မြန်မာပြန်) ၌ လည်း ထို့အတူပြန်ဆိုထားလေသည်။သံကစ္စိုကစိဝရ 'ရင်လွှမ်းသင်္ကန်း'ဟူသောကဒ်ါ အဋ္ဌကထာအသုံးကို ဆင်ခြင်လျှင် တဘက်ဘုတ်ဟန်မတူပေ။ အဓိကွံကံ ဥပ္ပဇ္ဇနာဘို့ တဿပဋိစ္စာဒနတ္ထာယ (ညှပ်ရိုးနှစ်ဖက် အောက်ချက်၏ အထက်ကိုဖုံးလွှမ်းရန်) ဟု ပါဠိတော်၌ဆိုသော်လည်း ရင်ကိုလွှမ်းရုံမဟုတ်၊ ချိုင်းမှ ပေါင်အထိ တကိုယ်လုံးကို ပတ်မိုးလောက်သော အဝတ်တမျိုးဖြစ်ဟန်တူပေသည်။ မည်ကဲ့သို့ပုံစံရှိသည်ဟု ပသိရသော်လည်း ဝဇီရဗုဒ္ဓိ မည်သော ဒီနည်းဋီကာတွင် "သံကစ္စိုကာယ ပဒ္မာဏ် ကိရိယံ ဒိယစ္ဆုဟာတ္ထာတိ ပေါရာဏာ ဂဏ္ဌိပဒေ ဝုတ္တံ" ဟု ဖွင့်ဆိုထားခဲ့သဖြင့် အနုတရတောင့်ထွာရှည်သော အတွင်းခံအဝတ်တမျိုးဟုသိရလေသည်။ (အခြားဝိနည်းဋီကာများဖြစ်သောဝိမတိ, သာရတ္ထတို့၌ မည်သို့မျှ မဆိုပေ) အနုတရောင့်ထွာဟုသာဆို၏။ အလျားမည်မျှရှိရမည်ဟုမဆိုသဖြင့် အလျားရှည်သော အထည်မျိုးမဟုတ်ဘဲ ရင်ခါးအလျောက်ဘိုင်းသွာ၍ချုပ်ထားသော သို့မဟုတ်ဖြတ်ထားသော အထက်အောက်တလောင့်ထွာရှည် (ချိုင်းမှပေါင်လည်ခန့်အထိရှည်မည်) အဘွင်းခံဘမျိုးလေလောဟု တွေးတောစရာရှိပေ၏။ အနုတရောင့်ထွာဟုဆိုသည်ကိုထောက်လျှင်လည်း အလျားသည် တလောင့်ထွာတက် ရှည်စရာရှိပါသည်ဟု တွေးဆနိုင်စရာ ရှိသေး

ရာ ထိုသို့ဆိုက ကိုယ်ကိုတပတ်မက ပတ်နိုင်သော အလျားရှိပေ
မည်။ပုခုံးကြိုးသိုင်းမျိုးမဟုတ်မူ၍ ရင်နှင့်ခါးကိုပတ်၍စည်းနှောင်
ရသည့် အဝတ်အထည်ဘမျိုး ဖြစ်တန်ရာပေသည်။

ခါးဝတ်ဆိုင်ရာ၌ကား ခါးဝတ်(သင်းပိုင်) တထည်သာ
အမြဲခွင့်ပြုချက်ရှိပြီး ဓမ္မတာကိစ္စအတွက် အချိန်အခါအားလျော်
စွာ ခေတ္တသုံးခွင့်ရှိသော အနှီးဝတ်များကိုမူ ခွင့်ပြုထားပေ၏။
သို့သော် တထောင့်ထွာအနံရှိသော ဖေါ်ပြပါ "သံကစ္ဆိုက"
သည် ခါးဝတ်အတွင်းခံအဖြစ် လုံလောက်၍နေပေပြီ။

မည်သို့ပင်ဖြစ်စေ အပေါ်ယံသွင်ပြင် မျက်မြင်အားဖြင့်
ဘိကွဲနိနှင့် ရဟန်းယောကျာ်း ဘိက္ခုတို့သည် အဝတ်အဆင်
အတူတူပင်ဖြစ်ကြ၏။ တိစီဝရိတ် (သင်္ကန်းသုံးထည်) ခြားနားမှု
မရှိသဖြင့် ယခုခေတ်ရဟန်းတို့ သင်္ကန်းအတိုင်းပင် ဓားလိုးဓား
ဖြတ် မြောင်းအနားပတ်တို့ ပါရှိနေမည်ကို မှတ်သားသင့်ပေ၏။

ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ပဌမ သံဂါ
ယနာတင်ခြင်း၊ နောက်သာသနာတော်နှစ် ၁၀၀ တွင် ဒုတိယ
သံဂါယနာတင်ခြင်းနှင့် သာသနာ ၂၃၅ တွင် တတိယ သံဂါ
ယနာတင်ခြင်းဟူသော သံဂါယနာ ၃ တန်အတွင်း၌ ဘိက္ခုနိ
သာသနာသည် တစတစ ယုတ်လျော့၍ လာဟန်တူသော်လည်း
တတိယ သံဂါယနာတွင် အာသောကမင်းကြီး၏ အားပေး
ချီးမြှောက်မှုကြောင့် အတော်အတန် ထွန်းပြောင်လာသည့်
အရိပ်လက္ခဏာများကို တွေ့ရပေသည်။

သို့သော် ဗုဒ္ဓ-တိုင်း ဗုဒ္ဓ-ဌာနသို့ သာသနာပြု စေလွှတ်ရာ၌ ဗုဒ္ဓ-တိုင်းဥဿာ ဘိက္ခုနီ သာသနာ ရောက်ရှိနိုင်သည်ကို ထောက်ကာ ထိုအချိန်တွင် ဘိက္ခုနီသာသနာ အားနည်းနေပြီဟူသော အရိပ်အမြွက်ကို မှန်းဆ သိမြင်နိုင်ပေသည်၊ ဘိက္ခုနီရောက်သော တိုင်း ၃-တိုင်း တဲ့ငင်လည်း သီဟဠဒီပမှတပါး ကျန် ၂-တိုင်းတွင် ဘိက္ခုနီဆက်ရှည်ဟန် မတူပေ၊ ထိုအကြောင်းကို နောက်ပိုင်းမှ ဆက်လက်တင်ပြပါမည်။

သီဟိုဠ်ကျွန်းဘိက္ခုနီသာသနာ

သီဟိုဠ်ကျန်းသို့ အရှင် မဟာမဟိန္ဒ အမှူးပြုသော ရဟန္တာ၅-ပါး သာသနာပြု ကြွတော်မူသော နှစ်ကာလတိယသံဂါယနာ တင်သော သာသနာ ၂၃၅-ခုနှစ်၏ နောက်တနှစ် သာသနာ ၂၃၆-ခုနှစ် (၃၁၀-ဘီစီ) နယုန်လပင်ဖြစ်လေသည်၊ အရှင်မဟိန္ဒနှင့် သီဟိုဠ်မင်းကြီး ဒေဝါနံပိယတိဿတို့ မိဿကတောင် (ယခု မဟိန္ဒလေတောင်) ၌ တွေ့ဆုံကြပြီး စူဠဟတ္ထိပဒေါပမ သုတ်တော်ကို ဟောကြား နာယူ၍ မင်းနှင့် မှူးမတ် ဗိုလ်ပါတို့ သရဏဂုံတည်ကြလေ၏၊ နောက် အနုရာဓမြို့သို့ ကြွရောက်တော်မူပြီး နန်းတော်တွင်း၌ ပေတဝတ္ထု ဝိမာနဝတ္ထုတို့နှင့် သစ္စသံယုတ်ကို ဟောတော်မူရာ အိမ်ရှေ

(ဘုရင့်ညီတော် မဟာနာဂ အိမ်ရှေ့ဥပရာဇာ၏) မိဖုရားအနုဇ္ဇာဒေဝီနှင့် နန်းတွင်းသူ ငါးရာတို့ သောတပန် ဖြစ်ကြ၏။

ထို အနုဇ္ဇာဒေဝီနှင့် သတို့သမီးတို့ ဘိုကွဲ့နိမ ပြုလုပ်ရန် အရှင်မဟိန္ဒကို လျှောက်တားလေသော် အရှင်မဟိန္ဒက "ငါတို့ ရဟန်း (ယောကျ်ား) များသည် အမျိုးသမီးတို့ကို ဖရှုးဉီးစွာ ရဟန်းပြု၍ မပေးကောင်း ထို့ကြောင့် ငါ၏ နှမတော်ဖြစ်သော သံဃမိတ္တာထေရီမကို ပါဠလိပုတ်မှပင့်လေ" ဟု အမိန့်တော်ရှိလေသည်။

[ထိုအခါ မင်းကြီးသည် အရိုင်ဒမည်သော မိမိ၏တူတော်ကို မဟာဗောဓိနှင့်တကွ သံဃမိတ္တာထေရီမကိုပင့်ရန် ပါဠလိပုတ်ပြည်သို့ စေလွှတ်တော်မူ၏။ အရိုင်ဒအမတ်သည်လည်း မင်းကြီးနှင့် မထေရ်၏ အမိန့်တော်ကို ယူပြီးလျှင် မထေရ်၏ အဓိဋ္ဌာန်၏အစွမ်းဖြင့် တရက်ခြင်းဖြင့်သာလျှင် ဇမ္ဗုကောလ ဆိပ်သို့ရောက်၍ လှေကိုစီးလျက် သမုဒ္ဒရာကို ကူးပြီးလျှင် ပါဠလိပုတ်ပြည်သို့ ရောက်လေ၏။

အရှင်မဟိန္ဒထေရ်သည် "မြတ်သောမင်းကြီး ငါ၏နှမတော်ဖြစ်သော သံဃမိတ္တာသည် အနုဇ္ဇာဒေဝီ မိဖုရားကြီးကို ရဟန်းပြုခြင်းငှာ ပညာရှိသော-

၁။ ဉတ္တိရောထေရိမ,
၂။ မာသာထေရိမ,

၃။ မာရဂလ္လာထေရိမ,

၄။ အင်္ဂိမိတ္တာထေရိမ,

၅။ မိတာဝဒါထေရိမ,

၆။ တာပုံးထေရိမ,

၇။ ပဗ္ဗတဆိုန္နာထေရိမ,

၈။ မလ္လာထေရိမ,

၉။ ဓမ္မဒါသိကာထေရိမ,

ဤ ၉-ပါးသော ဘိက္ခုနိမတ္တိန္နှင့် ဤ လက်ဒ ဒီပကျွန်း သို့ကြွလာလတ္တံ့၊ ထိုဘိက္ခုနိမတ္တိသည် ကိုလေသာကင်းသော မုတရောဂကုဏ်, တည်ကြည်သော သမာဟိတာဂုဏ်, ကောင်းသော အကြံရှိသော ဩဒါတမနသက်ပ်ဂုဏ်, သာသနာတော်၌မွေ့လျော်သော သဒ္ဓမ္မ ဝိနယရတာဂုဏ်, အာသဝေါတရားကုန်သော ခီဏာသံဝဂုဏ် ဝ သိဘော် ငါးပါးနှင့် ပြည့်စုံသော ဂသိပ်တ္တာဂုဏ်, ဝိဇ္ဇာသုံးပါးကိုရသော ဘဝိဇ္ဇာဂုဏ်, တန်ခိုးအာဒ်သိသော ဉာဏ်ပညာရှိသော ဣဒ္ဓိဏာဝိဒ္ဓဂုဏ်, အရဟာဘွဲ့ဖိုလ်ကိုရသော ဥတ္တမတ္ထဋီ တာဂုဏ်တိုန့်ဩဝါဒပြည့်စုံကုန်၏" ဟု မိန့်တော်မူ၏။

အနုဠာ မိဖုရားကြီးသည် ငါးရာသော သတို့သမီး ငါးရာသော နန်းတွင်းသူတို့နှင့် တကွ ဆယ် ပါး သိလတို့ကို

ဆောက် တည် ပြီး လျှင် ဖန်ရည် ဆိုးသော အ ဝတ် တို့ကို ဝတ် ကုန် လျက် မြို့ တော့ ၏ တ နေ ရာ ၌ ကျောင်း ကို ဆောက်လုပ်စေပြီးလျှင် နေလေ၏။ ထို ဂါးရာကုန်သောသတို့ သမီးနှင့် နန်းတွင်းသူတို့သည် အနုဇ္ဇာဒေဝီ မိဖုရားကြီးကို ခြံရံ လျက် ည-နံက်တိုင်း ဆည်းကပ် လုပ်ကျွေး၏။

အခါ၌အမတ်သည်လည်း ပါဠိလိပုတ်ပြည့်သို့ ရောက် သောအခါ ဓမ္မာသောက မင်းကြီးထံသို့သွားပြီးလျှင် ဤသို့ လျှောက်ထားလေ၏။ "မြတ်သော အရှင်မင်းကြီး—အရှင်မင်း ကြီး၏သားတော် ဖြစ်ဘော်မူသော အရှင်မဟိန္ဒထေရ်သည် ၎င်း, ဘုရား၌ အလှူန်ကြည်ညိုတော်မူသော အရှင်မင်းကြီး၏ အဆွေတော်ဖြစ်တော်မူသော ဒေဝါနုံပိယတိဿမင်းကြီးသည် ၎င်း, အရှင်မင်းကြီးထံသို့ စေလွှတ်တော်မူ၏၊ ဤသို့လည်းမိန့် တော်မူ၏' 'အရှင်မင်းကြီး၏ သားတော်ဖြစ်သော အရှင်မဟိန္ဒ သည် အနုဇ္ဇာဒေဝီမိဖုရားကြီးကို ရဟန်းပြုခြင်းငှာ အရှင်သံဃ မိတ္တာထေရီမကို မဟာဗောဓိနှင့်တကွ စေလွှတ်တော်မူပါ" ဟုမိန့်တော်သည်ဟူ၍ လျှောက်ထားလေ၏။

မဟေထရ်၏အိန့်တော်ကို လျှောက်ထားပြီးနောက် သံဃ မိတ္တာထေရီထံသွားပြီးလျှင် ဤသို့လောက်ထားလေ၏၊ "အရှင် မ၏ မောင်တော်ဖြစ်တော်မူသော အရှင်မဟိန္ဒမထေရ်သည် အာကျန့်ပ်ကို အရှင်မထံသို့ စေလွှတ်တော်မူ၏၊ ဒေဝါနုံပိယတိဿ

မင်းကြီး၏ ညီတော် မဟာနာဂမင်းကြီး၏ မိဖုရားကြီးဖြစ် သော်မှသော အနုဋ္ဌာဒေဝီမိဖုရားကြီးသည် ငါးရာကုန်သော သတို့သမီးငါးရာကုန်သော နန်းတွင်းသူတို့နှင့်တကွ ရဟန်းပြုလို ပါကုန်၏၊ ထိုမိဖုရားကြီးကို နှမတော်သည်လောပြီးလျှင် ရဟန်း ပြုပါဟု လျှောက်ထားချေဟု စေလွှတ်တော်မူသည်" ဟူ၍ လျှောက်ထားလေ၏၊ ထိုအခါ အရှင်သံဃမိတ္တာထေရီမသည် မောင်တော်၏ အမိန့်တော်ကို နာရသောအခါ လျင်မြန်စွာ မင်းကြီးထံသို့ သွားပြီးလျှင် ဤသို့ မိန့်တော်မူ၏ "မြတ်သော မင်းကြီး လက်ဒီပကျွန်းသို့ သွားရန် ခွင့်ပြုတော်မူပါ၊ မောင် တော်၏ အမိန့်တော်ကို တားမြစ်ခြင်းငှာ မစွမ်းနိုင်၊ သားတော် ဖြစ်သော သုမနသာမကောသည်ဌင်း, မောင်တော်ဖြစ်တော်မူ သော အရှင်မဟိန္ဒထေရ်သည်ဌင်း, လင်္ကာဒီပကျွန်း၌ရှိတော်မူ၏" ဟု မိန့်တော်မူ၏။

ထိုအခါ အသောက မင်းကြီးသည် သံဃမိတ္တာထေရီ အား ဤသို့လျှောက်လေ၏၊ "ချစ်သမီး ငါ၏ သားတော်နှင့် မြေးတော်တို့သည် ငါ၏ လက်ကို ပြတ်အောင်ပြုဘိသကဲ့သို့ တမ္ဗ ပဏ္ဏိကျွန်းသို့ သွားကြကုန်၏၊ ထိုသားတော်နှင့် မြေးတော်တို့ကို မမြင်ရခြင်းကြောင့် သောကသို့ ရောက်သော်လည်း ချစ်သမီး၏ မျက်နှာကိုမြင်သောအခါထိုသောကသည်ငြိမ်းလေသောကြောင့် ချစ်သမီးအား သွားခြင်းကို တားမြစ်ပါ၏" ဟု လျှောက်ထား သော အခါ "ခမည်းတော်မင်းကြီး မောင်တော်၏ အမိန့်တော် သည် အလွန်လေးနက်၏၊ အနုဋ္ဌာဒေဝီ မိဖုရားကြီးသည်လည်း

သတ္တိသမီး နန်းတွင်းသူတို့နှင့်တကွ ရဟန်းပြုရန် သမီးတော်ကို တောင့်တကြကုန်၏"ဟု မိန့်တော်မူ၏။ *]

ထိုနောက် အသောကမင်းကြီးသည် ဗောဓိပင်လက္ခဏ တောင်ကိုင်းကို သစ္စာဓိဋ္ဌာန်ပြု၍ ဖြတ်ယူပြီးလျှင် ရှေဖျဉ်းအိုးဦး စိုက်၍ ပူဇော်ပြီးမှ သမီးတော် သံဃမိတ္တာ ထေရီမ၏ လက်သို့ အပ်လိုက်ပြီးလျှင် သီဟိုဠ်ကျွန်းသို့ပင့်ဆောင်စေ၏၊ သံဃမိတ္တာထေရီမနှင့် အခြံအရံတို့သည် ဗောဓိပင်ကို သီဟိုဠ်ကျွန်းသို့ ခမ်းနားစွာပင့်ဆောင်လာရာ ဒေဝါနုံပိယတိဿမင်းကြီးသည် ခမ်းနားစွာ ကြိုဆို၍ ကြီးကျယ်စွာ ပူဇော်လျက် အနုရာဓမြို့၏ တောင်ဘက်မဟာမေဃဝန် ဥယျာဉ်တွင် ၂၃၆-ခု နှတ်တော် လဆန်း ၄-ရက်နေ့၌ စိုက်မျိုးတော်မူလေ၏၊ (ယခုရှိနေသော ဒက္ခိဏသာခါ ဗောဓိပင်ကြီး, ပင်ဖြစ်သည်။

ငါးရာကုန်သော သတ္တိသမီးတို့နှင့် အနုဇ္ဇာဒေဝီ မိဖုရားကြီး၊ ငါးရာကုန်သော နန်းတွင်းသူတို့သည်လည်း သံဃမိတ္တာထေရီမထံ၌ ရဟန်းပြုကြ၍ မကြာမြင့်မီပင် အသီးအသီး ရဟန္တာမမျှားဖြစ်ကြလေတော့၏။

[သံဃမိတ္တာထေရီမ, ဥတ္တရာထေရီမစသော ထေရီမတို့သည် ဇမ္ဗူဒီပ်ကျွန်းမှ လင်္ကာဒီပကျွန်းသို့ ကြွလာတော်မူကုန်၏၊ မြတ်စွာဘုရား၏ သာသနာတော် တည်ထွန်းခြင်းကို အလိုရှိကြကုန်သည်ဖြစ်၍ အနုရာဓမြို့၌ ဝိနေးငါးကျမ်း, အဘိဓမ္မာ ခုနစ်ကျမ်းတို့ကို ချပို့တော်မူကုန်၏။

---

* [.....] ဤထောင့်ကွင်း အတွင်းရှိ စာများ ဒီပဝင်ဆ ဝတ္ထုမှ ကူးယူထည့်သွင်းသည်။

ဝိနည်းဌ ရဲရင့်သော, ပညာရှိကဲ့နှ်သော သဒ္ဓမ္မာထေရိမ နဒ္ဒိကာထေရိမ, သောမာထေရိမ, ဂိရိဒိပါထေရိမ, ဒါသိကာထေရိမ,ဓမ္မပါလာထေရိမတို့ဂုင်း ကြိုးသောပညာဝိနည်းဌ ရဲရင့်သော ပညာရှိကုန်သော ခုတဝါဒ့ါထေရိမ, မဟိလာထေရိမ, သောဘကာထေရိမ, ဓမ္မတာပသာထေရိမ, နရိမတ္တာထေရိမ, သာတာထေရိမ, ကာဠိထေရိမတို့ဂုင်း၊ ဤထေရိမတို့သည်လက်ာ ဒီပက္ခန်းဌ ရဟန်းမ ဖြစ်ကြကုန်၏၊....ဝ... စူဠနာဂါ ထေရိမ, ဒတ္တာထေရိမ,သောဏာထေရိမ, အဘိညာတာထေရိမ, သဏ္ဍာထေရိ,ဂမိကအမက်၏ သမီးတော်ဖြစ်သောမဟာတိဿမာထေရိမ,စူဠသုမနာထေရိမ, မဟာသုမနာထေရိမ, မဟာကာဠိထေရိမတို့သည်ကြိုးသောပညာရှိကုန်၏၊ ရောဟဏ အရပ်ဌ သူတော်ကောင်းဟု သမုတ်အပ်ကုန်၏၊ အဘိညာတာ ထေရိမ, သံမုဒ္ဒါထေရိမ နှစ်ပါးတို့သည် ဝိနည်းခိုရ်ဖြစ်တော်မူကုန်၏၊ ထိုအလုံးစုံသော ထေရိမတို့သည် မီးပုံကြီးတို့ကဲ့သို့ တောက်ပကြပြီးလျှင် ပရိနိဗ္ဗာန်စံတော်မူကြကုန်၏]*

ဤသို့လျှင် ဒီပစံသဌ္ဌ သီဟိုဠ်ကျန်း ဘိက္ခုနီ သာသနာဌ် ထင်ရှားသော ထေရိမတို့၏ အမည်တို့ကို ဖော်ပြထားခဲ့၏၊ ထိုဘိက္ခုနီဆက်သည်မည်မျှရှည်လျားရှိမည်သို့အဆုံးသတ်ပြီးလျှင် မည်သည့်ခေတ် မည်သည့်အချိန်တွင် ကုန်ဆုံးကွယ်ပျောက်သွားကြောင်းကိုကားမဖော်ပြခဲ့ပေ။

---

*[....] ဤကွင်းအတွင်းရှိ စာများမှာ ဒီပဝံသ ပါဠိအဋ္ဌာရသမ ပရိစ္ဆေဒ၊ ဂါထာနံပါတ် ၁၁-မှ ၄၂-အထိလာအဓိပ္ပါယ်များကိုချုံး၍ ထာရိုးဖြစ်ခြင်းသည်

ဘိုကွေးနိုဝါသနာ အားနည်းချိန်

သီဟိုဠ်ကျွန်းတွင် သာသနာနှစ် လေးရာကျော်သော အခါ ပြာဟ္မဏတိသဘေးကြီးတခု ပေါ်ပေါက်လာလေသည်၊ သူပုန်ဘေးကြီးဖြစ်၏၊ ဝဋ္ဋဂ ဓမဏိမင်းနန်းစံ ၅-လမျှ ကြာသော အခါနိုင်တွင် တိုဿမည်သော ခိုးသား၏ထက်ဝန်းကျင်ပုန်ကန်မှုပင်ဖြစ်လေသည်၊(စက္ကာလမျိုး တိဿတဉီး ပုန်ကန်ဘူးသေး၍ တိုဿ်ချင်းကဲ့ရန်ဂျိတိုဿကို ရာဇဝင်ဆရာတို့ကပြာဟ္မဏမျိုးမှဖြစ်၍ပြာဟ္မဏတိဿဟု အမည်ပေးထားခြင်းဖြစ်၏) ပြာဟ္မဏ တိဿဘေးသည် ၁၂-နှစ်တိုင်တိုင် ကြာလေသည်။

ထိုပြာဟ္မဏတိဿဘေး ဖြစ်ပေါ်နေသည်နှင့် တချိန်တည်းမှာပင် ဒမိဋ္ဌ (ကျေးကုလား) များကတဖက်မှ ထက်နှောက်ယှက်၍နေသေးရာ ထိုအခါနိုင်က သီဟိုဠ်ကျွန်း၏ အခြေအနေသည် ကျီးလန့်စာစားပျက်ပြားနေသည်ဟု ဆိုရ၏၊ တိုင်းသူပြည်သားတို့သည် ကိုယ့်ပြည် ကိုယ့်ရွာ ကိုယ့်အိမ် ကိုယ့်ရာနှင့်မနေနိုင်ဘဲ ဘေးလွတ်ရာသို့ ပြေးလွှားပုန်းအောင်၍ နေကြရ၏၊ လုပ်ခင်းဆောင်တာများ ပျက်ပြားသဖြင့် ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်ကာ ငတ်မွတ်သေကြေကြသူများလည်းမနည်းလှ၊ သတ္ထန္တရ ဒုဗ္ဘိက္ခန္တ

ရင်ကြောင့် ရောဂါနှိပ်စက်ခံနေပြန်သဖြင့် သီဟိုဠ် တကျန်းလုံး တိုင်းပြည်ပျက်ကြီးသဖွယ် ဖြစ်နေပေတော့၏။

လူများ ထိုသို့ဘေးအမျိုးမျိုးကြောင့် ပုန်းရှိုးပြေးလွှားရှိနေရလျှင် ရဟန်းများမည်ကဲ့သို့နေမည်၊ ထိုရဟန်းများ၏ အရိပ်ကို ခိုလှုံရှိနေရသော ဘိက္ခုနီများ မည်ကဲ့သို့ရှိမည်ကို စဉ်းစား၍ သိသာနိုင်၏။

အချို့သော ရဟန်းတော်များသည် သီဟိုဠ်ကျန်ခဲ့ ပုန်းအောင်း၍ ဖြစ်သလိုနေကြသော်လည်း အများအပြားမှာမူ ဇမ္ဗူဒိပ်(အိန္ဒိယ)သို့ဖေါင်ဖွဲ့၍ ကူးသွားကြကုန်၏၊ သီဟိုဠ်ကျန်ခဲ့နေရစ်ကြသော ရဟန်းသံဃာများမှာ တောတောင်ပင်လွှယ်ကမ်းများ စသည်တို့၌ သွားရောက်တိမ်းရှောင်ကာ ဖြစ်သလို အာသက်မွေး၍ ပရိယတ္တိသာသနာကို ခဲခဲယဉ်းယဉ်း စောင့်ရှောက်ကောင်မူကြကုန်၏။ ထိုစဉ်က အကျွဲရေးသားတင်ထားသော ခေတ်မဟုတ်သေး၊ ပရိယတ်တရားတော်များကို နှုတ်ဖြင့်သာ အဆက်ဆက် သင်ကြားဆောင်ယူသော ခေတ်ဖြစ်၍ တရားတော်များ ပျောက်ပျက်မသွားရန် ဖြစ်သလိုနေ ဖြစ်သလိုစားကာ နေ့စဉ်ရွတ်အံ သရဇ္ဈာယ်ကြခြင်းသည်ပင် ပရိယတ္တိသာသနာတော်ကို စောင့်ရှောက်ခြင်းဖြစ်တော့၏။

ထိုအချိန်၌ အထူးဒုက္ခရောက်ကြသည်မှာ ဘိက္ခုနီများပင် ဖြစ်တော့၏၊ ထိုဗြာဟ္မဏတိဿဘေး ဖြစ်ပွားနေသော ကာလ

ပျက်အခါကြီးသည်ကား သီဟိုဠ်ကျွန်းဌ၌ဘိက္ခုနီအနည်းငယ်မျှသာ ကျန်တော့သည့် အချိန်အခါဖြစ်ပေသည်၊ သုတ်မဟာဝါအဋ္ဌကထာ (မဟာပရိနိဗ္ဗာနသုတ်အဖွင့် ဘိက္ခုအပရိဟာနိယဝဏ္ဏနာ)၌ သီဟိုဠ်ကျွန်း ဘာရတဂါမမည်သောဌာန၌ သူပုန်ဘေးကြီးဖြစ်ပွားနေစဉ် ထိုသူပုန်ဘေးကြောင့် တည်တုံ့ ရွာလုံးကျွတ်ပင် ထွက်ပြေးသွားကြလေရာ ထိုရွာကို အမှီပြု၍နေသည့် နာဂါထေရီမနှင့် ဘိက္ခုနီ ၁၂-ပါးမှာ မိုးလင်းမှ ၎င်းတို့ချည်းကျန်ရစ်နေကြောင်း သိရပုံဝတ္ထုကို တွေ့ရ၏၊ အဋ္ဌကထာများ၌ အခြားနေရာတို့တွင် ဘိက္ခုနီတို့အကြောင်း ဖော်ပြလျှင် အခြံအရံတထောင် ငါးရာစသည်တို့ဖြင့် ဖော်ပြလေ့ရှိ၏၊ ဤနေရာ၌ တဆယ့်နှစ်ပါးဟုသာ ဇာတိကျကျဖော်ပြထားရာ ဘိက္ခုနီသာသနာအဘယ်မျှအားနည်းနေသည်ကို သိသာနိုင်၏၊ ၎င်းဘိက္ခုနီတဆယ့်နှစ်ပါးအပြင် အခြားနေရာတို့၌ ဘိက္ခုနီဟူ၍ ရှိမှရှိသေး၏လော၊ ဤဘဆယ့်နှစ်ပါးနောက် ဘိက္ခုနီ သာသနာဆက်ကျန်မှကျန်တော့၏လောဟုပင်စဉ်းစားစရာဖြစ်နေတော့၏။

ဗြာဟ္မဏတိဿဘေးကြီး ပြီးဆုံးသွားပြီးနောက် ဝဋ္ဋဂါမဏိမင်းပင် ပြန်လည်နန်းတက်နိုင်ပြီးသည့်အချိန် နန်းစံ ၆-နှစ်၊ နှစ် (၄၅၀-၉၄-ဘီစီ)တွင်-

"ရှေးအခါက ရဟန်းတော်တို့သည် ပညာဥာဏ်ကြီးတော်မူကြ၍ ပိဋကသုံးပုံ ပါဠိတော်ကိုရင်း, ထိုပိဋကသုံးပုံ၏ အဖွင့်အဋ္ဌကထာကိုရင်း, နှုတ်ဖြင့်သာလျှင်ဆောင်ခဲ့ကြကုန်၏။

ထို့ပြင်ဟွဏတိဿဘေးကြီးဖြစ်သည့်အခါရဟန်းတော်တို့သည် အညီအညွတ် စည်းဝေးကြကုန်လျက် ထင်ရှားရှိကြ ကုန်သော ရဟန်းတော်အားလုံးတို့သည်ပင် ဥာဏ်ပညာဆုတ်ယုတ်ကြသည်ကိုဖော်ပြမြင်ကြရသည့်အားလျော်စွာဘုရားတော်၏ရှည်မြင့်စွာ တည်တံ့ခြင်းငှာ ပါဋိအဋ္ဌကထာတို့ကို ပေတို့၌ ရေးသားထားကြကုန်၏" (ဒီပဝံသဋီကာနဝိသတိမကဏ္ဍ, ဂါထာ ၄၄-၄၅)

ဤသာသနာ ၄၅၀-သီဟိုဠ်ကျန်း၌ ပါဋိအဋ္ဌကထာတို့ကို ပေထက် အက္ခရာတင်သည်ကို စာများ၌ "ပေါတ္ထကာရုဠှ= ပေထက်အက္ခရာတင်ခြင်း" ဟုသာမညသာဆိုထားကြသော်လည်း နောက်ခေတ်၌မူ ရှေးသံဂါယနာ ၃-တန်ကိုထောက်၍ စတုတ္ထသံဂါယနာဟုအမည်တပ်ကာ ရေးသားပြောဆိုကြလေသည်။

ထို့ပေါတ္ထကာရုဠှပေထက်အက္ခရာတင်ချိန်၊ ဝါ-စတုတ္ထသံဂါယနာတင်ချိန်မှာ ဗြာဟ္မဏတိဿဘေးကြီးငြိမ်းစဲပြီးနောက် ၆-နှစ်မျှသာ ကြာသောအချိန်ကာလဖြစ်ရာ နာဂါထေရိမစသောဘိက္ခုနီများ ရှိတန်ရာသေး၍ သာသနာ ၄၅၀-တွင် ဘိက္ခုနီရှိဦးမည်ဟု ယူဆနိုင်၏၊ သို့သော် ဘိက္ခုနီသာသနာသည် သာသနာ ၅၀၀-၏ ဤမှာဖက်၌လုံးဝမရှိတော့ဟု ယူဆရပေသည်။

အောက်ပါအချက် ၂ ချက်ဖြင့် ထိုသို့ယူဆနိုင်ပေသည်။

(၁) သာသနာ ၄၀၀ကျော် ဗြဟ္မဏတိသဘေးကြီးဖြစ်နေစဉ်အခါတွင် နာဂဇေရီမ အပါအဝင် ၁၂ ပါးသောဇေရီမများအကြောင်းမှတပါး ဘိက္ခုနီတို့အကြောင်းကို ပါဠိစာပေတို့တွင် တစ်နှန်းတစမျှ မတွေ့ရတော့ခြင်း။

(၂) သာသနာ ၅၀၀ ခန့်တွင် ပေါ်ပေါက်လာသော အရှင်နာဂသေန မိလိန္ဒမင်းကြီးတို့ခေတ်၌ ဘိက္ခုသံဃာများစွာရှိကြောင်း မိလိန္ဒပဉ္ဉာကျမ်း၌ ဖော်ပြထားသော်လည်း ဘိက္ခုနီအကြောင်း လုံးဝဖော်ပြမထားခြင်း။

ဤအချက် ၂ချက်ကပင် သာသနာ ၅၀၀-၏ ကျိန္နာဖက်နောက်ပိုင်း၌ ဘိက္ခုနီ မရှိတော့ကြောင်း ထင်ရှားနေစေတော့သည်။

ဘိက္ခုနီသာသနာ၏ ဘေးအန္တရာယ်များ

ဘိက္ခုနီသာသနာ ကွယ်ပျောက်ရခြင်း အကြောင်းကို တိတိကျကျရှာဖွေတင်ပြရန် မဖြစ်နိုင်သော်လည်း အောက်ပါအချက် ၅ ချက်သည် ယင်း၏နီးကပ်သော အကြောင်းအချက်များပင် ဖြစ်ပေလိမ့်မည်။

(၁) ဘိက္ခု သံဃာ၏ အားပေးချီးမြှောက်မှုနည်းပါး ခြင်း [ဘိက္ခုနီတို့အား သာသနာအစဉ်အဆက် တလျှောက်လုံး ပင် ဘိက္ခုသံဃာက အခွင့်အရေးပေးမှု နည်းပါးခဲ့သည်ကို ပါဠိ အဋ္ဌကထာများတွင် တွေ့ရ၏။ မာတုဂါမတဉီးအနေဖြင့် အခွင့် အရေးမပေးမှုထက် သာသနာတော်ထမ်း ရဟန်းအဖြစ်ဝင်ရောက် လာမှုကို မလိုလားကြသော ဘိက္ခုသံဃာအများအပြားရှိခဲ့ခြင်း သည်။ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက်သံဃာ့ထေရ်ဖြင့် တော်မူသော အရှင်မဟာကဿပကြီးသည်လည်း ခုတင်ဆောင် တောရနေ ပုဂ္ဂိုလ်ကြီးဖြစ်သည့် အားလျော်စွာ ဘိက္ခုနီများကို အရေးပေးလိုဟန်မရှိခဲ့။ သံယုတ် ပါဠိတော် နိဒါနဝဂ္ဂ၊ ဥပဿယသုတ်၌ ဘုရားပရိနိဗ္ဗာန်စံပြီး မကြာမီအချိန်တွင် အရှင် မဟာကဿပအား အရှင်အာနန္ဒာက ဘိက္ခုနီမ ကျောင်း တကျောင်းသို့ပင့်ရာ အရှင်မဟာကဿပက သုံးကြိမ် တိုင်တိုင် မလိုက်ပါလိုကြောင်း ငြင်းပယ်၍ နောက်အကြိမ်ကြိမ်ပင့်လှန်းမှ ကြွပြီး တရားဟောကြောင်း ထိုအခါမှာပင် ထုလ္လတိဿာ ဘိက္ခုနီမက အရှင် မဟာကဿပအား စွပ်စွဲစကား ပြောဆို ကြောင်း တွေ့ရ၏။

ပဌမသံဂါယနာတင်ပွဲ ပြီးသည့် နောက်တွင် အရှင် အာနန္ဒာအား ဘိက္ခုနီသာသနာ ဖြစ်ပေါ်ရန် အားထုတ်သူ ဖြစ်သည်ဟူသော အကြောင်းပြချက်ဖြင့် ဒဏ်ပေးသည်ကို စူဠ ဝဂ္ဂပါဠိ, ပဉ္စသတိကက္ခန္ဓကဋ္ဌတော်၌ တွေ့ရ၏။ ထိုအချက် များကို ထောက်ထားက ဘိက္ခုသံဃာက အက္ခုနီသံဃာကို မလိုလား သည်မှာ ထင်ရှားလှပေသည်]။

(၂) လူတို့၏ အားပေးချိုးမြောက်မှု နည်းပါးခြင်း၊ [ဘုရားရှင်သက်တော်ထင်ရှား ရှိစဉ်ကပင် ဘိက္ခုနီသံဃာအား ဘဝတူအမျိုးသမီးများကလည်း ဘိက္ခုသံဃာကို ချီးမြောက်သလောက် ထိထိရောက်ရောက် ချီးမြှောက်အားပေးခဲ့ဟန် မတူပေ။ ဘုရားရှင်၏ လက်ဝဲနေရာတော်ရှ တန်ခိုးတေဒင် ဘွဲ့ထူးရှင် အဂ္ဂသာဝိကာ ဥပ္ပလဝဏ်ထေရီက မိမိတို့ဘိက္ခုနီများ လာဘ်လာဘ နဲ့ည်းပါးကြောင်း၊ ယခုဝတ်နေသော သင်းပိုင်သည်ပင် နောက်ဆုံးသင်းပိုင်ဖြစ်၍ မလွှဲနိုင်ပါကြောင်းနှင့် သင်းပိုင်အလှူခံသော ဥဒါယီအား လျှောက်ထားပုံ (ပါရာဇိကဏ်ပါဠိတော်ရှိ နိဿဂ္ဂိယအခဏ်း, စီဝရပဋိဂ္ဂဟဏ သိက္ခာပုဒ်လာစကား) ကို ထောက်လျှင် မိဘဆွေမျိုးမှတပါး လှူဒါန်းမည့်သူနည်း၊ ပုံကို သိနိုင်ပေသည်]။

(၃) သိက္ခာပုဒ်၏ ကြပ်တီးခြင်း၊ [ဘိက္ခုနီတို့၏ သိက္ခာပုဒ်တို့သည် ဘိက္ခုတို့ထက် ပိုမိုများပြား၏။ ဘိက္ခုက ၂၂၇-သာ ရှိသော်လည်း ဘိက္ခုနီက ၃၁၁ ရှိပေသည်။ ထိုအတွင်း အခြို့ သိက္ခာပုဒ်ကြီးများ (ပုံစံ ဘိက္ခုနီပဋိမသံဃာဒိသိသ်ဒ္ဓ မိမိက ရာဂစိတ်ရှိလျက် ရာဂစိတ်ရှိသူ ယောကျ်ားလက်မှ ဆွဲမ်းစသည်ကို ခံယူခြင်း)မှာ သဒ္ဓါပညာ ခေါင်းပါးလွန်းသော သာသနာ နောက်ပိုင်းခေတ်မျိုးတွင် ထိန်းသိမ်းရန်ခက်လှ၏။ထို့ပြင် ဘိက္ခုတို့သည် လူထွက်လိုလျှင် လူဝတ်လဲရုံမျှဖြင့် လူမဖြစ်၊ သိက္ခာချမှသာ လူဖြစ်နိုင်သည်အထိ သိက္ခာခိုင်မြဲသော်လည်း ဘိက္ခုနီအဖို့ လူထွက်လိုလျှင် သိက္ခာပင်ချနေဖွယ် မလို၊ လူဝတ်ဝတ်လိုက်သည်

နှင့် တပြိုင်နက် သိကၡာကျသွားရလေသည်။ ဤမျှ ဘိက္ခုနီတို့၏ သိကၡာပုဒ်များသည် သိမ်မွေ့လှ၏။

ရဟန်းယောကျ်ားမရှိသောကျောင်း၌ မနေရမူ စသည့် သိက္ခာပုဒ်မျိုးနှင့် လူတို့၏ရဟန်းယောကျ်ားနှင့် အတူနေခြင်းကို ကဲ့ရဲ့လိုမူတို့ကလည်း ဘိက္ခုနီတို့အဖို့ ဆူကြားမှုးသဖွယ်နေထိုင်၍ မလွယ်ကူလှချေ]၊

(၄) ခေတ်ဆိုးအကြိမ်ကြိမ် တွေ့ကြုံရခြင်း၊ [ဘိက္ခုနီခေတ် နေ့ကျပ်ပိုင်းဟူသော သီဟိုဠ်သာသနာဝင် တခေတ်လုံးတွင် ဒမိဋ္ဌခေါ် ကျေးကိုလားတို့နှင့် သီဟိုဠ်ဘုရင်တို့ အကြိမ်ကြိမ် စစ်ခင်းနေမှုများ, ရောဂါသယ မကြာမကြာ တွေ့ရှိမှုများ, မိုးခေါင်သဖြင့် အစာရေစာရှားပါးမှုနှင့် ဧကာလတိသဘေး ဖြာဟူကဲတိသ ဘေးကဲ့သို့သော နှစ်ရှည် သူပုန်ဘေးကြောင့် တိုင်းပြည်ပျက်ပြားလုနီးနီး ကြုံတွေ့ရမှုများကလည်း သိမ်မွေ့ကြပ်တီးလှသော ဘိက္ခုနီသာသနာ ကွယ်ပျောက် ရခြင်း၏ အကြောင်းဘရပ်ပင်ဖြစ်၏။ သဒ္ဓါပညာနည်းပါးသော နောက်ပိုင်းခေတ်ဘုင် အရိယာမဟုတ်၊ ပုထုဇဉ်ဘဝဖြင့် : အထက်ပါ အချက် ၃ ချက်ကြောင့် တိုးတက်ရန် မလွယ်ကူသည့်အတွင်း ဤစတုတ္ထအချက်က ပျက်စီးခြောင် ဖန်တီးနေပေရာ အဘယ်မှာလျှင် ဘိက္ခုနီသာသနာ တည်နိုင်တော့အုံနည်း]။

(၅) ပရိပုဏ္ဏမများ စင်ပြိုင်ထွန်းကားနေခြင်း၊ [ဘုရားရှင် လက်ထက်မှစ၍ ပရိပုဏ္ဏကိုဏ်းများသည် ဘုရားသာသနာနှင့်

စင်ပြိုင်တည်ရှိနေခဲ့ပေသည်။ ပရိဗိုဇ်မများသည် ဘိက္ခုနီမများကဲ့သို့ပင် အဝတ်သင်္ကန်းဝတ်ရုံ၍ ဆွမ်းခံစားကြ၏။ (ပရိဗိုဇ်အကြောင်း အကျယ်ကို နောက်အပိုင်းတွင် ဖော်ပြပါမည်) ၎င်းတို့၌ မဂ်ဖိုလ်ရကြောင်း တရားမရှိကြဘဲသော်လည်း လူပြိန်းကြိုက် အယူဝါဒများရှိကြ၏။ ထို့ကြောင့် ဘုရားလက်ထက်ကပင် ပျော်က်ွယ်မသွားသော ပရိဗိုဇ်တို့သည် ဘုရား သာသနာနောက်ပိုင်းတွင် ပိုမိုတိုးတက်လာနိုင်စရာ ရှိပေသည်။ တိုးတက်လာကြောင်းကိုလည်း အသောကမင်းကြီး သာသနာ့ဒါယကာမခံယူမိအခါက ပရိဗိုဇ်တို့အကြိုးအကျယ် ထွန်းကားနေကြောင်းက သက်သေပြ၏။

ထို့ကြောင့် ဘိက္ခုနီသာသနာ မေ့မြိန် အားနည်းလာသော အချိန်တွင် လူ့ဘောင်မှ ထွက်လိုသူ အမျိုးသမီးတို့အဖို့ ကြပ်တီးခဲယဉ်းသော ဘိက္ခုနီအဖြစ်ထက် ချောင်ချိလွယ်ကူသော ပရိဗိုဇ်အသွင်ဖြင့် ဗုဒ္ဓသာသနာရိပ်ကို ခိုလှုံလိုက်ကြပြီး သာသနာတွင်း ပရိဗိုဇ်မများ အနေဖြင့် အစားထိုးလိုက် ခြင်းကပင် ဘိက္ခုနီသာသနာကို နောက်ဆုံးအနိုင်ယူလိုက်ခြင်းလည်း ဖြစ်လာနိုင်စရာ ရှိပေသည်]။

ဤအချက် ၅-ချက်သည်ပင် ဘိက္ခုနီသာသနာကို သာသနာနှစ် ၅၀၀-အတွင်း၌ပင် ကွယ်ပျောက်၍ သွားစေတော့သည်ဟု ယူဆ နိုင်ပေ၏။

ကိုးတိုင်းကိုးဌာနနှင့်ဘိုကျွန်းသာသနာ

ဤတွင်သီဟိုဠ်ကျွန်းသို့ ၉-တိုင်း၉-ဌာန် သာသနာပြုလွှတ်ရာတွင် အရှင်မဟိန္ဒတို့ သာသနာပြုကြွရာ အချိန်မှစ၍ ဘိုကျွန်းသာသနာ ကုန်ဆုံးသည်အထိ ဝေဖန်တင်ပြခဲ့ပေသည်။ ဘိုကျွန်းသာသနာသည် သီဟိုဠ်ကျွန်းဠီသာ အရှည်ဆုံး ဖြစ်ကြောင်း ပါဠိစာပေတို့အရ သိသာရ၏။ မဇ္ဈိမဒေသ အိန္ဒိယတိုင်းတွင် သီဟိုဠ်ဠီ ဘိုကျွန်းသာသနာ မပြတ်စဲမီ အချိန်ကပင်, ဘိုကျွန်းရှိသည့် အရိပ်အရောင်ကို မတွေ့ရပေ။

အသောကမင်းကြီးလက်ထက် သာသနာ ၂၃၅-ခုနှစ် သာသနာပြုလွှတ်ရာ ၉-တိုင်းတွင် ဘိုကျွန်း ဖြစ်ပေါ်လာသော တိုင်း ၃-တိုင်းသာရှိလေသည်၊ ထို တိုင်း ၃-တိုင်းကား ဖေဝ် ပြပါ သီဟိုဠ်နှင့် အပရန္တတိုင်း သုဝဏ္ဏဘူမိတိုင်းကို မြန်မာ့သာသနာဝင်နှင့်ဆက်၍ တခမ်းတနား စိစစ်ဖွယ်ရှိ၍ အပရန္တတိုင်းကို ဤဠီသာရုံ ဖော်ပြလိုပေသည်။

အပရန္တိုင်း

ကိုးတိုင်းကိုးဌာနတွင် ဘိုကွန်များ ပေါ်ပေါက်လာခဲ့သေးသော တိုင်းတတိုင်းမှာ အပရန္တတိုင်းဖြစ်၏။ ၎င်းအပရန္တတိုင်းကို သုနာပရန္တတိုင်းဟူ၍လည်း ခေါ်လေသည်။

ထိုအပရန္တခေါ် သုနာပရန္တတိုင်းသို့ ယောနကဓမ္မရက္ခိတထေရ်ကြွရောက်ပြီး အဂ္ဂိခန္ဓောပမသုတ်ကို ဟောကြားတော်မူရာ ခုနစ်သောင်းသော သတ္တဝါများ အကျိုးရှိစေသည်ဟူဆို၏၊ မင်းမျိုးမှ ရဟန်းပြုကြသည်မှာ အမျိုးသားတထောင်ရှိပြီး အမျိုးသမီးထဲမှ ခြောက်ထောင် ရဟန်းပြုကြသည်ဟု ဆိုလေသည်၊ အမျိုးသမီးခြောက်ထောင် ရဟန်းပြုရာ၌ မည်သည့် ဘိကွန်များ ကြွရောက်၍ ကြီးမှူးပေးကြောင်း၊ ဘိက္ခုနီသက်တမ်း မည်မျှရှည်လျား၍ မည်သို့ဆက်နွယ် ဆင်းသက်ကြောင်း တစုံနှင်းတစမျှပင် မသိရပေ၊ ထို့ကြောင့် နှစ်အနည်းငယ်မျှသာ ဖြစ်ထုန်း ပေါ်ပေါက်ခဲ့ပြီး ကွယ်ပျောက်သွားသည်ဟုသာ ယူဆရပေတော့သည်။

ဤ အပရန္တခေါ် သုနာပရန္တတိုင်းကို စိစစ်ရန်လိုပေသည်၊ ၎င်းတိုင်း၏မြို့တော်မှာ သုပ္ပါရကဖြစ်၏၊ ဝါကိဇဂါမခေါ် အရံမြို့လည်းထင်ရှားတည်ရှိသည်၊ မြန်မာလူမျိုးတို့က ၎င်းအပရန္တတိုင်း သုပ္ပါးကမြို့စသည်တို့ကို မြန်မာနိုင်ငံရောဝတီ

မြစ်အနောက်ဖက် မင်းဘူးနယ် အတွင်း မန်းချောင်းတဂိုက်ကို ညွှန်ပြပြောဆိုကြ၏၊ ရှေစက်တော်သမိုင်း စသည်တို့ကိုလည်း ခိုင်ခိုင်မာမာပြုလုပ်ရေးသားကြလေသည်။

အင်္ဂုတ္တရအဋ္ဌကထာ ပဌမအုပ် ၂၁၉-၌ ဗာဟိယဒါရုစီရိယသည်သုပ္ပါရကမှ ယူဇနာ ၁၂၀-ဝေးသော သာဝတ္ထိပြည်သို့ ကုန်းလမ်းခရီးဖြင့် ခရီးပြင်းလာရာ ကညဖြင့်ပင် ရောက်ကြောင်းဆို၏၊ ထိုဗာဟိယဒါရုဝီရိယအား ဗြဟ္မာကဘုရားရှိရာ လမ်းညွှန်ရာတွင် "သူဥတ္တရေသုဇနပဒေသု = မြောက်အရပ် (သာဝတ္ထို) မြို့တို့၌" ဟုပြောပုံ၊ ထိုဥတ္တရေ သုဇနပဒေသုကို "ဥတ္တရေသူတိ သုပ္ပါရက ပဋ္ဌန ဇောပုဗ္ဗုတ္တရဒိသာဘာဂံ သန္ဓာယ ဝုတ္တံ = မြောက်အရပ်ဆိုသည်မှာ သုပ္ပါရက သဘော်ဆိပ်မှနေပြီး အရှေ့မြောက်အရပ်ကို ရည်ရွယ်၍ဆို၏" ဟု ဥဒါနအဋ္ဌကထာဖွင့်ဆို ညွှန်ကြားပုံတို့ကိုထောက်၍ သုနာပရန္တတိုင်းမြို့တော် သုပ္ပါရကသည် သာဝတ္ထိပြည်၏ အနောက်တောင် ယူဇနာ ၂၀၀ ခန့်ကွာဝေးသောအရပ်၌ ရှိကြောင်းသိနိုင်သဖြင့် မြန်မာနိုင်ငံ မင်းဘူးမြို့နယ်မဟုတ်ကြောင်း ထင်ရှားလေသည်။

ဗုဒ္ဓသာသနိက ပဌဝိဝင်ကျမ်းတွင် "တိုင်းအမည် အပရန္တ သို့မဟုတ် သုနာပရန္တတိုင်း ရှေးမြို့ဟောင်းအမည် သုပ္ပါရက ယခုမြို့အမည် ဆိုပါ၏၊ ရှေးအရပ်မြို့အမည် ဝါကိဇဂါမတည်ရာဌာနကား နမ္မဒါမြစ်နှင့် ပစ္ဆိမဃာဋ်ခေါ် အနောက်

ဃဝဋ္ဋတောင်အတွင်း ဗုမ္မ၀ိုင် (ဘုံဘော) မြို့မြောက်. ထာနာ (သာန) စီရင်စုနှင့် သုရတ (စုရတ်) ဒီစတြိတ်စီရင်စု နယ်ပယ် များဦတည်ရှိသည်" ဟု (၎င်းကျမ်း ၂၀၄) ဆိုလေသည်၊ အပ ရုံ တိုင်းသည် ဘုံဘောမြို့မှ မြောက်ဖက်ကမ်းရိုးတလျောက်ကို ဆိုးကြောင်း ကျောက်စာဦဝနကလည်း ဖော်ပြထားသည်ဟူ၏။

ဘုရားလက်ထက်က ပုဏ္ဏမထေရ်က မိမိဇာတိ ဖြစ်သော အပရန္တတိုင်းသို့ကြွလို့ကြောင်း ဘုရားကိုလျှောက်ထားရာ" သင်တို့ အပရန္တတိုင်းသားမျာ သည် ရိုင်းစိုင်းသူများဖြစ်ကြောင်း၊ ဆဲ ရေးရေရွတ်လျှင် အုတ်ကျောက်ခဲတို့ဖြင့် ပစ်ပေါက်လျှင် တုတ် ခါးတို့ဖြင့် ရိုက်ပုတ်ထိုးခုတ်လျှင် အသက်ကိုရန်ရှာလျှင်မည်သို့သ ဘော ထားရှိမည်နည်းမှစ၍ မေးမြန်းတော်မူပု ံ အရှင်ပုဏ္ဏက ဖြေကြားပု ံများနှင့် ဘုရားရှင်အပရန္တတိုင်းသို့ ကြွတော်မူပု ံမှ စ၍ သစ္စဗန်ဂသေ့ နမ္မဒါနဂါးတို့တောင်းပန်၍ ပဒစေတီ (ခြေတော်ရာ) ၂ ဆူ ချထားပေးတော်မူပု ံများ အကျယ်တ၀ှ် ကို ဥပရိပဏ္ဏာသပါဠိ, အဋ္ဌကထာ ပုဏ္ဏော၀ါဒသုတ်နှင့်ဂင်း၏ အဖွင့်တို့၌တွေ့ရှိရပေသည်။ဂင်းအရှင်ပုဏ္ဏ၀ို့၏အပရန္တတိုင်းသည် ကားဖော်ပြပါဘုံဘော၏မြောက်ဖက်ကမ်းရိုးတန်းအတွင်းရှိစုရတ် စီရင်စုနယ်များပင် ဖြစ်ကြောင်း မှတ်သား ထားသင့်ပေသည်။

သုဝဏ္ဏဘူမိ

သုဝဏ္ဏဘူမိဂတ်ဝန်၊ သောဏုတ္တရာ မဟိဒ္ဓိကာ။
ပိသာစေနိဒ္ဓမိတ်ဝန်၊ ဗြဟ္မဇာလ မဒေသိသုံ။

တန်ခိုးကြီးသော သောဏထေရ်နှင့် ဥတ္တရထေရ်တို့သည် သုဝဏ္ဏဘူမိတိုင်းသို့ ကြွတော်မူ၍ ရက္ခ၀်သ်ဘီလူးတို့ကို နှိမ်နင်းလျက် ဗြဟ္မဇာလသုတ်တော်ကို ဟောတော်မူကုန်၏။

အရှင်ဗောဂ်လိပုတ္တတိဿထေရ်အမျှူးပြုသော တတိယသံဂါယနာပွဲကြီး ပြီးမြောက်သွားပြီးနောက် ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုစေလွှတ်ရာ၀ယ် သုဝဏ္ဏဘူမိတိုင်းသို့ ရှင်သောဏနှင့် ရှင်ဥတ္တရတို့ကို ခေါင်းဆောင်၍ ရဟန္တာငါးပါး သာသနာပြု ကြွတော်မူလေသည်။

“သောဏာမထေရ် သည်လည်း ဥတ္တရမထေနှင့် အတူ သုဝဏ္ဏဘူမိ(တိုင်း)သို့ကြွသွားလေ၏၊ ထိုအခါ သုဝဏ္ဏဘူမိ တုိင်းဘယောက်ခသာ ရက္ခ၀်ရ်သ်ဘီလူးမသည် သမုဒ္ဒရာမှ ထွက်၍ မင်းအိမ်၌ ဖွားတိုင်းဖွားတိုင်းသော သူငယ်တို့ကို စား၏၊ ထို့မထေရ်တို့ လာသော နေ့၌သာလျှင် မင်းအိမ်၌ တယောက်သော သူငယ်ကို ဖွားမြင်၏၊ လူတို့သည် မထေရ်ကိုမြင်၍ ‘ဤသူသည်

ရကွဲ့သိတို့၏ အပေါင်းအဖော်တည်း' ဟု မှတ်ထင်၍လက်နက်ဘို့ကို ယူလျက် မထေရ်ကို ပုတ်ခတ်ရန် လာကြကုန်၏။ မထေရ်ကသင်တို့သည် လက်နက်စွဲကုန်လျက် အဘယ့်ကြောင့် လာကုန်သနည်း'ဟု မေးလေသော် ထိုသူသည် 'မင်းအိမ်၌ ဖွားတိုင်းဖွားတိုင်းသော သူငယ်တို့ကို ရကွဲ့သိတို့သည်စားကုန်၏၊ သင်တို့သည် ထိုရကွဲ့သိတို့၏ အပေါင်းအဖေါ်တို့တည်း' ဟု ဆိုကုန်၏၊ မထေရ်သည် "ငါတို့ကား ရကွဲ့သိတို့၏ အပေါင်း အဖော် မဟုတ်ကုန်၊ ငါတို့ ရဟန်းမည်သည် သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ကုန်၏....ဝ....သေရည်အရက် သောက်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ တနပ်သာစားကုန်၏၊ သီလကို ဆောက်တည်၏၊ ကောင်းသော အဲကျင့်ရှိ၏' ဟု မိန့်တော်မူ၏၊ ထိုခဏ၌ပင် လာနေကျ ရကွဲ့သိမသည် 'မင်းအိမ်၌ သူငယ်ဖွား၏၊ ထိုသူငယ်ကို စားအုံ' ဟူ၍ အခြံအရုံနှင့်တကွ သမုဒ္ဒရာမှ ထွက်လာ၏၊ လူတို့သည် ရကွဲ့သိမကို မြင်၍ 'အရှင်ဘုရားတို့ ရကွဲ့သိမသည် လာပြီ' ဟု ကြောက်ကြောက်ရွံ့ရွံ့ဖြင့် အော်ဟစ်ကြကုန်၏၊ မထေရ်သည် ရကွဲ့သိတို့ထက် နှစ်ဆသော အာဘာဝေါတို့ဖြင့် ပရိသတ်နှင့်တကွသော ထိုရကွဲ့သိမကို ဗဟိုပြု၍ ဘေးနှစ်ဘက်တို့၌ ဝန်းပတ်ခြံရုံ၏၊ ထိုပရိသတ်နှင့်တကွသော ရကွဲ့သိမအား 'မခွတ်လျင် ဤသူတို့သည် ဤနေရာကို အပိုင်စားရသည်ဖြစ်လတံ့၊ ငါတို့ကား ဤသူတို့၏ အစာဖြစ်ရတော့အုံ' ဟု ကြံစည်မိ၍ အားလုံးတို့သည်သာလျင် ကြောက်လန့်ကုန်လျက် လျင်စွာ ပြေးကြကုန်၏၊ မထေရ်သည်လည်း ထိုရကွဲ့သိတို့ကို မမြင်နိုင်လောက်သော နေရာသို့ တိုင်အောင် မောင်းနှင်

ကာ ကျွန်း၏ ထက်ဝန်းကျင်မှ အစောင့်အရှောက်ကို ထားပေ၏၊ ထိုအခါ၌ စည်းဝေးရောက်လာသော လူအပေါင်းကို ငြိဟ္မဇာလသုတ်တော်အား ကြည်ညိုစေ၍ (ကြည်ညိုစဖွယ် ဟောကြား၍) သရဏဂုံသုံးပါးတို့၌ဌာန်း သီလတို့၌ဌာန်း တည်စေ၏၊ ဤအစည်းအဝေး၌ကား ခြောက်သောင်းသော သတ္တဝါတို့အား အကျွတ်တရားကို ရစေ၏၊ အမျိုးသား သုံးထောင့် ငါးရာ အမျိုးသမီး တထောင့်ငါးရာတို့သည် ရဟန်းပြုကုန်၏၊ ဤသို့လျှင် ထိုသောဇာမထေရ်သည် ထိုသုဝဏ္ဏဘူမိ၌ သာသနာတော်ကို တည်စေ၏၊ ထို့နောက် အစပြု၍ မင်းအိမ်၌ ဖွားသော သူငယ်တို့ကို သောဏုတ္တရယူသော အမည်ကိုသာလျှင် ပြုကုန်သတည်း" (ပါရာဇိကဏ် အဋ္ဌကထာ, ပဌမအုပ်, တတိယသင်္ဂီတိကထာ-၅၁)

အထက်ပါ စကားရပ်မှာ ပါရာဇိကဏ် အဋ္ဌကထာလာ သုဝဏ္ဏဘူမိ သာသနာပြုရောက်ခဏ်း စကားရပ်ပင်ဖြစ်၏၊ ထို၌ အမျိုးသမီးတထောင့်ငါးရာ ရဟန်းပြုကြောင်းကို ဆိုထား၏၊ ထိုအချက်ကို မလေ့လာ မစိစစ်မီ ကျွန်ုပ်တို့သည် သုဝဏ္ဏဘူမိကို အဖြေရှာရန် အရေးကြီးပေသည်။

သုဝဏ္ဏဘူမိဟူသော အမည်သည် ဇာတ်နိပါတ်ရာဇဝင်များဋ္ဌကထာ၊ လောကိဇာတ်စာများဋ္ဌကထာ ထင်ရှားလှ၏၊ မဟာဇနကဇာတ်၌ မိမိနေရာမြို့ဖြစ်သော စပွာနဂိုရ်မှမြစ်ကြောင်းအတိုင်း ပင်လယ်သို့ထွက်ပြီးလျှင် သုဝဏ္ဏဘူမိသို့ ကုန်ကူးသန်းသွားရာ

သဘော်ဖြင့် ၇-ရက် သွား၍ ယူဇနာ ၇၀၀ - ခရောင်လျှင် သဘော်ပျက်ကြောင်း ပါရှိ၏၊ ရာမာယဏဇာတ်တွင် သီတာမိဖုရားကိုရှာရန် မျောက်စစ်သည်တို့သည် ယဝဒီပ (ကျားဗားကျွန်း)သို့ရောင်း သုဝဏ္ဏရူပက (သုဝဏ္ဏဘူမိ)သို့ရောင်း သွားရောက်ကြကုန်၏ဟု ဖော်ပြထား၏၊ ပေတဝတ္ထု အဋ္ဌကထာတွင်သုဝဏ္ဏဘူမိသို့ ကုန်ကူးသွားသော ကုန်သည်များ သဘော်ပျက်ရာကျွန်းငယ်တခုတွင် ဆိပ်ကောင်း၍ လှုပပြီး အဝတ်မရှိသော ပြိတ္တာမတဉီးတို့ တွေ့ရသော ဝတ္ထုတခုနှင့် မိန်းမတဉီး သုဝဏ္ဏဘူမိသို့ သဘော်ဖြင့်သွားရာ သမုဒ္ဒရာအလယ်၌ နတ်ပြိတ္တာနှင့် တွေ့၍ ပေါင်းဖော်နေကြောင်း (ပေတဝတ္ထု အဋ္ဌကထာ ၄၄-၂၅၄) ဝတ္ထုတခုကို တွေ့ရသည်။

ဤစကားမျာ်းအရ သုဝဏ္ဏဘူမိဟူသည် (အိန္ဒိယ မဇ္ဈိမဒေသ)မှ ရေလမ်းခရီးဖြစ်ကြောင်း ယူဇနာ ၇၀၀- ထက်ပို၍ ဝေးကြောင်းပါရာဇိကဏ် အဋ္ဌကထာလာ 'ဒီပသာသမန္တာတော ရက္ခံဋ္ဌပေတ္တဝါ' အရကျွန်းမြေဖြစ် ကြောင်းတို့ကို သိရှိရပေသည်။

မြန်မာရာဇဝင်များတွင် သုဝဏ္ဏဘူမိသည် ယခုတနာ်ဝရီတိုင်းအပါအဝင် (ထိုအခါကသုဓမ္မပူရမည်သော) သထုံမြို့ဖြစ်ကြောင်း ထိုသထုံမြို့သည်ပင် သောဏထေရ် ဥတ္တရထေရ်တို့ သာသနာပြုကြွရာ ကိုးတိုင်းကိုးဋ္ဌာန အပါအဝင် သုဝဏ္ဏဘူမိဖြစ်ကြောင်းကို အခိုင်အမာပြဆိုထားကြလေသည်၊ ထို့ပြင်ထို သုဝဏ္ဏဘူမိနေရာကို သာသနာလက်ဝရတွင် "ထိုရောအခါ

သုဝဏ္ဏဘူမိတိုင်း သထုံပြည်ဝယ် သီရိမာသောက မင်းပြု၏။ သထုံပြည်ကား ကေလာသတောင်ထိပ်စေတီ အနောက်တောင်တွင် အရှေ့တဝက်တောင်ထိပ် အနောက်တဝက် မြေညီခဲ့တည်၏၊ ဆိုမြို့ကို တင်လဲချက်သော လူတို့အိမ်ကဲ့သို့ အိမ်အများ ရှိလေသောကြောင့် ဂေါဠမတို့ကမြို့လည်း ခေါ်ဝေါ်သည်၊ တိုက်ကုလားမြို့ဟုလည်း အမှာပါ၏" ဟု နေရာ အတိုအကျ ညွှန်၍ နောက်ခေတ် အမည်များကိုပါ ဖော်ပြထားလေသည်၊ ထို့အတူ ကလျာဏီကျောက်စာဌိလည်း 'သောဏထေရ် ဥတ္တရထေရ်တို့ကို သုဝဏ္ဏဘူမိတိုင်းဟု ဆိုအပ်သော ရာမညဒေသ၌ သာသနာတည်စေရန် စေလွှတ်၏။ ထိုအခါ သုဝဏ္ဏဘူမိ၌ သီရိမာသောကမည်သောမင်း မင်းပြု၏။ ထိုမင်း၏ မင်းနေပြည်သည် ကေလာသတောင် စေတီ၏ အနောက် မြောက် အရပ်၌ဖြစ်၏။ ထိုသုဝဏ္ဏဘူမိ၏ မြို့အရှေ့ဖက်ခြမ်းသည် တောင်ထိပ်၌ဖြစ်၏။ အနောက်ဖက်ခြမ်းသည် မြေညီ၌ ဖြစ်သတည်း" ဟု ရာမညဒေသ ဓာလာသတောင်၏ အနောက်မြောက်အရပ်၌ တည်ရှိသည်ဟု ဆိုပေသည်၊ (ထိုနေရာ၌ ယခုအခါ အရက်သမရွာ ဟူသော ရွာကြီးတရွာ တည်ရှိသည်)။

ဒေါက်တာ သန်းထွန်း၏ ခေတ်ဟောင်း မြန်မာရာဇဝင် မှန်အခင်း(၈၁) တွင်လည်း "ဤတွင် ငါးရာငါးဆယ် ဇာတ်တော်များမှအစ ပါဠိစာပေ၌ ထင်ရှားပါရှိသော သုဝဏ္ဏဘူမိဟူသည် မည်သည့် အရပ်နည်းဟု တွေးတော ကြံဆ ဘွယ်ရှိပါသည်၊....ဝ....ယင်းသုဝဏ္ဏဘူမိကား သထုံမဟုတ်ဟူ၍ ဆိုချင်

ပါသည်၊ သထုံ၏ အနောက်မြောက်ဖက် မိုင် ၃၀, ခန့်အကွာ၌ ကေလာသကျောက်တောင်စွန်း ရှိပါသည်၊ ထိုတောင်စွန်း၏ တောင်ပေါ် တောင်အောက် တဝိုက်သာလျှင် သုဝဏ္ဏဘူမိမြို့ ဟောင်းရာ ဖြစ်ပါသည်၊ လတ်တီတွက်မြောက် ၁၇ အံသာ ၁၃ လိတ္တာနှင့် လောင်တီတွတ် အရှေ့ ၉၇ အံသာ ၆လိတ္တာ တွင်ရှိ၏၊ ရှေးကျလျက် ကျော်စော ထင်ရှားသော အရပ် ဖြစ်ရကား ခရစ်နှစ် ၁၀၉၇ ခုနှစ်က ထိုလိုင် (ကျန်စစ်) မင်းက အမိန့်တော်ဖြင့် စေတီနှစ်ဆူကိုလာ၍ ပြုပြင်၏" ဟု ခေတ်မြေပုံ အတိုင်းအတာ ကျောက်စာအယူအဆတို့ဖြင့် ခိုင်ခိုင်မာမာ ရေးသားထားလေသည်။

သုဝဏ္ဏဘူမိနှင့် ပတ်သက်၍ ဝါဒကဲ့ များစွာ ရှိသည်၊ (၁)သုဝဏ္ဏဘူမိသည် ဘုံဘောနယ်အတွင်း၌ရှိသည်၊ (၂)ဗင်္ဂလားနယ်အတွင်းရှိ ကဏ္ဏ သုဝဏ္ဏအရပ်သည် သုဝဏ္ဏဘူမိပင်ဖြစ်သည်၊ (၃)အိန္ဒိယအလယ်ပိုင်းဆုန်းမြင့်၏ ပတ်ဝန်းကျင်နယ်ပယ် အရပ်သည် သုဝဏ္ဏဘူမိပင်ဖြစ်သည်ဟုအမျိုးမျိုးဆို၏။

သို့သော် ကိုးတိုင်း ကိုးဌာန် သာသနာပြု စေလွှတ်ရာ၌ သာသနာမရောက်သေးသောအစွန်အဖျားဒေသ ပစ္စန္တိမဇနပုဒ်တို့သို့စေလွှတ်ခြင်းသာဖြစ်ရာဖော်ပြပါနေရာအချို့မှာမတွဲမဒေသ အိန္ဒိယ အလယ်ပိုင်းဌာနမျှဉ်း ဖြစ်သဖြင့် တကြောင်း ဖေါ်ပြပါဇနကဇာတ်စသည်တို့၌ သဘော်ဖြင့် မိုင်းပေါင်းများစွာ သွားရကြောင်းတို့ကို ထောက်ထား၍ တကြောင်း စမ္ပာနဂိုရ်မှ သဘော်

ဖြင့်ထွက်လာလျှင် ဘင်္ဂလားပင်လယ်အော်သို့သာ ရောက်လာစရာ ရှိခြင်းတို့ကို ထောက်ထား၍ တခြားတို့ခြားတို့ ခိုင်ခန့်မှု မရှိဟု မှတ်သင့်၏။

ဗုဒ္ဓသာသနိကပဌဝိဝင်ကျမ်းတွင် သုဝဏ္ဏဘူမိသည် စုမတြာကျွန်း ဖြစ်ကြောင်း ဤသို့ အထောက် အထား ပြ၍ ဆိုထား၏၊ "ဤနိယပြည်ကမ္ဘည်း ကျောက်စာဘက်ဆိုင်ရာက ထုတ်ဝေသော နာလန္ဒာအကြောင်းစာအုပ်၌ ဖော်ပြပါရှိသော နာလန္ဒာကျောင်းကြီး တူးဖော်တွေ့ရှိပုံ အကြောင်းအရာတွင် ဒေါက်ပါအချက်များ ပါရှိသည်၊ (တူးဖော်တွေ့ရှိရာ၌ နံပတ် ၁ ဧည့်ခံခန်းမကြီး အဝင်အနောက်မြောက်ထောင့်တနေရာတွင် ဝင်္ကတိုင်း ပါလမင်းဆက် သုံးဆက် မြောက် ကရင်သကရင် ၉၀၀, သာသနာနှစ် ၁၄၄၄ ခုနှစ်ပိုင်း အနှစ်ငါးဆယ် လောက်က အုပ်စိုး ခဲ့သော ဒေဝပါလမင်း ထားခဲ့သော ကြေးပုရပိုက်ကို တူးဖော် တွေ့ရှိရသည်၊ ၎င်းပရပိုက်၌ ဖော်ပြ ထားသည်မှာ "သုဝဏ္ဏဒီပခေါ် သုမတြာကျွန်းဘုရင် သီရိဗလ ပုဏ္ဏဒေဝသည် နာလန္ဒာ ကျောင်းကြီး တည်မြဲစေရန် အစောင့် အရှောက်အထောက်အပံ့ဖြစ်စေရန်နှင့် ၎င်းကျောင်း၌ လာရောက် သီတင်းသုံး၍ ပညာ သင်ကြားကုန်သော ရဟန်းတော်များ ချမ်းသာစေရန် အလို့ငှာ သီရိနဂရခေါ် ပါဠလိပုလ်ခရိုင်နိုင်ငံ အတွင်း ရာဇဂဟ ဂယာ စီရင်စုများတွင် ရှိသော ရွာငါးရွာကို ဒေးလှူရာ ၎င်းရွာငါးရွာအဖို့ မိမိပိုင်ဆိုင်သော သုဝဏ္ဏဘူမိ၌

ရှိသော ရွာငါးရွာကို အစားထိုး၍ ထိုအခါက ပါဠလိပုတ်ခရိုင်နိုင်ငံကိုပိုင်ဆိုင်သော ဒေဝပါလမင်းအား ဖလှယ်ပေးကြောင်း" ဤသို့ ဖော်ပြထားသည်)၊ ဤသို့ဆိုအပ်ခဲ့ပြီးသော အလွန် ရှေးကျသော ပုရပိုက်စာရှိ စကားကို ထောက်၍ မူလသုဝဏ္ဏဘူ မိအဖြစ် သုမတြာ (စုံမတြာ) ကျွန်းကို ပြဆိုရသည်"။

(ဗုဒ္ဓသာသနိက ပဌဝိဝင်-စာမျက်နှာ-၂၃၃)။

ထို့ပြင် ထိုကျမ်း စာမျက်နှာ ၂၃၂၌"ထိုမှတပါး မဟာဇနက ဇာတက စသော သာသနိကကျမ်း ရာမာယန စ သော လောကိက ကျမ်း မှတ်တမ်းလာ စကားများ အရ ဤနှံယမှ သုဝဏ္ဏဘူမိသို့ သာသနာရေးအားဖြင့်၎င်း လောကရေးအားဖြင့်၎င်း များစွာ အကူးအသန်း အဆက်အသွယ်ရှိခဲ့ကြပုံ ယခုတိုင် သာသနာ အခြေအနေနှင့် ရှေးဟောင်း အဆောက် အဦး များ ဘည်ရှိ နေကြပုံများကို ထောက်ထား၍ သုဝဏ္ဏ ဘူမိ နယ် သည် စုမတြာကျွန်းမျှသာ မဟုတ်ဘဲ ၎င်း ကျွန်းကို အရင်းခံ ထား၍ အခြားနီးစပ်ရာ ဗင်္ဂလားအော်အရှေဖက်ကမ်း၌ တည်ရှိကြသော ကျားဝါးကျွန်း၊ဗာလီ ကျွန်း၊ဘိုရည်ကျွန်း၊ သိဃ်ပူရခေါ်စက်ာပူ မလွာယု ခေါ် ပသျှုးကျွန်း ကမ္ဘော ဒီယာ ခေါ် ခမင်ပြည် လာအို ခေါ် လောပြည် (ကုန္ဒောစီန အင်ဓိကျိနား) ယိုးဒယား ပြည် တနင်္သာရီ ဗမာပြည် အောက်ပိုင်း ရာမည တိုင်းများပါ

သုဝဏ္ဏဘူမိ အပါအဝင် သုဝဏ္ဏဘူမိ နယ်မျှား ဖြစ်သင့်သည်ဟု ပြခဲ့ဆိုပေသည်”ဟု ရေးသားထားပေသည်။

အချို့ပညာရှင်တို့က ယိုဒယားပြည်ရှိ ဖရဖထုံစေတီတော်ကြီး ရှိရာ နခွန်းပထုံကို သုဝဏ္ဏဘူမိဟု စဲ့ယူ ထားကြ၏ ထိုဥဒ္ဒရိသော ရှေးဟောင်းပစ္စည်းများတွင်ပုဂံအနော်ရထာခေတ်မှ အနိရုဒ္ဓ(အနော်ရထာ) အမှတ် တံဆိပ်ပါ အုဋ္ဌ ခွက် များ ကို အထောက်အထားအနေဖြင့် ညွှန်ပြကြ၏၊အနော်ရထားမင်း လာရောက်တိုက်ခိုက်၍ပိဋကတော်များပင့်ဆောင်သွားရာသုဝဏ္ဏဘူမိသည် ယဲခု နခွန်းပထုံပင်ဖြစ်သည်ဟု ပြောဆိုကြကုန်၏။

ထိုစကားကို အခိုင်အမာယူလိုလျှင်....အနော်ရထာ မင်းသည် သုဝဏ္ဏဘူမိ၏မြို့တော်မှပိဋကတော်များသာမကထိုမြို့၏မင်းဖြစ်သော မနူဟာ(ကျောက်စာပညာရှင်များအလို-မူလ မကုဋမှ မနောဟ=မနူဟာ)ကို ပုဂံပြည်သို့ ဖမ်းဆီး ခေါ်ဆောင် လာခဲ့ကြောင်း, ထိုပုဂံရောက် မနူဟာမင်းသည် “မြင်းကပါ သူဌေးဥစ္စာ မနောမယ ပဉ္စာမြားကို အဖိုးဖြတ်ပြီ.သော် ငွေအသပြာ ခြောက်သောင်းရ၏၊ ဘုရားကြီးစွာ မနောဟာဟူ၍တည်၏၊ ဘုရား ဝန်းကျင်၌ ဥယျာဉ်ထန်းသရက်အစုံလှူတော်မူ၏”စသောအကြောင်းအရာများဖြင့် ရေးထိုးခဲ့သော ကျောက်စာများ အရှင်း ယခုတည်ရှိနေသော မနူဟာနန်းဘုရားစသော အဆောက်အဦများကို ထောက်ထား၍ဂင်း ထိုမနူဟာမင်း၏မြစ် နာဂသမန်း(မနူဟာမင်း၏ သားတော် သုဓမ္မာဇ၊ ဂင်း၏ သားတော်အသဝတ်ဓမ္မာ၊ အသဝတ်ဓမ္မာ၏သာ) နှင့် အနော်ရထာ၏ မြစ် ဒုတိယ

ရွှေအိမ်သည်* (အနော်ရထာ၏သား စောလူး၊ ၎င်း၏သားတော် စောယွန်း၊ ၎င်း၏သား အလောင်းစည်သူ၊ အလောင်းစည်သူ၏ သမီး) တို့ကို လက်ထပ် ပေးခဲ့သော ကျောက်စာ စကားများကို ထောက်ထား၍၎င်း သထုံဘုရင်၊ ဝါ-သုဝဏ္ဏဘူမိကိုအစိုးရသော မွန်မင်းသည် သုံ့ပန်းမင်းအနေဖြင့် ပုဂံသို့ ရောက်ရှိ စံနေခဲ့ရ ကြောင်းတို့မှာ ထင်ရှားလွန်းလှသဖြင့် ဤပြဿနာကို ရှင်းလင်း ရန် ခက်ခဲ ပေလိမ့်မည်။

အထက်ပါ အချက်များကို ဝေဖန်ထောက်ရှု၍ စေ့စေ့ငုငု စိစစ်လိုက်လျှင်—

သုဝဏ္ဏဘူမိသည်

၁။ မဟာဇနကဇာတ်တော်အရ မဇ္ဈိမဒေသမှ သဘော်ထွက်၍ ယူဇနာ ၇၀၀-တွင်သဘော်ပျက်ကြောင်း ပါရှိ၍ ၎င်းယူဇနဲ့ာ ၇၀၀-ထက်ပို၍ ဝေးလံသော အရပ်ဒေသဖြစ်ရမည်ဖြစ်ခြင်း။

၂။ ပါရာဇိကဏ်အဋ္ဌကထာအရကျွန်းမြေဖြစ်ခြင်း။

---

*ရွှေအိမ့်သည် ဟူသော အမည်မှာ ငယ်နာမည် ဟုတ် ဟန် မတူ၊ ကုလားကျမင်းခေါ် နရသူအား ဘိမ့်တော်ရှင်ဟူ၍၎င်း, အင်းဝ နရပတိ မင်းအား ရွှေနန်းကြွေရှင်ဟူ၍၎င်း၊ ဒုဆောက်အဦကို စွဲ၍ အမည် ဖြစ်လာသကဲ့သို့ ဤမင်းသမီးကိုလည်း ရွှေဘိမ့်ဖြင့် စံမြန်းစေ၍ ရွှေအိမ့် သည် ဟု ခေါ်ခြင်းဖြစ်တန်ရာ၏၊ ၎င်း၏အဖွား(အလောင်းစည်သူ၏ မိခင်)သည်လည်း ရွှေအိမ်သည်ပင်မည်၏၊ တပင်တိုင် မင်းသမီးဟူသော အမည်ကဲ့သို့ဖြစ်ပေလိမ့်မည်။

၃။ ဗဂ်လားပင်လယ်အော်၏ အရှေ့ဖက်၌တည်ရှိခြင်း။

၄။ လှေ သဘော်နှင့် သွား လာ ကုန် ကူး သန်း မှု များ ပြား ခြင်း။

၅။ ရေးဟောင်း သာသနာ့ အဆောက်အဦများ ထင် ရှား ခြင်း။

စသော အချက်များပေါ် မူတည်၍ ကောက်ချက် ချရ သော် မြန်မာပြည်အပါအဝင် အာရှအရှေ့တောင် နယ်ပယ်များ ဖြစ်သော မလေး, စင်္ကာပူ, ဂျာဗား, စုမတြာ, ယိုးဒယား, ကမ္ဘောဒီးယား, လာအိုနှင့် ဗီယက်နမ် နိုင်ငံအားလုံးတို့ကိုပင် ခေါ်သည်၊ ဝါ—အင်ဒိုချိုင်းနားကျွန်းဆွယ်ကြီး တခုလုံးနှင့် ဂျာဗားစုမတြာဟိုသည်, သုဝဏ္ဏဘူမိပင်ဖြစ်သည်ဟု မှတ်သား သင့်ပေသည်။

ဖော်ပြပါ ဌာနကြီးတခုလုံးကို သုဝဏ္ဏဘူမိတိုင်းဟု ခြုံ၍ ခေါ်ရသော်လည်း မြို့တော်သည်ကား အခြေအနေအားလျော် စွာ အပြောင်းအလဲရှိမည်မှာ မလွဲပေ၊ မဟာဇနံက မင်းသားတို့ ခေတ်က သုဝဏ္ဏဘူမိမြို့တော်သည် မည်သည့်မြို့ဟု အတိအကျ မသိရသော်လည်း သောဏထေရ်, ဥတ္တရ ထေရ်တို့ သာသနာပြု ကြွလာသောခေတ်၌မူ စာပေအရပ်ရပ်ကို ထောက်ရှု၍ သုဓမ္မပူရ (ကေလာသတောင် ပတ်ဝန်းကျင်ဌာန)သည်ပင် မြို့တော်ဖြစ်နေ သည်ဟု ယူဆထား သင့်၏၊ (နောက် သုဓမ္မမှ သုဓုမ်= သထုံ

ဟူသောအမည်ဖြင့် ယခုသထုံမြို့နေရာသို့ရွှေ့ပြောင်း၍ တခေတ် တခါမြို့တော်ဖြစ်လာပေသည်။) နာလန္ဒာ ပရိုက်ပါ စုမတြာ ဘုရင် သိရိဗလပုတ္တဒေဝ လက်ထက် ခရစ်နှစ် ၉၀၀, သာသနာ ၁၄၄၄-အချိန်တွင်မူ သုဝဏ္ဏဘူမိတိုင်း၏ မြို့တော်သည် စုမတြာ ကျွန်း၌ ဖြစ်နေသည်ဟု ယူဆနိုင်ပေသည်။

ဤသို့ဖြင့် သောဏဝေရ၏ ဥတ္တရထေရ်တို့ သာသနာပြုကြွချိန် သာသနာ ၂၃၅ (၃၀၉-ဘီစီ)၌ သုဝဏ္ဏဘူမိ၏ မြို့တော် သုခမ္မပုရတွင် ဘိကၡုနီတထောင့်ငါးရာ ပေါ်ပေါက်ခဲ့ကြောင်း အဆို ရှိပေသည်၊ ဘိက္ခုနီများ ဖြစ်ထွန်းလာသည်ဟု ဆိုသဖြင့် ထိုဘိက္ခုနီများ ရဟန်းအဖြစ် ခံယူရာ၌ အနည်းဆုံး ၅-ပါးခန့် သော ဘိက္ခုနီများ မဇ္ဈိမမှ ပင့်ယူရပေဦးမည်၊ သို့သော်လည်း ထိုဘိက္ခုနီ သာသနာဆိုင်ရာ အကြောင်းအချက်များနှင့် ပတ်သက်၍ အမှတ်အသား တစ်နှန်းတစမှ မတွေ့ရသေးသဖြင့် သိခွင့် မရှိ ဖြစ်ပေ၏။ မည်သို့ပင်ဖြစ်စေ သုဝဏ္ဏဘူမိအနေဖြင့် ဘိက္ခုနီ သာသနာ အသက်ရှည်ပုံမရ၊ သာသနာ ၃၀၀ အတွင်းလောက် တာနည်းအားဖြင့် တထောင့်ငါးရာသော ဘိက္ခုနီတို့ တသက်သာ တည်ရှိပြီး ပျောက်ကွယ်သွားခြင်းဖြစ်ပေမည်ဟု တွေးထင်ခြင်း ဖြင့်သာ သုဝဏ္ဏဘူမိဘိက္ခုနီသာသနာကို နိဂုံးချုပ်ရပေတော့မည်။

ဒုတိယပိုင်း

သီလရှင်ခေတ်

"သီလရှင်" ဟု ယခု ခေတ်တွင် ခေါ်ဆို နေကြသည့် သာသနာဝင်အမျိုးသမီးအဖွဲ့အစည်းကြီးသည် မြန်မာ့ရာဇဝင် တလျှောက်တွင် ဂုဏ်သိရှိစွာ ထည်ဝါခံ့ခံ့ ကြုံ့ကြုံ့ ခိုင်ခိုင် ရပ်တည်၍ နေခဲ့ပေသည်၊ ထိုသို့မြန်မာ့ရာဇဝင် တလျှောက်လုံး မှာပင် ကြုံ့ကြုံ့ခိုင်ခိုင် ရပ်တည်နိုင်ခဲ့သည်ကိုလည်း စာပေ အထောက်အထားများစွာ ထင်ရှားတည်ရှိနေခဲ့သဖြင့် သိရပေသည်။ သို့သော် သီလရှင်ဟူသော အမည်ကိုကား ကုန်းဘောင် ခေတ်ဦးအခါ ကာလမှစ၍ အသုံးပြုခဲ့ဟန်တူ၏ ထိုထက် ရှေး ကျသော အင်းဝခေတ် ပုဂံခေတ် စသည်တို့တွင် အခြားအမည် များဖြင့် သုံးစွဲအမှတ်အသား ပြုခဲ့ကြပေသည်။

လောကဥ္စာ ဘုရားရှင် ပွင့်ထွန်းလာခြင်း ဒုလ္လဘ တရား၊ လူ့အဖြစ်ကိုရရှိခြင်း ဒုလ္လဘတရား၊ သဒ္ဓါတရားနှင့်ပြည့်စုံသူအဖြစ်

ဒုလ္လဘတရား, ပဗ္ဗဇိတအဖြစ်ကိုရရှိခြင်း ဒုလ္လဘတရားနှင့် သူတော်ကောင်း တရားနာကြားရခြင်း ဒုလ္လဘတရားဟူ၍ ဒုလ္လဘတရား ငါးပါးထင်ရှားရှိ၏။ ထိုဒုလ္လဘ တရားငါးပါးစလုံးကို ယခုခေတ် ယောကျ်ားမိန်းမတို့ိုင်းရယူနိုင်၏။ မိန်းမများအဖို့ ပဗ္ဗဇိတ ဘာဝ ဒုလ္လဘတရားကို မရနိုင်ဟု ဘိက္ခုနီသာသနာမျက်မှောက်ထင်ရှား မရှိခြင်းကိုထောက်၍ အများယူဆနေကြသော်လည်း ပဗ္ဗဇိတ ဟူသည် မြတ်သောအဖြစ်သို့ကပ်ရောက်ခြင်း၊ အိမ်ရာတည်ထောင်လူ့ဘောင်မှထွက်၍ အိမ်၏အစီးအပွား လုပ်ငန်းဆောင်တာများကို ကြဉ်ဖယ်စွန့်ပစ်ကာ မြတ်သော ရဿရဟန်း ပရိဗိုဇ် အဖြစ်သို့ ကပ်ရောက်ခြင်းကို ခေါ်ရခြင်းဖြစ်၍ ယောကျ်ား မိန်းမမဟူ မည်သူမဆိုရနိုင်လေသည်၊ ထို့ကြောင့်ယခုခေတ်အမျိုးသမီးတို့၏ သီလရှင် အဖြစ်သည် ပဗ္ဗဇိတဘာဝ ဒုလ္လဘကို ရယူခြင်းပင် ဖြစ်သဖြင့် စင်စစ်ရနိုင်ခဲ့ ဖြစ်နိုင်ခဲသော ဘဝကြီးပင်တည်း။

ယခုမျက်မှောက်ထင်ရှား လူအများပင် ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ ဘဝကြီးကို ရရှိနေလင့်ကစား ပဗ္ဗဇ္ဇာဟူသော ရဟန်း, သာမဏေ, ဖိုးသူတော်, သီလရှင်ဘဝကို ရယူနိုင်သူနည်းပါးလှသဖြင့် မည်မျှ ဒုလ္လဘစစ်မှန်ကြောင်းကို သိနိုင်ပေသည်။

အထက် ဘိက္ခုနီ အပိုင်းတွင် ဘိက္ခုနီ သာသနာသည် သာသနာနှစ် ၅၀၀-ခန့်တွင် ကုန်ဆုံးပြတ်တောက်ခဲ့သည်ဟု ယူဆရကြောင်း ဖော်ပြခဲ့ ပေသည်။ သီလရှင်သည် ယခု ခေတ်၌ ထိုဘိက္ခုနီ သာသနာ၏ နေရာတွင် အစားထိုး တည်ရှိနေသဖြင့်

ဘိက္ခုနီမှဆင်းသက်ခဲ့သည်ဟု ယူဆပြောဆိုနေကြ၏။ စင်စစ်မှာမူ ဘိက္ခုနီနှင့်သီလရှင်သည် အနှယ်အဆက်အနွယ်ဖြင့်ရင်း, အကျင့်သိက္ခာအားဖြင့်ရင်း, ဝတ်ဆင်ပုံနှင့် အလေ့အကျက် အားဖြင့်ရင်း သီးသန့်ခြားနားခဲ့လေသည်။

ပဋိဇ္ဇာလေးမျိုး

အာဂါရိယဟူသော အိမ်ရှုတည်ထောင် လူ့ဘောင်မှ နေသူနှင့် အနာဂါရိယ ဟူသော အိမ်ရာ တည်ထောင် လူ့ဘောင်ကို စွန့်ခွာ၍ ပဋိဇ္ဇာအဖြစ်ကို ဝင်ရောက်သူဟူ၍ လူ့လောကဌ လမ်းစဉ်နှစ်သွယ် ထင်ရှားရှိနေခဲ့၏။ထိုလမ်းစဉ်နှစ်သွယ်တွင် အနာဂါရိယဟူသော ပဋိဇ္ဇ လမ်းစဉ်မှ ပဋိဇ္ဇအနွယ် လေးသွယ် လေးမြာဖြာ၍ ထွက်လာပေသည်။

လေးသွယ် လေးမြာကား-

၁။ ဥပသမ္ပဒပဋိဇ္ဇ

၂။ သာမဏေရပဋိဇ္ဇ

၃။ ဣသိပဋိဇ္ဇနှင့်

၄။ ပရိဗ္ဗာဇကပဋိဇ္ဇ ပေးတည်း။

ထိုလေးသွယ်လေးမြာတွင်-

(၁) ဥပသမ္ပဒဗဟုဿုတာ ဘုရားရှင်လက်ထက်မှ ယာဒနေ့တိုင်အောင် ရဟန်းအဖြစ် ခံယူပုံ ခံယူနည်း ၈-မျိုးဖြင့် ရဟန်းဖြစ်လာရသော ဘိက္ခု၊ ဘိက္ခုနီ (ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ) ပဗ္ဗဇ္ဇာမျိုးပင်ဖြစ်၏၊ (ဘိက္ခုနီသာသနာခန်းတွင် တသန့်စီ ဖေါ်ပြခဲ့ပြီး ဖြစ်သော်လည်း ဤ၌ နေရာအားလျော်စွာ တစုတရုံးတည်း ဖေါ်ပြပါဦးမည်)။

ဥပသမ္ပဒဗဟုဿုတာ ၈-မျိုးကား—

(က) ဧဟိဘိက္ခုပသမ္ပဒါ= ဘုရားရှင်က ရဟန်းအဖြစ် ခံယူမည့်သူ၏ ရှေးအကြောင်း အားလျော်စွာ လက်တော်ကို ဆန့်တန်း၍ "ဧဟိဘိက္ခု-ရဟန်းလာလှည့်" ဟု ခေါ်လျှင်ပင် အလိုအလျောက် ပရိက္ခရာစုံလင်စွာဖြင့် ရဟန်းဖြစ်လာရသော အရှင် ကောဏ္ဍည စသော ရဟန်းမျိုး။

(ခ) သရဏဂမနူပသမ္ပဒါ= ဘုရားဖြစ်တော် မူစအခါ၌က ခွင့်ပြုခဲ့သော သရဏဂုံ ဆောက် တည်၍ ရဟန်းဖြစ်ရသည့် ရဟန်းမျိုး။

(ဂ) ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ= ဩဝါဒကိုခံယူစေခြင်းဖြင့် ရဟန်းအဖြစ်ကို ခွင့်ပြုသည့် အရှင်မဟာကဿပကဲ့သို့သော ရဟန်းမျိုး။

(ဃ) ပဥ္စာဗျာကရဏူပသမ္ပဒါ = ပြဿနာကို ဖြေဆိုစေခြင်းဖြင့် ရဟန်းအဖြစ်ကို ခွင့်ပြုသည့် ရှင်သောပါကဲ့သို့သော ရဟန်းမျိုး။

ဤလေးမျိုးမှာ ရဟန်ယောကျ်ားဝို့အတွက်သာ သက်သက် ပညတ်ထားသော ဥပသမ္ပဒမျိုးများ ဖြစ်၏။

(င) ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ = ဂရုဓံတရားရှစ်ပါးကို ဝန်ခံစေခြင်းဖြင့် ရဟန်း ဖြစ်ရသော မိဆွေးတော် မဟာပဇာပတိဂေါတမီကဲ့သို့သော ရဟန်းမျိုး။

(စ) ဒူတေနူပသမ္ပဒါ = တမန်ဖြင့် စေလွှတ် ခံယူစေခြင်းဖြင့် ရဟန်းဖြစ်ရသော အဇာတသတ်ကဲ့သို့သော ရဟန်းမျိုး။

(ဆ) အဋ္ဌဝါစိကူပသမ္ပဒါ=ဘိက္ခုနီ သံဃာထံတွင် ဥတ်ကမ္မဝါစာ ၄-ကြိမ်,ဘိက္ခု သံဃာထံတွင် ဥတ်ကမ္မဝါစာ ၄-ကြိမ်၊ ဤသို့ ၈-ကြိမ်သော ဥတ်ကမ္မဝါစာတို့ဖြင့် ရဟန်းဖြစ်ရသော ဘိက္ခုနီ သာသနာတခေတ်လုံးရှိ ဘိက္ခုနီများကဲ့သို့သော ရဟန်းမျိုး။

(ဤ ၃-မျိုးမှာ ဘိက္ခုနီသံဃာအတွက် သက်သက် ပညတ်ထားသော ဥပသမ္ပဒမျိုးဖြစ်လေသည်)။

(၈) ဥတ္တိစတုတ္ထ ကမ္မဝါပသမ္မဒါ = ဥတ်ဒ္ဒန်္တင့်တကဲ့ လေးကြိမ် မြောက်သော ကမ္မဝါစာဖြင့် ဖြစ်ရသော ရဟန်းမျိုး။

(ဤ ၁-မျိုးမှာ ယခုခေတ်အထိ ရဟန်းယောကျ်ား (ဘိက္ခု)တို့ ရဟန်းခံနေကြသော နည်းဖြစ်၏။ သို့သော် မိထွေးတော် ဂေါတမီနှင့်အတူ လာကြသူ သာကီဝင် မင်းသမီး ဘိက္ခုနီတို့လည်း ဤ နည်းဖြင့် ရဟန်းဖြစ်ရသဖြင့် ဘိက္ခု ဘိက္ခုနီ ၂-မျိုးစလုံးနှင့် ဆက်ဆံသော ဥပသမ္မဒမျိုး ဖြစ်လေသည်)၊ ဤသို့လျှင် ဥပသမ္မဒ ပဗ္ဗဇ္ဇာသည် ၈-မျိုးရှိသတည်း။

(၂) **သာမဏေရ ပဗ္ဗဇ္ဇာသည်မှာ** ယခုခေတ် သာမဏေ(ယောကျ်ား)နှင့် ယခု မရှိဘော့ပြီ ဖြစ်သည့် သာမဏေရီ (မိန်းမ)များ သာမဏေဖြစ်အောင် သရဏဂုံသုံးပါးကို ဥဘတောသုဒ္ဒိ(ဆရာနှင့် တပည့်နှစ်ဦးနှစ်ဖက်ပီပီသသ)ရွတ်ဆိုပြုလုပ်ရသည့် ပဗ္ဗဇ္ဇာမျိုးဖြစ်၏။

သာမဏေရ ပဗ္ဗဇ္ဇာနှင့် ပတ်သက်၍ အင်္ဂါ ၃-ချက် မှတ်သားဖွယ်မှာ -

(က) **ကေသစ္ဆေဒနပဗ္ဗဇ္ဇာအင်္ဂါ** = ဆံပင်ရိတ်ပယ်ခြင်းပဗ္ဗဇ္ဇာ အင်္ဂါတပါးနှင့် ပြည့်စုံစေရမည်၊ ဆံပင်မရိတ်ပယ်ဘဲ ရှင်သာမဏေပြု၍မဖြစ်။

(ခ) စီဝရအစ္ဆာဒုန ပဗ္ဗဇ္ဇာအင်္ဂါ = သက်ိန်း ဝတ်ရုံ ဖုံးလွှမ်းခြင်း ပဗ္ဗဇ္ဇာအင်္ဂါနှင့် ပြည့်စုံစေရမည်၊ သက်ိန်း ရှေးဦးစွာ ဝတ်ရုံမထားဘဲ ရှင်သာမဏေပြု၍ မဖြစ်။

(ဂ) ဥဘတောသုဒ္ဓိပဗ္ဗဇ္ဇာအင်္ဂါ = ဆရာနှင့် တပည့် သရဏဂုံ ရှတ်ဆိုမှု ပီပီသသ နှစ်ဦးနှစ်ဖက်ညီညီ မျှမျှ သန့် သန့်ရှင်းရှင်းရှိရမည်၊ ဤအင်္ဂါ၃-ပါးနှင့်ညီမှသာ ရှင်သာမဏေဖြစ်၏၊ ရဟန်းခံရာ၌ ဆံမပယ်ဘဲ သက်ိန်းမဝတ်ဘဲ လူဝတ် လူစား နှင့် ရဟန်းခံလျှင် ရဟန်းကား ဖြစ်၏၊ ဥပဇ္ဈာယ်မှာသာ အာပတ်သင့်သတည်း။

(၃) ဣသိပဗ္ဗဇ္ဇဟူသည်မှာ ဇာတ် နိပါတ်တော်များတွင် လာရှိသော တေမိမင်း, မဟာဇနကမင်း, သုဝဏ္ဏသာမ သတ္တိသားစသည်တို့ကဲ့သို့ ရသေ့ပြုခြင်းမျိုးဖြစ်၏၊ ဇာတ်နိပါတ်များအရ ၎င်းတို့၏ ပုံသဏ္ဌာန်မှာ ဆံပင်ကို ကျစ်ခွေ၍ ထုံး၏၊ သစ်ပင်မှ ခွာ၍ ရသော သစ်ခေါက်လျှော်ကို ထုတေ၍ ဖျင်ကဲ့သို့ ဖြစ်လာသော် စင်ချုပ်ဆက်ဖါ၍ ထားသော လျှော်တောအဝတ်ကို ဝတ်၏၊ ခွာနှင့်တကွသော သစ်နက်ရေ (နက်ကျောသိမ်မွေ့သော သားကောင်တမျိုးမှ ရသည့် အရေ) ကို ပုခုံးဦးတင်၏၊ သစ်သားသုံးခွ, ကရားစသော ပရိက္ခရာကိုဆောင်၏။

ရသေ့တို့သည် ၈-မျိုးပြားကုန်၏၊ ၈-မျိုးကား-

(က) သပုတ္တ ဘရိယ ရသေ့ = သား မယား နှင့်တကွ ရသေ့ပြု၍ လယ်လုပ် ကုန်သွယ်ခြင်း စသည်ဖြင့် အသက်မွေးသော ရသေ့မျိုး။

(ခ) ဥဇ္ဈာဝစရိယရသော = မြို့ရွာတံခါးဦ အရိပ် သခင်းပြု၍ ထိုမြို့ရွာဦမင်းပုဏ္ဏားတို့၏ သားသမီးတို့ အား ပဲညာသင်ပေး၍ ရွှေငွေမခံမယူ ဆန်ဆီစသည်တို့ ကိုသာ ခံယူစားသောက်သော ရသေ့မျိုး။

(ဂ)တံပတ္တကာလိုကရသေ့ = ဆုမ်းခံ၍စားသောက် သော ရသေ့မျိုး။

(ဃ) အနဂ္ဂိပက္ကံကရသေ့ = မီးဖြင့်မချက်ရသော သစ်သီးစိမ်း စသည်တို့ကိုစားသောရသေ့မျိုး။

(င) အယမုဋ္ဌိကရသေ့ = ဆောက်ပုတ်ကျောက်ခဲ တို့ကိုယူဆောင်ကာ ဆာလောင်သောအချိန်၌ တွေ့ရာ သစ်ပင်၏အခေါက်အခွံကို ထုခွာ၍စားသောရသေ့မျိုး၊ ၎င်းတို့ကား ဥပုသ်စောင့်ခြင်း ဗြဟ္မဝိဟာရပွားခြင်းတို့ ကို ပြုကုန်၏။

(စ) ဒန္တလုရတာရသေ့ = ဆောက်ပုတ်ကျောက်ခဲ မဆောင်၊ ဆာလောင်သော အချိန်၌ တွေ့ရာ သစ်ပင် တို့ကို သွားတို့ဖြင့် ကိုက်ဖြတ်၍ စားသောရသေ့မျိုး၊ ၎င်းတို့သည်လည်း ဥပုသ်စောင့်ခြင်း ဗြဟ္မ ဝိဟာရပွား ခြင်းတို့ကို ပြုကုန်၏။

(ဆ) ပဝတ္တဖလိက ရသေ့ = ရေအိုင် တောအုပ် စသည်တို့၌ နေကာ ဆာလောင်သောအခါ၌ ထိုအိုင်မှ

ကြာရိုးကြာစွယ်တို့ကိုငုံ၍, သစ်ပင်မှသစ်သီးသစ်ပွင့်တို့ကိုငုံ၍ စားသောက်ကုန်၏၊ အသီးအပွင့်မရှိလျှင် အခွံအခေါက် အရိုးအရွက် တို့ကိုစား၏၊ အာဟာရ အလို့ငှာ အရပ်တပါးသို့ မသွားသော ရသေ့မျိုးတည်း၊ ၎င်းတို့သည်လည်း ဥပုသ်ဆောက်တည်ခြင်း ဗြဟ္မဝိဟာရပွားခြင်းတို့ကို ပြုကုန်၏။

(၈) ဝဋ်ဥမုတ်ကရသေ့ = မြေသို့ကြွေကျသောသစ်ရွက်တို့ကိုသာစား၍ အဟာရအလို့ငှာ အရပ်တပါးသို့ မသွားသောရသေ့မျိုး၊ ၎င်းတို့သည်လည်း ဥပုသ်ဆောက်တည်ခြင်း ဗြဟ္မဝိဟာရပွားခြင်းတို့ကို ပြုကုန်၏။

ဤရသေ့ ၈-မျိုးတို့သည် က-မှ ဇ-အထိအဆင့်ဆင့် တမျိုးထက် တမျိုးမြတ်၏၊ ဝဋ်ဥမုတ်ကရသေ့မျိုးသည် အမြတ်ဆုံးဖြစ်၏၊ ဤသို့လျှင် ရသေ့ ၈-မျိုးရှိ၏၊ ဤကား သုတ္တနိပါတ်အဋ္ဌကထာ, ဟိရိသုတ် အဖွင့်၌ လာသော ရသေ့ ၈-မျိုးဖြစ်၏၊ သုတ်သိလက္ခဏ် အဋ္ဌကထာ, အမွှဋ္ဌသုတ် အဖွင့်တွင် ၈-မျိုးတနည်းလာသေးသည်၊ အနည်းငယ်မျှသာ ထူးတော့သည်။

(၄) ပရိဗ္ဗာဇကပဗ္ဗဇ္ဇာသည်မှာ ဘုရားသာသနာမရှိစဉ်ကပင် ရှိနေသော ပရိဗိုဇ်များ, ဘုရားသာသနာတော် ရှိစဉ်အခါ၌လည်း စင်ပြိုင်ဖြစ်ကြသော သိဉ္ဇည်းစသည့် ဆရာကြီးတို့

၏ဂုဏ်းဝင်မျှားနှင့်ဘုရားသာသနာရိပ်ကို ခိုလှုံနေထိုင်ကြသော ယခုခေတ် ဖိုးသူဇာတာ သီလရှင် စသော ပဗ္ဗဇ္ဇာမျိုးဖြစ်၏။

ဤနေရာ၌ အမှတ် ၄-ပရိဗ္ဗာဇကပဗ္ဗဇ္ဇာကို အကျယ်ဖော်ပြရန် လိုအပ်သဖြင့် အခန်းသီးသန့်၍ ရေးသားလိုက်ပေအံ့။

ပရိဗိုဇ်

ပရိဗိုဇ်ဟူသော ဝေါဟာရမှာ ပရိဗ္ဗာဇက, ပရိဗ္ဗာဇ်ကာဟူယော ပါဠိဋီကို မြန်မာပြန်ထားခြင်းဖြစ်၏။ ပရိဗ္ဗာဇကဟူသည်မှာ (ပရိ-ဝဇ+ဏ္ဍု) လူ့ဘောင်ကိုစွန့်ပစ်၍ ပဗ္ဗဇ္ဇာသွင်ဖြင့် သွားလာကျင့်ကြံနေထိုင်တတ်သူများကို ခေါ်ရလေသည်။

ပရိဗိုဇ်ဟူသောအမျိုးအစား၌ ဘုရားမပွင့်မီ ရှေးပဝေဏီကပင် ရှိခဲ့သဖြင့် ၎င်း၏အစကိုရှာဖွေ၍ မဖြစ်နိုင်ချေ၊ ငါးရာ့ငါးဆယ် ဇာတ်နိပါတ်များတွင် လူ့ဘောင်လူ့ဘဝကိုငြီးငွေ့၍ တောတောင်သို့ ထွက်ခွာကာ နေကွမ်းပါရမီဖြည့်ကြသော အလောင်းဘော်တို့တွင်အချို့ရသေ့လုပ်၍ အချို့ပရိဗိုဇ်လုပ်ကြ၏၊ အမျိုးသမီးတို့သည်လည်းရသေ့မ, ပရိဗိုဇ်မလုပ်ကြကုန်၏။

ထို့ကြောင့် ရသေ့နှင့်ပရိဗိုဇ်မှာ ကောထွက်၍ နှစ်သက်ရာတရားကို ကျင့်သုံးနေထိုင်ကြသူချင်းတူသော်လည်း ထိုထို ဇာတ်ဘော်များကို ထောက်ဆ၍ အဝတ်အဆင် အသွင်အပြင် ချင်းမတူ ထုးခြားကွဲပြားကြသည်ကို သိရလေသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း တေမိမင်း, မဟာဇနကမင်း စသောမင်းတို့သည် တောထွက်၍ ရသေ့ပြုလုပ်ကြ ရာ၌ ဆံပင်တို့ကို ရိတ်ဖြတ်မပစ်ဘဲ တနှဉ်းအားဖြင့် ပဌမတကြိမ်သာရိတ်၍. နောက်ပေါက်လာသည်ကို မရိတ်တော့ဘဲ ဆံကျစ်ထု ကား လျှော်တေအဝတ် ဖန်ရေဆိုးအဝတ် (အညို ရောင်) တို့ကိုဝတ်ဆင်၍ အများအားဖြင့် တောကြးမြိုင် အောက်၌ သစ်သီးသစ်ဥစသည်ကို ရှာဖွေစားသောက်ကာ စျာန်တရားများရရှိရန် သမထကမ္မဋ္ဌာန်းတို့ကို စွမ်းစွမ်းတမန် ကျင့်သုံးနေထိုင်ကြကြောင်း ထိုထိဇာတ်တော်တို့တွင် တွေ့ရလေသည်။

ပရိဗိုဇ်ရဟန်းများကား ဆံပင်ပယ်ကြရလေသည်၊ ပယ်ချုဋ္ဌလည်း များသောအားဖြင့် ခေးသင်ဓုန်းတို့ဖြင့် ရိတ်ပယ်မှုထက်အတွက်လမထအနေ ထန်းစေ့ဖြင့် ညှပ်၍နုတ်ကြခြင်းကို အလေးပေးလေသည်၊ အချို့ကပြန်ပေါက်လာလျှင် ထပ်နုတ်ကြသော်လည်း အချို့ပရိဗိုဇ်မများမှာမူ ထပ်ပေါက်လာသောဆံပင်ကို မနုတ်ဘဲထားနိုင်ခွင့်ရှိဟန်တူ၏၊ ပေါက်လာတိုင်းသော ဆံပင်ကို ထပ်နှုတ်၍ ဦးပြည်းထားရသော ပရိဗိုဇ်တို့တွင် ထပ်မနုတ်ဘဲထားသဖြင့် တမျိုးတဖုံးဆန်းကြယ်နေသော ဘဒ္ဒါကုဏ္ဍလကေသာ ပရိဗိုဇ်မဝတ္ထုကို ထေရီအဋ္ဌကထာတွင် တွေ့ရ၏။

ဘဒ္ဒါသည် လင်ဖြစ်သူခိုးသားကြီးကို ချောက်ကြား သို့တွန်းချ၍ သတ်လိုက်ပြီးနောက် သို့ညှည်းဂိုဏ်း ပရိဗိုဇ်တို့အထံတွင် ပရိဗိုဇ်မအဖြစ်ကို ခံယူခဲ့၏၊ ၎င်း၏ထုံစံအတိုင်း ဆံပင်တို့ကို ထန်းစေ့ဖြင့်ညှပ်၍နုတ်ပြီး ပရိဗိုဇ်အဖြစ်ကို ခံယူခဲ့ပေရာ ထိုနှုတ်ပယ်ပြီးဆံပင်များသည် လိမ်ခွေ၍ ထပ်မံပေါက်ရောက်လာကြ၏၊ ထိုလိမ်ခွေ၍ပေါက်လာကြသော ဆံပင်အလိပ်အခွေတို့သည် နားနှစ်ဖက်နောက်မှရစ်ခွေကာ ရှေ့သို့ထွက်နေသဖြင့် နားဆွဲဆောင်းသဏ္ဌာန် ဖြစ်နေပေသည်၊ ထို့ကြောင့်၍ ဘဒ္ဒါဟူသော မူလအမည်ဝယ် ကုဏ္ဍလကေသာ (ဆံခွေနားဆွဲဆောင်းရှင်မ) ဟူသော အမည်ထပ်တိုးလိုက်သဖြင့် သူ့ကိုဘဒ္ဒါကုဏ္ဍလကေသာဟု တသက်လုံး ခေါ်ဝေါ်ကြလေသည်၊ ဤသို့ဖြင့် ပရိဗိုဇ်တို့သည် ဆံပင်ကို နုတ်ကြရသည်ကို သိရပေ၏။

မဟာသဓော်တွင် ဘရိုပရိဗိုဇ်မသည် မဟာသဓာနှင့်စတင်တွေ့ဆုံ၍ လက်ဟန်အမူအရာဖြင့် ပညာစမ်းရာ၌ "ငါကဲ့သို့ပရိဗိုဇ်ပြုလုပ်ပါလော" ဟူသောအဓိပ္ပါယ်ကို ဦးခေါင်းကိုသုံးသပ်၍ပြသည်ဟုဆိုခြင်းကို ထောက်ဆလျှင်လည်း ပရိဗိုဇ်မများမှာ ဆံမရှိ ဦးပြည်း (ခေါင်းတုံး) ပင်ဖြစ်ကြောင်းသိသာနိုင်၏။

ထို့ပြင် ပရိဗိုဇ်တို့သည် သမထကမ္မဋ္ဌာန်းအလုပ် အားထုတ်ခြင်းထက် အယူဝါဒ ပညာရပ်များကိုသင်ကြား၍ မြို့ရွာများသို့ လှည့်လည်နေကြသည်ကများလေသည်၊ အချင်းချင်း (ဘဂိုဏ်းနှင့်တဂိုဏ်း)လည်း ဝါဒပြိုင်ပွဲများပြုလုပ်ကြ၍ပညာရည်

စမ်းကြသည်မှာလည်း ထုံးစံတခုဖြစ်နေပေ၏၊ ရုံဖန်ရုံခါ ပရိဗိုဇ်နှင့် ပရိဗိုဇ်မတို့ ဝါဒပြိုင်ပွဲတွင် ရင်းနှီးခင်မင် ချစ်ကျွမ်းဝင်သွားကြပြီးလျှင်၊ ပရိဗိုဇ်အဝတ်ကိုခွဲတ်လဲ၍ ချစ်ပွဲဝင်ကာ လူ့ဘဝခရီးဝယ် ဇနီးမောင်နှံပြုလုပ်သွားကြသည်လည်း ရှိသေး၏၊ ထိုကဲ့သို့ပရိဗိုဇ်လူထွက် မောင်နှံစုံမှပေါက်ပွား၍ အဖဖက်မှဝါဒ ငါးရာ၊ အမိဖက်မှဝါဒ ငါးရာ ဝါဒတထောင်တက်ကျွမ်းသည်ဟု ဘုရားရှင်လက်ထက်က ကျော်ကြားသူနှစ်ဦးမှာ ဝဂိုသမထေရ်အလောင်းပရိဗိုဇ်နှင့် သစ္စကပရိဗိုဇ်ကြီးတို့ပင်ဖြစ်လေသည်။

အချို့ပရိဗိုဇ်မတို့သည် ဝါဒမျှားစွဲသင်ကြား၍ တတ်မြောက်လျှင် မြင့်မောက်တက်ကြွလျက် မာနတံခွန်တလူလူ လွှင့်ထူကာ အရပ်တကာလှည့်၍ ပြိုင်ဖက်ရှာကြကုန်၏၊ ၎င်းတို့ပြိုင်ဖက်ရှာပုံမှာ သပြေခက်များကို ယူဆောင်၍ ရှာဘရှာရောက်လျှင် ထိုသပြေခက်တို့ကို ရှာဝခ်ဲ့စိုက်ဆားခဲ့ပြီးလျှင် "ငါနှင့်ဖက်ပြိုင်ဝါဒဆိုင်လိုလျှင် ဤသပြေခက်တို့ကိုချိုးဖျက်လှည့်ကြလေ" ဟု ကြွေးကြော်လျက် ရှာတွင်းသို့ဝင်ကြသည်ဟူ၏၊ ဘဒ္ဒါကုဏ္ဍလကေသာသည်လည်း ပရိဗိုဇ်မဘဝတွင် ထိုကဲ့သို့သပြေခက်ဖြင့်ပြိုင်ဖက်ရှာခဲ့သူပင်ဖြစ်လေသည်၊ လက်ျာတော်ရာ အရှင်သာရိပုတ္တရာနှင့်တွေ့၍ ဝါဒပြိုင်ပွဲတွင် ဗုံးဗုံးလဲရုံးကာ သာသနာတွင်းသို့ဝင်ရောက်လာပြီးမှရဟန္တာမဖြစ်လာခဲ့ရပေသည်၊ အရှင်သာရိပုတ္တရာ၏ တာသက်တာတွင် ထိုကဲ့သို့သော ပရိဗိုဇ်မမျှိုး တော် တော် များများတွေ့ရ၍ ဒေသနာတော်တွင်းသို့ ရောက်စေတော်မူခဲ့ပေသည်။

ဘဒ္ဒါကုလ္လာလကေသာ ပရိဗိုဇ်မသည် အထက်ပါနည်းဖြင့် အမြို့မြို့အရွာရွာလှည့်၍ ဝါဒပြိုင်ဖက်ရှာရင်းဖြင့် အရှင်သာရိပုတြာနှင့်ဒုတ္ထကာ ကျတ်တန်းဝင်ရသကဲ့သို့ပင် ထို့အတူ သစ္စကပရိဗိုဇ်ကြီး၏ အစ်မပရိဗိုဇ်မ ၄-ယောက်သည်လည်း ကျတ်တန်းဝင်ရ၏။

သစ္စကပရိဗိုဇ်နှင့် အစ်မတော် ၄-ယောက် (မောင်နှစ်မ ငါးယောက်)တို့ကား ဝါဒ ၅၀၀-စီ တတ်ကျွမ်းသော ပရိဗိုဇ်လူထွက်ဇနီးမောင်နှံတို့မှ ပေါက်ဖွားကြသူများဖြစ်ရာ အရွယ်ရောက်လျှင် မောင်အငယ်ဆုံး သစ္စကပရိဗိုဇ်က ဝေသာလီပြည် တွင်လိစ္ဆဝီမင်းသားတို့၏ ဆရာအဖြစ်ဖြင့် နေထိုင်ပြီး အစ်မပရိဗိုဇ်မ၄လေးယောက်က ဖော်ပြပါအတိုင်း သပြေခက်ကိုစွဲ၍ အမြို့မြို့အရွာရွာလှည့်ပြီး ပြိုင်ဖက်ရှာခဲ့လေသည်။

ၵင်းတို့အကြောင်းကို စတုက္ကနိပါတ်, စူဠကလိင်္ဂဇာတ်၌ အကျယ်တွေ့နိုင်၏။ ထိုဇာတ်ကို နန္ဒိသေနပျို့ ဟူသောအမည်ဖြင့် လက်ဝဲသုန္ဒရအမတ်ကြီးကဖွဲ့ဆိုခဲ့ပေရာ ပရိဗိုဇ်မ၄လေးဦးတို့ အခင်းတွင် ဤသို့ဖွဲ့ဆိုခဲ့ပေသည်။

"ဝေသာလီပြည်၊ ပြောစည်ပူရ၊ ထိုဌာနတွင်၊ ဝါဒ့ငါးရာ၊ အစုံပါ၍၊ လိမ္မာမည်း၊ ဂုဏ်စွမ်းကိုးသည့်၊ အမျိုးနှစ်ပါး၊ သင့်သောအားဖြင့်၊ ရင်းသားငါးယောက်၊ တဝမ်း ပေါက်မူ၊ စွမ်းမြောက်တဆောင်၊ ဝါဒဆောင်၏။

ဆင်းရောင်ပျိုထွား၊ သားယောကျ်ားကား၊ မင်း သားမင်းခမြှား၊ တဝေးမှမ်းဖြင်၊ အကတ်သင်၍၊ ပြည် ထင်သိညီ၊ ဝေသာလီ၌၊ ကပ်မှီအာဝင့်၊ နေပျော်တင့်၏။

လေးပွင့်ညွန့်ညောက်၊ ရွှေပင်ပေါက်သို့၊ လေး ယောက်သမီး၊ ရှုမငြီးဖူး၊ အကြီးပျိုထွတ်၊ အလတ်ပျိုရွယ် အငယ်ပျိုသွေး၊ အာဆုံးပျိုနု၊ ပေါင်းကြစုလျက်၊ ဇမ္ဗူ့ ဦးစွန်း၊ ပေါ်ထွန်းသဒရ၊ နိမိဘ်ဝေသား၊ သပြေပန်း ခိုင်၊ ကိုယ်စိကိုင်မှ၊ တနိုင်ငံတိုင်း၊ ခြားပိုင်းဌာန၊ ကော သလသို့၊ ညီမတော့ရာ၊ ရောက်ကြလေသော်၊ သဲမြေညှံ ထွား၊ မြို့တံခါးနှင့်၊ မြို့နားနောက်တောင်၊ သာလွတ် ခေါင်သည်၊ ဥဒုံးဆောင်သဲဖြူ။ ဖွေးဖွေးတည်း။

ဥဒုံးဆောင်သဲဖြူ၊ ဥဒုရကို၊ သယ်ယူပုံစု၊ ဇမ္ဗူ့ညွန့် ကိုက်၊ သပြေစိုက်မှ၊ "ထိုဥသင်္ဘာ၊ ပြဿနာကို၊ ပညာ ဖြတ်ချိုင်၊ ဖြေစမ်းနိုင်မှ၊ လေ ခိုင်ပန်းနု၊ လေးစုသဲမြေ၊ နင်းဖျက်စေ" ဟု၊ ပုံသေစကား၊ သူငယ်များကို၊ မှာ ကြားပြီးလျှင်၊ မြို့တွင်းဝင်၏။..... " (နန္ဒဝေသနျို့ အပိုဒ် ၂-နှင့် ၃)

ထိုနောက် ဆွမ်းခံကြွလာသော အရှင်သာရိပုတြာနှင့် တွေ့၍ သပြေခက်များကို ချိုးဖျက်စေးပြီး ပရိဗိုဇ်မတို့မေးသမျှ ဝါဒတို့ကို တနုမကျန်ဖြကြား၍ တရားဟောကာ ဘိက္ခုနီ အဖြစ်သို့ ပို့ဆောင်ခဲ့ပေသည်။

မောင်အငယ်ဆုံး သစ္စကပရိဗ္ဗိုင်ကား ဝေသာလီတွင် မင်းဆရာအဖြစ်ဖြင့် တန်ခိုးကြီးချင်တိုင်းကြီးနေပြီး နောက်ဆုံးအရှင် အာဿဇိန္ဒ်ဘွဲ့ကာ ဘုရားရှင်ထံ ဝါဒပြိုင်ရန် ရောက်ရှိလာခဲ့ပေ၏၊ ဘုရားရှင်ကိုယ်တိုင်ပင် သစ္စကပရိဗ္ဗိုင်အား အနတ္တဒေသနာဖြင့် မိစ္ဆာဝါဒကို ဖျက်ချိုး၍ သမ္မာဒိဋ္ဌိအယူမှန်၌ တည်စေတော်မူခဲ့သည်၊ သို့သော်သစ္စကပရိဗ္ဗိုင်ကား ရဟန်းမဝတ်ဘဲ လူဘဝဖြင့်ပင် ဘုရားတရားညွှန်ခံကာ တသက်လုံးနေသွားလေသည်။

ထိုသစ္စကတို့ကဲ့သို့ ပရိဗ္ဗိုင်များသည် မြတ်စွာဘုရားပွင့်တော်မူချိန်က များပြားလှ၏၊ အချို့လည်း မြတ်စွာဘုရားကိုယ်တော်တိုင်နှင့်ဝင်း အချို့လည်း အရှင်သာရိပုတြာ စသော သာဝကကြီးများနှင့်ဝင်း တွေ့ဆုံ၍ကျတ်တန်းဝင်ကာ သာသနာတော်ဝင်းဌ ဘိက္ခု, ဘိက္ခုနီအဖြစ်ဖြင့် နေထိုင်သွားကြ၏။ ဘုရားရဟန္တာကိုနှင့်တွေ့သော်လည်း ကျတ်တန်းမဝင်ဘဲ တသက်လုံးမိစ္ဆာဝါဒကို ခံယူကျင့်သုံးသွားသူများ, ဘုရားရဟန္တာများနှင့်မတွေ့အောင် ရှောင်လွဲပြီး အယူလွဲနေသူများစသော ပရိဗ္ဗိုင်များကာ အလွန်အလွန်ပေါများလှပေ၏။

ဘုရားလက်ထက်တွင် အယူဝါဒအလျောက် ပရိဗ္ဗိုင်အမျိုးပေါင်း များစွာရှိသော်လည်း ထိုပရိဗ္ဗိုင်တို့ကို အမျိုးတူရာပေါင်း၍ ခွဲခြားလိုက်လျှင်-

(၁) အစေလကပရိဗ္ဗိုင်

(၂) ဆန္ဒပရိဗ္ဗိုင်

ဟူ၍ နှစ်မျိုးနှစ်စားသာရှိပေသည်။
ထိုနှစ်မျိုးတို့တွင်-

(၁) အဓေလကပရိဗိုဇ် ဟူသည် အဝတ်မဝတ်, အဝတ်အချည်းနှီး, ကိုယ်တုံးလုံး နေထိုင် ကျင့်ကြံသူများ ဖြစ်၏၊ ပါထိကပုတ္တ, အဓေလကာသပ, ကဋ္ဌာရမဋ္ဌက, ဇမ္ဗုက စသော ပါဋိတော်၌ ထင်ရှားသည့် ပရိဗိုဇ် အမျိုးအစားများဖြစ်၏၊ အာဇီဝကတက္ကတွန်းများသည်လည်း အဝတ်မဝတ်သော အဓေလက ပရိဗိုဇ်မျိုးပင်ဖြစ်၏၊ ၎င်းမှာ ဦးခေါင်းကိုရိတ်၍ အဝတ်မပါသည်မှတပါး ရဟန်းကဲ့သို့နေထိုင်ကြသဖြင့် တခါတွင်သာ သနာတော်မှ ရဟန်းတပါး သင်္ကန်းကို ခိုးယူလုယက်ခြင်းခံရ၍ အဝတ်သင်္ကန်း မပါဘဲလာရာ အာဇီဝက ရဟန်းဟု အထင်ခံရလေသည်၊ အကျိုးအကြောင်း ပြောပြမှ ရဟန်းမှန်းသိ၍ ဘုရားထံလျှောက်ရာ ဘုရားရှင်က ထိုသို့ ခိုးသူလုယက်သော အကြောင်းရှိက သစ်ရွက်တို့ကို ကိုယ်တိုင် ချိုးခွေ ခူးဆုတ်၍ ဖုံးလွှမ်းဝတ်ဆင်ခွင့်ကို ပေးတော်မူ၏။

နိဂဏ္ဌနာဋပုတ္တခေါ်သော မဟာဝီရကား ဘုရားမပွင့်မီကပင် ထင်ရှားခဲ့သော ဂိုဏ်းဆရာပင်ဖြစ်၏။ ၎င်းသည်လည်း အဓေလက ပုရိဗိုဇ်ပင်ဖြစ်၍ ယခုတိုင် ဂျိန်း ဘာသာတရပ် အိန္ဒိယ၌ ထင်ရှားရှိနေပြီး ဂျိန်း ဘုရား ကျောင်း များ တွင် ထို မဟာဝီရ၏ အဓေလက ပုံတော်ကို ဖူးတွေ့နိုင်ပေသည်၊ ဂျိန်းဘာသာကား ထို နိဂဏ္ဌနာဋပုတ္တခေါ်မဟာဝီရတည်ထောင်ခဲ့သော ဘာသာပင်ဖြစ်၏။

(၂) ဆန္ဒပရိုဗိုင် ဟူသည် အဝတ်ဝတ်သော ပရိဗိုဇ်များတည်း၊ ၎င်းတို့ကား အမျိုးအစား များလှစွာ၏၊ ဘုရားသာသနာတော်တွင်းရှိ ရဟန်းတော်များနှင့် အရောင်တူ အသွေးတူသက်နှံး ဖန်ရေဆိုးဝတ်သော ပရိဗိုဇ်များ, သဖန်းမြက်ဖြူဆံမြက်တို့ကို ရက်လုပ်၍ ဝတ်သောပရိဗိုဇ်များ, ဆံပင်များ၌ ငှက်မွေးများကိုရက်လုပ်၍ ဝတ်သောပရိဗိုဇ်များနှင့် သစ်ခေါက်တို့ကို စီ၍ဝတ်သော ပရိဗိုဇ်များ စသည်ဖြင့် အမျိုးပေါင်းမနှည်းလှပါချေ၊ ဘုရားလက်ထက်က သိဉ္ဇည်းဆရာကြီး၏တပည့် ပရိဗိုဇ်များ ဖြစ်ကြသော အရှင်သာရိပုတြာ အရှင်မောဂ္ဂလာန်အလောင်း ဥပတိဿနှင့် ကောလိတ, သုပ္ပိယ ပရိဗိုဇ်, သုဘဒ္ဒပရိဗိုဇ် စသည်တို့သည် ဤဆန္ဒပရိဗိုဇ်မျိုးဖြစ်ကြ၏။

အချို့ပရိဗိုဇ်တို့သည် ဆံမုတ်ဆိတ်တို့ကို မရိတ်ဘဲ နုတ်၍ ဦးပြည်း ခေါင်းတုံးပြီးလျှင် သာသနာတော်ထမ်း ရဟန်းတော်တို့နှင့် သက်နှံးအရောင် ချုပ်ပုံ ဆိုးပုံမှစ၍ တူညီစွာ ဝတ်ရုံကြသဖြင့် ရုတ်တရက် ရဟန်းနှင့်ပရိဗိုဇ် မကွဲမပြား ဖြစ်နေကြ၏၊ သက်နှံးအရောင်အသွေး အချုပ်အလုပ် မည်မျှတူညီသနည်းဆိုလျှင် ဝိနည်းပါဠိတော်၌ ပါရှိသည်မှာ ရဟန်းတို့နှင့် ပရိဗိုဇ်တို့ ခရီးအတူသွားကြရာ လမ်းခရီး၌ ခိုးသူတို့ကရဟန်းနှင့် ပရိဗိုဇ်တို့၏ အဝတ် သက်နှံးတို့ကို လုယက်၍ ယူလိုက်ကြ၏၊ နောက်မှပြန်ရ၍ ရဟန်းနှင့် ပရိဗိုဇ်တို့အား မိမိဆိုင်ရာ သက်နှံးတို့ကို ရွေးချယ်ယူရန်ပြောရာ မကွဲပြား မထူးခြားသဖြင့် ရွေးမရဘဲရှိနေ၍ မြင်စွာဘုရားက အမှတ်အသား "ကပ္ပ

ဗိန္ဓု'ကို ခွင့်ပြုရခြင်းပင် ဖြစ်၏၊ ထို့ပြင် အရှင် ဥပနန္ဒသည် ဒုကုဋ္ဌသက်နှိ(နှစ်ထပ်သက်နှိကြီး)ကို ကောင်းမွန်စွာချုပ်ဆိုးပြီးလျှင် ဝတ်ရုံနေစဉ် ပရိဗိုဇ်တယောက်က ၎င်း၏ အဖိုးထိုက်တန်သောသက်နှိနှင့် ပြောဆိုလဲလှယ် ဝတ်ရုံ၍ သွား၏။

နောက်မှ အခြားပရိဗိုဇ်တို့က ထိုသက်နှိချင်းလဲလှယ်သော ပရိဗိုဇ်အား မူလ သင် ဝတ်ရုံသွားသော သက်နှိလျှက် မကောင်းအဖိုးမထိုက်ဟုဆိုသဖြင့် ထိုပရိဗိုဇ်က အရှင်ဥပနန္ဒအား သက်နှိကို ပြန်လဲရန် ပြောလေ၏။ အရှင် ဥပနန္ဒကလည်း ပြန်မပေးသဖြင့် ဘုရားရှင်ထံ ရောက်လာကာ သိ(ခ)ပုဒ် ပညတ်ရဖလသည်။ ဤသို့လျှင် ပရိဗိုဇ်တို့၏ အဝတ်သက်နှိများမှာ ရဟန်းတို့၏သက်နှိနှင့် မထူးမခြား ဖြစ်ကြောင်း သိသာရပေသည်။

ထိုမှတပါး ပရိဗိုဇ်တို့သည် ပိုးချည် ဝါချည်စသည်တို့ဖြင့် ရက်လုပ်သော အဝတ်များကိုဆိုး၍ ဝတ်ကြောင်းနှင့် သပိတ်စသည်တို့မှာလည်း ရဟန်းကဲ့သို့ပင်ဖြစ်ကြောင်း ဇာတ်အဋ္ဌကထာတို့၌ မာဟာဂ်သည် တောသို့သွား၍ ရဟန်းပြုကြောင်း တွေ့ရှိသည်၊ မာတင်္ဂဇာတ် (ဝိသတိနိပါတ်၌) အလောင်းတော်"သမဏာ ပဗ္ဗဇ်ံ ပဗ္ဗဇိတ္ဝာ"ဟု ဆို၏၊ ရသေ့ဝတ်ကြောင်းမဆို၊ ထိုသမဏာ ပဗ္ဗဇ်ံ ပဗ္ဗဇိတ္ဝာကို"ပရိဗ္ဗာဇကဝေသံ"ဟု ဖွင့်ဆိုသဖြင့် ပရိဗိုဇ် ရဟန်းအသွင်ကိုယူကြောင်းသိသာ၏၊ ထိုနောက် အဝတ်အရုံ အသုံးအဆောင်ကို ပြရာ၌သင်းပိုင်, ခါးပန်းကြိုး,

ပုံသုကဒုကုဋ္ဌသက်န်း, မြေသပိတ် စသည်ဖြင့် ပြဆိုထားရာ ရှုဟန်းတို့၏ အသုံးအဆောင်အတိုင်းပင် ဖြစ်လေသည်။

မဟာဗောဓိဇာတ်(ပဏ္ဏသကနိပါတ်)၌ ဘုရားအလောင်းသည် "ပရိဗ္ဗာဇက ပဗ္ဗဇ္ဇ ပဗ္ဗဇိတ္ထာ ပရိဗ္ဗာဇကဝတ်ပရိဝတ်တို့ကို တနေရာ၌ တောင်ဝှေး, သစ်နက် ရေ, ထီး, ဘိနပ်, သပိတ်အိတ်နှင့် ဆွဲစရာ ချိပ်ကောက် မြေသပိတ်နှင့် ဒုကူဋ္ဌသက်န်းတို့ကို ဖော်ပြထားရာ သစ်နက်ရေ မျှသာ ရဟန်းအသုံးအဆောင်မဟုတ်ဘဲ ကြွင်းသမျှ ရဟန်းသုံး ပရိက္ခရာချည်လိုလိုပင် ဖြစ်တော့၏။

ပဏ္ဍာရက်ပရိဗိုဇ်

ဆန္ဒပရိဗိုဇ် အမျိုးအစားတွင် ပဏ္ဍာရက်ပရိဗိုဇ်အမျိုးသည် လည်းပါဝင်၏၊ ၎င်း ပဏ္ဍာရက်တို့သည် အဝတ်ဖြူကို ဝတ်ဆင်၏။ ၎င်းအဝတ်ဖြူဝတ် ပဏ္ဍာရက်မျိုးကား ဖန်ရေဆိုး ပရိဗိုဇ်ထက်ပင် ရှေးကျဟန်တူလေသည်၊ သာရသင်္ဂဟအဋ္ဌကထာတွင် * ၎င်း ပဏ္ဍာရက်အဝတ်ဖြူဝတ်ပရိဗိုဇ်မျိုးတို့ကား ကဿပဘုရားရှင် သာသနာတော် ကုန်ဆုံးသောအခါမှ စတင် ပေါ်ပေါက်ခဲ့ပြီး

---

* သာရသင်္ဂဟအဋ္ဌကထာ၊ ပဉ္စအန္တရဝဲဒနကထာ- ၃၁

ယခုခေတ်အထိ အစဉ်မပြတ်တည်ရှိခဲ့သည်ဟုဆို၏။ ၎င်းတို့ကား အဝတ်ဖြူကိုပင် ရဟန်းများ သင်္ကန်းဝတ်သကဲ့သို့ ဝတ်ဆင်ကြသည်၊ ဦးခေါင်းကိုလည်း ဦးပြည်းရိတ်ကြသည်ဟုဆိုလေသည်။

မဟာကုဏ္ဍဉသဇာတ် (အသီတိနိပါတ်)၌ သစ္စတပါပီပရိဗိုဇ်မသည် ဖြူသောအဝတ်ကိုဝတ်ဆင်ကြောင်း ဖော်ပြထားသဖြင့် ပဏ္ဍရင်္ဂပရိဗိုဇ်တို့သည် ဘုရားမပွင့်မီ နှစ်ပေါင်းများစွာကပင် အစဉ်မပျက် တည်ရှိခဲ့ကြောင်း သိသာထင်ရှားပေသည်။

သို့သော် ဘုရားသာသနာ ပွင့်ထွန်းသော အခိုက်အခါတို့၌ကား အချို့ သုဘဒ္ဒပရိဗိုဇ်, ကုဏ္ဍလကဲ့သော ပရိဗိုဇ်မတို့ကဲ့သို့ ပင်ပါရမီအားလျော်စွာဘိက္ခု, ဘိက္ခုနီဖြစ်လာကြသည်မှာလည်း မနည်းလှပေ၊ ဘုရားသာသနာ ထင်ရှားစွာ ပွင့်ထွန်းဖြစ်ပေါ်နေလင့်ကစား သာသနာသို့ မဝင်ရောက်ဘဲ သီးခြား တည်ရှိနေသော ပရိဗိုဇ်တို့သည်လည်း များလှ၏၊ အဲသောကမင်းကြီး၏ ခမည်းတော် ဗိန္ဒုသာရမင်းကြီးသည် ပုဏ္ဏားများပါ သင်္ကာအယူရှိသော ပဏ္ဍရင်္အဖြူဝတ် ပရိဗိုဇ်များစသော ခြောက်သောင်းသောသူတို့အား ကျွေးမွေ အလှူဝတ်ကို ဆောက်တည်ကြောင်း ပါရာဇိကဏ် အဋ္ဌကထာ၌ ပါရှိသည်ကို ထောက်လျှင် သာသနာနှင့် စင်ပြိုင် ပဏ္ဍရင်္ပရိဗိုဇ်များစွာရှိကြောင်း ထင်ရှားလေသည်။

ဤသို့ပဏ္ဍရင်္ (အဝတ်ဖြူဝတ်၍ ဦးပြည်းခေါင်းကုံးသော) ပရိဗိုဇ်တို့သည် ဘုရားမပွင့်မီ (ကဿပမြတ်စွာဘုရား

သာသနာနှင့် ယခုကေ၀ါတမမြက်စွာဘုရားသာသနာကြား ဗုဒ္ဓန္တရခေတ်)၌ ၎င်း ဘုရားရှင်သက်တော်ထင်ရှား ရှိနေစဉ်အခါ၌ ၎င်း ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးသည့် နောက်ပိုင်းကာလ၌ ၎င်း အထင်အရှား တည်ရှိနေကြကြောင်းကို ကောင်းမွန်စွာ မှတ်သား ထားသင့်ပေ၏။

၎င်း ပဏ္ဍရင်္ဂပရိဗိုဇ်နှင့် ပရိဗိုဇ်မတို့သည် အခြားပရိဗိုဇ် များထက်ပို၍ ဗုဒ္ဓသာသနာနှင့် နီးစပ်ခဲ့ဟန်တူ၏၊ ၎င်းတို့သည် ဗုဒ္ဓသာသနာတော်တွင်းသို့ အများအပြား၀င်၍ ဘိက္ခုဘိက္ခုနီ များအဖြစ်ခံယူလိုကြသည်၊ အထူးအား ဖြင့် ပရိဗိုဇ်မတို့သည် ဘိက္ခုနီသာသနာနှင့် အလွန်နီးစပ်၍ ရောနှောခဲ့ဟန်တူပေသည်။

အထက် ဘိက္ခုနီအခင်းတွင် ဖော်ပြခဲ့သည့်အတိုင်း ဘိက္ခုနီသာသနာသည် အကြောင်းအမျိုးမျိုးကြောင့် ကွယ် ပျောက် ပြာ်တောက်သွားပြီးနောက်တွင်မူ အမျိုးသမီးတို့အဖို့ လူ့ဘောင်လောကကို ငြီးငွေ့မှု နိုက္ခမ္မဇ္ဈာသယစေတ် မြင့်မား မှုတို့ကြောင့် လူ့ဘောင်မှထွက်ခွါလိုကြသောအခါ ဘိက္ခုနီသာ သနာကလည်း မရှိတော့သဖြင့် ထင်ရှားရှိရာ ပဏ္ဍရင်္ဂပရိဗိုဇ်မ အဖြစ်သို့ ကပ်ရောက်ခိုဝင်လာကြရပေမည်၊ ထိုအခါဘိက္ခုနီ သာသနာ မရှိသော်လည်း ဘုရားသာသနာ ပုံ့လင်းနေခြိန် ဖြစ်၍ အညဗာဟိရ (သာသနာမှအပ) ပရိဗိုဇ်မျိုးမဟုတ်ဘဲ ဘုရားရှင်၏ သာသနာတော်ရိပ်ကို ခိုလှုံကာ ဘုရားရှင်၏ တရားဟော်မျှားကို လေ့ကျက်ကျင့်သုံးလျက် ဗုဒ္ဓသာသနာ

ဝင် ပဏ္ဍရင်္ပရိုင်မကလေးများဖြစ်လာကြမည်မှာ ယုံမှားဖွယ်ရာမရှိပေ၊ ထိုဗုဒ္ဓသာသနာတော်ဝင် ပဏ္ဍရင်္ပရိုင်မများသည်ပင် ယခုခေတ်သီလရှင်များ၏ အာမဏေအစ မူလရင်းမြစ်ကြီးပင်ဖြစ်ပေတော့၏။

သီလရှင်တို့၏သီလ

သီလရှင်တို့သည်ပဋိဇလေးမျိုးတွင်ပရိဗ္ဗာဇကပဋိဇဉ်မျိုးဌာပဝင်ကြောင်းဖော်ပြခဲ့ပြီ၊ ထို့ကြောင့်သီလရှင်တို့သည်ပဋိဇိတာဖြစ်ကြောင်းထင်ရှား၏၊ 'ပဋိဇိတာဘာဝေါ ဒုလ္လဘော' ဟူသော ဒုလ္လဘတရားတွင် ပါဝင်နေပြန်၍ ယခုခေတ်သီလရှင်တို့သည် အမျိုးသမီးများ ဖြစ်ကြသည့်တိုင်အောင် ဒုလ္လဘတရားငါးပါးစလုံးကို သိမ်းကြုံးရယူနိုင်စွမ်း ရှိနေသည့်အဖြစ်ကို စဉ်းစား၍ ဝမ်းမြောက်သင့်ကြပေသည်။

ထိုသို့ ပဋိဇဉ်ဌာန်ပါဝင်နေကြသဖြင့် သီလရှင်တို့စောင့်ရှောက်ထိန်းသိမ်းရမည့် သီလမှာလည်း ပဋိဇသီလသာလျှင် ဖြစ်သင့်ပေ၏။ ဤဌ သီလသည် ဂဟဋ္ဌသီလခေါ် လူဝတ်ကြောင်တို့၏သီလနှင့် ပဗ္ဗဇိတသီလခေါ် ရဟန်း, သာမဏေ, ရဟေ, ပရိဗ္ဗိဇ် သီလရှင်တို့၏ သီလဟူ၍ ၂-မျိုး ၂-စားရှိကြောင်း သတိပြုရပေမည်။

ဂဟဋ္ဌသီလမှာ ဂရုဓမ္မသီလဓေါ် ငါးပါးသီလဖြစ်၏၊ ထို့ကြောင့် လူဝတ်ကြောင်တို့အဖို့ ငါးပါးသီလမှာ နိစ္စဆောက်တည်ရမည့် သီလပင်ဖြစ်တော့၏။ (သို့သော်-တတ်နိုင်လျှင် ဂ-ပါးသီလ ၁၀-ပါးသီလတို့ကိုလည်း ဆောက်တည်နိုင်ကြောင်း ဝိသုဒ္ဓိမဂ်တွင်ဆို၏)၊ ပဗ္ဗဇိတသီလကား အနည်းဆုံး ဆယ်ပါးသီလမှစ၍ စတုပါရိသုဒ္ဓိသီလအထိသော သီလပင်ဖြစ်ပေသည်၊ ထို့ကြောင့်သီလရှင်နှင့် ပရိဗိုဇ်ရဿေ့တို့သည် ဆယ်ပါးသီလကို နိစ္စဆောက်တည်ရမည်ဖြစ်ပေသည်၊ ရဟန်းတော်များအဖို့ စတုပါရိသုဒ္ဓိသီလသည် နိစ္စဆောက်တည်ရမည့် သီလ ဖြစ်သကဲ့သို့တည်း၊ ထိုအကြောင်းကို ထေရဂါထာ အဋ္ဌကထာ (ထေရဋ္ဌ ၂-၁၅၂) ၌ ဖော်ပြထားပေ၏။

ဤသို့ပရိဗိုဇ်တို့ ၁၀-ပါးသီလစောင့်ရှောက် ဆောက်တည်ရခြင်း၌ ထင်ရှားသော သာဓကတရပ်ရှိပေသည်၊ သီဟိုဠ်ကျွန်းသို့ အရှင်မဟိန္ဒမထေရ် သာသနာပြုကြွပြီးလျှင် အနုဋ္ဌာဒေဝီနှင့် နန်းတွင်းသူများ ဘိက္ခုနီပြုရန် သံဃမိတ္တာထေရီမကို ဇမ္ဗုဒိပ်မှပင့်ဆောင်ရပေသည်၊ ထိုသို့ထေရီမကို ပင့်ဆောင်နေဆဲအချိန်တွင် အနုဋ္ဌာဒေဝီနှင့် နန်းတွင်သူတို့သည် ဆံပင်တို့ကို ရိတ်ပယ်၍ ပရိဗိုဇ်အသွင်ဝတ်ဆင်လျက် စောင့်စားနေကြရာဝယ် ကျောင်းငယ်တခု၌ စုရုံးနေထိုင်ကြကာ ဒဿသီလ (ဆယ်ပါးသီလ)ကို ဆောက်တည်၍နေကြကြောင်း ဒီပဝင် (ဒီပဝံသပါဠိ, ပဏ္ဏရသမပဲရိစ္ဆေဒ ဂ၁-ဂ၂ ထာနှင့် ဒီပဝင်ဝတ္ထုမြန်မာပြန် စာမျက်နှာ-၉၅) ၌ ဖော်ပြထားပေသည်။

ထို့ကြောင့် ပဗ္ဗဇိတန္ဒယ်ဝင် သီလရှင်တို့သည် ဆယ်ပါး သီလခေါ် ဒသသီလကို နှိစ့ စောင့်ရှောက် ဆောက်တည် ကြရမည်ဖြစ်ကြောင်း မှတ်သားသင့်ပေသည်။

မြန်မာရာဇဝင် ဖရှင်းပိုင်းခေတ် သီလရှင်

စာရှုသူတို့အဖို့ ပဏ္ဍရင်္ပရိုဗိုင်အန္ဒယ်မှ သာသနာတွင်း ပုံစံဖြင့် သီလရှင်များဆင်းသက်ခဲ့ကြောင်းကို ရှေးအဓ်ကတွင် လေ့လာပြီး ဖြစ်ပေလိမ့်မည်၊ သီလရှင်ဟူသောအမည်မှာ အလွန်နောက်ပိုင်းကမှ ပေါ်ပေါက်တွင်ကျယ်လာသောအမည် ဖြစ်၏၊ မြန်မာ့ရာဇဝင်ရှေးပိုင်းခေတ်ဟု ဆိုအာဒသော ပျူခေတ် (သရေခေတ္တရာနှင့်ဟန်လင်း) ပုဂံခေတ်တို့တွင် မည်သို့သော အမည်ဖြင့် ပညတ်မှည့်ခေါ်ခဲ့သည်ဟု မသိနိုင်သော်လည်း ယင်း သီလရှင် (၀၇) ပရိဗိုဇ်များသည် ရဟန်းတော်များနှင့်အတူ ရှိနေခဲ့ကြောင်းကား ထိုထိုမှတ်တန်းနှင့် ကျောက်စာတို့အရ သိရပေသည်၊ ထို၏ နောက်ခေတ်ဖြစ်သော အင်းဝခေတ်တွင်မူ သီဘင်းသုံးဟူသောအမည်, သပ္ပရိတ် ဟူသောမွန်အမည်နှင့် ဂင်းမွန်းသံအလိုက် မြန်မာသံ သပ္ပယိုဟူသောအမည်တို့ဖြင့် ထင်ရှားခဲ့လေသည်၊ (ဂင်းအမည်တို့ကို ဆိုင်ရာအခဏ်းကမှ လေ့လာတင်ပြပါမည်)။

သူမိုင်းမတင်မီ မြန်မာ့ခေတ်၊ ဝါ-ရာဇဝင်မပေါ်သေးမီ မြန်မာနိုင်ငံအကြောင်းကို ဖော်ထုတ်ရလျှင် ဝိဝါဒဖြစ်ပေါ်စရာမျှားစ့ဖွာရှိပေသည်၊ သို့သော် မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာ မည်သို့မည်ပုံ ရောက်လာသည်ကို လေ့လာရလျှင်မူ ထိုသမိုင်းမဘင်မီ, ရာဇဝင်မပေါ်မီ မြန်မာ့ခေတ် မြန်မာနိုင်ငံကိုပင် လေ့လာရပေမည်၊ အဘယ်ကြောင့်ဆိုသော်-ဗုဒ္ဓသာသနာသည် မြန်မာနိုင်ငံသို့ မြန်မာရာဇဝင်မရေးမီ ရှမ်းပဝေဏီမှာပင် ရောက်ရှိထွန်းပနေခဲ့သောကြောင့်ပင် ဖြစ်ပါ၏။

မြန်မာ့ရာဇဝင်သည် ပုဂံခေတ် နောက် ပိုင်းကျကျ သာသနာနှစ် ၁၅၀၀-ကျော်၊ ခရစ်နှစ် ၁၀၀၀-ကျော်စ မြန်မာသက္ကရာဇ် ၄၀၀-နီးပါး အနော်ရထာခေါ် အနိရုဒ္ဓမင်းလက်ထက်ကမှ အစတော်အသင့် ပြတ်သားလာလေသည်၊ ထိုမြန်မာရာဇဝင် ပြတ်သားလာစအခါမှာပင် ဗုဒ္ဓသာသနာမှာလည်း ထွန်းလင်းနေခဲ့ပြီကို တွေ့လာရပေသည်၊ ရာဇဝင်တွင် အနော်ရထာမင်းလက်ထက်ကမှ မြန်မာနိုင်ငံသို့ ရာမညမှ၊ သို့မဟုတ်-သုဝဏ္ဏဘူမိမှ အရှင်အရဟံရောက်ရှိလာခဲ့ခြင်း ပိဋကတော်များကို စစ်ရေးဖြင့် ဆောင်ယူလာခဲ့ခြင်းတို့ကြောင့် ဗုဒ္ဓသာသနာ ထွန်းလင်းခဲ့ရသည်ဟု ဆိုသော်လည်း ထိုပုဂံခေတ်၏ ခေတ်ဦးပိုင်းတွင် မတိမ်ကောသေးသော ပျူတို့ဒေသ၌ ဗုဒ္ဓသာသနာ ဘုံဝါဆွန်းဝင်းပွင့်လင်းနေပြီ ဖြစ်ကြောင်း ကိုကား ပျူတို့နှင့် ခေတ်ပြိုင်ဖြစ်သော တရုပ်သမိုင်းမှတ်တမ်းများအရ သိရပေသည်။

ပျူနိုင်ငံ မတိမ်ကောမီ၊ ဝါ-စည်ပင်တောက်ပြောင်နေစဉ်ဖြစ်ထွန်းလာသဖြင့် တစပ်ဘည်း တာန္တယ်ဘည်းလို့ဖြစ်နေသော ပုဂံနိုင်ငံသည် အနော်ရထာမတိုင်မီက ထေရဝါဒ ဗုဒ္ဓသာသနာ လုံးဝမရှိ၊ မဟာယာနအဋ္ဌယ် အရည်းသာသနာသာလျှင် ပြိုင်ဖက်မရှိ ထွန်းကားနေကြောင်း အရှင်အရဟံ ရောက်လာမှသာ ထေရဝါဒ ပွင့်ထွန်းဖြစ်ပေါ်လာရကြောင်း ဟူသော စကားမျှာ လုံးဝ တိကျမှန်ကန်လိမ့်မည်ဟု မဆိုနိုင်ချေ၊ မြန်မာနိုင်ငံအထက်ပိုင်း (ပုဂံ) တို့ထက် ဆိပ်ကမ်းကောင်းသဖြင့် အိန္ဒိယ၏အမျိုးသား ဘာသာလို့ဖြင်နေသော ဗုဒ္ဓဘာသာသည် ရာမညမ္ဘန်ဌာနိန္ဒ် ဓညဝတီရခိုင်ပြည်တို့၌ ရှေးဦးစွာ ရောက်ရှိထွန်းလင်းနေမည်ကို မငြင်းနိုင်၊ ထိုရာမညမှ မွန်လူမျိုးများ ဓညဝတီမှ ရခိုင်လူမျိုး များနှင့် ပုဂံမပေါ်မီက ပျူလူမျိုးများတို့၏ ကူးလူးရောင်းဝယ် ဖလယ် ဆက်ဆံမှုများက ပျူဘိုဒဿသို့ ဗုဒ္ဓသာသနာကို ပို့ဆောင်ပေးနိုင်လေသည်။

ဤနေရာတွင် အလွန်ရှေးကျနေပြီ ဖြစ်သော လူမျိုးစုစတင်စခေတ်မှသည် ပျူ, ကမ်းယံ, သက် လူမျိုး သုံးစားတို့ ထင်ရှားခဲ့သည့် တိုင်အောင်သော ခေတ်ကို မဝိစစ် တော့ဘဲ ပျူခေတ်မျှကိုသာ စိစစ်၍ ယင်းခေတ်၏ ဗုဒ္ဓဘာသာအခြေကို ဖော်ပြလိုပေသည်။

မြန်မာနိုင်ငံ ကမ္ဘည်းကျောက်စာဌာန၏ ရှာဖွေတွေ့ရှိရချက်များအရ အေဒီ ၃-ရာစု (လွန်ခဲ့သည့် နှစ်ပေါင်း

တထောင့်ခုနစ်ရာခန့်) လောက်ကပင် မြန်မာနိုင်ငံမြောက်ပိုင်းရှေဘို ဟန်လင်းကြီးမှသည် မြန်မာနိုင်ငံကောင်ပိုင်း သရေခေတ္တရာအထိ ရောဝတီမြစ်ဝှမ်း ဒေသတို့တွင် စည်ကား တိုးတက်နေသော ပျူလူမျိုးများ ထင်ရှားတည်ရှိနေကြောင်းကို သိရပေသည်၊ ထိုပျူလူမျိုးတို့သည် အေဒီ ၃-ရာစုအတွင်း အထိ နှစ်ပေါင်း ၆၀၀ – ခန့်မျှထင်ရှာခဲ့ပြီးမှ, ၇-ရာစုတွင် ပေါ်ပေါက်လာသော ပုဂံနိုင်ငံ မြန်ပာခေတ်ကြီးနှင့် အနှစ် နှစ်ရာနီးပါး အားပြိုင်နေခဲ့ပြီးမှ တဖြည်းဖြည်းတိမ်ကောသွေ မြန်မာများနှင့် ဧရာ နှော သွားကြသည်ဟု ယူဆနိုင်ပေသည်။

သို့သော် ၁၁-ရာစု အစပိုင်းတွင် ထိုးသော မြစေတီကျောက်စာခေါ် ရာဇကုမာရ်ကျောက်စာ၌ ပျူဘာသာတဖက် ရေးထိုး ခဲ့သည်ကို ထောက်လျှင် ပျူယဉ်ကျေးမှုနှင့် စာပေတို့သည် ပုဂံ တခေတ်လုံးလိုလိုပင် လွှမ်းခြုံနိုင်ခဲ့သည်ဟု ဆိုရပေလိမ့်မည်။

ဤမျှအထိ ထင်ရှားခဲ့သော ပျူတခေတ် ထေရဝါဒ ဗုဒ္ဓ သာဿနာသည် အား ကောင်းစွာဝင် ထွန်း လင်းတောက် ပ လျက် ရှိနေ ကြောင်း ခေတ် ပြိုင် တချပ် ရာ ဇ ဝင် မှတ်တမ်း များ၌ ဖော်ပြ ထား လေသည်၊ မြန် မာ နိုင် ငံ ရှိ ပျူလူမျိုး တို့၏ အကြောင်းကို မြန်မာသမိုင်း မှတ်တမ်းများ၌ တိုတိကျကျ ဖော်ပြရေးသားထားချက် မရှိသော်လည်း တချပ်မှတ်တမ်းများ

တွင် အခေတ် စုံစုံလင်လင် ရေးသားထားသဖြင့် ယခုခေတ် လူတို့သည် ပျူတို့ အကြောင်းကို အဆံတန်အသင့် သိခွင့်ရကြ ရပေ၏။

ထိုပျူခေတ်တွင် ဗုဒ္ဓဘာသာထွန်းလင်းနေ သည်နှင့် အမျှ ဗုဒ္ဓ ဘာသာ သာသနာဝင် ဘိက္ခုသံဃာ ရဟန်းတော် များလည်း အလွန်များပြားခဲ့ကြောင်းသိရ၏၊ ဘိက္ခုနီသာသနာ ကား အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း သာသနာနှစ် ငါးရာခန့် (ခရစ်မပေါ်မီ နှစ်အနည်းငယ်) ကပင် ပြတ်တောက် ခဲ့ပြီဖြစ်၍ ဤပျူတခေတ်တွင် ဘိက္ခုနီသာသနာ မရှိတော့ဟု ဆိုရပေမည်။

သို့သော် ဘိက္ခုနီ သာသနာမရှိသည့် နောက် တွင် နိုက္ခမ္မစ္ဆာသယရှိသော အမျိုးသမီးတို့အား ထားရာပတ္တာရဂ်ပရိဗိုဇ် မများအနေဖြင့် ဗုဒ္ဓသာသနာ အရိပ်တွင် ခိုဝင်ခဲ့ကြသော အရိပ်နိမိတ်များကိုကား တွေ့ရပေသည်၊ထို့ကြောင့် ထိုခေတ်ဟု သီလရှင်၏ မိခင်အန္ဒယ်ပရိဗိုဇ်မများရှိကြောင်း သိရပေသည်၊

ခရစ်နှစ် ၈၀၀-ခန့်က ရေးသားသော တရုပ်တို့၏ သမိုင်း (ထန်ရာဇဝင်ဟောင်း) တွင် ပျူတို့၏ တိုင်းပြည် ကြီး ကျယ်ပုံ, ပျူဘုရင် ဘုန်းတန်ခိုးကြီးပုံ, တိုင်းပြည်အုပ်ချုပ်ပုံ များကို ရေးသားပြီးနောက် ဗုဒ္ဓသာသနာ ပွင့်လင်းပုံကိုလည်း အောက်ပါအတိုင်းရေးသားထားပေသည်

'ပျူတိုဒေသဘင် ဘုန်းကြီးကျောင်းပေါင်း ၁၀၀-ကျော်မျှမက ရှိလေသည်၊ ဘုန်းကြီး ကျောင်းများတွင် ရှေးဦးတိုဖြင့် စီချယ်၍ ဟသံပြဒါးနှင့် တောက်ပသော အသွေးများ သုတ်လိမ်းထားသည့် ခန်းမကြီး အသွယ်သွယ် ရှိလေသည်၊ ကြမ်းပြင်များကိုလည်း အနီရောင် ဆိုး၍ ပန်းပွင့်များထိုးထားသော ကော်ဇောများ ခင်းထားလေသည်၊ ဘုန်းကြီးကျောင်းများ၏ အမိုးများကို နန်းတော်ခေါင်မိုးကဲ့သိုပင် စဉ့်သုတ်ထားသော အုဋ်ကြွပ်များဖြင့် မိုးထားလေသည်၊ပျူလူမျိုး ယောကျ်းလေး မိန်းကလေး အသီးသီးတို့သည် အသက် ၇- နှစ်အရွယ်သို့ ရောက်လျှင် ဆံပင်များကို ပယ်ဖြတ်၍ ဘုန်းကြီးကျောင်းသို့သွားကာ သာသနာဘော်ဝင်တွင်းသို့ ဝင်ရောက်လေ့ရှိကြသည်၊ အသက် ၂၀- သို့ရောက်သောအခါ ဗုဒ္ဓရှင်တော်၏ကျင့်ဝတ် ကျင့်စဉ်များကိုဆက်လက်လိုက်နာနိုင်ခြင်းမရှိလျှင် လူထွက်၍ ဆံပင်မျ-းကို ပြန်ထည် အရှည်ထားကြလေသည်"(ဒေါက်တာကျော်သက်ရေး မြန်မာနိုင်ငံသမိုင်း စာမျက်နှာ ၃၀-မှ တရုပ်ရာဇဝင် စကားပြန်ဆိုချက်ကို ကူးယူ ဖော်ပြထားခြင်းဖြစ်၏၊ ဒေါက်တာ သန်းထွန်းရေး ခေတ်ဟောင်း မြန်မာရာဇဝင် ၅၀၌ရင်း, သီရိပျံခြိ ဦးမြရေး ရှေးဟောင်းဆုတ်ခွက် ,ရွှေပဉ်းဆင်းတုတော်များ ဒုတိယတွဲ ၁၀ ၌ရင်း အလားတူ ဖော်ပြထားသေး၏)။

ဤသို့ သာသနာရေးအပိုင်းတွင် ဖော်ပြ ထားသည်ကို ဖတ်ရှုရ၏၊ ထို့ပြင် ပြည်သူပြည်သားတို့၏ ဝတ်စားဆင်ယင်ပုံ ရှေ့ဌေး သုံးစွဲကြပုံ စိုက်ပျိုးစားသောက်ကြပုံများကိုလည်း အပြည့်အစုံ ဖော်ပြထားသေးသည်၊ ဤ၌ လိုရင်းမဟုတ်၍ ထိုအကြောင်းကို ခြွင်းခဲ့ပေအံ့။

ဤမှတ်တမ်းများအရ ပျူခေတ် ဗုဒ္ဓသာသနာ ထွန်းလင်းရာတွင် ဤ မျက်မှောက်ခေတ်ထက်ပင် အားရစရာ ကောင်းသော အချက်များ ပါရှိနေ၏၊ ဤခေတ်တွင် ဗုဒ္ဓဘာသာမြန်မာလူမျိုးဘိုင်း သားယောကျားလေးများအား၇ နှစ်မှ ၁၅ နှစ်အတွင်းတွင် သာသနာ့ဘောင်သို့ သာမဏေအဖြစ် မဖြစ်မနေ သွတ်သွင်း ခိုးမြောက်လေ့ ရှိကြ၏၊ ဖော်ပြပါ နှစ်ပေါင်း ဘဒ္ဒဆောင်ကျော် ပျူခေတ်တွင်ကား သမီး မိန်းကလေးများ အားလည်း ကျောင်းပို့၍ သီလရှင် ဝတ်ပေးလေ့ရှိသည်ဟု သိရလေရာ ဤအချက်မှာ ဤခေတ်ထက်ပင် ပျူခေတ်က သာသနာရေးတွင် အားရစရာ သာလွန်ကောင်းမွန်နေပေသေးသည်။

(ဤခေတ်ဘွင် ဘာသာရေး၌ ဝါသနာထုံကြသော အချို့ပုဂ္ဂိုလ်ကြီးများသည် ကျောင်းပိတ်ရက်များ၌ မိမိတို့၏ သမီးငယ်များကို သီလရှင်ကျောင်းများသို့ ပို့၍သီလရှင်ကလေးများအဖြစ် ရက်ပိုင်းမျှဖြစ်စေ ပြုလုပ်စေကြ၏၊ ဗုဒ္ဓဘာသာရေးဆိုင်ရာဘုရားဝတ်ဘက်ဝတ်ကပ်ဆွမ်းကပ်ပန်းကပ်မှစ၍ ဒါနသီလဘာဝနာ ဘာသာရေးအခြေခံ စာပေများကို သင်ကြားစေ

ကြ၏။ ထိုအစဉ်အလာမှာ မိမိတို့သမီးငယ်အတွက် ဘာသာယဉ်ကျေးမှု အခြေခံရကာ နောင်ရေးအတွက် စိတ်ချရသဖြင့် ကောင်းသော အစဉ်အလာဖြစ်ပေရာ ဗုဒ္ဓဘာသာ သမီးရှင်တိုင်း ပြုလုပ်သင့်ကြပေသည်။)

ပျူအမျိုးသမီးတို့သည် အသက် ၂၀- အထိ သီလရှင် အဖြစ်ဖြင့်နေပြီး ထိုမှအထက်တွင် မနေနိုင်လျှင် ထွက်ရသည်ဟု ဆိုသဖြင့် နေနိုင်၍ ဆက်လက်နေထိုင်သွားသူများလည်း မည်မျှ များပြားမည်ကို စဉ်းစားကြည့်သင့်ပေသည်။ ဤသို့ဖြင့်ခရစ်နှစ် ၁-ရာစုမှ ၃ရာစုလောက်အထိ တရုပ်အခေါ်- ဖျောက်မွန်အခေါ်- တိရစုလ်၊ သူတို့ကိုယ်တိုင်- ထုလော်ကျူး ဟုခေါ်ဆိုခဲ့သော ပျူ လူမျိုးများသည် ရွှေဘိုနယ်မှ သရေခေတ္တရာအထိ ဧရာဝတီ မြစ်ဝှမ်းတခိုက်ဘွင် နေရာယူစဖြစ်၍ အခြေမကျမတိုးတက်သေးလင့်ကစား ၃- ရာစုမှ ၉- ရာစုအတွင်း နှစ်ပေါင်း ၆၀၀ကျော် အထိ အမျိုးဘာသာ သာသနာမှစ၍ တိုးတက်လာကာ ဗုဒ္ဓသာသနာတော်ကြီးကို နေရောင် လရောင်ပမာ ထိန်လင်းစေလျက် ရဟန်းတော်များ ပဏ္ဍာရင်္ဂအနွယ်သာသနာတွင်း ပရိဗိုဇ်မယ်(သီလရှင်) များဖြင့် တင့်တယ်၍ နေမည်ကို သိသာနိုင်ပေတော့သည်။

ပုဂံခေတ်သီလရှင်

ပျူနိုင်ငံကြီး ထွန်းကားနေချိန်၏ နောက်ပိုင်း ကျွန်းလောက်တွင်ပင် ပုဂံနိုင်ငံသည်လည်း အခြေတကျ တည်မြဲဖြစ်သဖြင့် ပျူယဉ်ကျေးမှုများသည်လည်း ပုဂံသို့ စိမ့်ဝင်နေသည်ဟု ဆိုရပေမည်၊ ပုဂံသည် ခရစ်နှစ်ရှစ်ရာကျော်လောက်တွင် စတင်တည်ထောင်သည်ဟု အမှတ်အသားရှိပေရာ ပျူနှင့် နှစ်ပေါင်း ၁၀၀ခန့် ခေတ်ပြိုင် ထွန်းကားနေမည်ဟု ခန့်မှန်းရ၏။

ရာဇဝင် အမှတ်အသားအရ ပုဂံခေတ်တလျှောက် ခရစ်နှစ် တထောင်ကျော် (၁၀၄၄) တွင် နန်းတက်သော အနော်ရထာမင်း လက်ထက်မတိုင်မီအထိ ဗုဒ္ဓသာသနာသည် ဟီနယာနခေါ် ထေရဝါဒ မထွန်းကားသေးမှု၍၊ သို့မဟုတ် မဆိုစလောက်သာ ပျူတို့ဒေသမှ စိမ့်ဝင်လာသေး၍ မဟာယာန အနွယ် အရည်းဘာသာ အမြစ်စွဲလျက် ရှိနေသည်ကို သိရ၏၊ ပျူတို့ဒေသ ဗုဒ္ဓဘာသာသည်ကား ထေရဝါဒ ဗုဒ္ဓဘာသာက အားကောင်းနေပြီး မဟာယာနလည်း အနည်းငယ် ရှိကောင်း ရှိပေမည်။

ခရစ်နှစ် ၉၀၀-အတွင်း၌ ပျူခေတ် ပျူနိုင်ငံကြီး ဆိတ်သုန်းသွားချိန်တွင် တိုးတက်နေသော ပုဂံ နေပြည်တော်၌ မဟာယာနဒွယ် အရည်းဘာသာ ရှိရင်းစွဲဖြစ်နေ၍ သို့မဟုတ် နိုင်ငံတော်ဘာသာဖြစ်နေ၍ ပျူတို့၏ ဟိနယာနခေါ် ထေရဝါဒ ဗုဒ္ဓဘာသာသည် ပုဂံတွင် အမြစ်စွဲနေသော မဟာယာနဒွယ် အရည်းဘာသာကို မတိုးနိုင်ဘဲ, အမြစ်စွဲလောက်အောင် ခိုင်ခိုင်မြဲမြဲ နေရာမယူနိုင်ဘဲ မွန်တို့ဒေသ ရာမည တိုင်းဘက်ဘို သာ လှည့်သွားပြီး မြန်မာနိုင်ငံ အောက်ပိုင်းတွင် ထွန်းကားနေမည်ကို သိသာနိုင်လေသည်။ ထိုအချက် ခိုင်လုံသည်ကိုလည်း ထိုအချိန်၌ ပဲခူးမြို့ဟောင်းသည် စစ်တောင် နှင့် ပင်လယ်ဆိုရာ အနီးတွင် တည်ကြောင်း၊ ထိုမြို့၌ ထေရဝါဒ ဗုဒ္ဓဘာသာဆိုင်ရာ ရှေးဟောင်းပစ္စည်းအစအန များနှင့် ဗြာဟ္မဏဘာသာ (သီဝ) ကိုးကွယ်မှု အစအနများ ကျန်ရစ်ကြောင်း အမှတ် အသားများက ထောက်ခံမှု ပြုနေပေသည်။

၁၁ ရာစုနှစ်အတွင်း (အေဒီ-၁၀၅၆)၌ အနော်ရထာမင်းကြီးသည် သုဝဏ္ဏဘူမိကိုသိမ်း၍ ထေရဝါဒဗုဒ္ဓယဉ်ကျေးမှုများကို ပုဂံနေပြည်တော်သို့ဆောင်ယူခဲ့သဖြင့် မွန်တို့ဌာနိမှ ဗုဒ္ဓသာသနာသည်မြန်မာတို့ဌာနီ ပုဂံပြည်တွင် လွှတ်လွှတ်ကျတ်ကျတ် ထွန်းကားပွင့်လင်းလာသည်ဟု ဆိုရပေမည်၊ အဘယ့်ကြောင့် ဆိုသော် ပျူခေတ်မှ စိမ့်ဝင်ရုံမျှသော ထေရဝါဒ ဗုဒ္ဓသာသနာကို လွှမ်းခြုံအုပ်မိုးထားသည့်. အရည်းသာသနာကိုလည်း ရှင်းလင်း

ပယ်ဖျက်ခဲ့ပြီးသည်တခြောင်း အရှင်အရဟံခေါ် ဓမ္မဒဿီမထေရ်မြတ်၏ လုံလဖြင့် မင်းနှင့်ရသည်သူ ပိုလိုလူဖျားစွာတို့ လက်ခံထားပြီးဖြစ်သည်တခြောင်းခြောင့် ထေရဝါဒ ဗုဒ္ဓဘာသာသည် ပြိုင်ဖက်လွှတ်ကင်း ထွန်းလင်ပင့်လန်းချ လာပေတော့၏။

၉-ရာစုမှ ၁၁-ရာစုအတွင်း နှစ်ပေါင်း ၃၀၀-မျှ ပျက်မှသည် မှန် ထိုနောက် ပုဂံ လှည့်လည်၍ ရှေ့ပြောင်းနေရသဖြင့် ကရဝါဒဗုဒ္ဓဘာသာသည် ထိုနှစ်ပေါင်း ၃၀၀-ခန့်တွင် ပျက်စေခဲ့သို့ တိုးတက်မှုရှိခြင်မှရှိမည်ဖြစ်သော်လည်း ပုဂံသို့ရောက်ပြီးသည့် နောက်တွင်ကား တသမတ်တည်း တိုးတက် လာခဲ့လေတော့သည်။ ရေမြင့်လျှင်ကြာတင့်၍လာမည့်အတိုင်းပင် ပျက်ခဲ့စဉ်က အစွမ်းအနှစ် ဖြစ်သော အမျိုးသမီး သာသနာ့ ဝန်ထမ်းများသည်လည်း ပုဂံခေတ် ဗုဒ္ဓဘာသာနာကြီး တိုးတက် လာသည်နှင့် အမျှ အနှောင်အဝါထွက်၍လာမည်မှာ ယုံမှားစရာမရှိပေ။

ထိုအချက်ကို အောက်ပါတို့ဖြင့် ထင်ရှားစေပါသည်—

ပုဂံခေတ်ကျောက်စာများစွာတို့တွင် ရဟန်းတော်တို့၏ ဘွဲ့မည်များကို ဆရာတော်များများတွေ့ရသည်၊ ဘွဲ့မည်များမှာ ယခုခေတ်ရဟန်းတော်များကဲ့သို့ပါဠိဘာသာ အမည်များဖြင့်ကာ ရဟန်းတော်များဖြစ်ကြောင်းသိသာနိုင်ရန် ဘွဲ့မည်၏ရှေ့မှအဆင့် အတန်းအလိုက် မြတ်စွာသော, မြတ်ကြီး, မြတ်ကြီးစွာ, ဖုန်းမြတ်သော စသော ဝိသေသနပုဒ်များပါရှိပေသည် ရှေ့ခါ သခင်, ဆရာ

ဟူသော ဝိသေသများဖြင့်လည်း တွေ့ရတတ်သေးသည်၊ ဘဲ့ရှေ့မှ မြတ်စွာသော, မြတ်ကြီး, မြတ်ကြီးစွာဟု ပါရှိလျှင် မထေရ်ကြီး ဆရာတော်ကြီးဟု သိရ၍ ဖုန်းမြတ်သောဟုဆိုလျှင် ရိုးရိုးမထေရ် တစ်ပါးဟုသိရလေသည်။

ထိုခေတ်၌ ယောကျ်ားတို့အမည်ရှေ့၌ (မင်းပေးဘဲ့အထူး မရှိလျှင်) ငတပ်၍ ခေါ်ဝေါ်ကြပြီး၊ မိန်းမတို့၏အမည်ရှေ့၌ အိန္ဒ, အိဝ်, အိုဝ် (အများအားဖြင့် "အသံထွက်" အို့)တပ်၍ ခေါ်ဝေါ်ကြလေသည်။

အထက်ပါနှစ်ရပ်(သံဃာများနှင့်သက်ဆိုင်သောမြတ်စွာသော, ဖုန်းမြတ်သော စသည်တို့နှင့်မိန်းမများ နှင့် သက်ဆိုင်သော အိန္ဒ, အိဝ်, အိုဝ်" စသည်)တို့ကို တဲ့စပ်၍ ရေးမှတ်ထားသော အမည်များကို တွေ့ရလျှင် မည်သို့ ဆုံးဖြတ်မည်နည်း၊ အမည်ရှေ့က ထိုဝိသေသန ၂-မျိုးဖြင့်, တွေ့ရလျှင် အမျိုးသမီးသာသနာ့ဝန်ထမ်းများဖြစ်သည် ဟူသော ဆုံးဖြတ်ချက်မှ တပါး အခြားဆုံးဖြတ်ချက်ချစရာမရှိပါချေ။

ကျောက်စာများ၌ တွေ့ရသော အမျိုးသမီး သာသနာ့ဝန်ထမ်းတို့၏အမည်အချို့ကား—

ဖုန်းမြတ်သောအိဝ်ဆိတဝ်၊
ဃခင်အိဝ်ကြံပင်သင်၊

သက်ဝေဘိဝံအိမ်ကြီးသင်၊
ဖုန်းမြတ်သောအိဟ်တည်သင်၊
၃သည်ဘုံပင်ဖြစ်၏။

ဖုန်းမြတ်သော အိဝ်ဆိဘဝ်ကို ယခုခေတ်အခေါ်အတိုင်း ခေါ်လျှင် ဆရာကြီးဒေါ်ဆိတော်ဟု ခေါ်ရပေမည်၊ သခင်အိဝ်ကြံပင်သင်ကို ဆရာလေးမကြံပင်သင်ဟုခေါ်ရပေမည်၊ သက်ဝဘိမှာ သဃ်ာဓိပတိဟုဆိုလိုသဖြင့် အကြီးဆုံးဘွဲ့မည်ဟု ယူဆရ၏။ ၎င်းအမည်ရှင်တို့မှာ ဘိက္ခုနီသာသနာ့ရှိသောခေတ်မဟုတ်သဖြင့် ယခုခေတ်သီလရှင်တို့ကဲ့သို့သော အမျိုးသမီးသာသနာဝန်ထမ်းပဲရိဗိုဇ်မမျှးဖြစ်ကြောင်းသိသာနိုင်၏။

ရာဇဝင်ဆရာကြီ တဦးကား အထက်ပါအမည်ရှင်များကို ဘိက္ခုနီများဟုဆုံးဖြတ်၍ ပုဂံခေတ်၌ ဘိက္ခုနီ သာသနာရှိသည်ဟု ရေးသား့ခဲ့သည်။

သာသနာနှစ် ၅၀၀-ခန့်က ဘိက္ခုနီ သာသနာအဆက်ပြတ်ခဲ့ကြောင်း အထက်တွင် ဖော်ပြခဲ့၏၊ ကျောက်စာများထိုးသောအခါနှစ်မှာ ၁၁-ရာစုအတွင်းကဖြစ်ရာဘိက္ခုနီ သာသနာမရှိ နိုင်ကြောင်း သေချာပေသည်။ ပို၍သေချာသောအထောက်အထား့ဟုရပ်မှာ သာသနာနှစ် ၉၄၁၊ ခရစ်နှစ် အေဒီ ၁၉၉ ခုနှစ်တွင် တရုပ်ပြည်မှ မင်္ဂလမဒေသတခွင် နှင့် သီဟိုဠ်ကျန်းသို့

ဘုရားဖူးပိဋကတော်ကူးရည်ရွယ်ချက်ဖြင့် ခရီးထွက်ခဲ့သော တရုပ် ရဟန်းတော် ဖာဟီယန်၏ ခရီးစဉ်ဘလျောက်တွင် မှတ်တမ်းရေးခဲ့ ရာ၌ ရဟန်းတော်အများအပြားကိုသာတွေ့ခဲ့ရကြောင်းရေးသား ထား၍ ဘိက္ခုနီအကြောင်း ရေးထားခဲ့သည်ကို မတွေ့ရ၊ ရဟန်း တော် တခြားသောင်းခန့်ရှိသော နေရာများ, ငါးထောင်ခန့်ရှိသော နေရာများ စသည်ဖြင့် အများအပြား ရေးမှတ်ထားခဲ့ရာ ဘိက္ခုနီ များ.ရှိကြောင်း မရေးသားခဲ့ပေ၊ (သို့သော် သက်ဿ တနေရာ၌ ရဟန်းရဟန်းမဟု ပူးတွဲဖော်ပြထားသည်မှာကား သံသယရှိဖွယ် ပင်ဖြစ်၏၊ ဘဖန် တန်ခိုးကြီးသော နဂါးကြီးအကြောင်းနှင့် ဆက် လက်ဖော်ထားသုဉ္ဇ အတိတ်ကအဖြစ်အပျက်များအကြောင်းဖြစ် နေပေရာ ဘိက္ခုနီရှိသယောင်ယောင်စကားမှာလည်း အတိုတ်က အဖြစ်အပျက်များ၌ ပါဝင်နေသဖြင့်အင်္ဂလိပ်ကာသာပြန်ဆရာပင် မှားယွင်းခဲ့သလော၊ သို့မဟုတ်-ဘိက္ခုနီ အဆက် ပြတ်ပြီးနောက် ဗုဒ္ဓဘာသာအနွယ်ဝင် ပဏ္ဍရင်္ဂပရိဗိုဇ်မ သာသနာ ပြန်လည်စည် ပင်နေခြင်းပေလောဟု တွေးတော ယူဆရပေသည်။)*

ဘိက္ခုနီ သာသနာ နောက်ဆုံး တည်ရှိခဲ့ရာ သီဟိုဠ်ကျွန်း အကြောင်းကို ဖာဟီယန် မှတ်တမ်း၌ အကျယ်ဘဝင့် ရေးသားခဲ့ သည်၊ ရဟန်းတော်ပေါင်း ငါးထောင်ကျော်နေသော အဘယ ဂိရိ ကျောင်းတိုက်ကြီး အကြောင်း၊ နှစ်ထောင် ကျော်နေသော ဘဒ္ဒရိက ကျောင်းတိုက်ကြီး၊ သုံးထောင်ကျော်နေသော မဟာ

---

* A Record of the Buddhist Countries, P 40

ဝိဟာရကျောင်းတိုက်ကြီး စသည်ဖြင့် သံဃာအရေအတွက်နှင့် ပြဆို ရေးမှတ်ထားခဲ့သော်လည်း ဘိက္ခုနီအကြောင်း လုံးဝ မပါရှိခဲ့ပေ၊ ထိုအချက်သည်ပင် သာသနာ ၉၀၀-ကျော်၌ ဘိက္ခုနီ လုံးဝမရှိကြောင်း အခိုင်လုံ ဆုံးဖြစ်နေပေသည်။

ထင်ရှားသော ဝိနည်းဋီကာကြီးတစောင်ဖြစ်သည့် ဝင်္ဂီ ရဟုဒ္ဒိဋီကာ ဘိက္ခုနီဝိဘင်းအဖွင့်၌ သံကစ္စံကဟူသော ဘိက္ခုနီ တို့၏ အတွင်းခံရင်စည်းအကြောင်းနှင့်ပတ်သတ်၍ "သံကစ္စံကာယဲပမာဏံ တိရိယံ ဒ္ဝိယဟုတ္ထာတို့ ပေါရာဏကဋ္ဌကထာဒေ ဝုတ္တ" ဟု ၎င်းအတွင်းခံရင်စည်း၏ ပမာဏမှာ အနံတထောင့်ထွာရှိ သည်ဟု ရှေးဂ ဋ္ဌကထာဆို၌ ဆိုသည်ဟူ၍ မသေမချာညွှန်ပြထား သဖြင့် ဘိက္ခုနီအသုံးအဆောင်များကိုပင် ဋီကာဆရာတို့ခေတ် ၌ မသိနိုင်တော့လောက်အောင် အဆက်ဝေးခဲ့သည်ကိုလည်း ဖော်ထားသင့်ပေသည်။

ဘိက္ခုနီသာသနာမှ အဆက်ပြတ်မိလျှင် ပြန်လည်ထွန်း သစ်ခြင်းငှာ မဖြစ်နိုင်သဖြင့် ထိုပုဂ္ဂိုလ်တို့ အမျိုးသမီး သာသနာ ဝန်ထမ်းတို့ကို သာသနာတွင်း ပရိဗိုဇ်မများဟု ယူဆရန်မှ တပါး မဖြစ်နိုင်ချေ။ မဟာယာနဗုဒ္ဓသာသနာ ထွန်းကားနေ သော တရုပ်ပြည်စသည်တို့တွင် ယခုတိုင်ဘိက္ခုနီ ရှိသေးသည်ဟု ဆိုသဖြင့် ထိုပုဂ္ဂိုလ်တွင်လည်း ရှိနိုင်ကြောင်း ယူဆလိုက ယူဆနိုင်သော်လည်း ထို ကျောက်စာထိုးချိန်တွင် ပုဂ္ဂိုလ်၌ ထေရဝါဒမှတပါး အခြား (မဟာယာန ဗုဒ္ဓဘာသာ) လုံးဝ မရှိသည်မှာ သေချာလှပေသည်။

ထို့ပြင်လည်း အလှူအတန်းနေရာများစွာ၌ ရဟန်းတော်များ၏ဘွဲ့မည်များကို ပုဂ္ဂံခေတ်ကျောက်စာတို့တွင်အများအပြားတွေ့ရ၏၊ တွေ့ရသမျှ ရဟန်းတော်များ၏ ဘွဲ့မည်များမှာ ပါဠိဘွဲ့မည်များသာ ဖြစ်ပေသည်၊ မြစေတီ ကျောက်စာခေါ် ရာဇကုမာရ်ကျောက်စာ၌ "အဗယ်တပည့်သားမဟာထေရ် အရှင်အရဟံ ကိုယ်တော်တိုင်ဖြစ်၍ အမည်မဖော်ဟု ယူဆရ၏) အဗယ်တပည့်သား မဂ္ဂလိ ပုတ္တတိဿထေရ်၊ အဗယ်တပည့်သား သုမေဓပဏ္ဍိတ်၊ အဗယ်တပည့်သား ဗြဟ္မပါလ၊ အဗယ်တပည့်သား ဗြဟ္မဒိတ်၊ အဗယ်တပည့်သား သောန၊ အဗယ်တပည့်သား သံဃသေနဝရပဏ္ဍိတ်" (သီရိပျံခို ဦးသာမြတ် ပြန်ဆိုချက်မှ) ဟု ပါဠိဘွဲ့မည်များကိုသာ တွေ့ရပေသည်။ [အဗယ်ဟူသည်ကား ပျူဘာသာ ဗုဒ္ဓဘုရား "ဗုဒ္ဓ (လေးစားမှုစကား) မြတ်သော၊ မြတ်နိုးဖွယ် ကြည်ညိုဖွယ်...." စသည်ဖြင့်ဦးသာမြတ်၏ မြစေတီပျူကျောက်စာစာအုပ်၌ ဖော်ပြထားပေသည်။

ရဟန်းတော်များ၏ ဘွဲ့တော်တို့ကို ပုဂံကျောက်စာတို့၌ ပါဠိအမည်များဖြင့်ချည်းလိုလို (တရားအမှုများ၌ လူအမည်များဖြင့် ၎င်းတပ်၍ ပါရှိရာတို့ကား ရဟန်းကိုယ်တိုင် တရားရုံးသို့ မလာဘဲ ကိုယ်စားလှယ် လူဒကာများဟု ယူဆရသည်) တွေ့ရလျက် အမျိုးသမီးသာသနာ့ ဝန်ထမ်းတို့အမည်တွင် ပါဠိဘွဲ့မည်မဟုတ်၊ ဖော်ပြပါအတိုင်း "အိဝ်ဆိုတဝ်-ဒေါ်ဆီတော်၊ အိုဝ်ကြုံပင်သင်=ဒေါ်ကြုံပင်သင်၊ အိဝ်အ်ကြုံသင်=ဒေါ်အကြုံသင်" စသည်တို့ဖြင့် လူမည်များဖြင့် ဖော်ပြ

ထားခြင်းကလည်း ရဟန်း သံဃာများနှင့် ခြားနားချက်တရပ် ဖြစ်ပေရာဘိက္ခုနီမဟုတ် ပရိဗိုဇ်မမျှားသာဟုယူဆစရာအကြောင်း ဘရပ်ပင်ဖြစ်ချေ၏။

ထိုအကြောင်းတို့ကို ထောက်ဆ၍ ပုဂံခေတ်က ဘိက္ခု သံဃာတို့နှင့် စပ်လျဉ်း၍ ထင်ရှားကျော်ကြားသော အမျိုးသမီးသာသနာ့ ဝန်ထမ်းများ ရှိခဲ့ကြောင်း၊ ထိုအမျိုးသမီး သာသနာ့ဝန်းထမ်းတို့ဟူသည်အကြောင်းကြောင့်ကြောင်းကြောင့်ဘိက္ခုနီမဟုတ်နိုင်၊ ထို ခေတ်က မည်ကဲ့သို့ အမည်တပ်၍ ခေါ်သည်ဟု မသိရသော်လည်း ၎င်းတို့သည် ယုခေတ် သီလရှင်များ၏ ဆင်းသက်လာရာ ရှေးအနွယ်တော်များပင် ဖြစ်ကြောင်းယုံမှားမဲ့ မှတ်သင့်ပေသတည်း။

ပုဂံခေတ်၌ သီလရှင်ရှိနေကြောင်းကို ဖော်ပြပြီးနောက် ထိုပုဂံခေတ် သီလရှင်များသည် ရှေးပဏ္ဍရင်္နယ်ဝင် ပိဿစ္စာအဝတ်ဖျများကို ဝတ်ရုံကြောင်းကို အောက်ဖော်ပြပါဦးဖိုးလတ်၏ မြန်မာ စကားအဖွင့်ကျမ်းလာ စကားရပ်ဖြင့် ပေါ်လွင်လာပေသည်။

ဤ အိုအိ၏ အနက်ကို လင်းပြီးဖြစ်သဖြင့် ဟုဒိ၏အနက်ကိုစိစစ်သော် ခေတ်မှန်သာသာတွင် အဖြူဖြူသော ဟောဇုပုဒ်နှင့် ဝတ်ရုံဟောဂ္ဂပုဒ်တို့ကို တွေ့ရ

သည်၊ တဖန် ရွှေစည်းခုံမှန်ကျောက်စာတွင် ဖြူသော ယောဗုံတင်နှင့် နန်းတည်မှန်ကျောက်စာတွင် ပတ်ရစ်, ဝတ်ရုံဟော ဂိဝ် ပုဒ်ကို တွေ့ရပြန်သည်၊ ဖု, ဗု, ဗုံ နှင့် ခို, ဂို, ဂု ပုဒ်တို့မှာ အသံချင်းလွန်စွာနီးကပ်သည်၊ ထိုအတိုင်း အနက်ချင်းလည်းနီးစပ်သော် ဖုခို ၏အိုနက် အဖြူဝတ်, အဖြူရုံ ဟု ပေါ်ထွက်ပေမည်၊ ထို့ကြောင့် အိုအိပ်ဖုခို၏အနုက် "မောင်ဖြူဝတ်, မယ်ဖြူဝတ်,သင်ဖြူဝတ်,သျင်ဖြူဝတ်"ဟု ပေါ်ထွက်ချေမည်၊ လိုရင်းကိုဆိုရသော် အမည်တွင် အိုအိပ်ဖုခို ပုဒ်တဲ့ဖက်ခေါ်ဝေါ်သော ပဂိုလ်တို့သည် ခေတ်စကားဖြင့် ဝတ်ဖြူစင်ကြယ်ကို ဆင်မြန်းသည့် ဖိုးသူတော်, မယ်သီလ, ဝါ သီလရှင်များ ဖြစ်ရာသည်။

[မြန်မာစကားအဖွင့်ကျမ်း၊ ဒုတိယတဲ့-၁၁၆]။

ဤသို့ဖြင့် ပုဂံခေတ်၌ သီလရှင်များ ရှိခဲ့ကြောင်း ယင်းကိုသည် အဖြူရောင် အဝတ်များကို ဝတ်ဆင်ကြောင်း သိသာလှပေသည်၊ စာပေနှင့် လူမှုရေးသိပ္ပံဂျာနယ်၊ အတဲ့-၁၊ အမှတ် ၂ "ကလေးလူငယ်များ ပြုစုစောင့်ရှောက်ခြင်း စာတမ်း" ၄၃၃ တွင် ဦးစိုးညွှန့်က ရွှေပြည်ဦးဘတင်ထံမှရသော အချက်အလက်များကို ဤသို့ ရေးသားထားသည်ကိုလည်း အထက်ပါအချက်ကို ထောက်ခံနေသော သာဓကတခု အနေဖြင့် တွေ့ရပြန်သည်။

"အခုနှာရထာမင်းစောလက်ထက် နောက်ပိုင်းတွင် 'သိတင်းသုံး' ဟု ခေါ်ဆိုသော သူများ ပေါ်ပေါက်လာ၍ ထိုနောက်တွင် ပိဋကတ်ကျမ်းအလိုပတ္တရုဂ်၊ မြန်မာလိုအဝတ်ဖြူဝတ်ပုဂိုလ်များဟု အဓိပ္ပါယ်ရသော ဖိုးသူတော်, မယ်သီလများ ပေါ်ပေါက်လာပြန်၏"

အင်းဝခေတ်သီလရှင်

နှစ်ပေါင်းများစွာ တန်ခိုးကြီးထွားခဲ့၍ ယခုလက်ရှိ မြန်မာနိုင်ငံတခုလုံးနှင့် အရှေတလွှား ယိုဒယား, ကမ္ဘောဒီးယား ဒလာ, ဗီယက်နမ်, မလေး, အပါအဝင် အင်ဒိုချိုင်းနားကျွန်း ဆွယ်ကြီးတခုလုံးကိုပါ အာဏာစက်ဖြန့်နိုင်ခဲ့သော ပုဂံနေပြည် တော် နိုင်ငံကြီး တိမ်းယိမ်းသွားပြီးနောက် ပင်းယ, စစ်ကိုင်း, ဟူသော နိုင်ငံငယ် နှစ်ခု ကြွားဖြတ် ပေါ်လွှာခဲ့သေး၏။ ထို ခေတ်ထိုအချိန် တိုင်းပြည်အခြေအနေကား ပျက်စီးလုမတတ် ဆိုးဝါး သာင်းကျန်း၍ ဘရမ်းဘတာဖြစ်နေသော အချိန်အခါ ကြီးဖြစ်သည်ဟု ဆိုရပေမည်၊ နိုင်ရာလူ မင်းပြုနေသဖြင့် ပြည်သူ လူထုမှာလည်း ကျိုးလန့်စာစား ဖြစ်သလိုသွား ဖြစ်သလိုနေ ကာ အခြေအနေကိုကြည့်၍ အသက်ဓမ္မနေရသဖြင့် ယခင်က တိုးတက်ကြီးမား တန်ခိုးထွားခဲ့သမျှ အစိပ်စိပ်အမွှာမွှာဖြစ်နေ သည်ဟုဆိုရပေမည်။

"ထိန့်ကျော်ဟိုး=သတိုးဖျား" ဟူသော ရာဇဝင်ဆောင်ပုဒ်အရ မြန်မာနှစ် ၇၂၆-ခု၊ ခရစ်နှစ် ၁၃၆၄-ခုနှစ်တွင် သတိုးမင်းဖျားသည် စစ်ကိုင်း, ပင်ယမင်းတို့ကို ဖယ်ရှား၍ မြစ်ငယ်မြစ်နှင့် ရောဝတီမြစ်ဆုံ ဒဲ့သကို ရှင်းလင်းပြီးလျှင် ခိုင်ခံ့သော အင်းဝနိုင်ငံသစ်ကို တည်ဆောက်ခဲ့လေသည်။

သတိုးမင်းဖျားလက်ထက် မြန်မာနိုင်ငံ၌ ဆူပူလှုပ်ရှားမှုများအနှယ်ဆိုင်သွားသော်လည်း လုံးလုံးတည်ငြိမ်မှုကိုမူ မရသေးချေ၊ သို့သော် နောက်မင်းများ လက်ထက်တွင် တစတစ ဘည်ငြိမ်ဘိုးတက်လာမည့် အလားအလာများကို ဖန်တီးနိုင်ခဲ့ပေသည်၊ ထို့ကြောင့် ၎င်းနောက် ဆက်ခံသော မင်းကြီးစွာစော်ကဲလက်ထက်၌ တိုင်းပြည် အတော်အတန် ငြိမ်သက်သွားလေသည်။

မြန်မာနိုင်ငံကြီးသည်လည်း အင်းဝခေတ်တွင် ဘာသာဘာသနာနှင့် ပညာ လူမှုရေးတို့ပါ အဖက်ဖက်မှ တိုးတက်လာလေ၏၊ မင်းကြီးစွာစော်ကဲ လက်ထက်မှ နောက်တဆက် ဘုန်းမင်းခေါင်လက်ထက်တွင် အနှစ် ၄၀-မျှ မုန်မြန်မာ စစ်ပွဲများ ဖြစ်လာခဲ့လေသည်၊ သို့သော် မုန်မြန်မာစစ်ပွဲ အကြိမ်ကြိမ် ဖြစ်ပွားနေရသော်လည်း မြန်မာနိုင်ငံသည် အင်းဝ မတည်မီနှင့် တည်စအချိန်ကာလလောက် ဆိုးဝါးပျက်ပြားခြင်းမရှိဘော့ချေ။

မုန်မြန်မာ နွယ်ဦးစလုံး ထေရဝါဒဗုဒ္ဓဘာသာဝင်များ ချည်းဖြစ်သဖြင့် နွယ်နိုင်ငံ နွယ်ပေါင်းကြာရှည်ခဲ့ စစ်ဖြစ်နေ

သော်လည်း ဘာသာရေးဖက်တွင် တိုးတက်မှု နှေးကွေးသည်မှာ အပ ပျက်ပြားယုတ်လျော့ခြင်းမရှိဟုဆိုရပေမည်၊ ဘုရင်မင်းခေါင်လက်ထက်တွင် တဖက်မှ စစ်ဖြစ်နေသော်လည်း ဘာသာ သာသနာနှင့် စာပေ အနုပညာများမှာ တသိမ့်သိမ့် တိုးတက်နေခဲ့လေသည်။

ထိုမင်းလက်ဆက်၌ပင် စာပေကျမ်းဂန် တတ်ကျွမ်းသော ရဟန်းပညာရှိများ အလွန်ပေါများသည်ဆို၏၊ ထိုအချိန်အခါ၌ အမျိုးသမီး သာသနာ့ဝန်ထမ်းများလည်း မြောက်မြားစွာ ရှိနေသည်ကိုလည်း သိရပေသည်။

အောက်ပါ အကြောင်းရပ်သည် အမျိုးသမီး သာနာ့ဝန်ထမ်းများ အင်းဝခေတ်၌ ရှိရုံမျှမက အလွန် အရေးပါပုံကိုပင် ဖော်ပြနေပေ၏။

"သက္ကရာဇ် ၇၆၆–ခုနှစ်တွင် ရာဇာဓိရာဇ်သည် ကာတ္တ၊ လွန်းကြင်, ကူရွာ, ထက်ရပ် အစင်းသုံးထောင်, ပိုလ်ဘသိန်းခြောက်သောင်း, အမတ်ဒိန်မနိရွာ, သမိုန်ဖြတ်စ, သမိန်အဝန်ိုင်, သမိန်အဲပရဲ၊ သည် စစ်သူကြီး ၄–ယောက်နှင့်ဘကူ ပဲခူးကသည် ရေဝန်းတိုင်အောင် ရေကြောင်းဆန်လာ၏၊ ထိုရောအခါ ဘုရင် မင်းခေါင်လည်း မှူးကြီးမတ်ခိုင် အပေါင်း, ရဟန်းသံဃာအပေါင်း. နှင့်တကွ 'ရာဇာဓိရာဇ်ကို ပြန်လေအောင် နှုတ်ခွန်းလက်

ရေးဖြင့် ဘယ်သို့စီရင်သော် သင့်မည်နည်း'ဟု တိုင်ပင်တော်မူ၏၊ မူးတော်မတ်တော်, ဆရာတော် အပေါင်းလည်း မည်သို့မျှမဆို တိတ်တဆိတ်သာ နေကြ၏၊ ပင်းယကျောင်းတွင် နေသော အသက် ၃၁-နှစ်, ပဉ္စင်း ၁၁-ဝါရသော ဝာကြိုသူမြတ်တပါးမူကား 'ရာဇာဓိရာဇ်ကိုမဆိုနှင့်ဦး၊ ဇမ္ဗူဒိပ်မြေအပြင်ဝယ် ရှိလေသမျှ မင်းအပေါင်း လာစေကာမူ နှုတ်ရေးဖြင့် ပြန်လေအောင့် ငါစွမ်းနိုင်၏' ဟုဆို၏၊ ဘုရင်မင်းခေါင်လည်း အလွန်အားရတော်မူ၍ အစွမ်းရှိတိုင်း မိန့်တော်မူပါဟု တောင်းပန်၏" (သာသနာလင်္ကာရ-၁၃၉၊ မှန်နန်း ရာဇဝင် ပဌမတဲ့ စာမျက်နှာ ၄၉၀-၌ အကျယ်ပါရှိ၏)

"စကြိုသူမြတ် အလိုရှိတိုင်း စီရင်တော်မူ၍ ဆင်ဟိုင်း ငါးတောင်ပြည့်ကို ရွှေက တင်စေပြီးသော် စကြိုသူမြတ် စီး၍ထွက်ရ၏၊ ဆင်ရွှေတွင်လည်း အဝတ်ဖြူနှင့် သီတင်းသုံး သုံးရောလိုက်ရ၏၊ ဆင်နောက်ကလည်း သူအိုသုံးရာ လက်ဆောင်ကိုင်၍လိုက်ရ၏" (ဦးကုလား မဟာရာဇဝင်ကြီး-စာပိုဒ် ၄၇၇၊ မှန်နန်းရာဝင် ပဌတဲ့ စာမျာ ၄၉၂-၌ လည်း အလာ:တူပါ၏)။

ပဌမစာပိုဒ်တွင် စစ်မဖြစ်ရန် ငြိမ်းချမ်းရေး တမန်အဖြစ် နှုတ်ရေးစကားတတ် စကြိုသူမြတ် ရာဇာဓိရာဇ်ထံ ကွရမည့် အခြေအနေကိုပြ၏၊ ဒုတိယစာပိုဒ်တွင် စကြိုသူမြတ်သည် ရာဇာဓိရာဇ်ထံ ငြိမ့် ချမ်းရေးအတွက် စကားဆိုရန် ကွတော်မူပုံကို

ပြလေသည်၊ ကြွရာ၌ ဆင်ကိုလည်း အစွယ်မရှိသော ဟိုင်းကို ရွေးချယ်သည်မှာ အဓိပ္ပါယ်အလွန်ပြည့်ဝ၏၊ ထို့ပြင် ငြိမ်းချမ်းရေးအတွက် သရုပ်ပြအနေဖြင့် လုံးဝအန္တရာယ် မပြုတတ်သော သီးတင်းသုံးခေါ် အမျိုးသမီး သာသနာ့ဝန်ထမ်း (သီလရှင်) သုံးရာကို ရွေးချယ်လိုက်ခြင်းမှာ အလွန်အလွန် အဓိပ္ပါယ်ရှိသော်ပေသည်၊ ထိုငြိမ်းချမ်းရေးသရုပ်ပြ အခမ်းအနားအတိုင်းပင် စကြိုသူမြတ်၏ အစွမ်းရောဇာဓိရာဇ်၏ စိတ်ညွတ်နူးမှုတို့ကြောင့် အရေးမှာ ချောချောချူချူနှင့် ပြီးမြောက်သွားပြီး ရောဇာဓိရာဇ်လည်း ပဲခူးသို့ ပြန်လေတော့သည်။"

သီတင်းသုံးနှင့် သီလရှင်

ဤနေရာ၌ "အဝတ်ဖြူနှင့် သီတင်းသုံး သုံးရာ" ဟူ၍ အဝတ်ဖြူနှင့်ဟူသော အပိုဒ်နှင့် သီတင်းသုံးဟူသော အပိုဒ် ၂-ပိုဒ်ပါရှိရာ "အဝတ်ဖြူနှင့်" ဟူသောအပိုဒ်အရ အထက်အခန်းတို့တွင် ဖော်ပြခဲ့သော ပဏ္ဏရဂ်နွယ်လာ ပရိဗိုဇ်မများ ဟူ၍ သီသာ၏ သို့သော် ဖိုးသူတော်ကဲ့သို့ ပဏ္ဏရဂ်နွယ် အမျိုးသားပရိဗိုဇ်များလည်း ရှိသေးသဖြင့် အထက်ပါ သီတင်းသုံးသုံးရာဟူသည် အမျိုးသမီးမဟုတ် အမျိုးသားများလည်း ဖြစ်သင့်သည်မဟုတ်ပါလော ဟူ၍ စောဒကတက်သိုက တက်နိုင်ပေသေး၏။

မှန်ပါ၏။ သီတင်းသုံးဟူသည်၌ သီတင်း ဟူသည်မှာ သီလကိုဆိုလို၏၊ သုံးဟူသည်မှာ ဆောက်တည်ခြင်း ကျင့်သုံးခြင်း ကိုဆိုလိုသဖြင့် သီတင်းသုံးဟူသည် သီလကို ဆောက်တည် ကျင့်သုံးနေထိုင်သူ, နိစ္စမူဝ သီလဖြင့် နေထိုင်သူဟု အဓိပ္ပါယ်ရ၍ မိန်းမ ယောကျ်ားမဟူ သီလ ကျင့်သုံးနေထိုင်သူ ဟူသမျှကိုပင် ရနိုင်ပေသည်။

သို့သော် ယောကျ်ား မိန်းမနှစ်ဦးစလုံးနှင့် ဆက်ဆံသလိုလို ယူဆရသော သီတင်းသုံး ဟူသော အမည်သည် ယောကျ်ားနှင့်မဆိုင် မိန်းမတဦးတည်းပိုင် ဣတ္ထိလိင် သုံးစကား လုံးသာ ဖြစ်ကြောင်း အောက်ဖော်ပြပါ ကုန်းဘောင်နန်းကို ဖန်ဆင်း တည်ထောင်တော်မူသည့် အလောင်းမင်းတရားကြီး၏ လက်ထက်၌ ရေးသော ရတနာကြေးမုံ နံနန်းတွင်းဝတ္ထုတော် ကြီးလာစကားရပ်ဖြင့် ထင်ရှားပေသည်။

"ရှေးသောအခါ မင်္ဂလာနဂရပြည်ကို အစိုးရသော ရာဇကာရည်မင်းကြီးသည် ပဥ္စလမန္ဒာမိဖုရားနှင့် နှစ်ပါး ရှင်ပျော်၍ မေ့လျော်ယှဉ်နွဲကြသဖြင့် သုဝဏ္ဏရောင်မည် သော သမီးတော်ကို ဖွားမြင်၏၊ အရွယ် ရောက် သော် အဆင်း ပြင်လျာရှိသောကြောင့် ပြာသာဒ် သုံးဆောင် မှာ ငါးရာခြွေရုံနှင့် ထားသည်ကို ငါးပါးသော ကြန် စုံညီ၍ ဇမ္ဗူဒီပါတကျွန်းလုံး ကျော်ဇောသည်း။

ထိုအခါ ဣန္ဒပထနပြည်ကိုအစိုးရသော ဒဿမမှာဇ် မင်းကြီးနှင့် ခေမာသန္တိမိဖုရားသားတော် အာဝဇ္ဇည မင်းသားသည် ခြေရံငါးရာနှင့်တကွ မင်္ဂလာနဂရပြည်သို့ သွား၍ မာဃရီပြုစုထားသော ဥယျာဉ်၌ ရပ်တန့်လေ၏၊ မင်းဧကရာဇ်သားဖြစ်၍ စူဠသတ္တရုဂါထာ, ဘရိပပွတာ ယဂါထာတို့ကို နေ့တိုင်းမပြတ် သရဇ္ဈာယ် သတည်း။

ထို သရဇ္ဈာယ်သော အသံကို မာဃာရီ သိတင်းသုံးကြားလေသော် 'ထိုဗေဒင်ကျမ်းကို အကျွန်ုပ်အား သင်ပါ'ဆို၏၊ 'သိတင်းသုံးမှာ ဗေဒင်ကျမ်းကို သင်၍ အဘယ်ပြုမည်နည်း' မေးလျှင် 'ပြာသာဒ် ခုနစ်ဆောင်ကို နေ့တိုင်း သွား၍ သုဝဏ္ဏရောင် မင်းသမီးကို စာပေသင်ရပါသည်၊ ထိုဗေဒင်ကျမ်းကို မင်းသမီးအား အကျွန်ုပ်သင်ချင်ပါသည်'ဆိုလျှင် အာဝဇ္ဇည မင်းသားလည်း 'မင်းသမီးကို သိတင်းသုံးသင်သည်ထက် အကျွန်ုပ်သင်သော် သာ၍ မတတ်လွယ်ပါလား'ဟု ဆို၏။

"ယောကျ်ားနှင့်စပ်သည်ကို မကပ်မချဉ်းသာအောင် ခမည်းတော်မင်းကြီးက အဆီးအတား အစောင့်အနေ ထားသည် မျှားပြားသောကြောင့် ဝင်၍မသင်ရသော အကြောင်း"ကိုပြော၏။ "သည်ကဲ့သို့ဖြစ်လျှင် သီလရှင် ဗေဒင်ကျမ်းကို သင်၍နေခိုက် ထိုမင်းသမီးမှာ အသူစာချမည် နည်း၊ တပည့်မင်းသမီးကို တတ်စေလိုလျှင် အပျိုတော်

ကြီးများကိုသာ သင်လာပါစေတော့''ဟု ဆိုလျှင် ဆို သည့်အတိုင်း မင်းသမီးမှာပြောသည်နှင့် ဗေဒင်ကျမ်းကို တတ်ချင်လှသဖြင့် မလွှာဒိယအထိန်းတော်ကိုသင်စေ၏'' (ရတနာကြေးမုံ နန်းတွင်းဇာတ်တော်ကြီး * စာမျက် နှာ-၆၀)

အထက်ပါစာပိုဒ်တို့တွင် မာဃရှိ သီတင်းသုံးဟူသော အပိုဒ်, သီလရှင်ဟူသောအပိုဒ်များကိုကြည့်လျှင် သီတင်းသုံးသည် အမျိုးသမီးဖြစ်ရုံမျှမက ယခုခေတ်တွင်သိမြင်နေကြသော သီလ ရှင်ပင်ဖြစ်ကြောင်း ဖော်ပြနေပေသေး၏။ မြန်မာစာပေတို့တွင်

---

* ရတနာကြေးမုံနန်းတွင်းဇာတ်တော်ကြီးနိဒါန်းတွင် 'တသောင်း သော လောကဓာတ်ကို အစိုးရတော်မူသော ဘဝရှင် အလောင်းမင်းတ ရားကြီးဘုရား၏ အဂ္ဂမဟာသေနာပတိဖြစ်သော မဟာနေမျိုးသီဟသူ မည်သော ငါးစို့ဝန် မင်းတိုင်ပင် ပညာရှိအမတ်တော်ကြီးသည် စေသုံး တော်မူရာတွင် ပွင့်လန်း ရှင်မြူး ကြည်နူးသောစေတနာဖြင့် စကား ပြောအစဉ်တွင် စကားယဉ် အစုထုံးပုံကို ဉဒါဟရဏ် ရွက်ဆောင် နိုင်သော ရွှေတောင်သီဟသူ အမည်ရှိသော အကျွန်ုပ်သည်' ထိုနိဒါန်း စာကို ထောက်ရှုခြင်းအားဖြင့် ဤရတနာကြေးမုံဝတ္ထုကို ရေးသားသူ မှာ ရွှေတောင်သီဟသူဟုသိရ၏။ အဂ္ဂမဟာသေနာပတိ ဖြစ်နေသော နေမျိုးသီဟသူက တိုက်တွန်းစေခိုင်းသောကြောင့် ရေးရကြောင်းကို လည်း သိရ၏။ အလောင်းမင်းတရားကြီး လက်ထက်တော်တွင် ဇရေး ကြောင်းကိုလည်းသိရ၏.....ဟု တည်းဖြတ်သူ ဦးစိန်တင်ကရေးသား ခဲ့၏။

သီလရှင်ဟူသောအသုံးကို ဦးဦးဖျားဖျား၊ ဝါ-အစောဆုံး သုံးနှုန်းထားသော စာမျှသည်း ဤရတနာကြေးမုံ နှန်းတွင်း ဇာတ် (ဤနေရာ) ပင် ဖြစ်ပေသည်။ ထို့ကြောင့် "သီလရှင်" ဟူသော အသုံးကို ကုန်းဘောင်ခေတ်အစ အလောင်းမင်းတရား ကြီး လက်ထက်၌ တွင်ကျယ်စွာ အသုံးပြု၍နေပြီဟု မှတ်သား ထားသင့်ပေသည်။

ရတနာကြေးမုံပါ သီတင်းသုံး သီလရှင်နှင့်စပ်သော အကြောင်းအရာကိုကြည့်လျှင် သီတင်းသုံး၊ ဝါ-သီလရှင်များသည် နှန်းတွင်းသူ မင်းသမီးများ အပျိုတော်များကို ပညာသင်ပေးရာကြောင်း သိနိုင်၏။ (ကုန်းဘောင်ခေတ် မန္တလေးခေတ်များ အထိ ထိုကဲ့သို့ပင် ဖြစ်ကြောင်း နောက်ပိုင်းတွင် ထင်ရှားလာပါလိမ့်မည်)၊ ထိုမျှမက သီတင်းသုံး များအား သာသနာရေးနှင့်ပတ်သက်သော ကိစ္စများတွင် မိဖုရားများက အကူအညီတောင်းရကြောင်း၊ သို့မဟုတ် - မင်း မိဖုရားတို့အား အကူအညီပေးကြောင်းကိုအောက်ပါအကြောင်းဖြင့်ထင်ရှား၏။

"ပုဂံဝယ် တက်သေးကြီး, တက်သေးငယ်နှစ်ပါးဟူ၍ တက်သေးကြီးသို့ မဟာဂီရိနတ် နေ့တိုင်း ဆည်းကပ် လာ၏။ အမှုအခင်းရှိ၍ နှားပါးထောင်ခေါ့ဟု စေလိုက်လျှင် စေတိုင်းရ၏။ အဝဘုရင် မင်းခေါင်ကြီးလက်ထက် ပုဂံမှာ ယဉ်ခွန် * ကို တက်သေးသူမြတ် အလှူခံ၍

---

* ယဉ် = ရက်ကန်း၊ ယဉ်ခွန် = ရက်ကန်းခွန်။

မိဖုံရားကို ပြောရဦးမည့် ဆိုသည်တွင် 'ရှင်မင်းကြီးကို မိဖုရားပိုင်လေသလော' ဟု တက်သေးသူမြက် ဆိုလေသည်။ ထိုအကြောင်းကို မိဖုရားဘိုမယ်အား ကြားလေသော် 'ရဟန်းမူ၍သာ လူဖြစ်တပြီးကား ကွပ်ရလေ၏' ဟု မိဖုရားဆိုလေ၏။ အဝက ကြက်သက်ကိုနှင်လျှင် ပုဂံသို့ ကြက်တက်ကိုရောက်သော ဘိုးခေါင်ယာဉ် မဆင်မတော်နှင့် ရွှေဉာဏ်းခံသို့ ရဲခါသွားမြဲဖြစ်၍ နောက်တကြိမ် အသွားတွင် တက်သေးသူမြတ်လှာ၍ 'အစောငါ့ကိုကွပ်မည်ဆိုလျှင် ကွပ်လော့' ဟု မိဖုရားကို ဆိုလေသည်။ မင်းနှင့် မိဖုရားလည်း ငါတို့အလျောက် ဆိတ်ကွယ်ရာ၌ ပြောဆိုသည်ကို တက်သေးသူမြတ် သိလေသည်ဟု မသက်မသာရှိကြ၍ **သီတင်းသုံးတယောက်ကို စုံစမ်းစေသည်တွင်** တက်သေးသူမြက်အား တေပသင်နတ် * ပြောဆိုကြောင်းကို သိကြသည်"။ (သာသနာလင်္ကာရ-၁၁၅)

ရာဇာဓိရာဇ်ထံ စကြိုသူမြတ်နှင့် သီတင်းသုံး သုံးရာသွားရောက်စေသည်မှာလည်း ဤဘုရင်မင်းခေါင် (မင်းခေါင်ကြီး) လက်ထက်ပင်ဖြစ်၏။ ဤတက်သေးသူမြတ်အား သီတင်းသုံးကို လှတ်၍စုံစမ်းစေသည်မှာလည်း ဤဘုရင်မင်းခေါင် လက်ထက်ပင်ဖြစ်၏။ ထို့ကြောင့် ဘုရင်မင်းခေါင်လက်ထက် မြန်မာသက္ကရာဇ်

---

* တေပသင်နတ် = မြို့စောင့်နတ်

၇၆၂, သာသနာနှစ် ၁၉၇၇, ခရစ်နှစ် ၁၄၀၀ ခန့်လောက်က သီဘင်းသုံးခေါ် သီလရှင်များသည် အင်းဝ နေပြည်တော်၌ မည်မျှ အဆင့်အတန်း မြင့်မြင့် ရှိနေကြသည်။ တကြော်မ်တည်း တစုတဝေးတည်း သုံးရုတိတိ စေလွှတ်နိုင်သည်ကို ထောက်၍ မည်မျှအရေအတွက် များပြားစွာတည်ရှိနေမည်၊ သာသနာရေး ကိစ္စတို့၌ ဘုရင်နှင့်မိဖုရားကြီးတို့အား အကူအညီပေးနိုင်သော အဆင့်၌ ရှိနေသည်ကိုထောက်၍ မည်မျှအစိုးတရ ပုဂ္ဂိုလ်တို့၏ အခြိုးအမြောက်ခံယူရမည်တို့ကို သိနိုင်ပေတော့၏။

သပ္ပရိဟ်-သောပ္ပယို-သွပ္ပယ်

ဤနေရာ၌ သီတင်းသုံးဟူသော အမည်နှင့်စပ်၍ သီလရှင်ကို ခေါ်သော အခြားအမည်တမျိုးကိုလည်း ကြားဖြတ်၍ ဖော်ပြလိုပေသေးသည်။ ထိုအမည်ကား မွန်အမည် သပ္ပရိဟ် (မွန်သံပျက်မြန်မာအခေါ်) သောပ္ပယို, သွပ္ပယို ဟူသောအမည် ပင် ဖြစ်၏။

မွန်ဘာသာ အခေါ်အဝေါ် ပုဒ်မှန်မှာ သပ္ပရိဟ် (Sopparoch) ဖြစ်၍ ပါဠိ 'သပ္ပုရိသ' ပုဒ်ပျက် သူတော်စင် သူတော်ကောင်းများကို ခေါ်ကြောင်း, ကျားမ နှစ်ဦးစလုံး၌ပဲပင်

သုံးနိုင်ကြောင်း သိရလေသည်။ ထို့အတူပင် ဟာလီဒေး၏ မွန်အင်္ဂလိပ်အဘိဓာန်တွင်-

သပ္ပရိဟ် = (Sopparoch) (P. Sappuriso) N: agood or Plousman: A grove-digger ဟူ၍ ဖော်ပြထား၏။ ရှေ့ဝါကျမှာ ဖော်ပြပါ အဓိပ္ပါယ်အတိုင်းဖြစ်သော်လည်း နောက်ဝါကျတပိုင်းမှာ ဆန့်ကျင်ဖက်အနက်ထုတ်နေလေသည်။စုံစမ်းကြည့်ရာ လူသေမြုပ်သူများကို အသပ္ပရိဟ်ဟု အသုံးရှိပုံကို ရှေးဟောင်းမွန်ဘာသာ စာတမ်းများတွင် တွေ့ရကြောင်း အသံထွက်ရာ၌ အ, သံမှာ ရော၍ ထွက်နေသဖြင့် ပျောက်နေသလိုဖြစ်ပြီး သပ္ပရိဟ်နှင့် အသံတူနေသလိုဖြစ်နေကြောင်း၊ မွန်ပညာရှိတဦးထံမှ သိရလေသည်၊ ထို့ကြောင့် သပ္ပရိဟ်သည် ကျွန်ုပ်တို့မြန်မာသိတင်းသုံးနှင့် တူညီစွာ ပုလ္လင်ဆံဆံ သဒ္ဒါတမျိုးဖြစ်ပြီး ဣတ္ထိလိင်၌သာ အသုံးတွင်နေကြောင်းသိရလေသည်၊ ၎င်းသပ္ပရိဟ်ကိုမြန်မာစာပေ၌ သ္ဒပ္ပယိုဟူသောအသံဖြင့်ပရိုဋ်မ, သီလရှင်တို့၌ သုံးကြောင်း အောက်ပါမှတ်ကဗျာအထောက်အထားများအရ သိသာနိုင်ပေသည်။

(၁) "ကုန်းကွရွယ်အို၊ သ္ဒပ္ပယိုက၊ လို လျင် ရာ ရာ၊ မျက်နှာပင်သား၊မိန်းမများနှင့်"(၁၁၂၈-ဖွဲ့, ၁၁၉၆-လွန်မုံရွေးဆရာတော်၏ကုသပ္ပါဒ၅၇)

(၂) ဘိက္ခုစတေ၊ ကာသာဝေဟု၊ ဝါရွှေဝင်းစုတ်၊ လဲကာဝတ်လေ၌၊ သာလွှာငြိမ့်ခြေ၊ မြတ်မိန့်

ရွှေကို၊ ထိပ်ဗေဒင်ကာ၊ ယဉ်ကလျာတို့၊ ကက်ဘာ ညှတ်ရို၊ သောပွယိုဟု၊ အလိုတော်သိ၊ ပြုလုပ်ပြီဝယ်" (ဦးရွှေခြည်၏ ၁၂၁၂ခုနှစ် ပြုစုသော စန္ဒကိုန္ဒရိပျို့။-၅)

(၃) "တဖြာထိုမှ၊ထောက်မြောက်ကလည်း၊ ရှုပရှန်းညီ၊ ရှုဖွယ်ရှိလျက်၊ ပရိမဏ္ဍလ၊ ဝန်းဝန်းပသား၊ ထန်ဝတီ၊ ကဲ့မာရီဟု၊ ရှင်သီလဝါ၊ သွပ်ယာတို့၊သံသရာဘေး၊ ရှုတုံသေး၏၊" (၁၁၇၃ ဖွဲ့း, ၁၂၅၀ လွန် ဆီးပန်းနီဆရာတော်၏ ကဝိမဏ္ဍနီကျမ်း အရည်ခံ၁၆ အလင်္ကာ, ပိုဒ်ရေ-၁၁၊ မျက်နှာ-၁၀၆)

(၄) "ပရိဗိုဇ်မိန်းမ၊ သစ္စကဟု၊ **သီလ**မကင်း၊ သီတင်းကြည်ညို၊ သွပ်ယိုလျက်၊ အလိုလိုက်စား၊ ရမ္မက်အားဖြင့်၊ ပတ္တမြားတခြည်၊ ဆန်တပြည်သို့၊ ဂုဏ်ရည်ယုတ်မြတ်၊ မမှတ်ယှင်းကွက်၊ ကျင့်သွမ်းပျက်၏'၊(၁၂၀၃ ဖွဲ့း, ၁၂၈၁ လွန် မန်လည်ဆရာတော်၏ မဃဒေဝလင်္ကာသစ်ပိုဒ်ရေ-၃၀၆)

အထောက်အထား ၁-တွင်"သွပ်ယို"ဟု သာမန်ဆိုထား သော်လည်း ၂-တွင် "သောပွယို"ဟု ညှတ်ရိုနှင့် ခဲ့ထားစပ်ပြုထားသဖြင့် ယို ဟု မြန်မာသတ်ပုံဖြစ်သင့်ကြောင်းပြ၏၊ ထို ၂-

ဦပင် အမျိုးသမီးတို့ သောပွယိုပြုလုပ်ကြကြောင်း ထင်ထင်ရှား ရှားဆို၏၊ ၃-တွင် ထနဝတီကုမာရီစသည်ဖြင့် အမျိုးသမီးတို့ ဖြစ်ကြောင်းပြ၍ "သဒ္ဓပွယာ" ဟု အသုံးတမျိုး သုံးပြထားလေသည်၊ ၄-၌ကား "သဒ္ဓပွယို" ဟု ဖ-သံဖြင့် ပြထားပြန်၏၊ အမျိုးသမီး, ပရိဗိုဇ်မ အကြောင်းပင်ဆိုပေသည်၊ သို့နှင့် သဒ္ဓပွယို, သောပွယို, သဒ္ဓပွယာ, သဒ္ဓပွယို ဟု အရေးအမျိုးမျိုး အသံတိမ်းမယိမ်း ရှိသော်လည်း ပရိဗိုဇ်မကိုတညီတညွတ်ညွှန်ပြနေသဖြင့် မွန်ဘာသာ သပွရိဟ်နှင့်အတူတူပင် အဓိပ္ပါယ်ရကြောင်းသိသာ၏။

ထိုသဒ္ဓပွယိုသည်ပင် ကုန်းဘောင်ခေတ် သီလရှင်များ ဖြစ်ကြောင်း အောက်ပါအထောက်အထားများဖြင့် သိသာနိုင်ပြန်၏။

(၁) "မယ်သီလဟူက၊ ဘမ်းတက္ခနှင့်၊ လမ်းမလှည့်လည်၊ သွားတတ်သည်ကြောင့်၊ လူ.ပြည်ခေါ်ဆို၊ သောပွယိုတည့် '(ရှင်ဝဇီရဓမ္မသတ်လင်္ကာ)

(၂) "မြန်မာဘုာသာမှာ 'သောပွေန ယာတိ ဂစ္ဆတိ သောပွယို' ဟု သီလရှင်ကို ရည်၍ ဝိ ဂြိုဟ် ပြု ပြီးလျှင် သောပွေန-မန်းဖြင့်၊ (ဝါ-ဗန်းမြင့်)ယာတိ ဂစ္ဆတိ-သွားတတ်၏၊ ဣတိတသ်ဒ-ထိုကြောင့်၊ သောပွယို - သောပွယိုမည်၏ဟူသော ဓမ္မသတ်

နိဿယ ရေးဆရာဆိုသော စကားမျှားတွင် မန်း ဟူရာ၌ ပဉ္စမက္ခရာမကို ပဌမက္ခရာပြုပန်းဖြစ်၏၊ ပဌမက္ခရာပကိုတတိယက္ခရာဗပြု ဗန်းခေါ်သည်၊" (၀၀ါဟာရဝိပ္ပလ္လာသ လက္ခဏာကျမ်း, ပရပိုက်မူ-၎၂)

ထို့ကြောင့် မွန်ဘာသာသပ်ရိုဟ်, မြန်မာအခေါ် သဠပ်ယို, သောပ်ယို, သဠပ်ယာ, သဠပ်ယိုတို့သည် ပရိဗိုဇ်မ သီလရှင်များဖြစ်ကြောင်း ထင်ရှားလှသဖြင့် အင်းဝခေတ်သုံး သီတင်းသုံးနှင့် အတူတူပင်ဖြစ်သည် ဟု မှတ်သားသင့်ပေသည်။

မွန်ရာဇဝင်တလျောက်တွင် ထင်ရှားလှသော ဓမ္မစေတီမင်းမဖွားမီ ၎င်း၏မယ်တော် ဆင်းရဲသူမ မိတတ်သည် သီတင်းသုံးတဦးလာလတ်၍ မုဒရက်သီးတလုံးကို ဦးခေါင်း၌စွပ်ခဲ့ပြီး ကြာဖြူကြာနီနှင့် ကြာခေါင်းလောင်း သုံးပွင့်ကိုပေးခဲ့ကြောင်း အိပ်မက်မြင်သည်ဟု မွန်စာပေတို့တွင် အထင်အရှားပါရှိ၏၊ ထို့ကြောင့် မွန်တို့ဒေသတွင်လည်း သီတင်းသုံးမျှားရှိကြောင်း သိသာပေရာ ထိုသီတင်းသုံးခေါ်သီလရှင် မွန်ရှေးအခေါ် ဖော်ပြပါသပ်ရိုဟ်, သောပ်ယို, သဠပ်ယိုတို့သည်လည်း မွန်တို့ဒေသတွင် ရှေးရာဇဝင် အစဉ်အဆက်ကပင်ရှိခဲ့ကြောင်း သေချာနေပေတော့၏။

အဝတ် ဖြူ။

“အဝတ်ဖြူနှင့် သီတင်းသုံး သုံးရာ”ဟူသော ဦးကုလား ရာဇဝင်ပါစကားရပ်၌ ပါရှိသော အဝတ်ဖြူနှင့် သီတင်းသုံး ဟူသော အသုံးကို စိစစ်ရန်လိုပေသေး၏။ အဝတ်ဖြူနှင့် သီတင်း သုံးဟူရာ၌ သီတင်းသုံး, သီလရှင်များသည် မူလကပင်ပတ္တရာဂ် ပရိဗိုဇ်နွယ်များဖြစ်၍ အဖြူရောင် အဝတ်များ ဝတ်ကြမည်ကို အဆူး လျှဉ်းပါးဖွယ် ရှိမည်မဟုတ်ချေ။

ပတ္တရာဂ်ပရိဗိုဇ်နှင့် ၎င်း၏ အနွယ်တို့သည် ဘုရားသာသနာ မခပါမီခေတ်, ဘုရားသာသနာနှင့် စင်ပြိုင်တည်ထောင်နေသော ခေတ်, ဘိက္ခုနီ ဆိတ်သုဉ်းသွားပြီးနောက် အမျိုးသမီးတို့၏ တခုတည်းသော အားထားရာ ပရိဗိုဇ်မများ ပြုလုပ်ကြသည့် ပျူခေတ်, သီလရှင်၏ ရှေးအမည် သီတင်းသုံးအမျိုးသမီးသာသနာ့ဝန်ထမ်းခေတ်, နောင် သီလရှင် ဟူသောအမည်ဖြင့် ထွန်းလင်းခဲ့ရာ ကုန်းဘောင်ခေတ်ဟူသော ခေတ်အဆက်ဆက်၌ ဖြူသော အဝတ်များကို ဝတ်ဆင်ခဲ့ကြသည်ဟု မှတ်သားထားသင့်၏။

ကုန်းဘောင်ခေတ် ဘိုးတော်မင်းတရားကြီးက မောင်းထောင် သာသနာပိုင် ဆရာတော်အား မေးလျှောက်သဖြင့် ဖြေကြားရာဖြစ်သော အမေးတော်ဖြေ ကျမ်းလာ အောက်ပါအချက်မှာ ထိုပြဿနာအဘွက် ခိုင်လုံသော သက်သေပင်ဖြစ်တော့၏။

(အမေးတော်ဖြေကျမ်း စာမျက်နှာ ၁၅၀-မှ ကောက်နုတ်ချက်)

သစ်ခဲခါက်ဆိုးနှင့် ဝတ်ဖြူ။

ဒကာတော်အတွင်းဝန် လျှောက်ပါသည်ဆရာတော် ဘုရား

တောင်လေးလုံးဆရာတော်နှမ ပေါက်ဖော်ဆွေသား မျိုးသား သီတင်းသုံးတို့မှာ အဝတ်နီ သစ်ခေါက် ဆိုး ဝတ်သည်၊ အခြားသီတင်းသုံးများမှာ အဖြူသက်သက် ဝတ်သည်များသည် ၊အဝတ်နီ သစ်ခေါက်ဆိုးပင် သင့် သည်၊ ဝတ်ဖြူပင်သင့်သည်များကို ပါဠိ အဋ္ဌကထာ ကျမ်းဂန် မည်သို့ရှိသည်၊ သိသာအောင် ဆရာတော် မှာလျှောက်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်တင်ဆင် ရွက်ပါရသည့်အတိုင်း မဟာဒါန်ဝန်ကို လျှောက်ထား လှာပါစေသည်၊ မည်သို့ ကျမ်းဂန်ရှိသည်ကို သိတော် မူသာအောင် စာသင်းတော်မူပါ ဆရာတော်ဘုရား။

သက္ကရာဇ် ၁၁၄၈- ခု တော်သလင်းလဆန်း ၄- ရက်နေ့လျှောက်လှာသည်တွင် အမိန့်ရှိလိုက်သည်ကား—

သီတင်းသုံးတို့ ဝတ်နီ သစ်ခေါက်ဆိုးနှင့် ဝတ်နေ သည်၊ ဝတ်ဖြူနှင့် ဝတ်နေသည် နှစ်ထွေ နှစ်ရပ် ရှိ

သည်တွင် ဝတ်နီသစ်ခေါက်ဆိုးနှင့် ဝတ်နေသောအရာသည် ဤကမ္ဘာမှ ဒု၂– ကမ္ဘာထက် ဖုံးသာဘုရား ပွင့်တော်မူသည့်အခါ ဥရုဝေလ ကဿပ, ဂယာကဿပ နဒီကဿပမထေရ် ၃ပါးတို့ အလောင်း မင်းသား ညီနောင် ၃ဦးတို့သည် ဖန်ရည်စွန်းသော အဝတ်အစားနှင့် ဒဿသီလဆောက်တည်၍ သုံးလပတ်လုံး ဘုရားကျောင်းတော်တွင်ပင် သီတင်းသုံးနေကြကုန်သည်ဟူ၍ ဓမ္မပဒအဋ္ဌကထာ ဆယ်ကြောင်းပေ (ဂ) အင်္ဂါတွင် လာရှိသည်နှင့် ညီညွတ်သည်ဖြစ်၍ သင့်တင့်သည်ပင် ဖြစ်သည်၊ ဝတ်ဖြူသည့် ဝတ်နေ အရာသည်လည်း ကဿပဘုရားသခင် သာသနာတော်မှစ၍ ရှိသည် ဟူ၍ သာရတ္ထသင်္ဂဟ ရှစ်ကြောင်းပေ (ခ) အင်္ဂါတွင် လာရှိသည်နှင့် ညီညွတ်သင့်တင့်သည်ပင်ဖြစ်သည်။

ဤ သစ်ခေါက်ဆိုး အဝတ်ဖြူ ပြဿနာသည် ဘုရင့်ထံရောက်ရုံမျှမက သာသနာပိုင်ကိုယ်တိုင် အဆုံးအဖြတ်ပေးရသည့် အထိ ကျယ်ပြန့်သွားရသည်ကို ဆောက်လျှင် ထိုစဉ်က သီတင်းသုံးမျှား သစ်ခေါက်ဆိုးရောင် လုံးဝံ မဝတ်ကြသေးဘဲ အဝတ်ဖြူကိုသာ အစဉ်အမြဲ ဝတ်နေကြသေးသည်ကို သိနိုင်၏၊ ထို့ပြင် ကုန်းဘောင်ခေတ်တွင် သီလရှင်ဟူသော ဝေါဟာရတွင်ကျယ်နေသော်လည်း အင်းဝခေတ်သုံး သီတင်းသုံးဟူသော ဝေါဟာရမပျောက်သေးဘဲ သုံးစွဲလျက်ပင် ရှိသေးကြောင်း သိနိုင်ပေသေး၏။

ထိုမှနောက် မင်းသုံးဆက်ကိုကျော်လွန်ပြီး မင်းတုန်း မင်းတရားလက်ထက် ဦးလည်း သီလရှင် မျှားသည် အဝတ်ဖြူ မျှားကို ဝတ်လျက်ပင်ရှိကြောင်း စာပေအရ သိသာနိုင်ပြန်၏။ မင်းတုန်းမင်းလက်ထက် ထင်ရှားလှသော ဗန်းမော် ဆရာတော်ကြီးသည် စစ်ကိုင်းတောင်ရိုးတွင် သီတင်းသုံးတော်မူ၏၊ ဗန်းမော်ဆရာတော်ကြီးကား ထိုအချိန်တွင် ထင်ရှားလှသော သီလရှင် ဆရာကင်းနှင့် အတိုက်အခံ စာချိုးဖက်ဖြစ်လေသည်၊ တခါသော် ဗန်းမော်ဆရာတော်သည် ၎င်းသီတင်းသုံးရာချောင်မှ ဝါးချက်သို့ကြွရာ ဇရပ်တဆောင်ပေါ်တွင် နေသော သီလရှင်ကိုမြင်၍ .နောက်ပါသံဃာမျှားအား ပျော်ရွှင်မှု ဖြစ်စေရန် စာချိုးဖြင့် ဤသို့မိန့်ဆိုလေသည်၊

"မကျွမ်းတဲ့မကျင်။
ဇရပ်ပေါ် ကြက်ဖြူမကို၊ ခွန်းစလိုက်ချင်။
အသွေးငယ်ယဉ်၊ အသွင်ကပျော့ပျောင်း။
သူဝတ်လေ၊ဖြူထွတ်ကယ်လျော်တေနှင့်၊
ဘောင်ခြေမှာကျင့်တရားငယ်၊ ဖွားသီလကျောင်း"

ဤဗန်းမော်ဆရာတော်၏ မျက်မြင် လက်တန်းစာချိုး ကလေးက ထိုခေတ် သီလရှင်ကို ပုံဖော်ပြသထားပေ၏။ သီလရှင်၏ ဖြူဆွတ်သောအသွင်ကို "ကြက်ဖြူမ" ဟု ဆိုထားပြီး

ပိုမိုထင်ရှားအောင် "သူဝတ်လေ၊ ဖြူယွတ်ကယ်လျော်တေနှင့်" ဟု ဆက်လက် ပုံဖော်လေသည်၊ ထိုကဗျာဖြင့်ပင် သီလရှင်များ၏ အဝတ်သည် အဖြူရောင်ဖြစ်ကြောင်းထင်ရှား၏။

ထို့ပြင် ဗန်းမော်ဆရာတော်ပင် ထွဋ်ခေါင်ဆရာတော်ထံသို့ အဖူးအမြော်ရောက်စဉ် ရင်းနှီးခင်မင်ချစ်ကျမ်းဝင်သည့် အားလျော်စွာ အောက်ပါ လေးဆစ်ချိုးဖြင့် ကဗျာစယ် လျှောက်ထားလေသည်။

စိပ်ပုတီးရယ်နှင့်၊ ရိပ်မှီးတဲ့ထွဋ်ခေါင်။
ဦးရွှေစို သီလချောနှင့်၊ တောခိုတဲ့ချောင်။
ခန္ဓာကောင်၊ ရုပ်ဆောင်တဲ့ရှင်ထွဋ်။
သီလဆို'ဖြူဖြူဆွ'ကို၊ အားရအောင်ခဲ့တဲ့"

ထွဋ်ခေါင်ဆရာတော် ဘုရားကြီး၏ ငယ်မည်တော်မှာ ဦးရွှေစိုဖြစ်သဖြင့် ထိုအတိုင်းလည်း တွင်နေပေရာ ငယ်မည်တော်ကို စာချိုးဋ္ဌ ထည့်သွင်းထား၏၊ ထွဋ်ခေါင် ဆရာတော်ကား ဘကြီးတော်မင်းဘရား၏ မိဖုရားခေါင်ကြီး (နန်းမတော်မယ်နု)၏ ရဟန်းဖြစ်သည်၊ ဂ-ဝါဋ္ဌ တောထွက်တော်မူကာ မင်းဝံတောင်ခြေ ဧည်းခုံစေတီအနီးဋ္ဌ ပဌမနေ၍ နောက် မင်းဝံတောင်ရိုးပေါ်ရှိ ရတနာထွဋ်ခေါင် စေတီတော်အနီးဋ္ဌ ကြာမြင့်စွာ သီတင်းသုံးတော်မူ၏၊ ထို့ကြောင့်ပင် ထွဋ်ခေါင်ဆရာ

တော်ဟု တွင်လေသည်၊ နောက် မကျန်းမာသဖြင့် မြင်းမွေး တောရ, လက်လုပ်တောရ စသဲ့ဖြင့် လျော်ရာလျော်ရာ၌ သီတင်းသုံးတော်မူသည်၊ မင်းတုန်းမင်းလက်ထက် ဘဲတံဆိပ် ကပ် လှူရာ အလှူမခံရုံသာမက "ဤ တံဆိပ်တုံးသည် ငါ အသက်ရှင်စဉ်လည်း အသုံးမကျ၊ သေလျှင် ငါ့ခေါင်းအုံး ဘေးဌ ငါ့ကို အရှက်ပွားစရာနေပေဦးမည်" ဟု ဆိုတော်မူလေသည်။ ဆရာကော်ဘုရားကြီးသည်သက်ရွယ်တော်ကြီးရင့်လျှင် သင့်တင့် လျောက်ပတ်သော အစာအာဟာရများကို ချက်ပြုတ် စီရင်၍ ကပ်တတ်သော သီလရှင်များ၏ အလုပ်အကျွေးဖြင့် ဓမ္မိက ချောင်ဌ သီတင်းသုံးတော်မူ၏၊ ဆရာတော်ကြီး၏ ဝေယျာဝစ္စပြု သီလရှင်တို့တွင် မယ်ညတ္တရာ ဟူသောသီလရှင်သည် ထင်ရှား၏။ ရင်းကဲ့သို့ပင် သီလရှင် ၃-၄ ဦးရှိသည်ဟုဆို၏၊ ထို့သို့ သီလရှင် သီတင်းသည်ပေါင်း များစွာနှင့် ချပ်းချမ်းသာသာ သီတင်းသုံးနေစဉ် ဗန်းမော် ဆရာတော်က အထက်ပါအတိုင်း ကျီစယ် လျောက်ထားလိုက်ခြင်းဖြစ်၏၊ သို့သော် တပည့်တော်ဆိုလိုသော သီလချောကားချောမြဲ ပြုပြုစ် အဖုအဆစ်မရှိ၊ ပကတိစင်ဖြူသော သီလကိုဆိုလိုပါသည်ဟု အဖြေပေးခဲ့သေးသည်။

ထိုကဗျာတွင်လည်း သီလဆို ဖြူဖြူဆွကို....ဟု သီလရှင်များ၏ ဖြူသောအဝတ်ကို ရည်ရွယ်ထည့်သွင်းတော် မူခဲ့သည်ကို သတိပြုရာ၏။

ထိုမှတပါးလည်း သီလရှင်-အဖြူဝတ်သည်မှာ မင်းတုန်းမင်း လက်ထက်သာမက သားတော် သီဓပါမင်း လက်ထက်

အဆိုထိ ဝတ်သေးခကြောင်း ၎င်းအချိန်တွင်ရှေးသော ဦးကျော်လှ သံချိုတပုဒ်တွင် တွေ့ရသေးသည်။

ဦးကျော်လှဟူသည် သံချို ဆရာကြီး မောင်းထောင် ဦးကျော်လှပင်ဖြစ်၏၊ ထို ဦးကျော်လှ၏ သံချိုကဗျာ တို့တွင် သီပေါလက်ထက်တွင် ရှေးသော ဦးသူတော်ဟု ခေါင်းတပ်ထားသည့် သံချိုအဆုံးသပ်တွင်—

"ကျပ်တလုံးငယ်နှင့်၊ ရပ်သုံးဆယ်နဂရုံက၊ အတန်တန်-ဆန်ခံလို့ရတော့၊ 'သီလရှင် ဖြူဖြူလတ်' ကဲ့သို့၊ ဇရပ်မှာ အကြုံပြုပါလို့၊ 'အဝတ်ဖြူ- ဇွတ်ယူလို့လူသည်နှယ်'၊ အရှယ်တူ-မယ်သူ မည်ရစ်နှင့်၊ ဖိုးသူကြဲ"

ဟု ရေးသားထားခဲ့သည်။

ထိုသံချိုကဗျာတွင် သီလရှင် ဖြူဖြူလတ်, ဟူ၍ဂုင်း၊ အဝတ်ဖြူ ဇွတ်ယူ၍လူသည်နှယ်, ဟူ၍ဂုင်း သီလရှင်များ အဖြူရောင် ဝတ်ဆင်ကြသည်ကို ထင်ရှားသိသာစေခဲ့၏။

ယခုတိုင် တွယ်ကျယ်နေသည့် မယ်သူတော် ဟူသော အရပ်သုံးစကား(ရခိုင်ပြည်တွင် သူတော်မ ဟူသော အသုံးရှိ၏) ကို ထောက်လျှင်လည်း လက်ရှိဖိုးသူတော်များ အဖြူဝတ်သကဲ့သို့ သီလရှင်ခေါ်သော မယ်သူတော်များသည်လည်း အဖြူစတ်များပင်ဖြစ်ကြောင်း မငြင်းနိုင်ပေ။

ထိုစကားနှင့်စပ်၍ ယခုစစ်ကိုင်းတောင်ရိုးသစ်ဆိပ်ချောင်နယ်ကဆရာကြီး၏ ပြောဆိုချက်မှာ ကိုးကားလောက်သည်ဟုထင်ပါသည်။ သစ်ဆိပ်ဆရာကြီးသည် လွန်ခဲ့သည့် အနှစ် ၄၀ ကျော်လောက်အချိန် သက်ရှယ်ငယ်နုစဉ်က ၎င်းတို့သည် ခါးဝတ်နှင့် အပေါ်ရုံတို့ကိုသာလျှင် မြေနီဆိုး၍ ဝတ်ကြပြီး အင်္ကျီကိုမူ အဖြူရောင် သက်သက် ဝတ်ဆင်ကြသည်ဟုဆို၏၊ ထိုစဉ်က စစ်ကိုင်းတောင်ရိုးတွင် သီတင်းသုံးတော်မူသောမဟာဂန္ဓာဓုံဆရာတော် (၁၂၅၇ ခုနှစ်မှ ၁၂၈၁ အထိ စစ်ကိုင်းတောင်ရိုး၌ သီတင်းသုံးသည်) ထံသို့ သီလရှင်များ သွားရောက် ကန်တော့ကြရ၏၊ ထိုအချိန်၌ သစ်ဆိပ်ချောင်တွင် ဆရာကြီး ဒေါ်ဝဏ္ဏရှိသေး၏၊ ထိုသို့ သီလရှင်များသွား၍ ကန်တော့သော အခါ မဟာဂန္ဓာရုံ ဆရာတော်က သီလရှင်တို့၏ အင်္ကျီဖြူကိုကြည့်ပြီး "နင်တို့လက်က လူထွက်နေတယ် (လူဝတ်နှင့် တူနေသည်ဟုဆိုလို သည်)၊ အပေါ်ရုံနှင့် အရောင်တူပါစေ" ဟုမိန့်တော် မူလေသည်။ ထိုအခါမှစ၍ တစတစ အင်္ကျီအဖြူပျောက်သွားလေသည်၊ ဤသို့ သစ်ဆိပ်ဆရာကြီးကပြောပြဘူးလေသည်၊ ဤစကားကိုထောက်၍ သီလရှင်များ လုံးဝအဖြူရောင်ပျောက်သွားသည်မှာ နှစ်ပေါင်း ၄၀-ခန့်မျှသာရှိသေးကြောင်း သိသာပေတော့သည်၊ (မြန်မာနှင့် ထေရဝါဒဗုဒ္ဓဘာသာချင်းလည်းတူ ယဉ်ကျေးမှုချင်းလည်းတူ၍ ရာဇဝင်တလျှောက်လုံး အမြဲတန်းဆက်ဆံခဲ့ရသော ယိုးဒယား၊ ကမ္ဘောဒီးယားနှင့် လောပြည်တို့ရှိ ထေရဝါဒဗုဒ္ဓဘာသာဝင် သီလရှင်တို့သည် ယခုတိုင် အဖြူရောင် အဝတ်အရုံများဖြင့် ဝတ်ရုံနေထိုင်လျက်ပင် ရှိသေး၏။

ထို့ပြင် ယိုးဒယား သီလရှင်များသည် တကိုယ်လုံး အဖြူ ရောင်ဝတ်သည်။ ပခုံးတင် သီးခြားမပါ၊ လွှယ်အိတ်အဖြူများကို သွားလေရာ၌ လက်မောင်းတင်ချိတ်သည်။ ထီးကိုပင်ဖြစ်နိုင်က အဖြူကိုသုံး၏။ သို့သော် ယခုအခါ ဖဲထီးအနဲက်ကိုလည်း ဆောင်းစပြုလာပြီဟုဆို၏။ သူတို့၏ ထူးခြားချက်တခုမှာ ပိတ်ဖြူ နှစ်ထပ် တတောင့်ထွာခန့် အခင်းငယ်ကို ထိုင်ရန်အတွက်၎င်း၊ ဘုရားရှိခိုးရန်အတွက်၎င်း အမြဲအသုံးပြု၏။ လူများက လှူစရာများကို လာလှူလျှင်လည်း ထိုအဝတ်ပိုင်းဖြင့် ခံယူသည်ဟုဆိုလေသည်။ ယိုးဒယား သီလရှင်တို့ကား ရှစ်ပါးသီလကိုပင် နှစ်ဆောက်တည်ကြသည်ဟု သိရပေသည်။

အရောင်ဆိုးရပုံ

သီလရှင်တို့၏ ခါးဝတ် ကိုယ်ရုံစသည်တို့ကို ရွှေးက ပခန်းမြေညိုများကို ဆိုးရသည်ဟုဆိုသည်၊ ထိုအခါ ပခန်းမြေညိုများမှာ အခြားအရောင် မရောစပ်ဘဲ ခါးဝတ်အပေါ်ရုံ စသည်တို့ အဝတ်၏ အနည် အများ ချိန်၍ ဆိုးလိုက်လျှင် လိုသလိုရသည်ဟု ဆို၏၊ နောက်တွင် ရန်ကုန်မြေနီခေါ်သော နိုင်ငံခြား ဆေးများပေါ်လာသဖြင့် ပခန်းမြေညိုထက် အသုံးများလာလေသည်၊ မြေနီခဲမြေဝါခဲခေါ်သော ဆေးနှစ်မျိုးကိုစပ်၍ဆိုးကြ၏။

ခါးဝတ်ကို ၎င်းနှစ်မျိုးစပ်ပြီး အရောင်ရင့်ရင့်ဆိုးကာ ကိုယ်ရုံနှင့် ဂိုက်ရှည် အင်္ကျီများကို စကားရောင် ဆိုးကြသည်၊ ပခုံးတင် အထည်ကား ပင်နီစများဖြစ်၍ ဆိုးပြီးသား အုန်းခွံရောင်ကို ထိုအတိုင်း အသုံးပြုကြလေသည်။

ထိုနှင့်စပ်၍ ယခုခေတ်သီလရှင် အဝတ်အစားနှင့် အသုံး အသုံးဆောင်ကို ဖော်ပြပါဦးမည်၊ ယခုခေတ် သီလရှင်တို့တွင်-

(၀) ဂိုက်တို(ချွေးခံ)
(၂) အင်္ကျီ
(၃) ဂိုက်ရှည်
(၄) ကိုယ်ရုံ
(၅) ခါးဝတ်(ထမီ)
(၆) ပခုံးတင်ပင်နီ

ဟူ၍ ၆ မျိုးရှိ၏။

ထို ၆ မျိုးတွင်(၁)ဂိုက်တို(ချွေးခံ)မှာ ပိတ်တတောင် နှင့် တမိုက် (၂) အင်္ကျီမှာ ၂ တောင့်ထွာ (၃) ဂိုက်ရှည်မှာ ၂-တောင် ၃-မိုက် (၄)ကိုယ်ရုံမှာ ၅-တောင့်ထွာ (၅) ခါး ဝတ်မှာ ၅-တောင် အသီးသီးကုန်ကျလေသည်၊ (၆) ပခုံးတင် ပင်နီမှာ ၆-တောင်ရှိ၍ အခါခပ်သိမ်းသုံးစွဲမှု မပြုဘဲ ခရီးသွား

သည့်အခါ၌သာ ပခုံးဦတင်လေသည်၊ ၎င်းကိုတင် ပခုံးတင်ပင်နီမှတပါး ပိတ်အတိုင်းဝယ်ပြီး မိမိလက်ရောက်မှ ချုပ်ကြဆင့်ကြရ၏၊ ခါးဝတ်ကို ပိတ်ထူထူသုံး၍ ကိုယ်ရုံ ကိုက်ရည်တို့ကို ပဒုမ္မာအထူစာ, သို့မဟုတ် ပိတ်ခပ်ပါးပါးကို အများအားဖြင့် သုံးစွဲကြလေသည်။

တာရှည်ဝတ်မည့် သီလရှင်တပါးအတွက် လိုအပ်သည်တို့မှာ-

(၁) အထက်ဖော်ပြပါ ဝတ်စုံမျိုး ၄-စုံ

(၂) သင်ခုံး (ခေါင်းရိတ်) ဓားဘချောင်း

(၃) ထီး

(၄) ဖိနပ်

(၅) သေတ္တာ

(၆) စိတ်ပုတီး

(၇) ဘမ်း (ဆန်ခံရန်) နှင့်-

(ဂ) ဖျာခေါင်းအုံး အိုပ်ရာ စောင်စည်များ ဖြစ်ရာ အသင့်အတင့် အသုံးအဆောင်ဖြစ်လျှင် ၁၀၀-တန် လောက်ဖြစ်လေသည်၊ ထို့ပြင် အိုးခွက် ပန်းကန် စသည်တို့ကလည်း ရှိရပေ

ဦးမည်ဖြစ်ရာ ရဟန်းတော်များထက် ဝန်ကျယ်သဖြင့် နောက်ခံ ဒကာ ဒကာမ မရှိလျှင် မလွယ်ကူပါချေ။

ဖော်ပြပါတို့မှာ သီလရှင်တို့၏ ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ လေ့လာရချက် ဖြစ်ရာ အကြောင်းစပ်သဖြင့် ဤဥ ကြားဖြတ် ဖော်ပြလိုက်ခြင်း ဖြစ်ပေသည်၊ နေရာဌာနအား လျော်စွာ ကွဲပြားမှု အနည်းအပါး ရှိကောင်းရှိမည် ဖြစ်ရာ ယေဘုယျ ဝတ်စားဆင်ယင်မှုနှင့် သီလရှင်တို့၏ အသုံးအဆောင် များဟုသာ မှတ်သား စေလိုပါသည်။

တတိယပိုင်း

သီလရှင် ဆရာကင်း

ကုန်းဘောင်ခေတ် သီလရှင် သာသနာသည် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းကြီး လက်ထက်၌ အထွတ်အထိပ်သို့ ရောက်တော့၏၊ ထိုခေတ်၌ သီလရှင် ဆရာကင်းနှင့် သီလရှင် ဆရာမယ်နတ်ပေးတို့သည် မင်းမိဖုရားမျှားနှင့် နန်းတွင်းသူတို့၏ ကိုးကွယ်ရာ ဖြစ်လာလေသည်၊ ဤနေရာ၌ ထိုသီလရှင် ဆရာ ၂-ဦးအကြောင်းကို သိရှိမှတ်သားမိသမျှ ရေးသားမည် ဖြစ်ရာ ၎င်းသီလရှင်ဆရာ ၂-ဦး အကြောင်းကို ရေးလျှင် မပါလျှင် မပြီးနိုင်သော မြန်မာမဏ္ဍိုပူရ အရေးတော်ပုံမှ စတင်ရပေမည်။

မဏ္ဍိုပူရမှာ ကသည်းလူမျိုးတို့ တိုင်းပြည်ဖြစ်၍ မြန်မာနိုင်ငံ၏ အနောက်မြောက်ဖက်တွင် တည်ရှိသည်၊ မဏ္ဍိုပူရ ဟူသော အမည်မှာ မြန်မာသက္ကရာဇ် ၁၁၀၄-ခုနှစ်မှ မူလနာမည် မျည်းတဲမြို့ကို မဏ္ဍိပူရမြို့ဟု သမုတ်ပြီး ကသည်းပြည်ကိုလည်း မဏ္ဍိပူရပြည်ဟု ခေါ်တွင်လိုက်ခြင်းပင်ဖြစ်၏။

ထိုအကြောင်းကို အင်ရုံစာတမ်းတွင် အောက်ပါအတိုင်း ဆို၏။

"သည်နောက် သက္ကရာဇ် ၁၁၀၄-ခုတွင် ကသည်းမြို့က သံတော်ဦးတင်စာနှင့် လက်ဆောင်များ ဆက်လာ၍ ကမ္ဘီမင်း ကင်းသို့ ရောက်ကြောင်းကို မြို့ကိုင်လူကြီးတို့က အဖစ်ရင်ခံ ရောက်၍ ကသည်းမြို့က သံတို့ကို အဝမြို့သို့ လာစေ၍ သံတော်ဦးတင်စာနှင့် ဂန်ဆောင်များကို ဆက်စေသည်။

သံတော်ဦးတင်သည့် စာစောင်တွင် မဏိပူရပြည်ကြီးကို အစိုးရသော မဏိပူရမင်း လျှောက်သည်ဟူ၍ စာခေါင်းတွင်ပါသည်၊ စာအရတွင် မဏိပူရမှစ၍ မြို့သူရွာသားတို့သည် ဆရာမဟာပရဘူ အဆုံးအမကိုခံ၍ တရားဆယ်ပါးကို ကျင့်ဆောင်ကြသည်၊ ရတနာပူရမင်းသည် ကျွန်ုပ်တို့ကဲ့သို့ တရားဆယ်ပါးကို ကျင့်ဆောင်ပါစိမ့်မည်၊ ဆရာကို အင်းဝသို့ သွားပါစေသည်၊ သို့ကို ကျွန်ုပ်ဆရာကို ဘမ်းဆီး၍ မသွားရ ပြန်ခဲ့ရသည်၊ ကျွန်ုပ်မှစ၍ မြို့သား ရွာသားတို့နည်း ဆရာအဆုံးအမကို ခံ၍ ကျင့်ဆောင်ပါ စာတွင် ပါသောကြောင့် ကသည်းသံတို့ကို မေးရာတွင် ဘင်္ဂလားမြို့က ပဏ္ဍားရဟန်း တယောက်လာ၍ စော်ဘွားမှစ၍ အမှူးအမတ် မြို့သူရွာသားတို့လည်း ဦးဆံကို ရိတ်၍ ပဏ္ဍားကဲ့သို့ ဦးစွန်းထားသည်၊

ပုဏ္ဏားဝတ် ပုဏ္ဏားစား ဝတ်စား ဆင်ယင်ကြသည်၊ စော်ဘွားသား အကြီး တယောက်မှာ မူကား အဝင် အပါ အမှူ၊ အမတ်တို့နှင့် စော်ဘွားကဲ့သို့မကျင့်၊ ကသည်း ဘုသာ ဝတ်မြဲတိုင်း ဝတ်စားသည်၊ စော်ဘွား ကဲ့သို့ ကျင့်သူတို့မှာလည်း ကသည်းဘာသာကို စွန့်၍ သင်္ဃ လားဘဲ့သာကို ပြောဆိုကြသည်၊ ပုဏ္ဏားရဟန်းရောက် လာသည်မှစ၍ ၇-ရက် တကြိမ် စန္ဒမုနတ်ကို ပူဇော် ကိုးကွယ်ရသည်၊ မျည်းတဲ့မြို့ကိုလည်း မဏိပူရပြည်သမုတ် ၍ မဏိပူရမင်းသည်။*

အမှန်အားဖြင့် ကသည်းပြည်သည် ရှမ်းအနွယ်ပင်ဖြစ် သည်၊ ကသည်းမှသံတမန်များလာလျှင် ရှမ်းစကားပြန်များ ဖြင့် စကားဆိုရကြောင်း ကသည်းစော်ဘွားထံသို့ သဝဏ်လွှာ ပို့လျှင် ရှမ်းစာဖြင့် ရေးရကြောင်းတို့အပြင် ကသည်းမှ သမီး ကညာဆက်ရာ၌လည်း ရှမ်းစော်ဘွားသမီးကညာတို့ကို ခံယူပုံ ခံယူနည်း အခမ်းအနားအတိုင်း ကြိုဆိုခံယူရကြောင်းတို့ကို အင်ရုံစာတမ်းတွင် အကျယ်အဝင့် ဖော်ပြထားလေသည်၊ ထို့ကြောင့် ကသည်းလူမျိုးတို့သည် ရှမ်းမျိုးရှမ်းနွယ်များဖြစ် ကြောင်း သိထားသင့်ပေသည်။

ဂင်းမဏိပူရခေါ် ကသည်းပြည်သည် မြန်မာသက္ကရာဇ် ၉၂၁-ခုနှစ်ကပင် မြန်မာမင်း (ဘုရင့်နောင်ခေါ် ဟံသာဝတီ

---

*လောကဗျူဟာကျမ်း, အင်ရုံစာတမ်း, စာမျက်နှာ ၁၂၁။

ဆွင်ဖြူရှင် မင်းတရားကြီး) လက်အောက်သို့ ရောက်ခဲ့သည်၊ သို့သော် မြန်မာမင်းတို့၏ ဘုန်းတန်ခိုးအရှိန်အဝါ . အကြီး အသေးလိုက်၍ ကသည်းစော်ဘွားတို့ကတော်လှန်ကာ ကိုယ့်ထီး ကိုယ့်နန်းကို တည်ထောင်လေ့ရှိသဖြင့် မြန်မာတို့ကလည်း အကြိမ်ကြိမ်ပင် ကသည်းပြည်သို့ စစ်ချီတိုက်ခိုက် သိမ်းယူလေ့ ရှိကြပေသည်။

၉၂၁-ခုနှစ်က မြန်မာနိုင်ငံ၏ လက်အောက်ခံဖြစ်လာသော ကသည်းပြည်သည် ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီး နတ်ရွာ စံပြီး (သက္ကရာဇ် ၉၄၃-ခုနှစ် နောက်တွင်) ပြန်လည် ထတ်လှန်၍ လက်အောက်ခံအဖြစ်မှ ထွက်ခွာခဲ့ကြသည်၊ ထို့ အချိန်မှစ၍ (သက္ကရာဇ် ၁၁၁၅-ခုနှစ်) အလောင်းမင်းတရား ကြီး နန်းတက်ချိန်အထိ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်၍ပင် အကြိမ်ကြိမ်တိုက်ခိုက် နှောက်ယှက်လာပေသည်။

ထို့ကြောင့် အလောင်းမင်းတရားကြီးသည် မြန်မာတပြည်လုံးကို စည်းရုံးတည်ထောင်ပြီးနောက် သက္ကရာဇ် ၁၁၂၀ ခုနှစ်ဘွင် မဏိပူရခေါ်ကသည်းပြည်ကို တိုက်ခိုက်သိမ်းယူပြီးလျှင် သစ္စာခံ ကသည်းစော်ဘွား စန္ဒရော်မော်နီကို ဘုရင်ခံ အဖြစ် ပြုလုပ်အုပ်ချုပ်ရန် ခန့်ထားခဲ့လေသည်။

အလောင်းမင်းတရားကြီး နတ်ရွာစံပြီးနောက်အလောင်း မင်းတရားကြီး၏ ဒုတိယသားတော် ဆင်ဖြူရှင်မင်းတရားကြီး

လက်ထက်တွင် အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီက မြောက်ပင့်ပေးသည်နှင့် မဏိပူရ ကသည်းလိုမျိုးများ ထွက်ပုန်ကန်ကြပြန်ရာ သက္ကရာဇ် ၁၁၂၄-ခုနှစ်တွင် မင်းတရားကြီးကိုယ်တိုင် ချီတက် တိုက်ခိုက်၍ မဏိပူရ ကသည်းပြည်ကို ထပ်မံသိမ်းယူပြီးလျှင် ယောကျ်ားမိန်းမ ကသည်းလူမျိုး တော်တော်များများကိုလည်း နေပြည်တော်သို့ ခေါ်ဆောင်တော်မူလာခဲ့သည်။

ထိုမင်းလက်ထက်မှာပင်မဏိပူရကသည်းပြည်သည် ၁၁၃၃-ခုနှစ်တွင် ထပ်မံထောင်ထားခြားနားပြန်သဖြင့် စစ်သူကြီးမဟာသူရက မင်းကြီးကိုယ်စား ချီတက်တိုက်ခိုက် သိမ်းယူရပြန်သေး သည်။

ထိုနောက် အလောင်းမင်းတရားကြီး၏ စတုတ္ထသားတော် ဘိုးတော်မင်းတရားလက်ထက် သက္ကရာဇ် ၁၁၆၇-ခုနှစ်တွင် မဏိပူရသည် လှုပ်ရှားချလာပြန်၏၊ မဏိပူရစော်ဘွားချောကျစ်ဆင်နှင့်ညီတော်မာကျစ်ဆင်တို့ မသင့်မတင့်ဖြစ်ရာ ဘိုးတော်မင်းတရားကြီး၏ ဆုံးမမှုကြောင့် ငြိမ်သွားပြီး မကြာမီပင် ထပ်မံဆူပူလာပြန်၍ ဗိုလ်ချုပ်များကို တပ်မတော်ကြီးနှင့် စေလွှတ်တိုက်ခိုက်သိမ်းယူကာ ညီတော် မာကျစ်ဆင်ကိုစော်ဘွားမြောက်ပေးခဲ့၏၊ နောင်တော်စော်ဘွားကမူ အင်္ဂလိပ်နယ်ထဲသို့ ခိုလှုံသွားလေသည်။

ဘိုးတော်မင်းဘရားကြီး ၁၁၈၁—ခုနှစ် နတ်ရွာစံပြီးနောက် မဏိပူရသည် အင်္ဂလိပ်တို့၏ လှုံ့ဆော်မြောက်ပင့်ချက်အရ မငြိမ်မသက်ဖြစ်လာပြန်သည်၊ ထို့ကြောင့် ဘကြီးတော်

မင်းတရားလက်ထက်တွင် မဏ္ဍိပ္ပရသို့ စစ်ချီရလေသည်၊ မဏ္ဍိပ္ပရစစ်သည်များ ကြုံ့ကြုံ့ခံနေသဖြင့် ၁၁၈၂-ခုနှစ် တန်ဆောင်မုန်းလဘွင် မဏ္ဍိပ္ပရသို့ တပ်တော်များ ထပ်မံစေလွှတ်ကာ ပဲခန်းမြို့ဝန်မင်းကြီး မင်းခေါင်ကျော်ကို ဗိုလ်ချုပ်ခန့်၍ "ကသည်းအမျိုးသားမှန်လျှင် ပုခက်တွင်းမကျန် သိမ်းယူခဲ့ရမည်" ဟု မင်းတရားကြီးက မိန့်မှာတိုက်ခိုက်သိမ်းယူစေ၏၊ ထိုအခါတွင် မဏ္ဍိပ္ပရဘား လုံးဝအောင်မြင်စွာ သိမ်းပိုက်ခဲ့သဖြင့် ကသည်းအမတ်ကြီး ဇေယျဝတ္ထုနကျော်ထင်ကို မြို့ဝန်ခန့်အပ်ခဲ့၍ ကသည်းလူမျိုးနှစ်ဆောင်ကျော်နှင့် လက်နက်ဆင်မြင်းများကို သိမ်းယူခဲ့လျက် နေပြည်တော်သို့ ပြန်ခဲ့ကြလေသည်၊ ပါလာသော ကသည်းလူမျိုးများကို အမရပူရနှင့် အင်းဝပတ်ဝန်းကျင်တို့တွင် နေရာချပေးထားခဲ့လေသည်။

ထိုသို့ ဘကြီးတော်လက်ထက် ၁၁၈၂ - ခုနှစ်တွင် နေပြည်တော်သို့ပါလာသော ကသည်းလူမျိုးများထဲတွင်ကသည်းမင်းမျိုးမင်းနွယ် မောင်နှမနှစ်ဦး မထင်မရှား ပါလာခဲ့ရာ မောင်မှာ ရွှေကျင်သာသနာဝင်တွင် ထင်ရှားလှတော့သော ရှမ်းကလေးကျွန်းဆရာတော်၏ အလောင်းအလျာဖြစ်၍ နှမငယ်ကား မြန်မာ့သီလရှင် တခေတ်ကို ထွန်းသစ်စေလွှတ်သော သီလရှင်ဆရာကင်း အလောင်းအလျာ အမျိုးသမီးလေးပင်ဖြစ်လေ၏။

ရှမ်းကလေးကျွန်း ဆရာတော်၏ထေရပွတ်ထိန့် ပတ်သက်၍ မွေးဖွားသောခုနှစ်သက္ကရာဇ်တို့ကို မသိရသေးသော်လည်း

ဤသီလရှင်ဆရာကင်း၏ အဋ္ဌုပ္ပတ္တိနှင့်ပတ်သက်၍ကား သိတန် သလောက် သိခွင့်ရပေသည်။

"(ဘကြီးတော်မင်းလက်ထက်) မဏ္ဍိပူရကသည်းပြည်ကို တိုက်ခိုက်အောင်မြင်တော်မူ၍ များစွာသော ကသည်း များကို လက်ရဖမ်းဆီးပြီး မြန်မာပြည်သို့ ခေါ်ခဲ့ရာ တွင် သီလရှင် မယ်ခေမာ (၀၇) ဆရာကင်းမှာ ၃ နှစ် သမီးခန့်ရှိပြီဖြစ်၏၊ ဇာတိမှာ မဏ္ဍိပူရ ကသည်းပြည်ဖြစ် လျက် ၁၁၇၆ ခု ဖွဲ့၊တနင်းလသမီးဖြစ်၏" (ပြည် ထောင်စု ယဉ်ကျေးမှုစာစောင်, အတွဲ ၃၊ အမှတ်၆၊ ကိုဦးမြင့်ရေး "သီလရှင်မယ်ကင်း" မှ)

ဤရေးသားချက်အရ ဆရာကင်း၏ မွေးသက္ကရာဇ်မှာ မြန်မာသက္ကရာဇ် ၁၁၇၆-ခု ဟုဆိုသဖြင့် မြန်မာပြည်သို့ ခေါ် ခဲ့ရာတွင် သုံးနှစ်သမီးခန့်ရှိပြီးဟု ဆိုသောအဆိုမှာ မမှန်ကန်နိုင် ချေ၊ အကြောင်းမှာ မြန်မာပြည်မှ ဘကြီးတော်လတ်ထက် (မဏ္ဍိပူရသို့နောက်ဆုံး) စစ်ချီသောနှစ်မှာ နန်းတက်ပြီးနောက် တနှစ် ၁၁၈၂-ခုနှစ်ဖြစ်၍ ထိုအခါက ပါလာခဲ့သောမယ် ကင်းကလေးသည် (၁၁၈၂-၁၁၇၆=၆) ၆-နှစ်သမီးအရွယ်ရှိ နေမည်ဖြစ်သောကြောင့်ပင်၊ ထို့ကြောင့် မင်းကင်း ဖွားသက္က ရာဇ်ကို ၁၁၇၆ ခုအမှန်ယူ၍ မြန်မာပြည်သို့ ရောက်လသော အရွယ်မှာ ၆ နှစ်သမီးအရွယ်ဟု မှတ်ယူသင့်ပေသည်။

ထိုနောက် ဆရာကင်း မည်သည့်အရွယ်တွင် သီလရှင်ပြုသည်ဟူသော အချက်ကိုမူကား မသိရပေ၊ အင်းဝမြို့သို့ ရောက်သောအခါ သီလရှင်ပြုသည်ဟုံသာ သာမန်သိရသဖြင့် အရွယ်ငယ်စဉ်ကပင် သီလရှင်ပြုသည်ဟု ယူဆရပေသည်။

ဆရာကင်း ပညာသင်ကြားခြင်းနှင့် ပတ်သက်၍ သိရသလောက်မှာ ဆရာကင်းသည် သီလရှင်ဖြစ်သောအခါမှ စ၍ငယ်ဆရာဖြစ်သော သီလရှင်ဆရာ (အမည်မထင်ရှား) ထံ၌ ကစ္စည်း သဒ္ဒါကြီး သင်္ဂဟနှင့် ဋီကာကျော်များကို သင်ကြားကြောင်း၊ ထိုနောက် စစ်ကိုင်းတောင်ရိုးတွင် ရဟန်းလူထွက် ဆရာကြီးတဦးထံ၌ ပါဠိတော်များ အဋ္ဌသာလိနီအဋ္ဌကထာနှင့် သမ္မောဟဝိနောဒနီအဋ္ဌကထာ များကို သင်ကြားကြောင်း စစ်ကိုင်း ဂူတလုံးချောင်တွင် တောရ ဆောက်တည်နေထိုင်၍ ထွဋ္ဌခေါင် ဆရာတော်ထံ၌ ညဝါနှင့် အဋ္ဌကထာ ကျမ်းများကို သင်ကြားခဲ့ကြောင်းမျှသာသိရ၏၊ ထွဋ္ဌခေါင်ဆရာတော်ထံ၌ ဆရာကင်းသာမက အခြားသီလရှင်များသည်လည်း စာဝါများ တက်ရောက်သင်ကြားကြကြောင်း သိရ၏၊ ဆရာကင်းသည် မောင်(အရှင်း)ဖြစ်သော ရှမ်းကလေးကျွန်း ဆရာဘော်ထံ၌ ပညာသင်ကြားကြောင်းကိုကား မတွေ့ရပေ၊ ရှမ်းကလေးကျွန်းဆရာတော်ကပင် မာတုဂါမများကို စာပို့ချမပေးလို့ဟူသော ဆရာတော်ကြီးများကဲ့သို့ ချပို့မပေးလိုသောကြောင့်ပေလော မသိရပေ၊ ထိုခေတ် ထိုအခါက ရှမ်းကလေးကျွန်း ဆရာတော်ကား စာပေတတ်မြောက်မှု၌ ကျော်စော ထင်ရှားလှသော ဆရာတော်တပါးပင် ဖြစ်ပေ၏။

ဆရာမယ်နတ်ပေး

သီလရှင် ဆနာကင်းနှင့် တွဲဖက်၍ အတူ နေထိုင်လေ့ ရှိသော သီလရှင်တဦးကား ဆရာမယ်နတ်ပေးဖြစ်၏၊ ဆရာမယ်နတ်ပေး မွေးဖွားသော ခုနစ်သက္ကရာဇ်ကိုကား မသိရပေ၊ သို့သော် ဆရာကင်းကဲ့သို့ပင် ကသည်းအမျိုးသမီး ဖြစ်ကြောင်းကား သိရပေသည်၊ မယ်နတ်ပေး မဏ္ဍိပ်ရမှ မြန်မာနိုင်ငံသို့ ရောက်ရှိလာပုံကား ဘိုးတော်မင်းတရားကြီး လက်ထက် သက္ကရာဇ် ၁၁၆၈- ခုနှစ်တွင် မဏ္ဍိပ်ရသို့ စော်ဘွားညီနောင်ကိစ္စဖြင့် စစ်ဆင် တိုက်ခိုက်ခဲ့ကြောင်း အထက်တွင် ဖော်ပြခဲ့ပေသည်၊ ထို စစ်တွင် မဏ္ဍိပ်ရ ကသည်းလူမျိုးများ မြန်မာနိုင်ငံသို့ များများစားစား မပါလာခဲ့သော်လည်း အနုပညာရှင်အချို့ ပါလာခဲ့သည်ဟု ဆိုပေသည်၊ ဆရာ မယ်နတ်ပေး၏ ဖခင် ကသည်းအဖိုးကြီးသည် ပန်းရံပညာ တတ်ကျွမ်းသူ အနုပညာရှင်ကြီးတဦးဖြစ်ရာ မယ်နတ်ပေး ကလေးငယ်ဘဝတွင် အခြားကသည်း အနုပညာရှင်များနှင့်အတူ မိတဆိုး သမီးငယ်ကလေးနှင့် မြန်မာပြည်သို့ပါလာခဲ့လေသည်။ မြန်မာပြည်ရောက်သော် မယ်နတ်ပေးဖခင် ကသည်းအဖိုးကြီးသည် တည်ဆောက်၍ မပြီးသေးသော မင်းကွန်း ဘုရားကြီးတွင် ပန်းရံအလုပ် ဝင်၍ လုပ်ကိုင်ရပေရာ အရွယ်မရောက်သေးသော သမီးကလေးအား နီးရာ သီလရှင်ကျောင်းမျာသို့ အပ်နှံထားရလေသည်၊ ထိုအခါမှစ၍

သီလရှင်မျှားနှင် ပွန်းတီးကာ မယ်နတ်ပေး သီလရှင်ဖြစ်လာရသည်ဟုသိရလေသည်။

မယ်နတ်ပေး ဟူသော အမည်မှာလည်း သီလရှင်ဘွဲ့ ဒေဝဒိန္နံဝမှမြန်မာ ပြန်ခေါ်ကာ (ဒေဝ=နတ် + ဒိန္နံ= ပေး) မယ်နတ်ပေး ဖြစ်လာရသည်ဟု ရှေးမြို ပုဂ္ဂိုလ်ဘဉီးထံမှ ကြားသိရ၏၊ ခိုင်လုံသောစကားကား မဟုတ်ပေ၊ ဆီလျော်စပ်ဆိုင်မှုကား ရှိပေသည်၊ (၎င်းကိုထောက်၍ သီလရှင်ဘွဲ့ ဒေါ်ခေမာ "ခေမာ= ဘေးရန်ကင်းသည်"အရ ဘာသာပြန်၍ မယ်ကင်းဟု ခေါ်လေသလောဟု တွေးတောနိုင်၏၊ ကသည်းလူမျိုးမျှားဖြစ်ကြသဖြင့် "မယ်နတ်ပေး, မယ်ကင်းတို့သည်" ငယ်နာမည်ရင်းများ ဟုတ်ဟုန်မဘူးကြပေ)၊ မည်သို့ပင်ဖြစ်စေ မယ်နတ်ပေးဟူသော အမည်ကား ထင်ရှားလှပေသည်၊ ဆရာ မယ်နတ်ပေးနှင့် ဆရာကင်းတို့၏ အသက်အရွယ်ကို မှန်းဆလျှင် အထက်ပါ ရာဇဝင် သက္ကရာဇ် အရဟုဆိုကာ မယ်နတ်ပေးက ဆရာကင်း ထက် ၁၀-နှစ်ခန့် ကြီးသည်ဟု ယူဆနိုင်၏၊ ဆရာကင်း၏ မွေးသက္ကရာဇ်မှာ ၁၁၇၆- ခုဟု အထက်တွင် ဖော်ပြခဲ့ရာ ၁၁၆၈- ခုနှစ်ခန့်တွင် မယ်နတ်ပေး ကလေးငယ် ဘဝဖြင့် ပါလာသည်ဆိုခြင်းကို ထောက်ဆနိုင်ပေသည်။

သီလရှင် ဆရာကင်းနှင့် မယ်နတ်ပေးတို့သည် ငယ်စဉ်က အတူနေခဲ့ကြရဟန် မတူပေ၊ ဆရာ မယ်နတ်ပေးသည်

သီလရှင် ဆရာကင်း

မင်းကွန်းတွင် မာရဆေးမျှော်ကျွဲ အကာကင်းက ဆန်ကိုင်းရတော်ဦး

တွင် အနေများဟန် တူပေသည်။ မင်းကွန်းဂူကလေးချောင်မှာ မယ်နတ်ပေးအနေများ၍ နောင် အရွယ် ကြီးလာသောအခါ တွင် ထိုချောင်၏အထက် တောင်ကုန်းတနေရာ (ယခု- ဓမ္မသာရချောင်အနီး)၌ ဥာဏ်တော် ၁၅- တောင်ခန့်ရှိသော စေတီငယ်တဆူ တည်ထားခဲ့လေသည်၊ ယင်းစေတီတော်ကလေးကို မယ်နတ်ပေးဘုရားဟု ယခုတိုင် အဆက်ဆက် စောင့်ထိန်း ပြုပြင်ခဲ့သဖြင့် ရှေးဆံဆံ ခြသေ့ငယ်လေးစီး, ကြာသပ်အိုး လေးလုံးဖြင့် သပ်ရပ်တင့်တယ်စွာ ဖူးတွေ့နိုင်ပေ၏၊ ထို့ပြင် ဂူချောင်ကလေး တနေ့ရာ၌ မယ်နတ်ပေး ကမ္ဘာန်းထိုင်ခဲ့သည့်ဂူ(ယခု ပျက်စီးနေပြီဖြစ်သော) ဂူကလေးကိုလည်း တွေ့မြင်နိုင်ပေသေးသည် (မယ်နတ်ပေးဘုရားနှင့် ဂူကလေးကို မင်းကွန်း ဓမ္မဒါန ချောင် တိပိဋကာဓရ ဆရာတော်ကို လိုက်ပြသဖြင့် ဖူးမြင်ကြည့်ရှုခဲ့ရပေ၏။ ဇစေတီတော်ကလေး သပ်သပ်ရပ်ရပ်ရှိသမျှ ဂူကလေးကား ပျက်စီးနေပေသည်၊ အတန်ကြာလျှင် လုံးဝ ပျောက်ကွယ်သွားစရာရှိ၏၊ ထိုဂူကလေးကိုစွဲ၍ ထိုချောင်သည် ဂူကချောင်ဟု အမည်ရနေခြင်း, ထင်ရှားသော ဆရာ မယ်နတ်ပေး၏ ပဋိပတ်အား ထုတ်ရာ ဖြစ်ခြင်း, ရှေးဟောင်း လက်ရာများ ရှိနေသေးခြင်း စသော အချက်များကို ဆင်ခြင်၍ ပြင်ဆင်ကြည့်ကြမည့် ဇစေတနာရှင်များကို စာရေးသူ အနေဖြင့် တမ်းတမြော်လှင့် နေမိပေသည်)။

ဆရာကင်းကား စစ်ကိုင်းဘက်၌ အနေများလေသည်၊ စစ်ကိုင်း ဂူတလုံးချောင်သည် ဆရာကင်းနေသော ချောင်ပင်

ဖြစ်၏၊ သို့သော် ဆရာကင်းသည် ချောင်ရှိ ကျောင်းများ၊ ဇရပ်များ၌ အမြဲမနေဘဲ ရှိုးမြောင်ချောက်ကြား သစ်ပင် ဝါး ပင်များအောက်၌ နေထိုင်၍ တရားဘာဝနာ ပွားများအား ထုတ်လေ့ရှိသည်၊ စာသင်တပည့်များကလည်း ၎င်းရှိရာ ရှိုးမြောင်ချောက်ကြား သစ်ပင် ဝါးပင်များအောက်သို့ လိုက်၍ စာဝါများ တက်ကြရသည်ဟု ဆိုလေသည်။

ဆရာကင်းကား စာပေပို့ချခြင်း ဟောပြောသင်ကြားခြင်း၌ ဝါသနာထုံသည်၊ ဆရာမယ်နှတ်ပေးကား ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်နေခြင်း၌သာ ဝါသနာထုံသည်၊ စာပေပို့ချမှုကို အနည်းအပါး ဝတ်တရားကျေကုန်ရုံ ချပို့သေးသော်လည်း တရားဟောပြောခြင်း သင်ကြားပြသ ဆုံးမသြဝါဒပေးခြင်းတို့ကို ရှောင်နိုင်သမျှရှောင်သည်၊ စကားလည်းပြေပြေပြစ်ပြစ်မပြောဆိုတတ်၊ စကားနည်း၍ တိုတိုပြတ်ပြတ်သာ ပြောလေ့ရှိသဖြင့် ပရိသတ်နည်းပါးသည်၊ ဆရာမယ်နှတ်ပေးသည် နေ့ကျွမ်မဏ္ဍာသယ ကြီးမားသူပီပီ တကိုယ်တည်းနေထိုင်ရမှုကိုသာ နှစ်သက်၏။!

ရဟန်ရဟံ၊ ဆရာမယ်နှတ်ပေးသည် ဆရာကင်းရှိရာ စစ်ကိုင်းဘက်သို့လာ၍ အတူနေထိုင်ကာ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်း၏၊ ပရိယတ်အားသန်သူ ဆရာကင်းအား ဆရာမယ်နှတ်ပေးက ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းမှု၌ ရှေ့ဆောင်ပြုပေးဟန် တူပေသည်၊ ပဋိပတ်နည်းလမ်းကို စည်းကမ်းတကျဖြစ်ရန် ညွှန်ကြားပေးဟန်တူပေသည်။!

မြန်မာသက္ကရာဇ် ၁၂၀၉-ခုနှစ် သီတင်းကျွတ်လတွင် ပုဂံမင်းသည် အမရပူရမှ စစ်ကိုင်းကောင်းမှုတော် (ရာဇမဏ္ဍိုဘုရား) သို့ မိဖုရား မင်းညီ မင်းသား တို့နှင့်အတူ လှေတော် သမ္မန်တော်များဖြင့်အဖူးအမြော်ထွက်တော်မူခဲ့၏၊ ပုဂံမင်းသည် မင်းသား ဘဝကပင် ချီးတည်ခြင်း ခါထောင်ခြင်းအလုပ်များကို ဝါသနာပါခဲ့သည့် အားလျော်စွာ ကောင်းမှုတော်သို့ အဖူးအမြော် ထွက်ရာ၌ ကောင်းမှုတော်မှအပြန်တွင် စစ်ကိုင်းတောင်ရိုးတခွင် သို့ အပျော်သဘင်ဖွဲ့ရန် ဝင်ရောက်ခဲ့လေသည်၊ လက်စံတော် မူဆိုးတသိုက်နှင့် တောတောင်တခွင်၌ ချီးတည်(ချီးငှက်များကို ထောင်ဖမ်းခြင်း) ပြုလေသည်၊ မိဖုရားနှင့် မင်းညီမင်းသားများလည်း တောတောင်များတွင် လှည့်ပတ်ကြည့်ရှု၍ လျော်ရာလျော်ရာသွားလာကြည့်ရှုကြလေသည်။

ထိုအချိန်တွင် သီလရှင်ဆရာကင်နှင့် ဆရာမယ်နတ်ပေးတို့သည်လည်း စစ်ကိုင်းတောင်ရိုး ဥမင်သုံးဆယ်၏ အနောက်ဘက် ကြာနီကန်အနီးရှိ ရှိမြောင်အတွင်းတွင် ဝိပဿနာလုပ်ငန်းကို ကြိုးပမ်းအားထုတ်၍နေကြ၏။

မင်းတုန်းမင်းသား နှင့် ကနောင်မင်းသားညီနောင်နှစ်ပါးတို့သည် နောင်တော်မင်းဘရားကဲ့သို့ ချီးတည် ခါထောင် ဝါသနာပါသူများ မဟုတ်ကြသည်နှင့် ကိုယ့် အသိုင်းအဝိုင်းနှင့် ကိုယ် ဟိုဟိုသည်သည် လှည့်ပတ်သွားလာနေရာမှ ကြာနီကန် အနီးရှိ ရှိမြောင်ခတာအတွင်း၌ ကမ္မဋ္ဌာန်းထိုင်နေကြသော

သီလရှင်ဆရာ ၂-ပါးကို တွေ့ရှိရလေသည်၊ ထိုအခါညီနောင် နှစ်ပါးတို့သည် မတွေ့စဖူး ထူးထူးကဲကဲတွေ့ရသော သီလရှင် နှစ်ပါးအား မရောင့်ရဲနိုင်သော ကြည်ညိုခြင်းနှင့် ကြည်ညိုလျက် အကယ်၍ နောင်အခါငါတို့အထွတ်အမြတ်သို့ရောက်ခဲ့လျှင် ဤ သီလရှင်ဆရာ ၂-ဦး အား ရှေ့မြို့တော်သို့ ပင့်ဆောင်ကိုးကွယ် ပေအုံဟု စိတ်၌အသိအမှတ်ပြုခဲ့ကြလေ၏။

(၁၂၁၄-ခုနှစ်တွင် မင်းတုန်းမင်းသားနှင့် ကနောင်မင်း သားတို့ နောင်တော်ပုဂံမင်းကို ပုန်ကန်၍ ရှေဘိုသို့ထွက်ခွာရာ တွင် စစ်ကိုင်းဒေသာင်ရိုး၌ တရားအားထုတ်နေကြသော သီလရှင် ဆရာ ၂-ဦးကိုတွေ့ရကြောင်း မင်းသားညီနောင် ၂-ပါးက သီလရှင် ဆရာ ၂-ဦးထံ ရောတောင်းသောက်ရာ ဤနွေသီကျွဲရှိ လှသော သီလရှင်များအား အလွန်ကြည်ညိုး၍ ဆန်တအိုတ်နှင့် ဖျဉ်လေးတောင်စီ လှူဒါန်းခဲ့ပြီး ငါတို့အထွတ်အမြတ်ရောက် လျှင် နန်းတော်သို့ ပင့်ဆောင်ကိုးကွယ်မည်ဟု အဓိဋ္ဌာန်ပြုခဲ့ကြ ကြောင်း ....ဖြင့် ပုဂိုလ်တဦး၏ ပြောကြားချက်ကိုလည်းမှတ် သားရသည်၊ သို့သော် ထိုပြောကြားချက်မှာ ရာဇဝင်စကားနှင့် ညီညွတ်မှုမရှိပေ၊ မင်းတုန်း, ကနောင်မင်းသားတို့ ၁၂၁၄-ခုနှစ် ပုဂံမင်းကို ပုန်ကန်၍ ရှေဘိုသို့ အလုံးအရင်းဖြင့်ထွက်ခွာရာ၌ စစ်ကိုင်းဖက်သို့မရောက်၊ မတ္တရာဖက်သို့သွားပြီး စဉ့်ကူးကျမှ တဖက်ကမ်းသို့ကူးကာ ရှေဘိုသို့ထွက်ခွာကြောင်း ရာဇဝင်တို့၌ အထင်အရှားပါရှိပေသည်၊ အမရပူရကို အလိုတော်ပြည့်၍ ရှောင် မှဆင်းလာသောအခါ၌ကား ကနောင်မင်းသားက တပ်တော်

များကိုကုပ်ကဲ့ကာ ကြိုတင်မြို့သိမ်းပြီးနောက် ရွှေဘိုတွင်မင်းတုန်းမင်းသားက မင်းအဖြစ်ဖြင့်ပင် ဂ-လခန့်စံနေပြီးမှ မြစ်ကြောင်းဖြင့် အမရပူရသို့ ကြွလာသဖြင့် သီလရှင် ၂-ပါးနှင့်တွေ့ရန် ပို၍ပင် မဖြစ်နိုင်တော့ချေ)။

မင်းတုန်းမင်းသည် ၁၂၁၄-ခုနှစ် တပေါင်းလ (၁၆၈၁-ခုနှစ် ဖေဖော်ဝါရီလ)တွင် နောင်တော်ပုဂံမင်းကို နှန်းချ၍ အမရပူရရွှေနန်းကို သိမ်းပိုက်နိုင်ခဲ့ပြီး ရွှေဘိုတွင် ဂ-လခန့်စံနေကာ ၁၂၁၅-ခုနှစ် တန်ဆောင်မုန်းတွင် ရွှေဘိုမှ ကျောက်မြောင်းသို့ချီလာပြီး ထိုမှတဆင့် အမရပူရသို့ဆက်လက်ချီလာကာ အမရပူရရွှေနန်းတွင် စံမြန်းခဲ့လေသည်၊ ညီတော် ကခနောင်မင်းကိုလည်း အိမ်ရှေမင်းအဖြစ် ချီ.မြှောက်ခဲ့သည်၊ ထိုနောက်ပြည်တွင်းရေးကိစ္စအဝဝကို နေထားတကျဖြစ်အောင် စီမံခြင်း, အင်္ဂလိပ် မြန်မာစစ်ရေးစစ်ရာများကို ပြီ ပြတ်ပြေငြိမ်းအောင် စီစဉ်ရခြင်းနှင့် မန္တလေးနေပြည်ဒေသစ် တည်ဆောက်ရေးတို့ကို စီစဉ်နေခြင်းတို့ကြောင့် မင်းသားဘဝက အဓိဋ္ဌာန်ဖြစ်သော သီလရှင်ဆရာကင်းတို့အား နေပြည်တော်သို့ ပင့်ဆောင်ခြင်းကိစ္စတို့ကို မစီစဉ်နိုင်ခဲ့သေးချေ။

သက္ကရာဇ် ၁၂၁၈-ခုနှစ်တွင် မန္တလေးမြို့ကို စတင်တည်ထောင်၍ ၁၂၂၁-ခုနှစ်တွင်မြို့တော်နန်းတော်များပြီးစီးခဲ့သည်၊ မန္တလေးမြို့တော်ကို မတည်ဆောက်ရသေးမီ ၁၂၁၇-ခုနှစ်ကပင် ရွှေဘိုခေါ်တောရွာ အရှင်နန္ဒကိုပင့်၍ အမရပူရမြို့အနောက်ပြင်

ရှမ်းကလေးကျွန်း၌ ကျောင်းဆောက်ကိုးကွယ်ခဲ့၏၊ ထို အ ရှင် နန္ဒကား နောင်သော် ရှမ်း က လေး ကျွန်း ဆ ရာ တော် ဟု ထင်ရှားလေသည်၊ ၎င်းကား အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သီလဝံရှင်ဆရာကင်း၏ အစ်ကိုရင်းဖြစ်သဖြင့် ၎င်းဆရာတော်၏ အကြောင်းကို သိသင့်သည့်အတိုင်း အမြဲက်မျှ ဖော်ပြပါဦးမည်။

ရှမ်းကလေးကျွန်း ဆရာတော်နှင့် ဆရာကင်းတို့ မောင်နှမ ဖြစ်ကြောင်း ကသည်း မင်းမျိုး မင်း နွယ်များ ဖြစ်ကြောင်း အထက်၌ဖော်ပြခဲ့လေပြီ၊ ဘကြီးတော်မင်းတရား လက်ထက် ၁၁၈၂-ခုနှစ် မဏိပူရသို့ စစ်ချီရာတွင် ဆရာကင်း ၆-နှစ် သမီး အရွယ်ပါလာရာ ဆရာကင်းထက်အကြီး ရှမ်းကလေးကျွန်း ဆရာ တော်မှာ ၁၀-နှစ်ခန့်ဟု ခန့်မှန်းရ၏၊ (မင်းတုန်းမင်းရွှေမြို့တော်သို့ ပင့်ချိန်မှာ မဟာထေရ်အရွယ် စာပေပို့ချကောင်းတုန်းအချိန်ဟု သိရသဖြင့် ဝါတော် အစိတ်ကျော်ကျော် သုံးဆယ်နီးပါးခန့်ဟု မှန်းဆရပေရာ ၁၀ နှစ်အရွယ်က မြန်မာပြည်ရောက်လာသည်ဟု ဆိုလျှင် ဆိုသင့်ပေသည်၊) ဘကြီးတော် မဏိပူရ စစ်တိုက်ခြင်းမှာ မြန်မာ့သာသနာဝင်အတွက် ပိုမိုကောင်းမွန် စေသော ဆောင်ရွက်မှုတရပ်ဟု စကားစဉ် ဖြစ်ပေါ်ခဲ့၏၊ ၎င်းကား ရှမ်းကလေးကျွန်း ဆရာတော်နှင့် သီလရှင် ဆရာကင်းတို့ မြန်မာ့ သာသနာဝင်တွင် ထင်ထင်ရှားရှား ပေါ်ပေါက် လာရသော ကြောင့်ပင် ဖြစ်ပါလေသည်။

ပုဂံမင်းနှန်းတက်ချိန်တွင် ရှမ်းကလေးကျွန်း ဆရာတော် အလောင်းရှင်နန္ဒ ထင်ရှားစပြုနေပေပြီ၊ အရှင်နန္ဒသည် စာတတ်

လျှင် အလှတ်အာဂုံ ရမှ တက်ရသည်ဟု စိတ်တွင်စွဲပိုက်ထားပြီး ပါဠိတော်ကြီးများ အဋ္ဌကထာကြီးများကိုပင် အလှတ်အာဂုံ ကျက်သည်ဟုဆိုလေသည်။ ပုဂံမင်းလက်ထက်မှာပင် ရှမ်းကလေး ကျွန်းအရပ်၌ စာချနေ၏၊ ထိုအချိန်က ဆယ်ဝါ ကျော်ကျော် အရွယ်မျှသာရှိသေး၏၊ စာပေပို့ချရာတွင် ညဝါ အလွန်ပိုင်နိုင်သည်ဟု ဆို၏၊ ညဝါခြသည်ကို ကြည်ညိုမဆုံးရှိသဖြင့် သဲအင်းသာသနာပိုင်ကပင်(ကုန်းဘောင်မင်းလက်ထက်) စာပို့ဇော်သော အနေဖြင့် နေ့စဉ် ဆွမ်းတအုပ်ပို့စေသည်ဟု ကြားသိရဘူးသည်၊ ဝိနည်း အဆုံးအဖြတ်လည်း အလွန်တော်၏၊ တခါသော် ပုဂံမင်း ဆရာ ဗဟုကရာ သာသနာပိုင်အမှုတခုဌ ဝိနိစ္ဆယချသည်ကိုမကျေနပ်၍ ရှမ်းကလေး ကျွန်းဆရာတော် အရှင်နန္ဒက ထပ်မံ၍ ဝိနိစ္ဆယ ချသဖြင့် ဗဟုကရာသာသနာပိုင် ငြိုငြင်လျက် "မောင်နန္ဒကို အမရပူရ, အင်းဝ, စစ်ကိုင်းသုံးနယ်မှထွက်သွားစေရမည်" ဟု နှင်ထုတ်သဖြင့် ရွှေဘိုတောင်လက် ခေါတောရွာသို့နောက်ပါတပည့်တပန်း ရဟန်းသာမဏေတို့နှင့် ကွဲသွား၍ နေရာအထူးမရှာဘဲ ငှင်းရွာရှိ ဇေ့ပ်ပေါ်၌ပင် တပည့်များအား စာပေပို့ချကာ သီတင်းသုံးနေလေသည်။

နောက် သီးလုံးဆရာတော်ကြီးက တွေ့ရှိသဖြင့် ကျောင်းကန်များ ဖြစ်မြောက်အောင် ချီးမြှောက် ကြည့်ရှုတော်မူ၏၊ မင်းတုန်းမင်း အထုတ်အမြတ်ရောက်ချိန် သီးလုံးဆရာတော်ကို နေပြည်တော်သို့ အကြိမ်ကြိမ်ပင်ရာ၌ ကိုယ်တိုင်ကား မလိုက်လို သင့်လျော်သူကိုသာ ညွှန်မည်ဟုဆိုကာ အရှင်နန္ဒကို ပင့်ဝေ

လေ၏။ သို့နှင့် အရှင်နန္ဒသည် ၁၂၁၇ ခုနှစ် ပဌမဝါဆိုလတွင် အမရပူမြို့တော်သို့ သာသနာပြုကြွသွားတော် မူရလေသည်။

ရွှေမြို့တော်သို့ ရောက်သောအခါ မင်းပေးသောနေရာ (ကောင်းမွန်သောနေရာ)၌ မနေဘဲ ယခင်နေခဲ့ဘူးသော ရှမ်းကလေးကျွန်း အရပ်တွင်သာနေ၍ သာသနာရေးကို ဆောင်ရွက်တော်မူရာ တဘုန်ထိုးကျော်ကြားလာလေသည်၊ မင်းတုန်းမင်း ထုတ်ပြန်သော ဓမ္မဝိနယ အမိန့်တော်ပြန်တမ်းမှာ ရှမ်းကလေးကျွန်းဆရာတော် ရေးသားသော စာတမ်းကြီးပင်ဖြစ်ပေသည်။

ရှမ်းကလေး ကျွန်းဆရာတော်သည် မင်းတုန်း မင်းလက်ထက် ၁၂၂၀ ပြည့်နှစ်၊ သီတင်းကျွတ်လတွင် ပုံလွန်တော်မူ၏၊ ရှမ်းကလေးကျွန်းဆရာတော်ကား အလွန်လျင် ဝိနည်းသိကွာပုဒ်၌ လေးစားဂရုပြုတော်မူ၏။ မာတုဂါမများအား စကားပင် ပြောလေ့မရှိဟုသိရ၏၊ ဟုတ်ပေမည်၊ သီလရှင်ဆရာကင်းအား စာပေပို့ချပေးသည့် ဆရာများ စာရင်းတွင် မောင်အရင်း ရှမ်းကလေးကျွန်း ဆရာတော် မပါဝင်ခဲ့ပေ။

ဆရာကင်းတို့ကို နန်းတွင်းသို့ပင့်ခြင်း

၁၂၂၁ ခုနှစ်တွင် မန္တလေးမြို့ တည်ဆောက်ခြင်း ကိစ္စ ပြီးဆုံးသွားပြီးနောက် မင်းတုန်းမင်းသည် ရွှေကျင်ဆရာတော် ကိုလည်း ရွှေမြို့တော်သို့ ပင့်ဆောင်တော်မူ၏။ ရွှေကျင် ဆရာ တော်သည် ရှမ်းကလေးကျွန်းဆရာတော်ကို အလွန် လေးစား တော်မူ၏။ သာသနာပြုရာ၌လည်း တဲဖက်ပါဝင်ကူညီမှု ပြုတော် မူခဲ့လေသည်။

ထိုအခါနန်းမြို့ရှေးမနှောင်းမှာပင် စစ်ကိုင်းတွင်နေထိုင် သော သီလရှင် ဆရာကင်းနှင့် မင်းကွန်းတွင်နေထိုင်သော သီလ ရှင် ဆရာမယ်နတ်ပေးတို့ကိုလည်း မိဖုရားများနှင့် သမီးတော် များအား ပညာသင်ကြားရန်နှင့် ဆုံးမရန်အတွက် ရွှေမြို့တော်သို့ ပင့်ဆောင်တော် မူလေသည်။

ဆရာကင်းသည် မင်းတုန်းမင်း ပဌမအကြိမ် ပင့်စဉ်မှာပင် ကတိသုံးချက်ဘောင်းခံ၍ ရွှေမြို့တော်သို့လိုက်ပါသည်ဟု ဆိုလေ သည်၊ ဆရာကင်းတောင်းသည့် ကတိသုံးချက်ကား—

(၁) မိမိသည် မိန်းမသားသီလရှင်မျှသာဖြစ်၍ ဆရာ တော် သံဃာတော်များအား လေးစားရှိသေရ

မည် ဖြစ်သည့်အတိုင်း ပြာသာဒ်ဆောင် ဘုံဆင့် ပါသော ကျောင်းဇရပ်ကို လက်မခံလို၊ ဆောက် လုပ် လှူဒါန်းခြင်းမပြုရ။

(၂) မည်သည့်ဘဲတံဆိပ်ကိုမျှလည်းလက်မခံလို၊လှူဒါန်း ဆက်ကပ်ခြင်းမပြုရ။

(၃) ဆွမ်းဝတ် ဆွမ်းအိုး လှူဒါန်းမှုမပြုရ။ ဤ ၃ ချက်ပါင်ဖြစ်၏။

ဤကတိသုံးချက်ကို မင်းတရားကြီးက ခံယူမှု ဆရာကင်း ရှေ့မြို့တော်သို့ လိုက်ပါနေထိုင်လေ၏၊ ဆရာမယ်နတ်ပေးမှကား "မိမိသည် ဆရာကင်းကဲ့သို့ စကားပြောဟောမှု၌ မလိမ္မာပါ၊ ပြောဆိုပြုမူမှုစ၍ ကြမ်းတမ်းသဖြင့် မြို့တော် နှန်းတော်နှင့် မအပ်စပ်၊ ထို့ကြောင့် တောထဲမှာပင် နေလိုပါသည်"ဟု ပြော ဆိုကာ ရှေ့မြို့တော်သို့ မလိုက်ပါဘဲ နေခဲ့လေသည်။

သို့သော် မိဖုရားများနှင့် နန်းတွင်းသူတို့၏ ဘာသာ သာသနာယဉ်ကျေးမှုကို ရှေးရှု၍ ကြတော်မူရန် ၃ ကြိမ်တိုင်တိုင် ပင့်မှ ဆရာမယ်နတ်ပေး လိုက်ပါလာလေသည်၊ ဆရာမယ်နတ်ပေး ကား စကားလည်းနည်းသည်၊ပြောလျှင်လည်း တိုတိုပြတ်ပြတ်ပင် ပြောတတ်သည်၊ တိုတိုပြတ်ပြတ်နှင့် ရှင်းရှင်းဘွင်းဘွင်း ပြော တတ်သဖြင့် ဒေါသကြီးသည်ဟု နာမည်ကြီးလေ၏၊ မင်းတုန်း

မဲင်းကိုယ်တိုင်ကပင် ဆရာမယ်နတ်ပေးကို လေးစားရိုသေစွာဖြင့် ဆရာမယ်နတ်ပေး နန်းတော်ထဲကြွလာလျှင် "ဟဲ့ ဟဲ့— သူ့ဒေါသ ငါ့ဆီမရောက်စေနဲ့ ဟဲ့" ဟု မိဖုရားများအား ကျိစယ် မိန့်ကြားတော် မူလေ့ရှိသည်ဟူ၏။ ဆရာမဲယ်နတ်ပေးသည် မင်း တနားကြီး ကျေနပ်ရုံမျှသာ ခေတ္တမြို့တော်၌နေ၍ မကြာမီ နေမြဲဖြစ်သော မင်းကွန်းဖက်သို့ ပြန်သွားလေသည်။ ဆရာကင်းသာလျှင် ရွှေမြို့တော်၌ ဘပည့်ဘပန်း သီလရှင်များနှင့် နေရစ်ခဲ့ရလေသည်။

(ဆရာမယ်နတ်ပေးသည် စစ်ကိုင်း မင်းကွန်း သာမက မင်းကွန်းတဖက်ရှိ စာမရေးရှာ၌လည်း ရံဖန်ရံခါသွား၍နေတတ်သေးသည်၊ ကန်ကြီးကုန်း စာရေးရှာသူရှာသားတို့သည် မယ်နတ်ပေးအား အလွန်ကြည်ညိုကြ၍ မကြာမကြာ ပင့်ဖိတ်တတ်ကြသည်၊ ဆရာမယ်နတ်ပေးသည် စစ်ကိုင်းတောင်ရိုး၌ ကွယ်လွန်ရာ ကန်ကြီးကုန်း စာရေးမှ လူများ သွားရောက်၍ သင်္ဂြိုဟ်ကြ၏ဟု ကမ္ဘာအေး ဗုဒ္ဓသာသနာအဖွဲ့ ပုန်ပိတ်ုက် စာပြင်မှူး ချုပ်ဟောင်းဝဏ္ဏကျော်ထင် ဦးဘသန်းက စာရေးသူအား ပြောဘူးလေသည်၊ ဦးဘသန်း၏ အဖွားမှာ ဆရာမယ်နတ်ပေးအား အသဲစွဲကြည်ညိုသူဖြစ်ကြောင်း သိရလေသည်)။

သီလရှင် ဆရာကင်းသည် မန္တလေးမြို့တော်၌ နေသည်ဟု ဆိုသော်လည်း မန္တလေးတောင်၏ အရှေ့မြောက်ဘက် (ရွှေကျင် ငါးတိုက်၏ အရှေ့ဖက်)တွင် တိုက်တာတည်၍ နေခဲ့

သည်ဟု အမှတ်အသားတွေ့ရလေသည်၊ အမျှားအားဖြင့်ကား မန္တလေး နန်းတော်တွင်း မြောက်ဥယျာဉ် တောရကျောင်း၌ နေထိုင်ပြီး မိဖုရားများ သမီးတော်များနှင့် နန်းတွင်းသူတို့အား စာပေသင်ကြားပေးခြင်း တရားဓမ္မ ဟောပြောခြင်း ဝိပဿနာ ကမ္မဋ္ဌာန်းစီးဖြန်း အားထုတ်စေခြင်း စသည်ဖြင့် အားကြိုးမာန်တက် သာသနာပြု လုပ်ငန်းများကို ပြုလုပ်ခဲ့လေသည်၊ သို့နှင့် ဆရာကင်းသည် နန်းတွင်းသူမိဖုရားများသမီးတော်များ အထိန်းတော်များတို့၏ ချစ်ခင် လေးစားရသည့် ဆရာတဆူ ဖြစ်ကာ ထင်ရှား ကျော်ကြား၍ လာလေသည်၊ ဧင်းတုန်းမင်းတရားကြီးနှင့် ဆရာကင်းသည် သက်တူရွယ်တူဖြစ်၏၊ မင်းတရားကြီးသည် လည်း ၁၁၇၆—ခု ဖွားဖြစ်သည်၊ ထို့ကြောင့်ပင် မင်းတရားကြီးသည် ဆရာကင်းအား ပိုမိုကြည်ညိုကာ ဆရာကင်း မည်သို့ ငယ်ရအောင် . အဖက်ဖက်က ချီးမြှင့် ထောက်ပံ့တော်မူလေသည်။ (နာမည်ကျော် ဗန်းမော်ဆရာတော်, သီလရှင် မယ်ကင်း, မင်းတုန်းမင်းတရားကြီး ဤသုံးဦး ၁၁၇၆-ခုနှစ်ဖွား အသက်အတူတူ ဖြစ်ကြသည်ဟု ဆရာတော်ကြီး တပါး မိန့်ကြားသည်ကို မှတ်သားရဘူးသည်)။

ဆရာကင်းအတွက် ကျောင်းကိုလည်း ကတိအတိုင်း ပြာသာဒ်ဆောင်မပါ လည်ဖေါ် ယုန်းဆက်မောင်းမလယ် ပလ္လင်ပါ ယုန်းလှခါး လေးဖက်တပ်ဖြင့် ဆောက်လုပ်ပေးလေ၏၊ ဘွဲ့တံဆိပ်မကပ်မလှူ၊ဆွမ်းအတွက်လည်း ဆွမ်းဆန်နှင့်ငါးခြောက် ငါးခြမ်း ငရုတ်၊ ကြက်သွန်မှုန့်စသော လိုလေသေးမရှိ လှူဒါန်းလေ

သည်၊ (လစဉ် ဆီဘပီသံ့ဝ ဆန်တခဲ့ သီလရှင်တိုင်းအား လှူ ဒါန်းသည်ဟု ကြားသိရဘူး၏)။

ဆရာကင်း၌ သီလရှင် တပည့် အများအပြား ရှိသည့် ပြင် နန်းတွင်းသူများ မှူးကြီးမတ်ကြီးနှင့် မင်းစိုးရာဇာ အရာရှိ အရာခံများ သူဌေး သူကြွယ်များ၏ ကဘော်မယား သားသမီး စသော တပည့်မ အများအပြား ရှိပေသည်၊ ဆရာကင်း၏ တပည့်များက ဆရာကင်းအား ကြည်ညိုလေးစားကြပုံမှာ အံ့သြ ဖွယ်ရာကောင်းသည်၊ ဧဖများက မိမိ၏ သမီးအား ကိုယ်တိုင် ပြောဆိုဆုံးမခြင်းထက် ဆရာကင်းထံ ခေါ်သွား၍ ဆုံးမစေ သည်၊ ဆရာကင်းအဆုံးအမဖြင့် လိမ္မာလာစေသည်ဟု အဆိုရှိ ပေသည်၊ ထိုသို့ ဆရာကင်းအား တပည့်များက ရိုသေလေး စားကြရုံသာမက မည်မျှအထင်ကြီး၍ ဓမ္မာဂက်စား ချီးကျူး ထားသည်ကိုလည်း အမည်မသိ နန်းတွင်းသူတဦး ရေးသော ဖအောက်ပါ တေးထပ်ဖြင့် ထင်ရှားပေသည်။

ဆရာကျင်း ဘွဲ့ထူးထပ်

"သီလရှင် ဆရားကင်းက၊ တကျောက္ခင်း ပစ်ပယ်၊ သာသနာတွင်း ခေတ်နယ်မှာ၊ ချစ်စဖွယ်ဟန်ဆဲ။ ဂူမွေ့လှဲ လူတွေ့ရှောင်တယ်၊ မြွေရှေ့အောင် အားသစ်လိုခဲ့။

ကမ္မဋ္ဌာန်းနှင့် မဂ်ပန်းချူတယ်၊ တက်လှမ်းမူတန်။ မထိတ်သော် စိတ် တော် ရဲလို့၊ မိတ် ဖော် လဲ မ ပါ။ ဘာဝနာ ဘိညာဉ်ကွန့်၊ တိမ်ရင်ညွှန့်စီးတော့မည်ခါ။ ပုတီးက အပြီးပါ၊ မငြိုးရာဇာ ချပ်က၊ ဈာန်စိတ်နှင့် သီလသယ်၊ ထူးပေ အံ့ဖွယ်။ လောဘနှင့် ဒေါသပယ်တယ်၊ မောဟဝယ် ရှိဘူးထင့်လေး"

ဤတေးထပ်အစတွင် ဘိက္ခုနီ ဆရာကင်းက ဟူ မူမျှား စွာဌပင် တွေ့ရ၏၊ ဤသို့ပင် ရှေးအခါက သီလရှင်နှင့်ဘိက္ခုနီကို အတူထား၍ စပ်ဆိုကြသည်ကို အမျှားအပြားတွေ့ရလေသည်၊ အချုပ်တန်းဆရာဖေ၏ သံဝေဂ တေးထပ်တပုဒ်တွင် "နံဗ္ဗူးကို စိတ်တူ ကြွရအောင် ဘိက္ခု။ မ လုပ်ပါတော့ကွယ်" ဟု စပ်ဆိုထား လေသည်။

ဆရာကင်းထံတွင် သီလရှင်ပြုကြသော အမျိုးသမီးတို့ကား တနေ့တခြား မျှားပြား၍ နေသည်၊ ရိုးရိုးအရပ်သူမျှား သာမက မိဖုရားမျှား အမျိုးတော်မျှားလည်း သီလရှင် ဝတ်ရှု

ပရိယတ္တိ သင်ကြားခြင်း ပဋိပတ္တိ စီးဖြန်းခြင်းများ ပြုလုပ်ကြ၏၊ မင်းတုန်းမင်းကြီးသည် သားတော်များကို သာမဏေ ပြုသကဲ့သို့ သမီးတော်များကိုလည်း ဆရာကင်းထံတွင် သီလရှင်ဝတ်စေသည်၊ သမီးတော်လေးများကို ၇-နှစ် အရွယ်တွင်ပင် ဆံပင်များကို ပယ်ဖြတ်စေ၍ သီလရှင်အဝတ်ကို ဝတ်စေလျက် အပါးတော်တွင် ခစားစေသည်ဟု ဆိုလေသည်၊ သမီးတော်ကလေးများကို သီလရှင်ပြုရာ၌ သားတော်များကို သာမဏေပြု သကဲ့သို့ သဘင်ခမ်းနားကြီးကျယ်စွာ ပြုလုပ်စေသည်ဟု သိရပေသည်။

မင်းတုန်းမင်းနှင့်ရှာစံပြီးနောက် သမီးတော် တပင်တိုင်နှန်းစံ စလင်းစုဖုရားသည် ငယ်စဉ်ကပင် သီလရှင် ခေတ္တဝတ်ခဲ့ဘူးသည့်အတိုင်း သီလရှင် ဝတ်၍ အိမ်နိမ့်စံတော်မှု၏၊ စလင်းစုဖုရား သီလရှင်ဝတ်ဖြင့် နေထိုင်သည့် နေရာကို စုံစမ်း၍ မရပေ၊ (ငှက်တွင်း ရွှေမင်းဝံဆရာတော် အရှင်ပညာဒီပထေရ်ထံတွင် ဖြစ်ပေလိမ့်မည်၊ စလင်းစုဖုရားသည် ငှက်တွင်းဆရာတော်ကို အာလွန်ကြည်ညိုသည်ဟု ဟသ်ာတ သပြေပင် ဆရာတော် မိန့်တော်မူဘူးသည်)။ ယင်း စလင်းမင်းသမီး သီလရှင်ပတ်ခြင်းနှင့် စပ်၍ ဦးကျော်လှ သံချိုတပုဒ်ကို ဖော်ပြလိုက်ပါသည်။

စလင်းမြို့စား မင်းသမိုး သုသီရိမြတ်စွာ ရတနာဒေဝီအကြောင်းလေးချိုးသံချို

နန်းတည်ထောင် မန်းပြည် ကနက်တွင်မှ၊ စည်နှက်ခါ ဗဟိုရိသံနှင့်၊ နတ်ရွာစံ ဓာတ်သမ္ဘာကြီးလှတဲ့၊ ရာထီးပိုင် ကောရင်၏၊ သွေးရင်နှစ် ရွှေလင်းခံ။

ရွှေယွန်းပေါင် ပြောင်စာတမ်းငယ်နှင့်၊ တောင်နန်းလျာ မှန်းကာထားသူက၊ [illegible]းတော် ဆင်ရန်တို့၊ သဘင်ဥာဏ် ပညာကောင်းလှတဲ့၊ ရွာ မောင်းထောင် ကျွန်တယောက်ကဲ့ကို၊ ရွေးကောက်ခဲ့ပြန်။

ပဌမကျော်စာတော်ပြန်သည့်၊ ရွှေနန်းစံ ဘုရင်သမုန့်နှင့် ဆင်ဖြူရှင်မယ်တော်ကြီး၏ သမီးတော်မဟာသီမို့ ဒေဝီစုံရွှေညီခ ရ၊ ဇီဝနာမ်မကွယ်လို့သာ၊ ဆံပယ်ကာရန်စွယ်ကင်းစေတော့၊ စလင်းသခင်ပိတ်ဖြူအုပ်ကယ်နှင့် ဘိုက္ခူလုပ်နေရှာပြန်၊ ဇာတာကံ ကုန်ညှိုး။

ကုလဝံသာဘိနှင့်၊ ဇာတိမှန်ဆွတော်ရင်းကိုမှ၊ စလင်းငယ်သူပုန်ပုန်ယဉ်လို့၊ ကြုံရရွာဆိုကာချို့ဝံပေ၊ မဟာမျိုးနွယ်ဟူသမျှတို့၊ မှုလ အခြေကိုမြေလိုက်လျှင်၊ ရဝေပျော် ဆွတော်မျိုးဟာမို့၊ မြေကိုးကာညာမလင့်ပြီဘူး၊ မင်းလိုလူစလင်းဆိုလို့ ဖွင့်ရက်ပေ၊ နှိုင်းစာနဲ့ တိုင်းထွာမချင့်သူမို့၊ ကိုဏ်းသင့်မည်စိုး။

ဤ သံချိုနှင့်ပတ်သက်၍ ရှေပြည်ဦးဘတင်၏ မှတ်ချက်မှာ ဤသို့ဖြစ်သည်၊ မင်းတုန်းမင်းတရားကြီး လွှင့်ပန်းတိုက်စားမှမြင်ဘော်မူသော စလင်းမြို့စားမင်းသမီးကို "သုသီရိမြတ်စွာ ရဘနာဒေဝီ" ဟူသောဘွဲ့ဖြင့် တပင်တိုင်နန်းတင်တော်မူသည်၊ ပင်တိုင်စံသမီးတော်ဆိုသည်မှာ နောင် နန်းတက်မည့်မင်း၏ မိဖုရားကြီးအဖြစ်ကို ရည်ရွယ်သောသဘောရှိ၏။ ပုရပိုက်တွင်အပေါ်ဖုံးကို သစ်စေးသားရိုးဖြင့်ပြု၍ အနီသုတ်သည်ဖြစ်စေ ရွှေချသည်ဖြစ်စေ မှန်စီသည်ဖြစ်စေ ပြုလုပ်ထားသော ပုရပိုက်ကို ယွန်းပေါင်းပုရပိုက်ဟုခေါ်သည်၊ ၎င်းပုရပိုက်မျိုးတွင် အမိန့်တော်ကိုရေး၍ အိမ်ရှေမင်းတင်မြှောက်ခြင်း ပင်တိုင်စံတင်မြှောက်ခြင်းလက်ဝဲဘော်စာရင်းရေးသားခြင်းများကိုပြုလုပ်မြဲဖြစ်၍ လေးချိုး "ရှေ့ယွန်းပေါင် ပြောင်စာတမ်းငယ်နှင့်" ဟုပါသည်၊ ဤကဲ့ဖြင့် ပင်တိုင်စံ တင်မြှောက်သည်ကို အလယ်နန်းတော်မိဖုရားကိုဏ်းကမန္တစ်သတ်နိုင်ကြဖြစ်သည်၊ နောက် သီပေါမင်းနန်းတက်၍အလယ်နန်းတော် မိဖုရား ဆင်ဖြူမရှင်သမီးတော်များက ရေပန်းစား၍ မိဖုရားကြီးအဖြစ်သို့ ရောက်မည်ကို တင်ကြိုသိမြင်နိုင်ရကား စလင်းမင်းသမီးသည် မင်းတုန်းမင်းအလောင်းတော်ကို ဂူသွင်းသင်္ဂြိုဟ်ပြီးသည်နှင့်တပြိုင်နက် ဆံတော်ကိုပယ်၍ သီလရှင်အဝတ်ကိုလဲတော်မူသည်၊ သို့ရာတွင် သီပေါမင်းလက်ထက်မှာ စလင်းမင်းသမီး သီလရှင်ကိုပင် အနိမ့်အကျထားခြင်းကို ခံရပြီးနောက် လွန်တော်မူသည်၊ မောင်းထောင် ဦးကျော်လှမှာ ပဌမတွင် ဝင်းဘော်အမှူထမ်းဖြစ်၍ ဝင်းစင်ခေါ်သော ရုပ်သေးစင်ကလူဖြစ်သည်၊ နောက် စလင်းမင်းသမီးက ကောက်တော်မူ၍ ရုပ်

သေးစင်တော်ကြီးသား ဖြစ်လာသည်၊ ထို့ကြောင့် လေးချိုးတွင် "ရှာမောင်းထောင်ကျန်တယောက်ကဲ့ကို၊ ရွေးကောက်ခဲ့ပြန်" ဟု ဆို၏၊ သီပေါမင်းနှင့် မိဖုရားကို အလိုတော်ရှိသပ်လိုသော သံချိုကိုင်ဉာဏ်ကျယ်ဆိုသူက ဦးကျော်လှအား "စလင်းကျန်း ဘုပ္ပန်မကျန်" ဟု စာဆိုရာ ဦးကျော်လှက မဟာဆွဲတော်မျိုးတော်ချင်းဖြစ်၍ ရက်စက်စွာ မဆိုသင့်ကြောင်း ရာဇဂိုဏ်းသင့်မည့်အကြောင်းများနှင့် သီပေါမင်း၏ ပဌမကျော်အောင် သောဂုဏ် မိဖုရားကြီး၏ ဆင်ဖြူရှင်မသမီးတော်ဖြစ်ခဲ့သောဂုဏ်များကိုလည်း ထုတ်ဖော်ခြီးကျူးလျောက်ထားသည်၊ (ရွှေပြည်ဦးဘတင်စပေလောက-၇၀-၇၁-၇၂)

သီပေါမင်းမယ်တော် လောင်းရှည်မိဖုရားသည် ငယ်စဉ်က သီလရှင်ဝတ်ဘူးလေသည်၊ မိဖုရားဖြစ်သည်တိုင်အောင် သီလရှင်စိတ် ရှိနေ၏၊ ဆရာကင်းကို တွေ့ရသော် အပြီး အပိုင် လူ့ဘောင်ကို စွန့်ခွာ၍ သီလရှင်ဝတ်လိုစိတ် တဖွားဖွားပေါ်နေသဖြင့် မင်းတုန်းမင်းကြီးထံသို့ သီလရှင်ဝတ်လိုကြောင်း စာဖြင့် ခွင့်တောင်းလေသည်၊ စာမှာ အောက်ပါတေးထပ်ပင် ဖြစ်၏၊ ထိုတေးထပ်ကို ထိုစဉ်က ရတနာပုံ သတင်းစာဆရာဘိုးဝဇီရက ရေးပေးရလေသည်၊ ထိုတေးထပ်ဖြင့် သီလရှင်ဝတ်ရန် လောင်းရှည်မိဖုရားက ခွင့်တောင်းသော်လည်း မင်းတုန်းမင်းတရားကြီးက ခွင့်မပြုခဲ့ပေ။

လောင်းရှည်မိဖုရား သီလရှင် ဝတ်လို ကြောင်း

ခွင့်တောင်း တေးတပ်

"လွန်းတရာပိုးစပ်၊ ကြိုးဖြတ်ချက်ပလီ၊ မျိုးမြတ်တဲ့ထဘီကို၊ ဖိုးဖြတ်မည်ကြံဆဲ၊ ငွေကြိုးလိုက် ရှေ့ပူငယ်၊ ကေမူ ပန်းနုမြဲ။

မြကြိုးလိုက် စပ်ကြိုးခံ၊ မြတ်နိုးရန်ရှိဘဲ၊ နော်တော့ ဆင် ရွှေဝတ်လဲကိုလ၊ ဇွတ်ကြဲလို့ရှောင်မယ်။မြတ်ယောကီ သွင်ဓလေ့ငယ်နှင့်၊ ရှင်မေ့.ဘို့ တွေးမိစိတ်မယ်။

နန်းမူက ခုပစ်ပယ်မည်၊ ဥပဇ္ဈာယ် မယ်ကင်းနှင့်၊ ရွယ်ရင်းဖျာ့ သရဖီတောင် ယုံ၊ ဆည်း ကပ် မဲ့ ကြုံ၊ မောင်တော်စိတ်နှင့် တောင်ရိပ်စံမည်၊ နောင်နိဗ္ဗာန် အို ကူးရန်ဖျာ့လေး"

ဆရာကင်း. အသက် အရွယ် ကြီး ရင့် လာသော အခါ ပရိယတ်စာပေသင်ကြားခြင်း လုပ်ငန်းကို လုံးဝ စွန့်လွှတ်လိုက် ပြီးလျှင် ပဋိပတ်လုပ်ငန်း ကမ္မဋ္ဌာန်းဘာဝနာ ဝိပဿနာ ပွားခြင်းကိုသာ ပြုလုပ်တော့၏၊ နန်းတော်တွင်းသို့လည်း တပည့် သီလရှင်များကိုသာ ကိုယ်စားစေလွှတ်၍ မိဖုရားများ သမီး တော်များကို စာပေသင်ကြားစေလေသည်။

ဒေါ်ဝင်္ကာ, ဒေါ်မွေ, ဒေါ်ဝီမလ, ဒေါ်ဂုဏ်, ဆရာထပ်ခေါ် ဒေါ်သောရီ စသော တပည့်သီလရှင်များကလည်း ပရိယတ္တိတတ်ကျွမ်းခြင်း အစုမ်းထက်ကြသူများ ဖြစ်ကြကုန်၏၊ မိဖုရားများ သမီးတော်များက ဆရာကင်းကိုယ်တိုင် ကြွရောက်သင်ကြားခြင်းမပြုသော်လည်း ဆရာကင်း၏ တပည့်ကြီးများကို တဆောင်လျှင် တပါး သင့်လျော်သလိုပင့်၍ စာပေသင်ကြားကြလေသည်။

တခါတွင် မင်းတုန်း မင်းတရားကြီးက သီလရှင်ဆရာကင်းအား ဤသို့ မိန့်တော်မူဘူး၏၊ "ဆရာကင်း....နန်းတွင်းရှိ အချို့ မိဖုရားနှင့် သမီးတော် အထိန်းတော် ရံရွေတော်များသည် မည်သည့်ဘာသာရေးပညာ လောကုတ္တရာပညာမှမရှိ၊ ရေထဲချလို့မှ ရေမနှစ်သည့် ဘူးတောင်းများဖြစ်ကြသည်၊ ထိုဘူးတောင်းများအား ဆရာကင်းက ကြပ်မတ်သင်ကြားပေးပါမှ ရေပြည့်အိုးသဖွယ် ဖြစ်ကြပါမည်၊ ဆရာကင်းနှင့် ဆရာကင်း၏ တပည့်သီလရှင်များ လက်သို့ နန်းတွင်းက ဘူးတောင်းများကို အပ်ပါ၏"

ထိုအခါ ဆရာကင်းက "ဘူးတောင်းဖြစ်လျှင် ရေပြည့်စေပါမည်၊ သို့သော် ဘူးထဲက ရေများ ပြန် ပါလာမည်ကို ကြောက်ပါသည်၊ ဘူးထဲကရေသာမပါစေလိုပါ"ဟု လျှောက်ထားသည်ဟု သိမှတ်ရပေသည်၊ နန်းတွင်းရှိ မိဖုရား သမီးတော် အထိန်းတော်များကသာ သီလရှင်များအား လူရေးလူရာမသင်ပါနှင့်ဟု ဆိုလိုပေသည်။

မင်းတုန်းမင်းတရားကြီး၏ မိဖုရားတဦးဖြစ်သော တောင်ဆောင်တော်မိဖုရားသည် သမီးတော် မိုးညှင်း ထိပ်ခေါင်တင် ဒေါ်၊ စာပေသင်ကြဲားပေးရန် ဆရာကင်းထံ သီလရှင်ဆရာတဦး တောင် ရာဌ ဆရာကင်းက တပည့်သီလရှင်ပယ်ဝဏ္ဏာနှင့် တွဲဖက်၍ မယ်ညမွာရီခေါ် သီလရှင်တပါးကို စေလွှတ်၏၊ သီလရှင် ၂-ပါး တောင်ဆောင်တော်သို့ သွားခါနီး၌ ဆရာကင်းက "ဘူးထဲကရေ မပါ ပါစေနဲ့" ဟု တိုတိုတုတ်တုတ်ပင် ဆုံးမလိုက်လေသည်၊ မိမိကသာ စာပေ ပရိယတ်တို့ကို သင်ကြားပေးပါ၊ လိမ္မာယဉ်ကျေးအောင် ဆုံးမပါ၊ နဲနဲးတွင်းသူတို့၏ အမူအရာများ, လူရေးလူရာများကို အတုယူမလာပါနှင့်ဟု ဆိုလိုပေသည်၊ အလွန်မှတ်ဖွယ်ကောင်းသော ဆုံးမချက်ပေတည်း။

ဆရာကင်း ကွယ်လွန်ချိန်

ဆရာကင်းသည် အိုမင်းမစွမ်းရှိလာသောအခါတွင် နန်းတွင်း၌ မနေတော့ဘဲ စစ်ကိုင်း တောင်းရိုးသို့ ပြန်လည်နေထိုင်ကာ ဝိပဿနာလုပ်ငန်းဖြင့်သာ အချိန်ကို အသုံးချနေတော့၏။ ငယ်စဉ်ကပင် အမရပူရ တောင်တမန် ကျောင်းတော်ကြီးဘုရားကို ဆည်းကပ်ခဲ့သူ ဖြစ်သည့်အတိုင်း သက်ရွယ် ကြီးရင့်သော အခါလည်း ကျောက်တော်ကြီးဘုရားအား နှစ်စဉ် ဆွမ်းတော်

ကြီး ကပ်မြဲဝတ်ကို မပျက်စေရပေ၊ တနှစ်တွင် ဆွမ်းတော်ကြီး ကပ်ဆွဲ၌ ညရှစ်နာရီခန့်က ဘုရားရှိခိုး ကြည်ညို လိုက်သည်မှာ နံက်အရုဏ်တက်၍ ဆွမ်းတော်ပဲများ ပို့လာကြမှ နေရာမှ ထလေသည်၊ ညကအတူပါသော သီလရှင် တပည့်မငယ်တို့ နောက်က အိပ်ပျော်နေကြသည်ကိုမြင်သောအခါ "ဩော် အမိတို့အိပ်ပျော်နေကြသကိုး၊ ထကြကွယ်အမိတို့ထကြ" ဟု သာယာညှင်းပျောင်း စွာဆို၍ အသာအယာပုတ်နိုးပေသည်ဟု ထိုစဉ်က အိပ်ပျော်ရာ၌ သီလရှင်ငယ်ဘဝဖြင့် ပါခဲ့ဘူးသော ဆရာကင်း၏ တပည့်ရင်း တဦးက ပြောဘူးသည်ဟူ၍ ရွှေဟာသ်ဆရာတော်က စာတအုပ်တွင် မှတ်တမ်းတင်ခဲ့သည်။

ဆရာကင်းသည် မင်းဝံတောင်အရှေ့ ကမ္ဘားယံပေါင်းလဲကြီး ခေါ် ရှင်ပင်သာလျောင်း ရွှေဘုန်းပွင့် ရုပ်ပွားတော်ကြီး အနှီးဌ် တရားအားထုတ်၍ နေသွားသေးသည်ဟု ထိုစာအုပ်တွင် ဆို၏၊ ဆရာကင်းနှင့်အတူ ဆရာကြွယ်ဟူသော သီလရှင်တဦး အတူနေခဲ့သေးရာ ထိုဆရာကြွယ်ကား မင်းသားကြီး ဦးကျောက်လုံး၏ နှမ(ပုဂံဘုရင်၏ ခယ်မတော်) ဖြစ်ကြောင်းသိရ၏၊ ထိုမျှ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်ပြည့်စုံ၍ မြန်မာနိုင်ငံတနိုင်ငံလုံးရှိ သီလရှင်လောကကို သူ့လက်ထက်တွင် ပေါင်းစီးအုပ်ချုပ်ကာ ဆရာကြီးတဆူပြုလုပ်သွားနိုင်ခဲ့သော ယုဒခေတ် သီလရှင်တို့၏မိခင်ကြီး ဆရာကင်းကား သက္ကရာဇ် ၁၂၄၄-ခုနှစ်၊ ပြာသိုလဆန်း ၅-ရက်ဗုဒ္ဓဟူးနေ့ည အသက် ၆၈-နှစ်အရွယ်တွင် စစ်ကိုင်း ဂူတလုံးချောင်၌ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းရင်း ဖြင့်ပင် စုတိကမ္မဇရုပ် ချုပ်ပျောက် ကွယ်လွန်သွားလေသည်။

ဆရာကင်း ကုယ်လုန်ချိန်မှာ မန်းတုန်းမင်းတရားကြီး နတ်ရွာစံပြီးနောက် ၄ နှစ်ကြာ သီပေါမင်းလက်ထက်တွင်ဖြစ်၏။ ဤသို့ ဆရာကင်း ကုယ်လုန်သွားကြောင်း သီပေါ မင်းတရား သိတော်မူသောအခါ လုန်စ္စာ ကြကွဲ ဝမ်းနည်းတော်မူကာ ကိုယ်တိုင်ထွက်တော်မမူလာနိုင်သဖြင့် ထိုအချိန်တွင် အနဲရုံခွါ ချောင်ဌတရားအား ထုတ်နေသော တိုက်တော်သူကြီး ဦးဘိုးအားကြီးမှူးလျက် ဆရာကင်းအလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်စေဘည်၊ ထိုနောက် ဂူတလုံးချောင်ရှေ့မှာပင် ဆရာကင်း၏အထိမ်းအမှတ်အဖြစ် အရိုးပြာကိုထည့်သွင်း၍ မော်းနားသော အုဋ်ပြာသာဒ်တဆောင်ကို တည်ထားကြလေသည်၊ ထိုအုဋ်ပြာသာဒ်မှာ စစ်ကိုင်းတောင်ရိုး ဂူတလုံးချောင်တွင် ယခုတိုင် တွေ့မြင်နိုင်၏၊ တောင်ဘက်သို့ မုခ်ဝလှည့်လျက် ကျယ်ဝန်းသော လိုဏ်ရှိပြီး အတွင်း၌ ဆင်းတုတော်တဆူ စမွယ်လျက်ရှိပေသည်၊ ထို့ဂူတွင် ဆရာကင်းနှင့်ပတ်သက်သော အမှတ်အသား တစုံတရာမတွေ့ရသဖြင့် ကြာသော် ဆရာကင်း၏ အထိမ်းအမှတ် ဂူဟုပင် သိနိုင်တော့မည်မဟုတ်ပေ၊ ယခုအချိန်တွင် ကျန်ရှိသော အဆက်အနွယ် စေတနာရှင်များက ကျောက်စာထိုး၍ ထားရှိထားကြရန် သင့်ပေသည်။

ဆရာကင်း၏ တပည့်ကြီးများ

ဆရာကင်းမရှိသော်လည်း ဆရာကင်း၏တပည့် သီလရှင်ဆရာကြီးများသည် ပရိယဲတ် ပဋိပတ်နှစ်ရပ် စွယ်စုံကုံ လုံပြည့်ဝသူများဖြစ်ကြသည့်အတိုင်း နန်းတော်တွင်း၌ အစဉ်မပြတ် စာပေသင်ကြားပို့ချမြဲ ပို့ချနေထိုင်ကြကုန်၏။ အချို့လည်း ဆရာကင်းရှိစဉ်က နေရာချထားရာ စစ်ကိုင်း မင်းကွန်းစသည်တို့တွင် အသီးသီး စာပေပို့ချ၍ နေကြကုန်၏။

ရတနာပုံ နန်းမြို့တော်တွင်း၌ ဆရာကင်း မရှိသည့်နောက် တပည့်တဦးဖြစ်သော သီလရှင်ဆရာကြီး ဒေါ်ဝဏ္ဏသည် သီပေါမင်း တလက်ထက်လုံး (၁၂၄၇ ခုနှစ် သီပေါမင်း ပါတော်မူသည့်တိုင်အောင်) နေထိုင်၍ မိဖုရားနှင့် နန်းတော်သူတို့အား စာပေသင်ကြားပေးခဲ့သည်ဟု သိရ၏၊ ထိုသီလရှင်ဆရာ ဒေါ်ဝဏ္ဏသည် မင်းတုန်းမင်းကရားကြီး လက်ထက်ကပင် တောင်ဆောင် မိဖုရားနှင့် ၎င်းသမီးတော် မိုးညှင်းထိပ်ခေါင်တင်တို့၏ ဆရာဖြစ်ခဲ့လေသည်၊ ရံဖန်ရံခါလည်း အခြားမိဖုရားနှင့် သမီးတော်တို့အား စာပေပို့ချ သင်ကြားပေးရသေး၏။

တခါသော် (ထိုအချိန်က မင်းတုန်းမင်း တရားကြီး လက်ထက်ဖြစ်၏)ဆရာကြီး ဒေါ်ဝဏ္ဏ၏ကျောင်းမီလောင်းသဖြင့်

မင်းကုန်းမင်းတရားကြီး ကိုယ်တိုင်ကပင် 'သမီးတော် ဆရာ ကျောင်းမီးလောင်၍ စိတ်ဆင်းရဲနေရော့မည်၊ ကျောင်းကောင်း ကောင်းဆောက်ရန် ငွေအလုံအလောက် ထုတ်ပေးပါဘိ'ဟု မိန့် တော်မူ၍ ငွေများထုတ်ပေးလေသည်၊ ထိုအခါ ဒေါ်ဝဏ္ဏကထိုငွေများကို ပုဂံတိုက်တွင် သီတင်းသုံးနေတော်မူသည့် မောင်အရင်း (နောက်စစ်ကိုင်း သီတာမုခချောင် ဆရာတော်) ဘုန်းတော်ကြီးအား ကျောင်းဆောက်၍ လှူဒါန်းပြီး သူကိုယ်တိုင်မူနေဖြစ်ရုံမျှ ကျောင်းငယ်ကလေးဆောက်၍ နေထိုင်ခဲ့လေသည်။

နန်းတော်တွင်း၌ ငွေတိုက်ကို မိဖုရားများက တလှည့်စီကြီးကြပ် ခန့်ခဲ့ရသည်၊ မိမိတပည့် မိဖုရားများ ငွေတိုက်တော်ကြီးကြပ်လှည့်သို့ ကျရောက်လျှင် ဆရာသီလရှင်များအဖို့ အလွန်ပင် ဝမ်းပြောသာယာရှိကြသည်ဟု ဆိုလေသည်၊ ငွေကြေးလိုသမျှရ၍ အထည်အလိပ် အသုံးအဆောင်များလည်း ပေါပေါများများ ရရှိသုံးစွဲနိုင်ကြ၏၊ သီလရှင် ဆရာဒေါ်ဝဏ္ဏ သည်လည်း ထိုနည်းဖြင့် တပည့်ဖြစ်သော မိဖုရားများထံမှ ရရှိသောငွေများကို စုဆောင်းထားရှိကာ နောင် မြတောင်တိုက်တည်ချိန်တွင် ဒေါ်ဝဏ္ဏသည် မြတောင်ဆရာတော်ကြီး၏ တူမရင်းဖြစ်သည့် အတိုင်း မြတောင် တိုက်ထဲ၌ ကျောင်းတကျောင်း ဆောက်လုပ်လှူဒါန်းနိုင်ခဲ့လေ၏၊ (မြတောင်တိုက် အင်္ဂါဆောင့်တွင် ဆောက်လုပ်ခဲ့၏၊ ယခုကျောင်းရာသာ ရှိတော့သည်)။

မင်းတုန်းမင်း နတ်ရွာစံပြီးနောက် သီပေါမင်းလက်ထက်တွင်လည်း ဒေါ်ဝဏ္ဏသည် နန်းတော်တွင်း၌ပင် စာပေပို့ချနေ.

ထိုင်ရလေသည်၊ တခါတွင် သီပေါမင်းက 'ဆရာ ဒေါ်ဝဏ္ဏ စာတော်တော် သင်ဘူးသလား'ဟု မေးရာ 'သင်ရိုးကုန်အောင် သင်ဘူးကြောင်း' ပြန်လည်ဖြေကြားသည်၊ ထိုအခါ သီပေါမင်းက 'ဟုတ်ရဲလား....နဲနဲးတော့ထဲမှာ ပိဋကတော်တွေ ရှိသည်၊ ဆရာဒေါ်ဝဏ္ဏပြရဦးမည်ဟု ကျိစယ်သလို မိန့်တော် မူသဖြင့် ဒေါ်ဝဏ္ဏက ရဲရဲဝံ့ဝံ့ပင် ပြချင်တဲ့စာပြပါဟု ပြန်လည်ပြောဆိုလေသည်၊ထိုအခါ သီပေါမင်းက မိဖုရားကြီး(စုဖုရားလတ်)အား 'ကဲ....နှစ်မတော် ဆရာအဖြစ်ကိုးကွယ်ပေတော့'ဟု မိန့်တော်မူရာ မိဖုရားကြီးက 'အို....သူများဆရာ ကိုယ့်ဆရာလုပ်ချင်တော်မူပါဘူး'ဟု ဆိုလေသည်ဟူ၏၊သို့သော်နန်းတက်သည်မှစ၍ ၄၇-ခုနှစ် ပါတော်မူသည့်အထိ ဒေါ်ဝဏ္ဏကိုလည်း ဆရာအဖြစ် ကိုးကွယ်သွားကြလေသည်။

၁၂၄၇-ခုနှစ် တန်ဆောင်မုန်းလ ပါတော်မူချိန်တွင် ဒေါ်ဝဏ္ဏလည်း နန်းတော်တွင်း၌ ရှိကြောင်း, အင်္ဂလိပ် တပ်မျှားနန်းတော်တွင်း ဝင်ရောက်လာချိန်တွင် ဒေါ်ဝဏ္ဏသည် ဥာဏ်တော်တဟောင်ခန့်ရှိ နန်းစဉ်ဘုရား(သစ်သားဆင်းတု) တဆူကို ရွက်၍ အင်္ဂလိပ် စစ်တပ်မျှားကြားမှပင် နန်းတော်မှ ထွက်ခဲ့ရကြောင်းဖြင့် ဒေါ်ဝဏ္ဏ၏ တပည့်ကြီး ယခု သစ်ဝိမ့်ဆရာကြီးက စာရေးသူအား ပြောပြသည်ကို မှတ်သားရပေ၏။

ဆရာကင်း၏ တပည့် အမျှားအပြားရှိသည်တွင် ဆရာဆယ်, ဒေါ်ဝိမလ, ဒေါ်ဓမ္မ, ဒေါ်ဝဏ္ဏ, ဆရာဂုဏ်, ဒေါ်ညွတ္ထ

ရာ, ဆဆုဆန်း စသည်တို့သည် ထင်ရှားကျော်ကြားသူများ ဖြစ်ကြ၏။

ဆရာထပ်ဟု ထင်ရှားသော ဆရာကင်း၏ တပည့်ကြီးကား သီလရှင်ဘဲ့ ဒေါ်သောရီဖြစ်၏၊ သို့သော် ဆရာထပ်ဟုသာ ထင်ရှားကျော်ကြားအသိများကာ သီလရှင်ဘဲ့ကို သိသူနည်းလှပေသည်၊ ဆရာထပ်သည် ဆဆုမယ်နဲတ်ပေး နေထိုင် သီတင်.သုံးသွားသော မင်းကွန်း ဂူကလေးချောင်၌ နေထိုင်လေသည်၊ အဘိဓမ္မာ၌ အလွန် နိုင်နင်းသူ ဖြစ်၏၊ သီလရှင် လောကတင် အဘိဓမ္မာ သင်ကြားသူမှန်သမျှ ဆရာထပ်နှင့် မကင်းနိုင်ကြပေ၊ ဆဆုတို့တပည့်ဖြစ်သော နန်းတွင်းဆရာ ဒေါ်ဝဏ္ဏတို့ပင် ဆရာထပ်ထံ၌ အဘိဓမ္မာ သင်ကြားခဲ့ရသည်ဟု ဆို၏။

အထူးအားဖြင့် ဆရာထပ်သည် သင်္ဂြိဟ် သရုပ်ခဲ့ကျမ်းတစောင်ကို ရေးသား၍ ပုံနှိပ်ဆုတ်ဝေခဲ့သည်၊ "သင်္ဂြိဟ်ကိုးပိုင်းအကျဉ်းသရုပ်ကျမ်း" ဟူ၏၊ ၁၂၅၅-ခုနှစ် ပဌမဝါဆိုလတွင် မြန်မာအဆို့ သတင်းစာတိုက်၌ ပုံနှိပ်သည်၊ ဒီမိုင်းဆိုက်နှင့် စာမျက်နှာ ၁၉၃ မျှ ရှိလေသည်။ အုပ်ရေ ၅၀၀ ရိုက်နှိပ်သည်ဟု ပါရှိ၏။ ထိုစာအုပ်ဖြင့် သင်္ဂြိဟ်သင်ကြားခဲ့ရဘူးသော သီလရှင် ဆရာကြီးများ ဖာများအပြား ရှိကြ၏။

ထိုဆရာထပ်၏ သင်္ဂြိဟ်ကိုးပိုင်းအကျဉ်း သရုပ်ပြကျမ်း၏ နိဒါန်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

"အဲဝဲရိဟာနိယ ဒသရာဇမံ လေးတန်သင်္ဂဟ အဋ္ဌရာဇ ဂုဏ် လုံးစုံခပင်း မယ္ဒင်းဖြိုးထပ် နတ်သမုတိ မဟာရဇပုဉ်လျာ မဘာသမတ် နေနတ်နွယ်ဝင် ရာဇဝင်တမှတ် အထွတ်ဥသျောင် မင်းခေါင်မင်းဖျား မင်းတရားတို့၏ အနှုန်းတန်ဆ၊ မကုဋ္ဌဇေယျ၊ ရွှေဘုံတိုင်းသူ ဟိန္ဒဂုဏား ကြည်ဖြူဆပ္ပား ရင်ဝယ်သားတို့ မခြားပိုက်ဆုပ် စိုးအုပ် စမ္မယ်တော်မူလျက် သမ္မာသမ္ဗုဒ္ဓ အာတုလရွှေဥာဏ်ကို ရည်သန်နှိုးရင်း မင်းကောင်းမင်းမြတ် သကတ်တေဇ ကြေငြာရိုက်ချန်း ဘုန်းတော်အလွန်ကြီးမြတ်တော်မူ၍သော ရေမြေအရှင် ဆန္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် ပက်နက်စကြာသခင် ကုန်းဘောင်ဝံသ ဒဿမမြောက် လျှံတောက်ကြွန်း မန္တလေး ရတနာပုံ မြို့တည် နန်းတည် ပဋ္ဌမသင်္ကယနှုတင် အသျှင် ဘဝရှင် မင်းတရားကြီးဘုရား ရွှေလက်ထက်တော်၌ မြောက်ဥယျာဉ်တော်အတွင်း သီတင်း သီလ စာရမွေ့လျော် တရားပျော်လျက် ထင်ပေါ်သိညီ သီလသည် ဖြစ်သော ဆရာကြီးမယ်နတ်ပေးနှင့် အတူတက္ခ လစာ ရိက္ခာတော်တို့ဖြင့် အထူးထောက်ပံ့ လှူဒါန်းချီးမြှင့်ပြုစုတော်မူသည်ကို ခံရသော **မန္တလေးမြို့ မင်းကွန်းသဲဖြူချောင် အလယ်တောရ ဂူကလေးချောင်**၌ သီတင်းသုံးနေသော ဆရာထပ်ဟူ၍ဖြင်း၊ မယ်သောရီဟူ၍ဖြင်း အနှစ်ထူနာမ နှစ်ဝသောအမည်တို့ဖြင့် ခေါ်ဝေါ်သမုတ်အပ်သော **သီလသည် ဆရာကလေး**သည် ကျမ်းပိဋကတ် ပရမတ်တရားကို များစွာကြိုးကုပ် အားထုတ် မသင်မကြားနိုင်ရာကြသော အမျိုးသား-သမီးအပေါင်းတို့အား လွယ်လင့်တကူ မှတ်ယူလေ့ကျက် ဆောင်ရွက်ပုံး

များခြင်းကိုပြုလျက် မင်္ဂဖိုလ်နိဗ္ဗာန်ကို ကောန်ပေါက်မြောက်ကြ
ပါစေသတည်းဟု ရည်သန်စိတ်ဇော မနောပဏိဓိ ရှိသည့်အာ
တိုင်း မြတ်စွာဘုရား ဟောကြားတော်မူအပ်သော စိတ်စေ
တသိက် ရုပ်နိဗ္ဗာန်ဟူသော ပရမတ္ထတရားလေးပါးကို ပိုင်းခြား
ခဲ့ဝေ သံဒေပဲ နည်းဖြင့် ပြုစုစီရင်အပ်သော သင်္ဂဟ်ကိုးပိုင်း
သရုပ်ကို ဥက္ကင်္ဌနရိန် အသမ္ဘိန္နေ ခတ္တိယန္ဒယ်ဝင်ပဥ္စမသင်္ဂါယ
နာတင် မင်းတရားကြီးဘုရားသည် ဆပ္ပားချစ်ခင် ကြည်လင်
မြတ်လေး ကံကျွးမြို့ရွာတို့နှင့်တကွ ချီးမြှင့်သနား မြောက်စား
တော်မူလျက် သည်းချာရင်နှစ်သမီးတော်ချစ်ဖြစ်သော ကျောက်
ရစ်ထီပ်ခေါင်ဘင် ဘုရားကြီးက ထပ်ပွားကြည်စွာဓမ္မာနုဂူဟဖြင့်
ထောက်မချီးမြှင့်တော်မူလျက် ရှင်လူအများ မှတ်သားလေ့ကျက်
ဆောင်ရွက်နေ့ည ဖလနိဿံ နိဗ္ဗာန်ကို မျက်မှောက်ပြုကြပါစေ
သတည်းဟု ငွေကြေးအသပြာ စေနာရင့်သန် အာကုန်ခံ၍
မူမှန်မသွဲ့ တင့်ကဲသိုက်မြိုက် ပုံရိုက်လုပ်ဆောင်လျက် အစောင်
စောင် ထုတ်ဝေလှူဒါန်းတော် ဖူလိုက်သော သင်္ဂဟ်ကိုးပိုင်း အ
ကျဉ်းသရုပ် ကျောက်ရစ်ထီပ်ခေါင်တင် ဘုရားကြီး ကုသိုလ်
တော်"

ဤနိဒါန်းစာတမ်းကို ဖက်ရွက်ကြည့်လျှင် ဆရာထပ်၏ ဘဝ
အဋ္ဌုပ္ပတ် တစိတ်တဒေသကို သိရှိနိုင်ပေသည်။ တနေရာတွင်
သီဇ သည်ဆရာကလေး ဟူသော အသုံးကို တွေ့ရပေမည်၊ ထို
ခေတ်က သီလရှင်ဟူသောအသုံးထက် သံလသည်ဟူသော အ
သုံးက ပိုမိုတွင်ကျယ်ခဲ့ဟန်တူသည်၊ ထိုခေတ် စာပေတို့တွင်

သီလသည်ဟူသော အသုံးကို မျှားစွာ တွေ့ရပေသည်။ ဆို့ပြင် ဤကျမ်းစာကို ရိုက်နှိပ်ရာ၌ မင်းတုန်းမင်းဘုရားကြီး၏ သမီးတော် ကျောက်ရစ် ထိပ်ခေါင်တင် မင်းသမီးကြီးက ဓမ္မဒါန ပြုခဲ့ပုံတို့ကိုပါ သိရပေသည်၊ ယင်း ကျောက်ရစ်ထိပ်ခေါင်တင် မင်းသမီးကြီးကား ဆယ်ရွာတိုက်စား မိဖုရား၏ သမီးဖြစ်၍ သီရိနန္ဒဝတီဘွဲ့ဖြင့် ကျောက်ရစ်မြို့ကို စားရသော သမီးတော်ကြီးဖြစ်ကြောင်း ကုန်းဘောင်ရာဇဝင် တတိယတွဲအရ သိရှိနိုင်ပေသည်။

မြန်မာသက္ကရာဇ် ၁၂၅၅-ခုနှစ်ပွဲ ဆရာထပ် ကွယ်လွန်ခဲ့သည်။ ထိုအခါ ဂူကလေးချောင်ကို ဒေါ်ဝဏ္ဏ ဆက်လက် အုပ်ချုပ် နေထိုင်သည်၊ ဒေါ်ဝဏ္ဏသည် ဂူကလေးချောင်၌ ခေတ္တမျှသာ အုပ်ချုပ်နေထိုင်ပြီး စစ်ကိုင်းဖက်၌ သစ်စိမ့်ချောင်ကို ၁၂၆၀ ပြည့်နှစ်တွင် တည်ခဲ့ထောင်၍ ရွှေ့ပြောင်း နေထိုင်ခဲ့လေသည်၊ ထိုစဉ်က စစ်ကိုင်းတွင် ဂူတလုံးချောင်သာ သီလရှင်ချောင်အနေဖြင့် ရှိခဲ့သဖြင့် သိစ်ဆိမ့်ချောင်ကို ချောင်သစ်ဟု ခေါ်ကြသည်ဟုဆို၏၊ ဆရာဒေါ်ဝဏ္ဏအား လှူသင်းအတွင်းဝန်မင်းက ကြည်ညိုလှသဖြင့် ၎င်း လှူသင်း အတွင်းဝန်နှင့် ဝါးချက်ရွာသား လူကြီးလူကောင်းများက ဝိုင်းဝန်းပြုစုမျိုးထောင်ပေးရာ သီလရှင် ၄-၅-၁၀ယောက်မှ ဒေါ်ဝဏ္ဏကွယ်လွန်သော ၁၂၇၇-ခုနှစ်တွင် သီလရှင် ၈၀-ခန့် အထိ တိုးတက် စည်ကားလာလေသည်။

မင်းကွန်းဂူကလေးချောင်တွင် ဆရာအိခေါ် ဒေါ်စိတြာကျန်ရစ်၏၊ ဆရာအိသည် ဆရာထပ်၏ တပည့်ပင်ဖြစ်၏၊အင်းဝစံရာအုပ်တန်းသူဟု သိရသည်၊ ရုပ်ရည်အဆင်း လှပ ချောမောသူဖြစ်၍တကြောင်း၊ဆရာထပ်ကဲ့သို့ပင် စာပေတတ်ကျွမ်း ရဲစွမ်းသတ္တိရှိသဖြင့်တကြောင်း ကြည်ညိုသူ များခဲ့ပေသည်။

ဆရာကင်း၏ တပည့်ကြီးတဦးကား ဒေါ်ဝိမလတည်း၊ ဒေါ်ဝိမလကား ဆရာကင်းပဌမနေရာ စစ်ကိုင်းဂူတလုံးချောင်တွင်ပင် အစဉ်အမြဲနေထိုင်သွားလေသည်။

ဒေါ်စမ္မသည်လည်း ဆရာကင်း၏တပည့်များတွင်,နာမည်ကြီးသူတဦးဖြစ်ပေ၏၊ ရုပ်ရည်ခန့်ညားချောမွေ့၍ ဣန္ဒြေသိက္ခာပြည့်ဝသဖြင့် ကြည်ညိုသူများလှသည်ဟု ဆိုလေသည်၊ စစ်ကိုင်းတောင်ရိုးဂူနီချောင်တွင် နေထိုင်၍ စာပေပရိယတ် ပို့ချသွားခဲ့ပေသည်၊

ဆရာဂုဏ်(သို့မဟုတ်-ဒေါ်ဂုဏ်)သည်လည်း တနည်းတဖုံနာမည်ကြီးသူ ဆရာကင်း၏ လက်ရုံးတဆူပင်ဖြစ်၏၊ မင်းကွန်းတိုက်စု (ယခုဖေါင်တော်သီတိုက်နေရာ)၌နေခဲ့သည်၊ ထိုနောက် မဟာဂန္ဓာရုံဆရာတော်ကြီး စစ်ကိုင်းတောင်ရိုးသို့ ကြွရောက်သီဘင်းသုံးကာ ကိုယ်တော်တိုင်လည်း ဝိပဿနာတရားအားထုတ်၍ ပရိသတ်များအားလည်း ဝိပဿနာတရားများ ဟော်ပြောပြသတော်မူနေသောအခါဆရာဂုဏ်သည်လည်း မင်းကွန်းမှလာရောက်

၍ မဟာဂန္ဓာရုံဆရာတော်ကြီးထံ၌ တရားနာ တရားအားထုတ် ကာနေထိုင်ခဲ့သည်၊ ထိုစဉ်တွင် ရခိုင်သီလရှင် ၄-ဦး မဟာဂန္ဓာရုံ ဆရာတော်ကြီးထံ ရောက်လာရာ ဆရာတော်ကြီးက ဆရာဂုဏ်ထံ အပ်နှံသဖြင့် ဆရာဂုဏ်သည် ထိုသီလရှင်များနှင့် အတူနေပြီး မကြာမီ (၁၂၆၅-ခုခန့်) မဂ္ဂင်ချောင်ကို တည်ထောင်၍ ရှေ့ ပြောင်းနေထိုင်လေသည်။

ဆရာဂုဏ်ကြီးသည် စည်းကမ်းစနစ်ကောင်း၏၊ စကား နည်း၏၊ ပြောလျှင်လည်း တိကျပြတ်သား၍ တိုတိုတောင်းတောင်း ရှိသဖြင့် မာနကြီးသည်ဟု ကျော်ကြားလေသည်၊ ဒေါ်ခမ္မ ဒေါ်ဝဏ္ဏနှင့် ဆရာဂုဏ်တို့ သီလရှင် ၃-ဦးနှင့်ပတ်သက်၍ ဥဒါန်း တခုတွင်ရစ်သည်မှာ "အလှတွင်မယ်ခမ္မ, သဒ္ဓါတွင် မယ်ဝဏ္ဏ, မာနမှာဆရာဂုဏ်" ဟူ၍ဖြစ်၏၊ မယ်ခမ္မ၊ ဝါ-ဒေါ်ခမ္မ (ဂူနီ ချောင်ဆရာကြီး)သည် ဇာတိမျိုးရိုးကလည်း ဝန်စုမှူးစုမျိုးဖြစ်၍ ရုပ်ရည်အထူးချောမောလှပသည်ဟု ဆိုပေသည်၊ သစ်ဆိမ့်ဆရာ ကြီး ဒေါ်ဝဏ္ဏကား သဒ္ဓါတရားအလွန်ကောင်းမွန်၏၊ အလှ အတန်းရက်ရော၏၊ တည်လုံးမထတန်း ဘုရားရှိခိုး ခြင်း တရား နာခြင်းပြုနိုင်၏၊ ထိုသို့သဒ္ဓါတရားကောင်းမွန်လှသဖြင့် သဒ္ဓါတွင် မယ်ဝဏ္ဏဟု ဥဒါန်းတွင်ရစ်ရပေသည်၊ ဆရာဂုဏ်ကား ဆိုခဲ့သည့် အတိုင်း စကားနည်း၍ တိကျပြတ်သားလွန်း စည်းကမ်းကြီး လွန်း၍ မာနကြီးသည်ဟု ဥဒါန်းတွင်ရစ်၏။

ဆရာကင်း၏တပည့်တဦးဖြစ်သူ ဒေါ်ဥတ္တရာကား ဆရာ ကင်းနှင့်အတူ မန္တလေးရတနာပုံနန်းတော်တွင်း၌ နေခဲ့ပြီးနောက်

တွင် ထွဋ္ဌခေါင်ဆရာတော်ကြီးထံ၌နေ၍ သက်ရွယ်ကြီးရင့်တော်မူ သည့် ဆရာတော်ကြီးအား ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ဆက်ကပ်၍ နေထိုင်ခဲ့လေသည်၊နောက်ထွဋ္ဌခေါင်ဆရာတော်ကြီး ပျံလွန်တော် မူပြီးသော် မန္တလေးမဟာမြတ်မုနိ ဘုရားကြီးအနီးတွင် အသက် ထက်ဆုံးနေထိုင်သွားသည်ဟုသိရပေသည်။

ဆရာဆန်းသည်လည်း ဆရာကင်း၏ တပည့်တဦးပင် ဖြစ်၏၊ သီလရှင် ဆရာဆန်းနှင့်ပတ်သက်၍ စုံစမ်းသိရှိရသည်မှာ မူလက ဆရာဆန်းသည် မင်းကွန်းစစ်ကိုင်းတို့၌ နေထိုင်ခဲ့၏၊ နောင်သော် အိမ်ရှေမင်း (ကနောင်မင်းသား)၏ ကိုယ်လုပ်တော် တဦးဖြစ်သော ခင်ခင်သည် နန်းတော်တွင်းမှထွက်ပြေးလာပြီး ဆရာဆန်းထံ၌ သီလရှင်ဝတ်လေသည်၊ထိုအခါ ဆရာဆန်းသည် တပည့်သီလရှင် ဆရာခင်(နန်းတွင်းသူခင်ခင်)နှင့်အတူမြန်မာမင်း ပိုင်နက် စစ်ကိုင်း မင်းကွန်းတွင် မနေဝံ့သဖြင့် အောက်ပြည် (အင်္ဂလိပ်ပိုင်နက်)သို့ ထွက်ပြေး လာ လေ သည်၊ နောက်တွင် တုံတေးမြို့သို့ရောက်ရှိ အခြေစိုက်ကာ သာယာကုန်းသီလရှင် တိုက်ကို တည်ထောင်နေ ဆိုင်လေ၏။

စာတူဆုံဝိုင်း

မျက်မှောက်ခေတ်သီလရှင်များ

ပဏ္ဍာရင်ခေါ် အဝတ်ဖြူဝတ် ပရိဗိုဇ်အဖြစ်မှ ဘိက္ခုနီသာသနာ ထွန်းကား ပွင့်လင်း နေစဉ်တွင် အချို့က ဘိက္ခုနီအဖြစ်သို့ရင်း ဘိက္ခုနီဆိတ်သုဉ်း ပဓပျောက် သွားသည် နောက်တွင် သာသနာတွင်း ပရိဗိုဇ် အဖြစ်သို့ရင်း ထိုမှ ပျုံခေတ်, ပုဂံခေတ်, အင်းဝခေတ်နှင့် ကုန်းဘောင် ခေတ် အထိ အမျိုးသမီးသာသနာ့ဝန်ထမ်း အဖြစ်သို့ ရင်း သီတင်းသုံး ဟူသော အမည် သီလရှင်ဟူသော အမည်သို့ရင်း သီလသည် ဟူသော ဝေါဟာရသို့ရင်း (အရပ်ဒေသအလိုက် ဖွဲ့းသီလ မယ်သီလ မယ်သူတော်ဟူ၍ရင်း ရခိုင်တွင် သူတော်မဟူ၍ရင်း အသီးသီး ခေါ်ဝေါ်မှုရှိကြသေး၏) အဆင့်ဆင့် ပြောင်းလဲဖြစ်လာပုံတို့ကို အတန်ငယ် စုံစုံလင်လင် ဖော်ပြခဲ့ပြီး ပေပြီ၊ သို့ဖြင့် အမျိုးသမီး တို့သည် ဘုရားသာသနာတော်ထမ်း သာသနာတွင်းသူ အနေ ဖြင့်လည်း မိမိ ကိုယ်တိုင် နိဗ္ဗာန် ထုတ်ချောက် မျက်မှောက်ပြု သွားနိုင်သည်အထိ အတ္တဟိတ မည်မျှဆောင်စွမ်း နိုင်ခဲ့သည်

အမျိုးသမီး လောကနှင့် အမျိုးသားများအား ပါ လူ့ရပ်နှတ် ဌာန် နိဗ္ဗာန်အကျိုးအထိ ပေးကမ်းရွက်ဆောင်နိုင်သည့် ပရဟိတ ကိုလည်း မည်မျှဆောင်စွမ်းနိုင်သည်တို့ကို ဘိက္ခုနီတသာသနာ လုံးမှ အမျိုးသမီးများနှင့် မြန်မာရာဇဝင်အစမှ ယခုနေအထိ သီလ ရှင်လောက အတွင်းမှ အမျိုးသမီးများက ပြသခဲ့ပြီး ပြသခဲ့ဆဲ ပြသလတ္တံ့ပင်ဖြစ်ပေ၏။

အခြို့သော ဘိက္ခုနီ ထေရီမယ်း ကြီး တို့၏ အ ဖြစ်မှ တပါး မှတ်တင်ထားခဲ့ခြင်းမရှိသဖြင့် အမျိုးသမီးသာသနာတွင်း သူတို့၏ အစွမ်းကို နှောင်းခေတ်လူများ မသိခဲ့ရ၊ မဝေးသေး သော သီလရှင် ဆရာကြီး ဆရာကင်းတို့ အကြောင်း ကိုပင် တိတိကျကျ မသိကြရ၊ အမျိုးသား သာသနာဝန်ထမ်း ရဟန်း တော်များအကြောင်းကိုမူ အပြည့်အစုံဟု မဆိုသာ သော်လည်း သာသနဝံသ,သာသနာလက်ဝရစသော စာပေ အမှတ်အသား တို့ကြောင့် သိတန်သရွေ့ သိခဲ့ရပေသေးသည်၊ အကယ်၍သာ အမျိုးသမီးသာသနာတွင်း သူတို့ အကြောင်းကို ရာဇာဝင် မှတ် တမ်းဆရာများက အနည်းငယ်မျှ စိတ်ဝင်စား ခဲ့လျှင်ပင် ရာဇဝင် အစမှယခုနေအထိရှိနေကြသော သီလရှင်ဆရာကြီးများအကြောင်း ကို ရိပ်စားမိတန်ရုံ သိကောင်းစရာ ရှိပေသေး၏။

သိတန်သရွေ့ သိနေရသော နှစ်ပေါင်း တရာကျော်ခန့်က ဆရာကင်း, ဆရာမယ်နှတ်ပေးတို့အကြောင်း မျှသည်ပင် နှောင်း ခေတ် သီလရှင်ဆရာကြီးများအဖို့ ကြည်ညိုမဆုံး ချီးကျူးမဆုံး

ဖြစ်နေသည်ကို တွေ့ရပေရာ အတိုအကျနှင့် အပြည့်အဝ သိရမှတ်ရပါမူကား ကောင်းလေစွဟု အားမလိုအားမရ ဖြစ်မိပေသည်။

ဆရာကင်းသည် သူ့ခေတ်သူ့အခါနှင် (၁၂၀၀—ခန့်မှ ကွယ်လွန်သော ၁၂၄၄—ခုနှစ် အတွင်း) ၌ မြန်မာ နိုင်ငံလုံးရှိ သီလရှင်လောက တရပ်လုံးကို စိုးမိုးကြီးမှူး သွားနိုင်သူဟု ဆိုရပေမည်၊ ယခင်က ဘဆာစီ တနယ်တမြို့စီပင် နေကြလင့်ကစား ဆရာကင်းခေတ်တွင် ဆရာကင်းထံ နည်းခံကြရသည် ချည်းလိုလိုပင် ဖြစ်သည်၊ ယခုခေတ်၌ ကင်းရှားကျော်ကြားနေသော သီလရှင်ဆရာကြီးများသည် အများအားဖြင့် ဆရာကင်း၏ အဆက်အနွယ်များသာ ဖြစ်ကြ၏၊ ဆရာကင်း၏ တပည့်ကြီးများဖြစ်ကြသော ဆရာထပ်, ဆရာဂုဏ်, ဒေါဓမ္မ, ဒေါဝဏ္ဏ, ဆရာဆန်း, ဆရာအိ စသည်တို့၏ တပည့်များအဆက်အနွယ်များဖြစ်ရာ ဆရာကင်း၏ အနွယ်ဝင်များဟူ၍သာ ဆိုသင့်ပေသည်။

မြန်မာတနိုင်ငံလုံးရှိ သီလရှင်ပေါင်း (၁၉၆၁—သြဂုတ် လ ပါလီမန်၌ ပါလီမန်အတွင်းဝန် ဖြေကြား ချက်အရ) ၈၇၅၃- (ရှစ်ထောင်ခုနစ်ရာ ငါးဆယ့်သုံး) ပါး အရေအတွက်ရှိ၏၊ သီလရှင်သာသနာ အတိုးတက်အပြန့်ပွားဆုံးဟု ဆိုနေကြသော ပဌမ ရတနာပုံမြို့တည် နန်းတည် ပဋ္ဌမသင်္ကာယနာတင် မင်းတရားကြီးလက်ထက်၌ မည်မျှရှိသည်ဟု စာရင်း

အတိအကျမကျန်၍ မသိရသော်လည်း ဤဦးရေထက်များသည်ဟု ယူဆရ၏၊ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းယူပြီးနောက် တပတစသိလျှင်ဦးရေ ဆုတ်ယုတ်သွားလေသည်၊ သို့သော် မြန်မာ့ လုတ်လပ်ရေးခေတ်တွင် သိလျှင်ဦးရေ ပြန်လည်တိုးတက်လာပြီဟု ခန့်မှန်းရပေ၏၊ ဤသို့ ခန့်မှန်းရာ၌ အကြောင်းရှိပေသည်။

မြန်မာတပြည်လုံး၌ စစ်ကိုင်း မင်းကွန်းတောင်ရိုးနှင့် မုံရွာ, မန္တလေး, ရန်ကုန်, ပြည်, မော်လမြိုင်စသော သိလျှင်များပြားရာ မြို့ကြီးများ အများအပြားရှိ၏၊စစ်ကိုင်းနှင့်မင်းကွန်းရှိ သိလျှင်စာရင်းကိုသာ မလွန်ဆန်လွှသင်းကြီး ရှိနေ၍ အတိအကျ သိနိုင်ပြီး အခြားမြို့များရှိ သိလျှင်စာရင်းကို ခန့်မှန်းချေဖြင့်သာ သိ၍၊ အတိအကျ ဆန်လှစာရင်းအရ သိရသော စစ်ကိုင်းတောင် (မင်းဝံအပါအဝင်) နှင့် မင်းကွန်းတောင်ရိုးရှိ သိလျှင်စာရင်းကို လေ့လာကြည့်လျှင် ပလွန်ဆန်လှသင်း ၆၈ ကြိမ်မြောက်- နှိုးဆော်စာ ၁၃၂၆ ခုနှစ် ထုတ် စာရင်းစာအုပ်ပါ (၁၃၀၈- ခုနှစ်မှ ၁၃၂၅-ခုနှစ်အထိ) ၁၈ နှစ်အတိုးအဆုတ်စာရင်းအရ ၁၄၀၈ ခုနှစ်တွင် မင်းကွန်းမင်းဝံနှင့်စစ်ကိုင်းတောင်ရိုး၌ ၁၁၇၂-ပါးရှိ၍ ၁၃၂၅-ခုနှစ်တွင် ၁၆၄၁-ပါး ပါးရှိသဖြင့် ၁၈ နှစ်တွင် ၄၆၉-ပါး (တနှစ် ၂၅-ပါးခန့်) တိုးတက်လာ၏၊ ၁၃၂၆- ခုနှစ် တွင် ၂၆၅၁-ပါးဖြစ်ရာ တနှစ်အတွင်း ၁၀- ပါးသိသိသာသာ တိုးတက်လာလေသည်၊ ဤကား စစ်ကိုင်း, မင်းဝံ, မင်းကွန်းတောင်ရိုး အတိုးစာရင်း

သာဖြစ်ရာ မြန်မာတနိုင်ငံလုံးဆိုလျှင် မည်မျှ အတိုးစာရင်းပြနေမည် မသိရပေ။

အရေအတွက်သာမဟုတ်၊ အရည်အချင်း တိုးတက်မှုမှာလည်း သီလရှင်လောက၏ အားရစရာကောင်းပုံကို တွေ့ရပြန်လေသည်၊ ၎င်းမှာလည်း ပဌမပြန်နှင့်ပါဠိတက္ကသိုလ် စာမေးပွဲမျာ်း၌ သီလရှင်မျာ်း တနှစ်ထက်တနှစ် အားတက်သရော ဝင်ရောက်ဖြေဆိုလာကြသည်နှင့်အမျှ အောင်မြင်မှုလည်း တစတစ မျာ်းပြားလာခြင်းပင် ဖြစ်ပေသည်i ယနေ့အထိ ဓမ္မာစရိယ အောင်မြင်ပြီးသော သီလရှင်ပေါင်း ၁၂၃--ပါးရှိလာပေပြီ။*

စာမေးပွဲအောင်မြင်မှုနှင့် ပတ်သက်၍ ယခင် ၁၀ နှစ်ခန့်ကဆိုလျှင် သီလရှင်ဆရာကြီးမျာ်းစွာကပင် စာမေးပွဲ ဝင်ရောက်ဖြေဆိုမှုကို အားမပေးရုံသာမက စာမေးပွဲ ဝင်ရောက်ဖြေဆိုသော သီလရှင် တဦးဦးအား ပင် ရဟန်းပျိုမျာ်းဖြင့် ရောနောမှုပြုသည်ဟု ကဲ့ရဲ့ရွတ်ချလေ့ရှိကြ၏၊ ယခုခေတ်တွင်မူ စာမေးပွဲ ဝင်ရောက်ဖြေဆိုခြင်း, အောင်မြင်မှုမျာ်းပြားနေခြင်းတို့ကို အားရစဖွယ်တွေ့နေရ၏၊ သို့သော် ဆိုရလောက်အောင်ပျက်စီးရွံ့လျော့သွားသည်တို့ကို မတွေ့ရပေ၊ သို့နှင့်ပင် ပဌမကျော် ဓမ္မာစရိယ သီလရှင်မျာ်း နှစ်တိုင်းတိုးပွား၍ နေပေတော့သည်။

* ၁၉၆၅ ခုနှစ်အထိကို ဆိုလိုသည်။

သီလရှင်ဇောချောင်မျိုးတို့၏အဓိပ္ပာယ်

သီလရှင်တို့သည် အမျိုးသမီးများဖြစ်ကြသည့်အားလျော်စွာ နကိုယ်ကပင် အိမ်တွင်းမှ၌ ဝါသနာထုံပြီး ဖြစ်ကြသဖြင့် သူတို့နေရာထိုင်ရာ သီလရှင်ချောင်များ ဇရပ်များ ဘုရားဆောင်များ စသည်တို့တွင် အထူးတလည် သန့်ရှင်းသပ်ရပ်စွာ လှဲကျင်းသပ်ရပ်စွာ ပြုပြင်ထားတတ်ကြ၏၊ ကျောင်းဝင်း ချောင်တွင်းတို့၌ အမှိုက်သရိုက် ၊ကင်းပနေသကဲ့သို့ ဇရပ်များကျောင်းများ၌လည်း လေခါးမှအစ ဖိနပ်စီး၍ မတက်ရက်အောင်ပြောင်လက်စင်ကြယ်နေစေရန် ပန်တီးထားလေ့ရှိကြ၏။

အထူးအားဖြင့် ဘုရားခန်းတို့ကို ဂရုအစိုက်ဆုံးပင်ဖြစ်၏၊ ပင့်ကူမြွေင့်, မြွေ,ဖုံ,မရှိရ၊ ပန်းမာလ်တဝေဝေ သောက်တော်ရေမပြတ် ဆွမ်းတော်ဝတ်မလစ်ဟင်းဘဲ မပျင်းမရိလုံ့လရှိစွာ ပြုပြင်ထတ်ပေရာ မည်သည့်သီလရှင် ကျောင်းသို့ရောက်သည်ဖြစ်စေ ဘုရားခန်း၏ သပ်ရပ်မှုကြောင့် ကြည်ညိုဝပ်တွားဘုရားရှိခိုးချင်စရာချည်းသာ ဖြစ်တော့၏။

အထူးအားဖြင့် ဘုရားခန်းတို့ကို ဂရုအစိုက်ဆုံးပင်ဖြစ်၏၊ ပင့်ကူမြွေင့်, မြွေ,ဖုံ,မရှိရ၊ ပန်းမာလ်တဝေဝေ သောက်တော်ရေမပြတ် ဆွမ်းတော်ဝတ်မလစ်ဟင်းဘဲ မပျင်းမရိလုံ့လရှိစွာ ပြုပြင်ထတ်ပေရာ မည်သည့်သီလရှင် ကျောင်းသို့ရောက်သည်ဖြစ်စေ ဘုရားခန်း၏ သပ်ရပ်မှုကြောင့် ကြည်ညိုဝပ်တွား ဘုရားရှိခိုးချင်စရာချည်းသာ ဖြစ်တော့၏။

သီလရှင် ကျောင်းတိုက်တိုင်းပင် စည်းကမ်း အလွန်ကြီးကြသည်ချည်းပင်၊ စာတက်စာအံ ဘုရားရှိခိုး အချိန်မှန်ရသည့်

ပြင် အပြင်ထွက်ခြင်း, ညှဉ်သည်လက်ခံခြင်း စသည်များဌ်ပင် နာယက ဆရာကြီး၏ ခွင့်ပြုမှုကိုရယူကြရ၏၊ ညှဉ်သည်ကို မိဘဆွေးမျိုးပင်ဖြစ်စေ မိမိ နေရာဌ် အတွက် မခံရ၊ ဓမ္မာရုံစသော သတ်မှတ်ထားရာ နေရာဌ်သာ တွက်ရဆုရ ညှဉ်စကားပြောရသည်၊ ဤမျှစည်းကမ်း ကြပ်တီး၏။

စားမှသောက်မှဌ် သီလရှင်များသည် ချမ်းချမ်းသာသာ စားရသောက်ရမှု မရှိလှချေ၊ ဂုဏ်ထူး တခုခုကြောင့်ဖြစ်စေ, မိဘဆွေမျိုး ဒကာ ဒကာမ အထောက်အပံ့ တခုခုကြောင့်ဖြစ်စေ ချမ်းချမ်းသာသာ စားရသောက်ရသော သီလရှင်အနည်းငယ်ရှိသော်လည်း အများအားဖြင့်ကား တပတ်နှစ်ကြိမ်တနေကုန် ဆွမ်းဆန်ရပ်၍ ပင်ပန်းကြီးစွာ ရှာဖွေရလေသည်၊ ထို့ကြောင့်လည်း ၎င်းတို့၏ ပရိယတ္တိ ကြိုးစားအားထုတ်ရမှုမှာ တံလ ရှစ်ရက်မျှ ပရိယေသနကိစ္စကြောင့် ပျက်ကွက်နေရရှာပေသေး၏၊ ရဟန်းတော်များအဖို့ ကျက်ပြီးသားဆွမ်းကို နေ့စဉ်စာဝါမပျက် ခံယူသုံးဆောင် နိုင်သော်လည်း သီလရှင်များကား တပတ်နှစ်ရက် အပျက်တွင် နံနက်တိုင်း ချက်မှုပြုတ်မှု ဒုက္ခက ပိုလိုက်ရပေသေးသည်၊ အများအားဖြင့် သီလရှင်ကျောင်းတိုင်းမှာ လိုလိုပင် ၂ ပါးတဲ့ ၃ ပါးတဲ့ စသည် ပူးတဲ့ချက်ပြုတ်စားသောက်ကြရသည်ကို တွေ့ရ၏၊ ရဟန်းတော်များကဲ့သို့ ဆွမ်စားကျောင်းလို နေရာတနေရာတည်း၌ စုပေါင်းချက်ပြုတ်၍ တလုံးတည်းစားသောက်ကြသော သီလရှင်ကျောင်းများ အလွန်နည်းပါးလှပေသည်။

သီလရှင်များအဖို့ ထောက်ပံ့လှူဒါန်းရန် တာဝန်ယူထား သူများ မိဘဆွေမျိုးများထံမှ လှူဒါန်းမှုမျိုးမှအပ် လာဘ် လာဘ ရမှုနည်းပါးလှပေသည်၊ မြို့ကြီးများ၌ ရံဖန်ရံခါ အသုဘကိစ္စ၊ အလှူကိစ္စ စသည်တို့တွင် သီလရှင်များအား ဖိတ် ခေါ်၍ လှူဒါန်းမှုမျိုးကိုတွေ့ရ၏၊ သို့သော် နည်းပါးလှပေသည်၊ စာရေးသူ၏ အတွေ့အကြုံအားဖြင့်ဆိုသော် မြန်မာပြည် အောက် ပိုင်းရှိ မြို့ကြီးများ၌ သီလရှင်များအား ပင့်ဖိတ်လှူဒါန်းမှုအလွန် အလာ များပြားသည်ကိုတွေ့ရှိရ၏။ အခုိ့အောက်ပိုင်း မြို့ကြီး များတွင် သီလရှင်များသည် စာသင်သား ရဟန်းတော်များထက် ပင် လာဘ်လာဘအရှ. ပိုသေးသည်ဟု ပြောသံ ကြားရဘူးပေ သည်၊ သို့သော် ခြုံ၍ကြည့်လျှင်ကား သီလရှင်များသည် ရဟန်း များလောက် လာဘ်လာဘမများရှာကြပေ။

မည်သို့ပင်ဖြစ်စေ ဇဲသတ္တိရှိရှိဖြင့်ကြိုးစားကသဖြင့် သာသ နာ့ နယ်ပယ်တွင် ဇာနည်မယ်များ မြောက်မြားစွာ ထွက်ပေါ် နေပြီဖြစ်သဖြင့် ဝမ်းမြောက်ဖွယ်ရာ ကောင်းလှပေသည်။

ထင်ရှားသော သီလရှင် စာသင်တိုက်ကြီးများ

မြန်မာနိုင်ငံရှိ မြို့ကြီးတိုင်းလိုလိုမှာပင် သီလရှင် စာသင်တိုက်ကြီးများရှိကြ၏၊ အချို့ရဟန်းကျောင်းများနှင့် တဲ့ယှဉ်၍တည်ရှိပြီး အချို့တွင်သီးခြားတည်ရှိကြသည်၊ပရိယတ္တိလုပ်ငန်းဌာနီးနီးစာပေသင်ကြားမှု စာဇမးပဲ့စာပေသင်ကြားမှုဟူ၍ နှစ်မျိုးရှိရာတွင် ရိုးရိုးစာပေသင်ကြားမှုတွင် သီလရှင်အချင်းချင်း ချပို့ပေးကြ၏၊ စာပေးပဲ့ စာပေသင်ကြာ မူဠိလည်း ပဋိပဋ္ဌမပြန် ခေါင်ယ်, လတ်, ကြီး, စာပေကို သီလရှင် အချင်းချင်း ချပို့ပေးကြပြီး စာချတန်းဆိုင်ရာ စာပေကိုမူ နိုးစပ်ရာပါဠိတက္ကသိုလ်ဆရာတော်များထံ၌ သင်ယူကြသည်က များလေသည်၊ အချို့လည်း သီလရှင်ချင်းချင်း ပို့ချကြ၏။

မည်သို့ပင်ဖြစ်စေ သီလရှင်များသည် ပါဠိပါရဂူကဲ့သို့သော မြင့်မားသည့် ဂုဏ်ထူးအဆင့် အောင်မြင်ကြသည့် အထိပညာရေး၌ အကန်းမြင့်လျက် ရှိနေကြပြီဖြစ်ရာ သီလရှင်ဆိုင်ရာပါဠိတက္ကသိုလ်မဖေါ်ပေါက်သေးသဖြင့်သာ ရဟန်းတော်များ၏ပါဠိတက္ကသိုလ်များနှင့် မကင်းနိုင်ကြသေးခြင်းဖြစ်၏၊ မြန်မာနိုင်ငံတွင် ဓမ္မစရိယ အောင်မြင်ပြီး သီလရှင်ပေါင်း ၁၂၃–ပါး ရှိနေကြောင်း ဖော်ပြခဲ့၏၊ တတိုက်တည်းနှင့် ဓမ္မာစရိယ သီလရှင်

၄-၅ ပါးရှိနေသော သီလရှင်တိုက်များ ချောင်များ စစ်ကိုင်း တောင်ရိုးလိုနေရာတွင် များပြား၏၊ ထိုဓမ္မာစရိယသီလရှင်တို့ သည် အမှုမဲ့နေကြသည်ထက် အချင်းချင်းစုပေါင်း၍ သီလရှင် ဓမ္မာစရိယ အသင်းဖွဲ့ကာ ပါဠိတက္ကသိုလ် မရသည့်တိုင်အောင် ဖြစ်မြောက် နိုင်မည့်နည်း လမ်းတို့ကို ရှာဖွေသင့်ကြပေသည်။

စာရေးသူသည် သီလရှင် ဆရာကြီး များစွာ တွေ့ဆုံခဲ့ လေသည်၊ မင်းကွန်း, စစ်ကိုင်း, မုံရွာစသော အထက်မြန်မာပြည် သီလရှင်တိုက် များ တောင်ငူ,ပြည်စသော မြန်မာပြည် အလယ် ပိုင်းရှိသီလရှင်တိုက်များနှင့်ရန်ကုန်, တံတား, မော်လမြိုင် စသော မြန်မာပြည်အောက်ပိုင်းရှိ သီလရှင် တိုက်ကြီးများသို့ရောက်ခဲ့၏။ သီလရှင်တို့၏ ဘဝ, စားသောက် နေထိုင်ရေး, စာပေသင်ကြား ရေး စသည်တို့ကိုလေ့လာခဲ့၏၊ ပညာတတ် သီလရှင်များစွာနှင့် တွေ့ဆုံ၍လည်း နောင်အနာဂတ် ရေးရာများကို ဆွေးနွေးခဲ့၏၊ အများအားဖြင့် ဆရာကြီးပိုင်းက လောကီရေး၌ဝါသနာမပါရှိ၊ ပရိယတ် သင်ကြား၍ သက်ရှယ် အတန် ထောက်လာလျှင် ပဋိပတ်လုပ်ငန်းဖြင့် မေ့.လျော့ကြသည်သာ များသည်။

ပညာတတ်သီလရှင် ခင် ရှယ် ရှယ် ပိုင်းက မူ ခေတ် အလျောက် ပရဟိတလုပ်ငန်းဆိုသော ခိုကိုးရာမဲ့ ကျောင်း,မိဘမဲ့ ကျောင်း စသည် ဖွင့်လှစ်လုပ်ကိုင်မှုမျိုးကို အများအားဖြင့် စိတ် ပါကြသည်သာများသည်၊ အားပေးလိုကြသည်၊ လုပ်ကိုင်လိုကြ သည်၊ သို့ဒသင် အခွင့်အလမ်းရှိခြင်း, ရှေ့ဆွားနည်းသေးခြင်း

နောက်ပိုင်းမှ တက်တက်ကြွကြွ အားပေးသူ မရှိသေးခြင်း စသော အကြောင်းကြောင်းတို့ကြောင့် ဆောင်ရွက်လုပ်ကိုင်ခြင်း မရှိကြသေးပေ၊ သီလရှင်အဖွဲ့အစည်း အသင်းအပင်းနှင့် ဆိုင်သောကိစ္စ ရပ်များဦးလည်း စိတ်ပါလက်ပါရှိကြပေသည်၊ သို့သော် သီလရှင်များသည် မိန်းမသားများဖြစ်ကြသဖြင့် ရှေဆောင် ရှေသွားပြုလုပ်မည့်သူ နည်းပါးနေပေသည်၊ ခေါင်းဆောင် တယောက် ပေါ်ပေါက်လာပြီး လုပ်ငန်းချ၍ တက်တက်ကြွကြွ လုပ်ကိုင်ပြီ လိုက်လျှင်မူ တစုတရုံးတည်း ပါဝင်လာမည်ကား မလွဲပေ။

ယခုမျက်မြင်အနေအထားဖြင့် လောကုတ္တရာစာပေ သင်ကြားမှုများမှာ အားရှိဖွယ်ကောင်းအောင် တိုးတက်၍ နေပေသည်၊ စစ်ကိုင်း မင်းကွန်းရှိ သီလရှင် ချောင်များ, မြန်မာနိုင်ငံအထက်အောက် မြို့ကြီးများရှိ သီလရှင် စာသင်တိုက်ကြီးများ၌ စာသင်သားဦးရေလည်း တိုးတက်၍နေလေသည်၊ ပညာ သင်ကြားမှု အဆင့်အတန်းလည်း တစတစ တိုးတက်လျက် ရှိသဖြင့် လောကုတ္တရာ စာပေရေးရာ အတွက်ကား သီလရှင်များသည် မောင်တော်ရဟန်းသံဃာများနှင့် တွဲဖက်၍ အားတက်သရော ကြိုးစားနေသည်ဟု ဆိုရပေမည်။

မင်းကွန်းနှင့် စစ်ကိုင်းတို့ရှိ သီလရှင်ခေါင်တို့ကား ရှေးအခန်း (ဆရာကင်း၏ တပည့်ကြီးများ)တို့တွင် ဖော်ပြခဲ့ပြီးသည့် အတိုင်း သီလရှင်ဆရာကြီး ဆရာကင်း၏တပည့် သီလရှင်ဆရာကြီးများ တည်ထောင်ခဲ့သည့် ချောင်များနှင့် ထိုချောင်ခဲ့တို့မှ

ခဲ့လာကြသော ချော့ငင်သစ်များသာ များလေသည်၊ စစ်ကိုင်း မင်းကွန်းတွင် သီသရှင် ချောင်ပေါင်း ၁၃၀-ကျော်ရှိရာ ထို ချောင်တို့တွင် ထင်ရှားသော သီလရှင်ချောင်ကြီးများကား ဆရာကင်း၏ အနွယ်များသာ များလေသည်။

"ဆရာကင်း၏ တပည့်ကြီးများ" အခန်းတွင် မင်းကွန်း ဂူကလေးချောင် စစ်ကိုင်း ဂူတလုံး, ဂူနီ, သစ်ဆီမှ်, မဂ္ဂင်စသော ချောင်များအကြောင်းနှင့် ဖြစ်ပေါ်လာပုံတို့ကို အသင့်အတင့် ဖော်ပြခဲ့၏၊ ဤနေရာ၌လည်း အချို့သီလရှင် ချောင်များ, စာသင်တိုက်များအကြောင်းကို အသင့်အတင့် ဖော်ပြလို၏၊ (ဤသို့ ဖော်ပြရာတွင် အချို့ရောက်သင့်လျက် မရောက်ရသော သီလရှင်ချောင်များစွာ ကြွင်းကျန်နေပေသည်၊ သွားလာတွေ့ဆုံ ရာ၌ အချိန်နည်းပါးမှု များစွာ ခရီးအဆောက်အပေါက်နည်းမှု တို့ကြောင့် ဝင်ရောက်နိုင် သမျှသာ သီလရှင်ချောင်များ အကြောင်းကိုသာ ဖော်ပြလိုက်နိုင်ပေတော့၏။)

စစ်ကိုင်းတောင်ရိုး သီလရှင် ချောင်များ

သစ်ဆိပ်ချောင်ကို သီလရှင်ဆရာ ဒေါ်ဝဏ္ဏက ၁၂၆၀-ခုနှစ်တွင် တည်ထောင်ခဲ့ကြောင်း ဖော်ပြခဲ့၏။ ဒေါ်ဝဏ္ဏသည် ၁၂၇၇-ခုနှစ် ဝါခေါင်လ ပြည့်ကျော် ၁၁-ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်, ချောင်ကို ဒေါ်ဝဏ္ဏ၏ တပည့်ကြီးများ အခိုက်အတန့် အုပ်ချုပ်၍ နောင်သော်တပည့်ရင်း ဒေါ်မာလာရီ (ယခုနာယကချောင် ဆရာကြီး)က အစဉ်သဖြင့် ပဓာန နာယက ဆရာကြီး ပြုလုပ်အုပ်ချုပ်ခဲ့၏။

သစ်ဆိပ်ချောင်သည် စစ်ကိုင်း တောင်ရိုး၏ သာယာသော မြစ်ကမ်း တောင်ယံ၌ တည်ရှိ၍ တိုက်ကြီးတာကြီးများဖြင့် စည်ကားလှ၏၊ သီလရှင် ၄၀-ကျော် ၅၀-ခန့်ရှိပြီးဆုမ်းဆန်ရပ်ခြင်း, ခံခြင်း မပြုဘဲ ဆိုင်ရာ ဆွေမျိုးမိဘ ဒကာဒကာမတို့၏ အထောက်အပံ့ဖြင့် စားသောက်နေထိုင်၏၊ အချို့ရှိသမျှ ပရိယတ္တိ လုပ်ငန်းတို့ကို ကြိုးစားဆောင်ရွက်ရာ ဆရာကြီးဒေါ်မာလာရီ လက်ထက်တွင် ဒေါ်ခေမာရီ, ဒေါ်သန္တစာရီ, ဒေါ်သီလစာရီ, ဒေါ်ဥာဏော်သီ, ဒေါ်ရူပသိဒ္ဓိသာ ဓမ္မစရိယ အောင်သီလရှင် အကျော်အမော်များ. ပေါ်ပေါက်လာလသည်။

သီလရှင်များကို တင်းတင်းကြပ်ကြပ် စည်းကမ်း ဥပဒေ ကောင်းကောင်းဖြင့် နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်သဖြင့် ဆရာကြီးဒေါ်ဝဏ္ဏ လက်ထက်မှ ယခုအချိန်ထိ နာမည်ကောင်းရှိကြည်ညိုသူများလှ၏၊ ယခု ၁၃၂၆- ခုနှစ်တွင် သီလရှင် ၄၀ ကျော်ရှိရာ ဆရာကြီး ဒေါ်မာလာရီမှာ သက်ရွယ်ကြီးရှိ ပင်ပင်ပန်းပန်း စာပေပို့ချခြင်းမပြုနိုင်တော့၍ ဒေါ်သန္တာစာရီ, ဒေါ်ဥာဏဇေသီ စသော ဓမ္မာစရိယ သီလရှင်များက ငယ်, လတ်, ကြီး,နှင့် ဓမ္မစရိယတန်းဝင် သီလရှင်များအား ဖိဖိစီးစီး စာပေပို့ချ သင်ကြားပေးနေပေရာ နောက်တွင် သစ်ဆိမ့်ချောင်မှ ဇာနည်မယ်များ မြောက်မြားစွာ ထွက်ပေါ်လာဦးမည့် အလားအလာများ ရှိနေပေ၏။

သမိဒ္ဓေါဒယ သီလရှင် စာသင်တိုက်မှာ စစ်ကိုင်းတောင်ရိုးၭွှ သီလရှင် အများဆုံး စာသင်တိုက်တို့တွင် တတိုက်အပါအဝင် ဖြစ်လေသည်၊ နာယက သီလရှင် ဆရာကြီးက အသက် ၈၀ ကျော်ခန့် ရှိပြီ ဖြစ်သော်လည်း အလွန် ကျန်းမာရေးနှင့် ပြည့်စုံ၏၊ သမိဒ္ဓေါဒယတိုက်သည် နာမည်ကျော် ဆရာကင်း၏ အဆက်အနွယ် မဟုတ်ချေ၊ သီလရှင် ဆရာကြီးမှာ ၁၇ နှစ် အရွယ်က ပဲခူးမြို့တွင် သီလရှင်ဝတ်ပြုးနောက် မင်းတုန်းမင်း သီဒပါမင်းနှင့် အင်္ဂလိပ်အစိုးရတို့၏ ဘွဲ့တံဆိပ် ၃ တန်ရ ထုရုံကာ ဆရာတော်ဟောင်း လူပြန်တော် ပညာရှိကြီးထံ၌ ပညာသင်ကြားရသည်ဟု သိရပေသည်။

ထရံကာဆရာတော်ဟောင်း လူပြန်ဘော် ပညာရှိကြီး ဟူသည်ကား ရွှေကျင်ဆရာတော်ကြီး၏ တပည့်အကျော်အမော် တို့တွင် တပါးပါဝင်သော ရွှေကျင် ၅ တိုက်အပါအဝင်ထရံကာ တိုက် ဒုတိယဆရာဘော် အရှင်ဣန္ဒကထေရ်ပင်ဖြစ်၏၊ ထိုဒုတိယ ထရံကာဆရာဘော်ကြီးသည် ၂၄၇-ခုနှစ်သီပေါမင်းပါတော် မူပြီး မြန်မာတပြည်လုံး အင်္ဂလိပ်လက်အောက်သို့ ရောက်သွား သောအခါ စိတ်အပျက်ကြီးပျက်ပြီးလျှင် ပါတော်မူပြီး ၇-လ ခန့်အကြာတွင် လူဘောင်သို့ သက်ဆင်းခဲ့လေသည်၊ ဇာတိမှာ သရိုင်ရွာဖြစ်၍ လူဘဝသို့ရောက်သော် သရိုင်ဆရာကြီးဟုအမျှား က ခေါ်ကြသည်၊ လူဘဝသို့ ရောက်သော်လည်း လူတပည့် သီလရှင်တပည့်များအား စာပေပို့ချ၍ပင် နေလေသည်၊ ယခု သမိဒ္ဓေါဆရာကြီးတို့သည် ထိုသရိုင်ဆရာကြီးရှိရာ သရိုင်ရွာသို့ သွားရောက်ပညာသင်နေကြရ၏၊ နောက်သော် သရိုင်ဆရာကြီး အား စစ်ကိုင်းတောင်ရိုးသို့ ပင့်၍ စစ်ကိုင်းတောင်ရိုး ဗောဓိ ချောင်၌ စာပေချပို့နေစေကာ တပည့် သီလရှင်များက ပြုစု ထောက်ပံ့၍ အေးအေး လူလူ မပူ မပင် နေထိုင်စေလေသည်၊ အသက် ၇၂-နှစ်မှာမှ သမိဒ္ဓေါချောင်တွင် ကွယ်လွန်သွားသည် ဟု ဆိုပေသည်၊ ထိုဆရာကြီးကား သီလရှင် များစွာတို့၏ အား ထားရာ စာပေဘာခင်ကြီးပင် ဖြစ်တော့၏။

သမိဒ္ဓေါဆရာကြီးကား သရိုင်ဆရာကြီးထံ၌ နှစ်ပေါင်း များစွာ စာပေသင်ကြားခဲ့ရသဖြင့် အရည်အချင်းပြည့်ဝ လှပေ သည်၊ ယခု သမိဒ္ဓေါချောင်တွင် သီလရှင်ပေါင်း ၈၃-ပါးရှိ၍

ဓမ္မာစရိယစသော စာပေရိယတ် ပညာရှင်ပေါင်း မြောက်မြား စွာပေါ်ထွက်ပြီး သမိုင်းတိုက်ခဲ့ပေါင်းလည်း များပြားစွာ တည်ရှိနေပေသည်။

ခေမေသကခြောင်ကား စစ်ကိုင်းတောင်ရိုးတွင် သီလရှင် အများဆုံးခြောင်တည်း၊ ယခု ၁၀၀-ခန့်ရှိ၏၊ ၁၂၆၇-ခုနှစ်တွင် စစ်ကိုင်းတောင်ရိုးသစ်ဆိပ်ခြောင်ဆရာကြီး ဒေါဝဏ္ဏ၏ တပည့် ကြီးများဖြစ်သည့် ဒေါမေဓာ, ဒေါကုမ္မာရီနှင့် ဒေါဂုဏဝတီ တို့ စတင်တည်ထောင်ခဲ့လေသည်။

ခေမေသကခြောင်သည် တောင်စောင်းတွင် တည်ရှိ၍ အဆင့်သုံးဆင့်ရှိနေပြီး အောက် ၂-ဆင့်တွင် ပရိယတ္တိ လုပ်ငန်းကို စွန်းလွှန်းတမာ ပြုလုပ်ကြိုးစား၍အထက်ဆုံးထပ်တွင် ပဋိပတ္တိဟူ သော ဂိုဟာသနာ ဘာဝနာ အလုပ်ကို သက်ရွယ် ရင့်သူများက ကြိုးစားအားထုတ်နေကြလေသည်။

ပရိယတ္တိ လုပ်ငန်းတွင် ခေမေသကသည် ထိပ်ဆုံးကပြေး၍ နေပေသည်၊ သီလရှင်တို့တွင် ပဌမဆုံးဓမ္မာစရိယ အော့ခ်သူမှာ ဤခေမေသကမှ ဖြစ်သည်ဟု ဆိုပေသည်၊ ၎င်းမှာ ဒေါနန္ဒစာရီ ဖြစ်၏၊ ယခု ဒေါနန္ဒစာရီနှင့်တကွ ဒေါကုလမနီ, ဒေါသုဓမ္မ ဝတီ, ဒေါဓမ္မသီ, ဒေါကဉ္စနဝတီ, ဒေါဓမ္မဝတီ, စသော ဓမ္မာစရိယ သီလရှင်ပေါင်း မြောက်မြားစွာ ပေါ်ထွက်နေပေ သည်။

ယခုနာယကဆရာကြီးကား ဒေါက္ကဝတီဖြစ်၏၊ စည်းကမ်းကြီးလှသည်၊ ပျော်ပွဲ ရွင်ပွဲ လုံးဝ အားမပေးသည့်ပြင် ချောင်အတွင်း၌ အလှူအတန်းပြုလုပ်လျှင် ဓာတ်ပြား ဖွင့်ခြင်း အသံခွဲစက်တပ်ဆင်ခြင်း ရိကော်ဒါဖွင့်ခြင်းနှင့် ရေဒီယိုဖွင့်ခြင်း တို့ကိုပင် လုံးဝ ခွင့်မပြုပေ။

အထူးအားဖြင့် ကြီးကျယ် ခမ်းနားလှသောရာ ဘုရားတိုက်ကြီးရှိ၏၊ စစ်ကိုင်းတောင်ရိုးတွင် အကောင်းဆုံး ဘုရားတိုက်ကြီးဟု ဆိုသင့်ပေသည်၊ ကျယ်ဝန်းသောတိုက်ကြီးတွင် ရွှေရောင် တဝင်းဝင်း ဖြစ်နေသောတိုင်လုံးကြီး များစွာ အုံမခန်း ရှိလှသည်၊ ဘုရားရွှေတောင်တွင် သပ်ရပ်သော ရေတောင်ဘုံး ၂၀-မျှာနေ့စဉ် သူ့တာဝန်နှင့်သူ လဲလှယ်ကြရပြီး ခန့်ညားသော ဆွမ်းတောင်အုပ်ကြီးတို့မှာလည်း ချောင်ရှိ သီလရှင်တို့၏ စေတနာကို သရုပ်ဖော်၍ နေပေသည်၊ ဒေါက္ကဝတီကား အရွှေဝိသုဒ္ဓါရုံတွင် သီလရှင်ဝတ်ခဲ့သူတဦးပီပီ ဘုရားကြည်ညိုရာ၌လည်း တုဖက်မဲ့၏၊ သီလရှင်တိုင်း ဘုရားရှိခိုးမပျက်ရ၊ တခါပျက်လျှင် ရေဒဏ် ၃၀၊ ၂-ခါပျက် ၆၀-ထမ်းရပြီး ၃-ခါပျက်လျှင် နှင်ထုတ်ခံရမည်ဟု စည်းကမ်းလုပ်ထားပေ၏။

မြို့ချောင် သည်လည်းစစ်ကိုင်းတောင်ရိုးတွင် သီလရှင်များသော ချောင်တခုချောင်ဖြစ်၏၊ ယခုနှစ်တွင် သီလရှင် ၆၅-ပါးရှိလေသည်၊ မြို့ချောင်ကိုစာင်တည်ထောင်သူကား မော်လမြိုင် ဇာတိ သီလရှင် ဆရာကြီး ဒေါကုမာရီဖြစ်၏၊ ဒေါကုမာ

သည် ၁၂၃၉-ခုနှစ်ဖွဲ့မြင်၍ ၂၂-နှစ်သမီးအရွယ်တွင် အမရပူရ အောင်မြေရွှေဘုံတိုက် သီလရှင်ဆရာကြီးထံ၌ သီလရှင်ဝတ် ခဲ့၏။ မော်လမြိုင် တောင်ဝိုင်းကလေး, ဘီလူးကျွန်းချောင်းဆို, ရန်ကုန်ကြားတောရ, သံလျှင်, တံတေး, သီလရှင်တိုက် စသည်တို့၌ ပညာသင်ကြားခဲ့ပေသည်၊ ဆရာကင်းတပည့်ကြီး ဖြစ်သော ဂူတလုံ.ချောင်ဆရာကြီး ဒေါ်ဝိမလာနှင့်လည်း အထူးချစ်ကျွမ်း ဝင်သော ဆရာတပည့်ဖြစ်၏၊ မြို့ချောင်ကို ၁၂၇၀-ပြည့်နှစ်တွင် တည်ထောင်ခဲ့လေသည်။

ဆရာကြီးဒေါ်ကုမ္မာရီသည်ဆရာနည်းစုံစွာဖြင့်ပညာတတ် ကျွမ်းခဲ့သူတဦး ဖြစ်သည်နှင့်အညီ သီလရှင်တို့တွင် ရခဲလှသော ဂုဏ်ထူးတခုဖြစ်သည့် ဂန္ဆကာရက ခေါ် ကျမ်းပြုဆရာဘွဲ့ကိုရရှိ ပေသည်၊ ဆရာကြီးဒေါ်ကုမ္မာရီရေးသော ကျမ်းစာမှာ **"နိဗ္ဗာန ပဇေသနီကျမ်း"** ဖြစ်၏၊စာမျက်နှာ ၂၈၀-ရှိပြီး ၁၂၈၉-ခုနှစ်တွင် ပဌမ အကြိမ်ပုံနှိပ်သည်၊ ၁၂၉၄-ခုနှစ် ဒုတိယအကြိမ်, ၉၅-ခုနှစ် တတိယအကြိမ် ဤသို့ ၃-ကြိမ်တိုင်တိုင် စာအုပ်ရေ ၅၅၀၀—မျှ ရိုက်နှိပ်ထုတ်ဝေရလေသည်၊ ယခုဂုင်းစာအုပ်မှာ ချောင်တွင် စာမူ မပျောက်ရုံ သိမ်းထားသော စာအုပ်မှတပါး အခြားတွင်ရှာ၍ မရနိုင်တော့သဖြင့် ထပ်မံပုံနှိပ်ရန်သင့်ပေသည်၊ အဆင့်အတန်းမြင့်သော ဝိပဿနာ လုပ်ငန်းနည်းပြ စာအုပ်ပင် ဖြစ်ပေ၏။

မြို့ချောင် ဆရာကြီး ဒေါ်ကုမ္မာရီကား ၁၃၁၆-ခုနှစ်က ကွယ်လွန်၏၊ ဆရာကြီး၏ပုံကို ချောင်အတွင်းတွင် ရုပ်လုံးထု

လုပ် ထားရှိသဖြင့် နောင်တပည့်အဆက်ဆက်ပင် ဆရာကြီး၏ ရုပ်သွင်ကိုရှုမြင်သွားနိုင်ပေသည်၊ ယခုခေျာင်ကို ဒေါ်ကဉ္စနဝတီ, ဒေါ်ကွန္ဒသိဒ္ဓိ, ဒေါ်ဥမ္မာဝတီ, ဒေါ်စန္ဒာရီဟူသော ဓမ္မာစရိယ အောင်တပည့်ကြီးများက ကြီးကြပ်အုပ်ချုပ်ကာ စာပေပို့ချနေလေသည်၊ ထိုတပည့် ဓမ္မာစရိယတို့တွင်ဒေါ်ကွန္ဒသိဒ္ဓိသည် ပါဠိပါရဂူပင်အောင်ပြီးဖြစ်၏၊ ဧမြို့ချောင်သည်လည်း ခေးမသက်ကဲ့သို့ပင် ဓာတ်စက်, ရေဒီယို, ရိကော်ဒါဖွင့်လှစ်မှုစသည့် အပျော်အရွင်တို့ကို အားမပေး, လုံးဝပြုလုပ်ခွင့်မပြု၊ အထူးအားဖြင့် သီလရှင်များ အပြင်ထွက်ခွင့်ကို တင်းကြပ်ထားရာတွင် မြစ်ဆိပ်ရေချိုးဆင်းမှုပင် ရေချိုးသံချောင်းခေါက်၍ အချက်ပေးခွင့်ပြုသည်အထိ စည်းကမ်းတင်းကြပ်လှပေသတည်း။

နိုဗ္ဗိန္ဒချောင်ကြီး ဌ သီလရှင် ၇၅ ပါးရှိသဖြင့် စစ်ကိုင်းတောင်ရိုးဌ သီလရှင်များသော ချောင်တခြောင်ပင်ဖြစ်၏၊ ယင်းနိုဗ္ဗိန္ဒချောင်ကြီး (နိုဗ္ဗိန္ဒချောင်သစ်ရှိနေသေး၍ ခဲခြားသိနိုင်ရန် ကြီးထည့်ခေါ်သည်) ကို ၁၂၆၆ ခုနှစ်(ခန့်)က အင်းဝ ဇာတိ သီလရှင် ဆရာကြီးဒေါ်စန္ဒာက ပဌမတည်ထောင် ခဲ့သည်၊ ဒေါ်စန္ဒာသည် ဆရာအို (ဆရာကင်းတပည့် ဆရာထပ်, ဆရာထပ်တပည့် ဆရာအို)၏ တပည့်ရင်းတည်း။

ဆရာကြီး ဒေါ်စန္ဒာသည် ၁၂၀၀ ခုနှစ် (ခန့်) က ဘုတလင် ဗသျူးရွာတွင် ကွယ်လွန်ခဲ့ပြီးနောက် ဒေါ်ခေမာက ချောင်ကို ဆက်လက်အုပ်ချုပ်နေသည်၊ ယခု ဒေါ်ခေမာ မရှိ

သည့်နောက် မူလဒေါ်စန္ဒာ၏ မွေးစားသမီး တပည့် ဒေါ်ပဥ္စာရီက ဆက်လက် အုပ်ချုပ်ခဲ့ပေသည်။

ငြိမ်းချောင် သည် ဆရာကင်း၏ တပည့် ဆရာဂုဏ်ကြီး၊ ဆရာဂုဏ်ကြီး၏ တပည့် ဒေါ်ဥမ္မာရီက ၁၂၇၀-ပြည့်နှစ် တွင် တည်သောချောင်ဖြစ်၏၊ ငြိမ်းချောင်အကြောင်း ရေးလျှင် စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံဆရာတော်ထံသို့ ဆရာဂုဏ်ကြီး လာရောက် တရားအားထုတ်သည်မှစရမည်ဖြစ်၏၊ ဆရာဂုဏ်သည် တိုက်စု (မင်းကွန်း)မှ စစ်ကိုင်းတောင်ရိုးသို့လာ၍ မဟာဂန္ဓာရုံဆရာတော်ကြီးထံ တရားအားထုတ်၏၊ ထိုစဉ် ရခိုင်ပြည်မှ သီလရှင် ၄-ဦး မဟာဂန္ဓာရုံဆရာတော်ထံ ရောက်လာရာ ဆရာတော်ကြီးက ထိုသီလရှင်မျိုးအား ဆရာဂုဏ်ဆံအပ်နှံသည်၊ ထိုအခါ ဆရာဂုဏ်က ထိုသီလရှင်မျိုးနှင့်အတူနေပြီး ဒါယကာ ဦးအောင်ဖြိုး တည်ဆောက်သော မဂ္ဂင်ချောင်သို့ ရွှေ့၍နေလေသည်၊ ထိုအခါ ယခုငြိမ်းဆရာကြီး ဒေါ်ဥမ္မာရီသည် မဂ္ဂင်ချောင်ဆရာဂုဏ်ထံဘွင်နေ၍ ပရိယတ် ပဋိပတ်ပဋိဝေဓကို သင်ကြားခဲ့သည်။

ဆရာကြီး ဒေါ်ဥမ္မာရီသည် ၁၂၇၀-ပြည့်နှစ်တွင် မဂ္ဂင်ချောင်မှလာ၍ ငြိမ်းချောင်ကိုတည်လေသည်၊ ဆရာကြီး ဒေါ်ဥမ္မာရီသည် ၁၂၃၉-ခု သမီးဖြစ်ရာ ယခု ၈၇-နှစ်ရှိပေပြီ၊ ဆရာဂုဏ်ကြီးသည် ဒေါ်ဥမ္မာရီ၏ ပဌမဆရာဖြစ်၍ ဆရာအိသည် ဒုတိယ ဆရာဖြစ်ကြောင်း ပြောပြ၏၊ . ငြိမ်း ဆရာကြီးကား သက်ရွယ် ကြီးရင့်သည်နှင့်အမျှ ရှားပေါင်း နှောင်းဖြစ်မျိုးကို

စီကာဖတ်ကုံ၊ ပြောပြတတ်သည်၊ ဆရာကြီးထံသို့ ရောက်ရသျှင် အာလုန်ဗဟုသုတများ ရပေသည်။

စစ်ကိုင်းတောင်ရိုးဌ သီလရှင်ချောင်ပေါင်း ၁၀၀ကျော် ရှိရာ ဖေါ်ပြခဲ့သော ချောင်များမှ ၈ပါး ဂူနီချောင်, ဇေယျသိဂီချောင်, ဝိပဿနာ ဂန္ဓာရုံချောင် စသော သီလရှင်များသော ချောင်များ များစွာကျန်ရှိနေသေး၏၊ စာရေးသူ သွားရောက် လေ့လာခြိန်မရသဖြင့် ဤနေရာ၌ မရေးထည့်လိုက်ရပေ၊ နောင် အခွင့်သင့်၍ လေ့လာပြီးလျှင် ဖြစ်စေ, သက်ဆိုင်ရာတို့ ထံမှ လေ့လာပေးပို့လျှင်ဖြစ်စေ ထပ်မံ ထည့်သွင်း သွားမည်သာဖြစ်ပါသည်။

မင်းကွန်းသီလရှင်ချောင်များ

မင်းကွန်းတောင်ရိုးၭွှ သီလရှင်ချောင်ပေါင်း ၃၀ ခန့် ရှိရာဘွင် အရိယမဂ္ဂင်ချောင်, ရှားပင်ချောင်, ဂူကလေးချောင်တို့ သည် သီလရှင်များပြားသော ချောင်များဖြစ်ကြ၏၊ မင်းကွန်း တောင်ရိုးတခုလုံးၭွှ သီလရှင် ၄၀၀-ခန့်ရှိကြောင်း သိရပေသည်။

အရိယမဂ္ဂင်ချောင် သည် မင်းကွန်းတွင် သီလရှင်အများ ဆုံး ချောင်ဖြစ်၏၊ ယခု ၁၉၆၄-ခုနှစ်တွင် သီလရှင်ပေါင်း ၇၈-ဦး နေထိုင်၍ ပရိယတ် ပဋိပတ်လုပ်ငန်းများကို အားထုတ် ကြသည်၊ အရိယမဂ္ဂင်ချောင်ကို မြန်မာသက္ကရာဇ် ၁၂၇၄ ခုနှစ် တွင် စစ်ကိုင်းတောင်ရိုး ပဌမဘုန္ဓာသယ ဆရာတော် ဦးရာဇိန္ဒ အရှင်မြတ် စဘင်တည်ထောင်ပြီး 'ဖွားသိုက်' မည်သော သီလရှင် ဆရာကြီးအား သီလရှင်ချောင်ကို ဦးစီး အုပ်ချုပ်စေခဲ့သည်၊ ထိုစဉ်အခါမှစ၍ ဒုတိယကမ္ဘာစစ် စတင်ဖြစ်ပွားသည့် အချိန် အထိ ပရိယတ္တိတိုက် မဟုတ်ဘဲ ပဋိပတ်သက်သက် အားထုတ် သော ကမ္မဋ္ဌာန်းရိပ်သာဆံဆံ အသွင်ဖြင့် တည်ရှိနေခဲ့ပေသည်၊ စစ်ပြီးခေတ် (လွတ်လပ်ရေးခေတ်) ကျမှသာ ပရိယတ်တိုက် အသွင် ဖြစ်ပေါ်လာခဲ့လေသည်။

ယခုမူကား ဆရာကြီး ဒေါကုမ္မာရ, ဒေါနန္ဒဝတီ, ဒေါ ဂုဏဝတီနှင့် ဒေါနန္ဒဝတီတို့ ဆရာကြီး ၄-ဦး ဦးစီးအုပ်ချုပ်၍

ပရိယတ္တိလုပ်ငန်းကို ကြိုးပမ်းအားထုတ်ခဲ့ရာ ဒေါ်ဓမ္မစာရီ, ဒေါ်မဓောဝီ, ဒေါ်စန္ဒသီဂီနှင့် ဒေါ်ကေစာရီဟူ၍ ဓမ္မာစရိယ အောင်မြင်ပြီးသူ သီလရှင် ၄ ဦး ပေါ်ပေါက်လာလေသည်၊ ထိုတွင် ဒေါ်ဓမ္မစာရီမှာ သီလရှင်လောကတွင် တဦးတည်းသော သီရော်မဏီ (၉ ကျမ်း တပြိုင်တည်းအောင်) ဂုဏ်ထူးရခဲ့သူတဦး ဖြစ်ပေ၏။

တိုက်တာ စည်းကမ်းဥာဏ အခြား စစ်ကိုင်းတောင်ရိုး, မင်းကွန်းတောင်ရိုး, သီလရှင်တိုက်များကဲ့သို့ပင် တင်းကြပ် သိပ်သည်းသော စည်းမျဉ်းများကို ထားရှိသောတိုက်ပင်ဖြစ်၏၊အထူးအားဖြင့် ဝါတွင်းဥ် အားလုံးပင် အသာ့းစားမှု လုံဝ ရှောင်ကြဉ်ကြရလေသည်။

ရှားပင်ချောင်ကို ဂူကလေးချောင် ဆရာကြီး ဆရာထပ်၏ တပည့် ဒေါ်ဓမ္မာရီက ၁၂၆၉– ခုနှစ်၌ စတင်ထူထောင်ခဲ့၏၊ ချောင်ကို ထူထောင်စက ဒေါ်ဓမ္မာရီသည် အသက် ၂၀ အရွယ် မျိုးနုချိန်တွင်ဖြစ်၏၊ အင်းဝနယ် ညောင်ပင်စောက် ဇာတိဖြစ်ပြီး ငယ်စဉ်ကပင် သီလရှင်ဖြစ်ခဲ့၍ အသက် ၂၀ မပြည့်မီပင် သင်ရိုးကျမ်းဂန်များကို ပေါက်ရောက်ခဲ့သည်၊ အထူးအားဖြင့် ဋီကာကျော်နှင့် အဋ္ဌသာလိနီအဋ္ဌကထာကို ပလွင်ပေါက်အာဂုံ အနက်ပြန်ဆိုခဲ့သူဖြစ်သည်ဟု ဆိုပေသည်၊ ထို့ကြောင့် ဒေါ်ဓမ္မာရီသည် ငယ်ငယ်ရွယ်ရွယ်နှင့် ရှားပင်ချောင်ကို တည်ထောင်၍ သီလရှင် ၅၀ ကျော် ၆၀ ခန့်ကို အမြဲစည်းကမ်းတကျအုပ်ချုပ်၍ ငယ်စဉ်ကပင် သီလရှင်ဖြစ်ခဲ့၍ အသက် ၂၀ မပြည့်မီပင် သင်ရိုးကျမ်းဂန်များကို ပေါက်ရောက်ခဲ့သည်၊ အထူးအားဖြင့် ဋီကာကျော်နှင့် အဋ္ဌသာလိနီအဋ္ဌကထာကို ပလွင်ပေါက်အာဂုံ အနက်ပြန်ဆိုခဲ့သူဖြစ်သည်ဟု ဆိုပေသည်၊ ထို့ကြောင့် ဒေါ်ဓမ္မာရီသည် ငယ်ငယ်ရွယ်ရွယ်နှင့် ရှားပင်ချောင်ကို တည်ထောင်၍ သီလရှင် ၅၀ ကျော် ၆၀ ခန့်ကို အမြဲစည်းကမ်းတကျအုပ်ချုပ်၍

စာပေများပို့ချနေနိုင်ခဲ့ပေသည်၊ ထိုမှတပါး ဒေါ်ဓမ္မာရီသည် ထိုစဉ်က အစိုးရ ပဋ္ဌမပြန်စာမေးပွဲတွင် ငယ်, လတ်, ကြီး, တန်းကို သီလရှင်များတွင် ပဋ္ဌမဦးစွာ အောင်ခဲ့သူလည်း ဖြစ်သဖြင့် ထူးချွန်သော သီလရှင် ဆရာကြီးတဦးဖြစ်ပေသည်၊ ဆရာကြီးသည် အသက် ၆၆ နှစ်တွင် ကွယ်လွန်သွားရာ မကွယ်လွန်မီအထိ မျက်စိမှုန်၍ စာကိုမကြည့်နိုင်သော်လည်း သဒ္ဒါသင်္ဂြိဟ်ဋီကာ ကျော်နှင့် အဋ္ဌသာလိနီကျမ်းစာတို့ကို အလွတ်ချပို့ သွားသည်ဟု သိရပေသည်၊

ဆရာကြီး မျက်နှာလွှဲသွားပြီးနောက် ရှားပင်ချောင်ကို ဆရာကြီး၏တပည့် ဒေါ်သုစာရီက ဆက်လက် အုပ်ချုပ်၏၊ ဒေါ်သုစာရီ (ယခုလက်ရှိ နာယကဆရာကြီး) သည် ဆားတောင်ရွာသူဖြစ်၏၊ ပဋ္ဌမဆရာကြီး ဒေါ်ဓမ္မာရီထံ၌ သီလရှင်ဖြစ်ခဲ့၍ အနှယ်မပျက် ဆင်းသက်ခဲ့သူပင်ဖြစ်သည်၊ ဆရာကြီး ဒေါ်သုစာရီ၏ လက်ထက်တွင်လည်း ပရိယတ်ို့ လုပ်ငန်းမှာ အထက်တန်းကျမြဲအတိုင်းပင် ငယ်, လတ်, ကြီး နှင့် ဓမ္မာစရိယ သီလရှင်များ ပေါ်ထွန်း၍နေပေရာ ရှားပဲင်ချောင်၏ ပညာရေးအခြေအနေမှာ အားရစရာပင် ဖြစ်ပေသည်။

(မင်းကွန်းရှိ အခြား သီလရှင်ချောင်များကို မလေ့လာရသေး၍ ဤ၌ ရေးသား မှတ် တမ်း တင် ခြင်း မပြုနိုင်တော့ပါ)။

မုံရွာလယ်တီသီလရှင်တိုက်ကြီးများ

မုံရွာမြို့တွင် သီလရှင် ၁၅၀-ခန့်ရှိသည်ဟု သိရပေသည်၊ သီလရှင် အများဆုံးတိုက်မှာ မဟာလယ်တီတိုက်အနီးရှိ ဓမ္မသကမြောက်တိုက်ခေါ် သီလရှင်တိုက်ဖြစ်၏၊ ယင်းသီလရှင်တိုက်၌ ၆၅-ပါးရှိလေသည်၊ ထိုတိုက်ကို ၁၂၇၂-တွင် စစ်ကိုင်းတောင်ရိုး သစ်ဆိပ်ချောင်မှ ဒေါနန္ဒစာရီ, ဆရာနှင်းခေါ် ဒေါဓမ္မစာရီတို့ သွားရောက်တည်ထောင်ကြ၏။

ထိုနောက် ဆရာနှင်းခေါ် ဒေါဓမ္မာစာရီနှင့် ဆရာတင်ခေါ် ဒေါသီလစာရီတို့က အရှေ့လယ်တီတိုက်အနီးတွင် ဓမ္မမေဒနီတိုက် ဟူသောအမည်ဖြင့် သီလရှင်စာသင်တိုက် တတိုက်ခွဲ၍တည်ထောင်ခဲ့လေသည်၊ ဓမ္မမေဒနီတိုက်၌ သီလရှင် ၄၇-ပါးရှိလေသည်။

ထိုတိုက်မှ ခဲမွာစရိယသီလရှင် ၅-ဦး၊ ပါဠိပါရဂူသီလရှင် ၂ ဦးပေါ်ထွက်ခဲ့၏။

ရန်ကုန်သီလရင်းများ

ရန်ကုန်မြို့၌ သီလရှင် ၁၀၀၀ ခန့် ရှိလိမ့်မည်ဟု ခန့်မှန်းရ၏၊ အလယ်တောရ, ဗဟန်းနှင့် သက်န်းကျွန်း ကျိုက္ကစံတဝိုက်တွင် အများအပြား နေထိုင်ကြသည်၊ ရန်ကုန်သီလရှင်အမျိုးစုပင် ပရိယတ်လုပ်ငန်းကို ကြိုးစားပန်းစား အားထုတ်ကြသည်ကို တွေ့ရပေ၏။

ခြုံ၍လေ့လာရသော် မြန်မာနိုင်ငံ၏ အချက်အချာမြို့တော်ဟု ဆိုရသော ရန်ကုန်မြို့ကြီး၌ နေထိုင်ကြသော်လည်း သီလရှင်တို့သည်, ပရိယတ္တိကို အားထုတ်ခြင်း, ပဋိပတ္တိလုပ်ငန်းကို လုပ်ခြင်းတို့မှတပါး ခေတ်ပညာသင်ကြားခြင်း နိုင်ငံရေးကိစ္စများ၌ ဝင်ရောက်ဆောင်ရွက်ခြင်း အသင်းအပင်း ဖွဲ့စည်းခြင်းစသော ခေတ်အလိုက် ဆောင်ရွက်လုပ်ကိုင်မှုတို့ကို စိတ်ဝင်စားမှုနည်းပါးကြ၏၊ တပတ်နှစ်ကြိမ်ဆွမ်းဆန်ရပ်ခြင်း ကျွန်ရက်တို့တွင် အားအားလူလူ ချက်ပြုတ်စားသောက်၍ စာပေသင်ကြားခြင်း စသည်ဖြင့်သာ အချိန်ကို အသုံးပြု၍ လူတို့နှင့် ဆွေနွေ ယှက်တင်မှုလည်း အများအားဖြင့် ကင်းရှင်းကြပေသည်၊ သို့ဖြင့် ရုန်ကုန် သီလရှင်လောကသည်လည်း သန့်ရှင်းစင်ကြယ်မှု၌ အလေးတင်းပေသည်၊ အများအားဖြင့် မြန်မာပြည်အထက်ပိုင်း (စစ်ကိုင်း မင်းကွန်း) မြို့ရွာများရှိ သီလရှင်

များကဲ့သို့ ကောင်းမှုန်သော တိုက်ကြီးတာကြီး ကျောင်းကြီး ဇရပ်ကြီးများ ရှားပါးလှသော်လည်း ရန်ကုန်သီလရှင်တို့သည် အေးအေးလူလူပင် ရောင်းရဝှာနေကြသည်ကို ချီးမွမ်းဖွယ်ရာ ဝတ္တရှရပေသည်။

ထိုအကြောင်းနှင့် ပတ်သက်၍ သာသနဟိတကာရီ သီလရှင်များအဖဲ့ချုပ် နှစ်လည်စာစောင်တွင် ဦးသုမနာဘိဝံသ၏ ရေးသားချက်မှ ကောက်နုတ်၍ ဖော်ပြလိုပေသည်။

"သီလရှင်အားလုံးပင် တော်ကြပါပေသည်ဟု မချီးကျူးထိုက်ကြသေးသော်လည်း အဲများစုအနေဖြင့် တော်ကြောင်းကိုကား မချီးကျူးဘဲ မနေနိုင်ပါ၊ သီလရှင်များသည် မည်သည့်လောက အခွင့်အရေးမျကိုလည်း လို လား တောင့်တခြင်းမရှိကြ၊ သက် ဦး ဆံ ပိုင် ခေတ်, ကျွန်ခေတ်, လွတ်လပ်ရေးခေတ် စသော ဗမာ့ရာဇဝင်တလျောက်ဝယ် မည်သည့်ခေတ်တွင် မည်သည့်အခွင့်အရေးကို တောင်းဘူးကြပါသနည်း၊ ငြင်းရဲလျှင်ငြင်းကြစေလို၏၊ လူတဦးအနေနှင့် ရထိုက်သော မခြောပလောက်သော လူ့အခွင့်အရေးမျကိုပင် မတောင်းဘူးခဲ့ပါချေ၊ သီတင်းကျွတ်ပွဲတော်ကြီးတွင် ဝန်ကြီးချုပ်ကိုယ်တိုင် သံဃာတတောင် ဆွမ်းဆန်စိမ်းလောင်း၏၊

(ထိုအဖွဲ့အကြောင်း တနေရာတွင် ဖော်ပြထားပါသည်)

သီလရှင်များ မပါဝင်ကြ၊ တန်ဆောင်တိုင်ပွဲတော်ကြီး တွင် သက်နှံးဒိုစုံတထောင် ဆက်ကပ်၏။ သီလရှင်များ အဘွက် ဝတ်စုံကလေးတစုံမျှပင် သတိုမရ, လွတ်လပ် ရေးပွဲတော်ကြီးတွင် သံဃာတထောင် ဆွမ်းဆန်စိမ်း လောင်းပြန်၏၊ သီလရှင်များကို သတိမမူမိ၊ မည်သည့် သီလရှင် တဦးတယောက်ကမျှလည်း မပင့်မဖိတ်ကောင်း လား ဟု အခွင့်အရေး မတောင်း၊ မရစကောင်း လားဟူ၍လည်း စောဘနာမထား ကြ၊ 'ငိုတာ်သည့် ကလေး နို့စို့ရ' ဟူသော စကားပုံတွင် သီလရှင်များ မပါဝင်ကြ၊ ဂန္ဓမူရ ဝိပဿနာမူရ ဤနှစ်ဝဖြင့်သာ မျှတအောင် နေထိုင်ကြ၏"

ဤသီလရှင်ဘို ဘဝကို ဖော်ပြ ရေးသားထားသည့် ဆောင်းပါးအတိုင်းပင် မည်သည့် ဆန်လှူသင်း, ဆန်သူဖဲ့မျိုးမျှ မရှိသော မြို့ရန်ကုန်တွင် ဖြစ်သလို ပရိယေသန အမှုပြုလျက် ငယ်, လာ်, ကြီး, ကျော် နှင့် ဓမ္မာစရိယ ပါဠိပါရဂူတန်း များအထိ ပေါက်ရောက်အောင်မြင်မှုရအောင် စာပေသင်ကြား ခဲ့သော ရန်ကုန်သီလရှင်များအား ချီးကျူးသင့်လှပေ၏။

ရန်ကုန်ရှိသီလရှင်ကျောင်းတိုက်အချို့.

ဟံသာဝတီရပ်ကွက် ဒေါ်ဥာဏစာရီ ကျောင်းတိုက်ခေါ်
မြန်အောင် သီလရှင်တိုက်ကား ရန်ကုန်မြို့တွင် အကြီးကျယ်
ဆုံး ဆောက်လုပ်ထားသော သီလရှင်ကျောင်းတိုက်ဖြစ်၏၊ ခုနှစ်
သိန်းခွဲကုန် ဆောက်လုပ်ထားသော အလယ်တိုက်ကျောင်းကြီး
ကား ခမ်းနားကြီးကျယ်လှ၏၊ ၎င်းတိုက်ကျောင်းကြီးကို ငံပြာ
ရည် ဦးပုဉ္ဇကောင်း-ဒေါ်ခင်နွဲ့ရီ ငွေ၅၀၀၀၀ (ငါးသောင်း)
ဆာဦးသွင်အိမ်ထောင်စုမှ ၂၀၀၀၀ (နှစ်သောင်း) စသည်ဖြင့်
စုပေါင်းဆောက်လုပ်ထားခြင်း ဖြစ်၏၊ စုံပြ သီလရှင်ကျောင်း
ဟု အမည်တပ်ထားသည့် အတိုင်း ပဋ္ဌပတ လုပ်ငန်းရော
ပရိယတ်လုပ်ငန်းပါ စွယ်စုံတည်ရှိ၏၊ ထို တိုက်ကျောင်းကြီး၏
ခမ်းနားသော ဘုရားဆောင်ကြီးသည် ပဋ္ဌပတ် ဝိပဿနာ ခန်း
မဆောင်ကြီးလည်း ဖြစ်လေသည်၊ ပရိယတ်အနေဖြင့်လည်း သီ
လရှင် ၁၂၀-ခန့်ရှိပြီးငယ်လတ်ကြီး, ကျော် အောင်မြင်ပြီးသူ
များစွာရှိသည့်ပြင် ဓမ္မာစရိယ အောင်ပြီးသူ ၄-ဦးရှိလေသည်။
စားသောက်ရာ၌ ဤသီလရှင်ကျောင်းတိုက်သည် ရဟန်းတော်
တို့၏ စာသင်တိုက်များကဲ့သို့ တုံးခေါက်၍ တစုတည်း စုပေါင်း
စားသောက်ကြ၏၊ ဤစားသောက်နည်းမျိုးမှာ သီလရှင် လောက
တွင် မရှိသလောက်ပင်ဖြစ်ပေသည်။

ထူးခြားချက်တခုမှာ ဤ စံပြ သီလရှင် တိုက်ကြီးလည်ရှိနှင့်ကုန် သီလရှင်လောက၏ ဂုဏ်ကျက်သရေသဖွယ် ဖြစ်နေသည့် အားလျော်စွာ ဂုဏ်သရေရှိ မင်းစိုးရာဇာ ဗုဒ္ဓဘဲဘာ့ဘာ အမျိုးသား အမျိုးသမီးတို့သည် နွေရာသီကျောင်းပိတ်ရက်တွင် ၅-နှစ်မှ ၁၀- နှစ်အတွင်းရှိ မိမိတို့၏ သမီးတို့ကို (သားရှင်ပြုသကဲ့သို့) သမီးသီလရှင်ပွဲများပြုလုပ်ကာ ၁-လခန့် ဒုလ္လဘ သီလရှင်အဖြစ်ဖြင့် မင်္ဂလသုတ် စသော ဘုရားဟော သုတ်တော်များ ဘုရားရှိခိုး, ဆွမ်းကပ်, ရေကပ်, ပန်းကပ်, သီလတောင်း, သီလယူ စသော ဗုဒ္ဓဘာသာ အခြေခံများကို သင်ကြားစေကြ၏၊ ဤနည်းဖြင့် ဘာသာ ယဉ်ကျေးမှုကို အမျိုးသမီးများ၏ နှုန်းသော အသိဉာဏ်တွင် ငယ်စဉ်ကပင် စွဲမြဲသက်ဝင်စေရာ ဌာနကြီးတခု ဖြစ်နေပေသည်။

ခေတ်ပညာ သင်ကြားမှုဌာနလည်း နောက်မကျခဲ့ပေ၊ ကျောင်းတိုက်အတွင်းမှာပင် ဆရာ,ဆရာမများငှားရမ်းပြီး သီလရှင်များအား အင်္ဂလိပ်စာ အချို့စသည့် ဘာသာရပ်များကို သင်ကြားစေခဲ့သည်၊ ထို့ပြင်ဆင်းရဲနွမ်းပါးသော ကလေးများ မိဘမဲ့ကလေးများ အတွက်ပါ ပညာသင်ဌာနတခုဖြစ်ရန် ကြိုးစားဆဲဖြစ်ရာ မကြာမီ အကောင်အထည် ပေါ်လာမည်ဟု မြော်လင့်ရ၏ သက်ကြီးရွယ်အို့များအတွက် ဆေးခန်းတခုလည်း ဖွင့်လှစ် ဦးမည်ဟု ဆိုပေရာ နောင်ရေးအတွက် အားတက်စရာကောင်းလှပါသည်။

ဆရာကြီး ဒေါ်ဉာဏစာရီသည် မြန်အောင်ဇာတိ ဖြစ်၍ ခင်စင် သပြေကုန်း သီလရှင် ဆရာကြီး ဒေါ်ဝိလာသီထံ၌ ၁၇- နှစ်အရွယ်ကပင် သီလရှင် ပြုခဲ့ပြီးနောက် စစ်ကိုင်း ဘောင်ရိုး သမိဒ္ဓါရုံချောင်တွင် ၁၈ နှစ်ခန့် နေထိုင်ပြီးလျှင် ထရံကာ (သရိုင်)ဆရာကြီး, သမိဒ္ဓါဆရာကြီးတို့ထံတွင် နှံ့ညံ့ခံ၍ ပရိယတ် စာပေသင်ကြားခဲ့သည်၊ ပြည်တောရ အင်ကြင်းမြောင် ဆရာဘော်ထံတွင်လည်း စာမေသင်ကြားခဲ့သည်ဟု ဆိုရပေသည်၊ ဆရာကြီးဒေါ်ဉာဏ်စာရီကား စာပေအရေးအသား စသဖြာပါ၍ ဂါထာ ဗန္ဓများရတုကဗျာ မြန်မာမှုများ၌ ပွန်းဘီးလေသည်၊

နိုင်ငံခြားမှ လည့်သည်တော်တို့သည် ဒေါ်ဉာဏစာရီ သီလရှင်ကျောင်းတိုက်ကို သွားရောက်ကြည့်ရှု၍ မြန်မာသီလရှင်တို့၏အဆင့်အတန်းကို မြင့်တင် ရေးသား သွားကြရာ ဤစံပြသီလရှင်ကျောင်းကြီးသည် ထာဝစဉ် သီလရှင်တို့၏ ဂုဏ်ကို ဆောင်နိုင်လိမ့်မည်ဟုယူဆရပေသည်။

ဗြိုမ်းရိပ်သာ မာလာရာမ သီလရှင်တိုက်

ရန်ကုန် ကမ္ဘာအေးအနီး ရေကူးရပ်တွင် တည်ရှိ၏၊ စစ်ကိုင်းဘောင်ရိုး ဗြိုမ်းဆရာကြီး၏တပည့် ပဌမကျော် ဓမ္မာစရိယ ဒေါ်ရူပမာလာ တည်ထောင်အုပ်ချုပ်သော ပရိယတ္တိသီလရှင်စာသင်တိုက် ဖြစ်လေသည်၊ ဤ သီလရှင်တိုက်ကို ၁၃၁၈- ခုနှစ်ကမှ တည်ထောင်ခြင်းဖြစ်ရာ သီလရှင် ၃၀ခန့် မျှသာ လက်ခံနိုင်သေး၏၊ အေးချမ်းငြိမ်သက်သော နေရာကျယ်ပြန့်သော အဝန်းအဝိုင်းဖြင့် စာပေ ပရိယတ္တိများကို ကြိုးစားအားထုတ်နေကြသည်ကို တွေ့ရပေရာ နေ့ဝင်တွင် ကိုးဘာက်လာမည့် အလားအလာများ ရှိပေသည်။

ထိုဗြိုမ်းချောင်တွင် ၃- နှစ်ကြာမျှသာ ပညဲ့သင်ကြားသွားကြသော နိဒေပါလ်ပြည်သူ မမာဂဓိနှင့် မမာဓဝီ သီလရှင်ညီအမနှစ်ဦးတို့သည် နိဒေပါလ်ပြည် လလိတပူမြို့တွင် ယဿစရာ ဝိဟာရ အမည်ဖြင့် မိဘမဲ့သာသနာပြုကျောင်းတကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပေရာ ဤဗြိုမ်း၏ အနှယ်အဆက်သည် တိုင်းတပါးဌိုထင်းရှားနေပေပြီ။

(ဗဟန်း, အလယ်တောရ, ကျိုက္ကစံ စသော ရန်ကုန်နယ်ပယ်ရှိ သီလရှင် ကျောင်းတိုက်ပေါင်း များစွာတို့တွင် ပရိ

ယတ် ပဋိပတ် နှစ်ရပ်သော လုပ်ငန်းတို့ကို လုပ်ကိုင်နေကြသော သီလရှင်ပေါင်းများစွာရှိပါသည်၊ သွားရောက်လေ့လာချိန် မရသဖြင့် ဤမရေးထည့်လိုက်ရပေ၊ နောင် အကြောင်းသင့်မှ လေ့လာ၍ ထပ်မံထည့်သွင်း ရေးသားသွားပါမည်)။

တွံတေး- သီလရှင်တိုက်

တွံတေးမြို့ရှိ သီလရှင်ကျောင်းဟိုက်အကြောင်းနှင့်စပ်၍ ဆရာဆန်း, ဆရာခင်တို့အကြောင်းကို ရှေ့ပိုင်း (ဆရာကင်း၏ တပည့်ကြီးများအခင်း)တွင် ရေးသားခဲ့ပြီး ဖြစ်၏၊ ဆရာဆန်း, ဆရာခင်တို့သည် အထက်မှ ပြေးလာခဲ့ကြပြီး ဤ တွံတေးမြို့တွင် သာယာကုန်း သီလရှင်တိုက်ကို တည်ထောင်ခဲ့ကြ၏၊ သီလရှင် ၁၀၀- မျှရှိပြီး ပရိယတ္တိရေးရာတွင် နာမည်ကြီးသော သီလရှင်များ ဤကျောင်းမှ မြောက်များစွာ ပေါ်ထွက်ခဲ့သည်။

ဆရာဆန်း, ဆရာခင်တို့ မရှိသည့်နောက်တွင် ဆရာမကြီး ဒေါ်မာလာရီက အုပ်ချုပ်ခဲ့၏၊ ဒေါ်မာလာရီမရှိသည့်နောက်တွင် ယခု ဆရာကြီး ဒေါ်သောရီနှင့် ဆရာကြီး ဒေါ်ကုမာရီတို့က အုပ်ချုပ်နေထိုင်လေသည်။

ဆရာကြီး ဒေါ်သောရီမှာ အသက် ဂဒ – နှစ်ရှိ၍ ဒေါ်ကုမာရီမှာ ၇၅ – ခန့်ရှိပေပြီ၊ဆရာကြီးတို့သည် စစ်ကိုင်းတောင်ရိုး ဂူနီချောင်, သမိဒ္ဓါချောင် စသည်တို့၌ စာပေသင်ကြားနေထိုင်ခဲ့ဘူးကြောင်း သိရ၏။

ဦးကာကျော်ယောဇနာ ကျမ်းပြုအရှင် ဉာဏိန္ဒာသဘမထေရ်)ဟောင်း ဆရာကြီးဦးစံအောင်သည်လည်း ကျွတ်တံ့တော်သီလရှင်တိုက်၌ သီလရှင် ဆရာကြီးများ၏ ဘိတ်ခေါ်ချက်အရ အတန်ကြာ စာပေပို့ချ နေသေးသည်ဆို၏၊ ယခု သီလရှင်၆၀ ကျော်ခန့်ရှိရာ ပရိယတ္တိစာပေ သင်ကြားမှုတွင် အားတက်သရော ကြိုးစားအားထုတ်လျက်ပင်ရှိပေသည်။

ပြည်-ဒေတာရများ

သီလရှင် များပြားစွာ သီတင်းသုံး နေထိုင်သော ဌာနများတွင် ပြည်တောရများလည်း ပါဝင်၏၊ နီဗွဲန္ဒ, ဓမ္မိက, အင်ကြင်းမြောင်, မာရ်အောင်, မဂ္ဂင်စသော တောရတို့၌ ပရိယတ် ဌိပတ်နှစ်ရပ် စွယ်စုံကြွယ်ပမ်း၍ နေကြကုန်သော သီလရှင်တို့ကို ကြည်ညိုဖွယ်ရာ တွေ့ရှိရပေသည်။

နိဗ္ဗာန်ဒေါရကား သီလရှင် ၁၀၀-ကျော်ရှိ၍ နိဗ္ဗာန်ဒေါရ ဆရာတော် ကိုယ်ဘိုင် အုပ်ချုပ်တော်မူ၏။ ဓမ္မာစရိယ သီလရှင်များ ပဌမကျော်နှင့် အကြီးအလတ်အငယ် အသွယ်သွယ်သော စာမေးပွဲအောင် သီလရှင်များ များပြားစွာ ပေါ်ထွက်လျက်ရှိပေသည်၊ စာပေပို့ချမှု၌ သီလရှင်အချင်းချင်း ပို့ချ၍ ယခင် ဓမ္မာစရိယ ပါဠိပါရဂူ သံလရှင်များ မပေါ်ထွက်မီက ရဟန်းလူထွက် ဓမ္မာစရိယအောင်သူများကို လခပေး၍ စာချရန် ခေါ်ထားရသည်ဟုသိရသည်၊ ယနေ့မူ ဓမ္မာစရိယ ပါဠိပါရဂူ သီလရှင်များ ရှိနေ၍ မခေါ်ရတော့ဟု ဆို၏။

နိဗ္ဗာန်ဒေါရရှိ သီလရှင်များ၏ ထူးခြားချက်ကား အခြားသီလရှင်များကဲ့သို့ ဖြူပျော့ပျော့ရောင် စကားရောင် အဝတ်အရုံများကို ဆင်ယင်မှုမပြု၊ သစ်ခေါက်ဆိုး အညိုရောင်များကိုသာ ဝတ်ရုံခြင်းဖြစ်၏၊ ထို့ပြင်လည်း ဂ-ပါး သီလမယူဘဲ ၁၀-ပါးသီလကိုသာ ခံယူဆောက်တည်ရ၏၊ ထိုအရေးကြောင်းနှင့်ပတ်သက်၍ ဆရာတော်ဘုရားကြီးအား လျှောက်ထားကြည့်ရာ မိမိ၏ဆရာဖြစ်သော ပဌမအင်ကြင်းမြောင် ဆရာတော်ဘုရားကြီး၏ နိဿရည်းအတိုင်း အညိုရောင် ဝတ်စေခြင်းဖြစ်ကြောင်း မိမိကိုယ်တိုင်လည်း ဤအရောင်ကို သဘောကျကြောင်းဖြင့် သစ်ခေါက်ဆိုး အရောင်နှင့် ပတ်သက်၍ မိန့်တော်မူ၏၊ ၁၀-ပါးသီလနှင့်စပ်၍ ဇာတရူပသိက္ခာပုဒ် အတွက် သီလရှင်များ အခက်အခဲရှိမရှိ မေးမြန်းချက်ကို ဆရာတော် ဘုရားကြီး မိန့်တော်မူသည်မှာ "ဇာတရူပံသိက္ခာပုဒ်၌ ပဋိဂ္ဂဟဏာ ဟုသာ

ဆိုထားသဖြင့် သီလမခံယူမီက ရှိနှင့်နေသော ရှေ့ငဲ့များကို ကိုင်ငင်သုံးစွဲမှုနှင့်မဆိုင်၊ သီလခံယူပြီးနောက် မခံယူရန်သာ လိုပေသည်" ဟူ၏၊ မှတ်သားဖွယ်ပင် ဖြစ်ပါ၊ချေသည်။

ဓမ္မိကတောရဋ္ဌလည်း သီလရှင်များကို ဓမ္မိကဆရာဘော်ဘုရားကြီးပင် တိုက်ရိုက်အုပ်ချုပ်တော်မူ၏၊ သို့သော် ပရိယတ် သင်ကြားရေးအတွက် ဓမ္မိကာရုံ သီလရှင် စာသင်တိုက်ဟု ပြည်မြို့နှင့် နီးနီးတနေရာတွင် တိုက်ခဲ့တတိုက် တည်ထောင်ပေးထားပြီး ဆရာတော်ဘုရားကြီး၏ နှမတော်ရင်း ဓမ္မာစရိယ ပါဠိပါရဂူ ဒေါသန္တစာရီ (သက်တော်-၅၀)ကို အုပ်ချုပ်စေကာ ပရိယာဒ် စာပေများကို စွမ်းစွမ်းတမန် အားထုတ်နေစေသည်မှာ ကြည်ညိုဖွယ်အားတက်ဖွယ်ပင် ဖြစ်ပါ၊ပေသည်။

ပြည်တောရများ၌ သီလရှင် ၃၀၀-ကျော်ခန့်ရှိရာ ပဋ္ဌိပတ်လုပ်ငန်းတွင် ကြီးပမ်းကြသူများ ပိုပို၊ပေသည်၊ ဖော်ပြပါ နိဗ္ဗိန္ဒ, ဓမ္မိက စသော အနည်းစုသည်သာ ပရိယတ်နယ်ဖက်၌ ရှိကြ၏၊ ပရိယတ္တိတက်ကျမ်းပြီးနောက် ခေတ်မှီ ပညာရပ်များ သင်ကြားလိုစိတ် ရှိမရှိ,မိဘမဲ့ကျောင်း အမျိုးသမီး ဂေဟာစသော ပြည်သူ့ဝန်ထမ်းကိစ္စများတွင် ပါဝင်ဆောင်ရွက်လိုစိတ် ရှိမရှိ စုံစမ်းကြည့်ရာ ထိုကိစ္စများကို လုပ်ကိုင်လိုစိတ် မရှိကြောင်း ပဋ္ဌိပတ်လုပ်ငန်းဖြင့် ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းကာ လောကုတ္တရာရေးရာများ၌သာ မေ့လျော့လိုစိတ် ရှိကြောင်း တညီတညွတ်တည်း အဖြေပေးကြသည်၊

ပြည်-တောရမျှားတွင်သီတင်းသုံးနေထိုင်ကြသောသီလရှင်များကား စစ်ကိုင်း မင်းကွန်းတို့နှင့် မဆက်သွယ်, သီလရှင်ဆရာကင်း အနွယ်များလည်း မဟုတ်၊ ပြည်-တောရမျှားမှသာအစဉ်အဆက် ဖြစ်ပေါ်လာကြပြီး ပညာသင်ကြားရေးအတွက်လည်း အခြားမြို့ရွာများသို့ မထွက် အေးဆေးငြိမ်ဝပ်စွာ မိမိနေရာတွင်သာ ပညာသင်ကြားလျက်နေကြသူများ ဖြစ်ပေသည်။

ရွှေတောင် အမှာရာမ သီလရှင်တိုက်

ရွှေတောင် အမှာရာမ သီလရှင်တိုက်မှာ သီလရှင် ၇၀ ခန့်ရှိပြီး ဆရာကြီး ဒေါ်စန္ဒဝတီက အုပ်ချုပ်ကြီးကြပ်လေသည်၊ ဤတိုက်သည် ပရိယတ် ထူးချွန်ရုံမျှမက ပဋိပတ်လုပ်ငန်းဌာနလည်း ကျော်ကြားပေသည်၊ ငယ်,လတ်,ကြီး သီလရှင်များနှင့် ပဌမကျော်သီလရှင်များ ဓမ္မာစရိယ သီလရှင်များဖြင့် ပရိယတ်နယ်တွဲငင်လည်း မျက်နှာကြီးလှုပေသည်၊ စာဖရေးသူ တွေ့ဆုံမေးမြန်းချိန်တွင် ဓမ္မာစရိယသီလရှင် ၂-ပါး, ဝင်ဆဲ ၆ ပါးခန့်ရှိပြီး ယခုနှစ်တွင် ပဌမကျော်အောင်သော သီလရှင် တပါးလည်းရှိပေသည်၊ ပဌမကျော် သီလရှင် မည်ပပ်လဝဏ္ဏာမှာ အသက် ၂၁ နှစ်မျှသာရှိသေး၍ ၎င်း၏နောင်ရေးအတွက် များစွာအားတက်ဖွယ် ကောင်းလှလေသည်။

ထိုအမှာရာမ သီလရှင်တို့က် ပဲဌမ သီလရှင် ဆရာကြီး ဒေါ်ဂုဏာဝါနောက် ယခုဆရာကြီး ဒေါ်စန္ဒဝတီဖြစ်၍ စစ်ကိုင်း မဂ္ဂင်ချောင် အနွယ်ဖြစ်ကြောင်း သိရသဖြင့် သီလရှင်ဆရာကြီး ဆရာဂုဏ်အနွယ် ဆရာကင်းအနွယ်ပင် ဖြစ်ကြောင်း သိရပေ တော့၏။

မော်လမြိုင်မြို့ သီလရှင် စာသင်တိုက်

မော်လမြိုင်မြို့၌ သီလရှင်အများဆုံး, ပဌမပြန်နှင့် ပါဠိ တက္ကသိုလ် စာမေးပွဲ နယ် ပယ် တွင် သီလရှင်တို့ အနေဖြင့် အအောင်မြင်ဆုံး, နာမည်အရဆုံးဖြစ်နေသော သီလရှင် စာသင် တိုက်ကား ခေမာရာမ သီလရှင် စာသင်တိုက်ပင် ဖြစ်လေသည်၊ ယင်းခေမာရာမ သီလရှင် စာသင်တိုက်ကို ၁၂၉၇-ခုနှစ်တွင် တည်ထောင်ခဲ့၏၊ တိုက်တည်ဆရာကား သထုံမြို့ ခေမာရာမ သီလရှင် စာသင်တိုက်၏ နာယကဖြစ်သော ဒေါ်ခေမာဝတီ ပင်ဖြစ်၏၊ တိုက်တည်ရာမြေကို မော်လမြိုင်မြို့ စိန်ဖမကြီးနှင့် သမီးတို့က လှူ၍ ပဲခူးချောင်ရပ် ဦးဇင်္ဂရင်မိဘားစုတို့က တန်တိုင်း အာရုံနှင့် ဇရပ်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

ခေမာရာမ၏ မိခင်ကြီး ဒေါ်ခေမာဝတီကား ရန်ကုန် ဇာတိဖြစ်၏၊ ၁၂၅၁-ခုနှစ်တွင် ဖွားမြ၍ ၁၉-နှစ်အရွယ်တွင်

သီလရှင်ပြုကာ မင်းကွန်းဂူကလေးချောင်နှင့် စစ်ကိုင်းဂူနီချောင်တို့တွင် ပညာသင်ကြားခဲ့လေသည်၊ ထိုနောက် သမိဒ္ဓါချောင်သို့ ရွှေ့ပြောင်းနေထိုင်ကာ နာမည်ကျော်ထရံကာ ဆရာတော်ဟောင်း သရိုင်ဆရာကြီးထံ၌ ဆက်လက် ပညာဆည်းပူးခဲ့၏၊ ၁၂၀၅-ခုနှစ်တွင် သထုံမြို့ တောင်ဝိုင်းကြီးတောအရှေ့ ခေမာရုမ သီလရှင် (ပဌမ) စာသင်တိုက်ကို တည်၍ သီလရှင် ၂၀ ကျော်ဖြင့် ပရိယတ်လုပ်ငန်းတို့ကို ကြိုးပမ်းခဲ့၏။

၁၂၀၇-ခုနှစ်တွင် မူလတိုက်မှာ လူနေနှင့် ဝေးသဖြင့် ဘေးရန်အန္တရာယ်များပြား သောကြောင့် မြို့နှင့်မလှမ်းမကမ်းရှိ ခေမာရုမ သီလရှင် စာသင်တိုက်, အဘယဝါသီချောင်ဟူသော အမည်ဖြင့် တိုက်သစ်တည်လေသည်၊ ထိုတိုက်၌ သီလရှင် ၄၀ ကျော် ၅၀-ခန့်တို့ဖြင့် ၁၁-နှစ်တိုင်တိုင် ပရိယတ်လုပ်ငန်းတို့ကိုမဆုတ်တန်း အားထုတ်ခဲ့လေသည်၊ ထိုနောက် ၁၂၉၈-ခုနှစ်တွင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မော်လမြိုင်မြို့ယူနေရာသို့ရွှေ့ပြောင်း၍ တိုက်သစ်တည်ထောင်ခဲ့လေသည် (သထုံ ခေမာရုမတိုက်ဟောင်းသည်ကား ယခုအခါတွင်စန္ဒာရုမစာသင်တိုက်ဟူသော အမည်ဖြင့် ဆရာကြီးဒေါစန္ဒဝံတိ ကြီးမှူးလျက်စာချဆရာကလေး မကုတ္ထာထေရီ စသော တပည့် ၂၀ ကျော်ရှိသည့် စာသင်တိုက်အဖြစ်တည်တံ့ခိုင်မြဲစွာပင်ရှိနေပေသည်၊ ဆရာကြီးဒေါစန္ဒဝံတိကား ဓနုဖြူဇာတိဖြစ်ကာ စစ်ကိုင်း မဟာဂန္ဓာရုံအနွယ်ဖြစ်လေသည်၊ ၎င်းစန္ဒာရုမသည် သထုံ၏တခုတည်းသောကြက်သရေဆောင် သီလရှင် စာသင်တိုက် တတိုက် ဖြစ် ပါသတည်း)။

ဆရာကြီးဒေါ်ခေမာဝတီသည် မော်လမြိုင်တိုက်သစ်၌ ၂-နှစ်မျှသာနေ၍ သာသနဝါကျိုး သည်ပိုးနိုင်ခဲ့ပြီး ၁၃၀၀-ပြည့်နှစ်တွင် ကွယ်လွန် အနိစ္စရောက်သွားလေသည်၊ တပည့်ကြီးများ ဖြစ်ကြသော ဒေါ်ကေလာသီ, ဒေါ်ပညာစာရီတို့သည် ထိုအချိန်တွင် ပဋ္ဌမပြန်စာမေးပွဲ၌ အငယ်တန်း, အလတ်တန်းမျှသာ အောင်မြင်ကြသေးရာ ရည်မှန်းချက်မမြောက်မီ ကျေးဇူးရှင်ဆရာ ကွယ်လွန်ခဲ့သဖြင့် ယူကျုံးမရဖြစ်ကာ သင်္ဂေလျာသေးဆရာက် ရှာဖွေခဲ့ကြရလေသည်။

သာမန်ပညာလိုလားမှုနည်းပါးသူများဖြစ်ဘိမူယခုအနေဖြင့်ပင် တိုက်ဘာအုပ်ချုပ်၍ ဆရာလုပ်နေကြမည်ဖြစ်သော်လည်း ခေမာရာမ၏ သမီးကောင်းများဖြစ်ကြသော ဒေါ်ကေလာသီ, ဒေါ်ပညာစာရီတို့သည် ကျေးဇူးရှင် ဆရာကြီး၏ နေခဲ့ရင်းစစ်ကိုင်းတောင်ရိုး သမိဒ္ဓါဒယသို့ အရည်အချင်းပြည့်ဝသော ဆရာတပါးကို ပို့ပေးပါရန်တောင်းဆိုခဲ့လေသည်၊ ထိုအခါ သမိဒ္ဓါဆရာကြီးက သာသနာရေးကိုရှေးရှု၍ အရည်အချင်းပြည့်ဝသည့်တပည့်ကြီးဖြစ်သူ ပဋ္ဌမကျော်ဒေါ်ပါရမီကို စေလွှတ်လိုက်လေသည်။

ဒေါ်ပါရမီသည် ၁၃၀၁-ခုနှစ်မှ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာသည်အထိပင် ခေမာရာမ၌ စာပေပို့ချ၍နေခဲ့၏၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ချိန်တွင် ဒေါ်ပါရမီလည်း စစ်ကိုင်းတောင်ရိုးသို့ပြန်, ခေမာရာမရှိ တပည့်အသီးသီးလည်း လျော်ရာလျော်ရာ

စစ်ဘေးစစ်ဒဏ် လွတ်ကင်းရာတို့သို့ သွားလာနေကြရန့် ခေမာရာမယည်နှစ်တဝက်မျှလူသူကင်းဆိတ် စာပေသံတိတ်ခဲ့ရပေသည်၊ သို့သော် ၆-လမျှကြာလျှင်ပင် စစ်ရေးစစ်ရာဝေး ခေတ်အခြေအနေလည်း အေးဆေးသွားသည်နှင့် ခေမာရာမယည် ပြန်လည်စိုပြေရှိလာကာ စာသံပေသံတည့်ညံ့ဖြစ်၍လာခဲ့ပြန်၏၊

၁၃၁၇-ခုနှစ်တွင် တိုက်လည်း အာတန်စည်ကားလာသည်နှင့် စစ်ကိုင်းတောင်ရိုးမှ ဆရာကြီးဒေါပါရမီလည်း ပြန်လည် ရောက်ရှိလာကာ ယံခင်အတိုင်း ပရိယတ္တိလုပ်ငန်းတို့ကို အစွမ်းရှိသမျှ ကြိုးစားကြပြန်လေ၏၊ သို့သော် ဒေါပါရမီသည် ၂-နှစ်မျှသာ ခေမာရာမ၏ စာပေတာဝန်ကို ထမ်းဆောင်နိုင်ပြီး ၁၃၀၉-ခုနှစ်တွင် သမိုဒ္ဓါချောင် ဆရာကြီး၏ ပြန်လည်ခေါ်မှုဖြင့် စစ်ကိုင်းတောင်ရိုးသို့ ပြန်လည်ကြွမြန်းသွားရလေသည်၊ ထိုအခါတွင် ယခုလက်ရှိဆရာကြီး ဒေါပညာစာရိသည် ခေမာရာမ၏ နာယကအဖြစ်ကို တာဝန်ယူရလေတော့၏။

ယခု ဆရာကြီးဒေါပညာစာရိကားသထုံမြို့နယ် ဇာတိဖြစ်၏၊ အသက် ၂၅ နှစ်တွင် အမကြီးဒေါစန္ဒာရိအထံ၌ သီလရှင်ဖြစ်ခဲ့ပြီး သထုံခေမာရာမတွင် ဆရာကြီးဒေါခေမာဝတီနှင့် ၅-နှစ်ခန့်နေ၍ မော်လမြိုင်ခေမာရာမဖွင့်လှစ်ရာတွင် ဆရာကြီးလက်ခုံးတဖက်အနေဖြင့် ပါခဲ့ရ၏၊ ဒေါခေမာဝတီ ဒေါပါရမီတို့၌စဉ်၌၊ စာချသီလရှင်အဖြစ် နေထိုင်ပြီး မရှိသည့်နောက်တွင် နာယကဆရာအဖြစ် အုပ်ချုပ်ခဲ့ရသည်၊ တဖက်မှ တပည့်များကို

တာဝန်ယူ၍ စာပို့ချသူမှ ပါဠိတက္ကသိုလ် စာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ အသက် ၅၂-နှစ်တွင် ဂုဏ်ထူးဆောင် ကျမ်းများနှင့် တကွ အောင်မြင်ခဲ့ခဲ့လသည်။

ခေမာရာမမှ သီလရှင်များသည်: အဘိမ္မောစာမေးပွဲ, မော်လမြိုင် ပရိယတ္တိသဒ္ဓမ္မပါလစာမေးပွဲ, သုသမာစာရ စာမေးပွဲ, သထုံပိဋကတ္တယ ပါရဂူစာမေးပွဲ, ထား၀ယ်ပရိယတ္တိသာသနာနုဂ္ဂဟစာမေးပွဲ, အစိုးရပဌမပြန် စာမေးပွဲနှင့် ပါဠိတက္ကသိုလ် စာမေးပွဲမှ၀၍ စာမေးပွဲပေါင်းစုံ၌ အမြောက်အများ အောင်မြင်ကြသည်၊ ခေမာရာမမှ စာမေးပွဲ အောင်မြင်မှုသည် အဆန်းမဟုတပ၊ခေါ်။

ဓမ္မာစရိယ စာမေးပွဲ အောင်မြင်ပြီးသူပင် ဆရာကြီးနှင့် တကွ ဂ-ဦးရှိနေပေပြီ (ဆရာကြီး ဒေါ်ပညာစာရီ, ဒေါ်သု၀ဏ္ဏ၀တီ, ဒေါ်ဣန္ဒ၀တီ, ပသီလ၀တီ, မ၀ဏ္ဏစာရီ, မသုဓမ္မ၀တီ (နိပေါလ်), မာဂုဏ္ဍထေရီနှင့် မာဂဏ၀တီတို့ဖြစ်၏)၊ အထူးအားဖြင့် မသုဓမ္မ၀တီမှာ နိပေါလ်အမျိုးသမီးဖြစ်ရာ ခေမာရာမသို့ မြန်မာစကားပင် ကောင်းစွာမတတ်သေးမီက ရောက်လာခဲ့၏၊ ၎င်းအား မြန်မာစကားကို ဦးစွာသင်ကြား၍ က,ကြီး ခ,ကွေးမှအစပြုပြီး စာပေသင်ကြားခဲ့ရာ ၁၀-နှစ်အတွင်း ဓမ္မာစရိယဘွဲ့ ရအောင်မြင်သည်အထိ သင်ကြားပေးနိုင်ခဲ့သည်။ ဤသည်ပင် ခေမာရာမ၏ ပညာသင်ကြားမှုကောင်းမွန်ပုံ သက်သေသာဓက ဖြစ်တော့၏၊ ယခုလည်းမဉ္ဇုပ္ပလ၀ဏ္ဏာ, မဓမ္မဒိန္နာ,

မသံဃဲ ရက္ခိတာ, မပညာဟူသော နိုင်ငံခြားသူ နှင်ပေါလ် သီလရှင် ကလေးများ ပညာသင်ကြားလျက်ရှိပေရာ ခေမာရာမ၏ သဘင်းဂုဏ်သည် မြန်မာနိုင်ငံနယ်နိမိတ်ကို ကျော်ဖြတ်၍ နိုင်ငံခြား တိုင်းပြည်အရပ်ရပ်၌ပင် ပြန့်နှံ့၍နေပေသည်။

(မော်လမြိုင် ခေမာရာမနှင့် ခေမာရာပဆိုင်ရာ ဒကာဒကာမဘို့၏ ပရိယဘို့သာသနာအတွက် ကြိုးစားချက် တရပ်မှာ ပဌမလဘ်ဘန်းအောင်ဘိုးနောက် အကြီးတန်းအတွဲက် ဆက်လက် ကြိုးစားနေသော သီလရှင်အား တလ ၁၀၀၊ အကြီးတန်းအောင် ပြီးစာချဘန်းအတွက် ကြိုးစားနေသူအား တလ ၁၅၀၊ စာချတန်း အောင်ပြီးလျှင် တလ ၂၅၀ စီထောက်ပံ့ နေခြင်းပင်ဖြစ်ရာ မည်မျှအားတက်စရာကောင်းပါသနည်း)။

သို့နှင့် မော်လမြိုင် ခေမာရာမ၏တိုက်ခဲ့ တို့သည် မော်လ မြိုင်, မုဒုံ, ရေး, ထားဝယ်, မြိတ် စသည်တို့တွင် အနှံ့အပြား တည်ရှိကြ၏၊ နိပေါလ်ပြည်၌လည်း နိပေါလ် သီလရှင်ကလေး ခမ္မာစရိယ မသုခမ္မဝတီနှင့် (မုဒုံသူ)ခမ္မာစရိယ ဒေါ်ဂုဏဝတီ ဟူသော ခေမာရာမ၏ သမီးတော် ၂ ဦးက အထူးတလည် သာသနာပြု၍ နေပေသည်၊ ထို့ပြင် မြန်မာနိုင်ငံတွင်ရှားပါးလှ သေးသော သီလရှင်ဦးစီးသည့် မိဘမဲ့ခိုကိုးရာမဲ့ အမျိုးသမီး ဂေဟာများကို မြိတ်နှင့်တောင်ငူတို့တွင် ဦးစီးဖွင့်လှစ်နေသူများ သည်လည်း ခေမာရာမ၏ သမီးတော်များပင် ဖြစ်ပေသည်၊ သို့သော် ထူးဆန်းသည်ကား ခေမာရာမ၏ ဆရာကြီး ဒေါ်

ပညာစာရီသည် လောကီရေးကို လုံးဝစွတ်မဝင်စား ပရိယတ်စာပေများကို ပို့ချပေးပြီး ကြားအချိန်များတွင် ပဋိပတ်နှင့်မှီ လျော်နေသူသာ ဖြစ်ပေသတည်း။

[မော်လမြိုင်၌ သီလရှင် (၃၀) ခန့်ရှိသည်ဟု သိရသည်၊ အခြား သီလရှင်တိုက်များအကြောင်း လေ့လာချိန် မရသဖြင့် မရေးထည့်လိုက်ပါ။ နောင်တွင် အကြောင်းသင့်သလိုလေ့လာ၍ ထပ်မံထည့်သွင်းရန် စီစဉ်ထားပါသည်။]

သီလရှင်အခွဲအစည်းများ ပေါ်ပေါက်လာခြင်း

မြန်မာနိုင်ငံ တနိုင်ငံလုံးတွင် ဗုဒ္ဓဘာသာ သီလရှင်ပေါင်း ၈၇၅၃-ပါးရှိသည်ဟု ၆၁-ခုနှစ် ပါလီမန်၌ ပါလီမန်အတွင်းဝန် ဦးသန်းစိန် ဖြေကြားခဲ့၏၊ ထိုမျှ အရေအတွက် ရှိသော သီလရှင်များသည် လူမှုကိစ္စများကို မလုပ်မကိုင်ဘဲ ပရိယတ် ပဋိပတ် နှစ်ရပ်သော သာသနာရေးလမ်း လောကုတ္တရာလုပ်ငန်း တို့ကိုသာ လုပ်ကိုင်၍နေလေသည်၊ သီလရှင်တို့သည် နိုင်ငံရေး စွက်ဖက်မှုလည်း၊ လုံးဝမလုပ်ကိုင် သာသနာရေး၌လည်း စွက်ဖက်ခြင်း အခွင့်အရေးယူခြင်းမပြု အေးအေးလူလူပင် နေခဲ့၏၊ ထို့ကြောင့် ခေတ်အဆက်ဆက်တွင် သီလရှင်များသည် အစည်းအရုံး ထောင်ခြင်းမပြုခဲ့ဘူးပေ၊ ထိုအတွင်း ၁၉၅၄-ခုနှစ်တွင် သာသနာမြို့များကို ပြည်သူ့ပိုင်သိမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုရေး

ပြဿနာ ပေါ်ပေါက်ရာတွင် သီလရှင်များ သာသနာ့ဝန်းထမ်း မဟုတ် ဟူသော ပြောဆိုသံများ ပေါ်ထွက်ခဲ့ပြီး သီလရှင်များ၌ လယ်မြေများရှိလျှင် သိမ်းဆည်းမည့် အခြေအနေသို့ ရောက်ခဲ့ ရလေ၏။

သီလရှင်များသည် လယ်မြေများ သိမ်းဆည်းခံရမည့် အရေးထက် သာသနာ့ဝန်ထမ်းမဟုတ်ဟူသော အသုံးအနှုန်း အပြောအဆို ခံရမှုဌ ဆတ်ဆတ်ခါမျှ နာကျင်ကြလေသည်။ "မိမိတို့သည် သာသနာ့ဝန်ထမ်းများသာဖြစ်၍ လူတို့နှင့် ရောနှောမှု စွက်ဖက်မှုများ မလုပ်ကိုင်၊ နိုင်ငံရေး မဆောင်ရွက်၊ သာသနာ့ဝန်ထမ်း ရဟန်းကဲ့သို့ပင် ပါဠိမန် ရွေးကောက်ပွဲ မဲစာရင်းဌ မပါဝင်၊ ရွေးကောက်ပွဲတို့တွင်လည်း ပါဝင်မဲပေးခွင့် မရှ၊ သို့ဖြစ်လျက် သာသနာ့ဝန်ထမ်း မဟုတ်ဟု ဆိုတုံသေး၏" စသည်ဖြင့် အသံထွက်၍ လာခဲ့ကာ မည်သည့်ခေတ်တွင်မှ မပေါ်ပေါက်ခဲ့ဘူးသော သီလရှင် အဖွဲ့အစည်း ဖွဲ့စည်းရန် စိုင်းပြင်း လာခဲ့လေသည်၊ သီလရှင် အချင်းချင်းလည်း အကြောင်းရှိလာက တဦးချင်း ပြောဆိုသည်ထက် အသင်းအပင်း ပြုလုပ်၍ ပြောဆိုသည်က အရာရောက်သည်ဟု ပြောဆိုစည်းရုံးကာ ထို ၁၉၅၄-ခုနှစ်တွင်ပင် "မြန်မာနိုင်ငံလုံးဆိုင်ရာ သီလရှင်အသင်း ချုပ်ကြီး" ဟူသောအမည်ဖြင့် စစ်ကိုင်းတောင်ဦးတွင် ညွှန်ဒေါ်ကဉ္စနံ၊ အတွင်းရေးမှူးချုပ် ဒေါ်သန္တိစာရီ၊ တဲဖက် ဒေါ်ဝိဇ္ဇေသီ စသည်ဖြင့် ရွေးကောက်၍ သီလရှင် အသင်းကြီး စနစ်တကျ ပေါ်ထွက်လာခဲ့လေသည်။

ထိုအသင်းကြီးက ပင် ဖော်ပြပါ လယ်မြေကိစ္စနှင့် သီလရှင်နှင့် သာသနာ့ဝန်ထမ်းကိစ္စကို စေ့ငဲ့ပေါက် အောင်အောင်မြင်မြင် ဖြေရှင်းလိုက်ပြီး အခြား သာသနာရေးကိစ္စများဌာလည်း အကြောင်းအားလျော်စွာ ဆောင်ရွက်ခဲ့လေသည်၊ သို့ဖြင့် သီလရှင်များသည် တစည်းတလုံးတည်း ပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးကိုသိရှိသွားကာ အသင်းချုပ်ကြီးသည်လည်း ဆက်လက်တည်တံ့၍ နေလေသည်။

ထိုနောက် ၁၉၆၁ ခုနှစ်တွင် ရန်ကုန်မြို့မှလည်း သီလရှင်အဖွဲ့အစည်းတခု ပေါ်ပေါက်လာလေသည်၊ ထိုအဖွဲ့အစည်းကြီး ဖြစ်ပေါ်လာပုံမှာ နိုင်ငံတော်အစိုးရက ဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာအဖြစ် ပြဋ္ဌာန်းသည်ကို အမြို့မြို့အရွာရွာမှ ထောက်ခံပွဲများ ကျင်းပပြုလုပ်ကြ၏၊ ထိုအခါတွင် ရန်ကုန်မြို့နှင့် အောက်မြန်မာနိုင်ငံမှ သီလရှင်တို့ သည်လည်း ရွှေတိုက် ကုန်းတော်ဆပါဦ စုဝေးကာ ထောက်ခံပွဲကျင်းပကြလေသည်၊ ထိုထောက်ခံပွဲ ပြုလုပ်ပြီးနောက် သီလရှင် ဆရာကြီးများသည် ဤကဲ့သို့ ဘာသာရေး သာသနာရေးကိစ္စများ အခါအားလျော်စွာ ဖြစ်ဆပါလာလျှင် ညီညီညွတ်ညွတ် ဆောင်ရွက်နိုင်ရန်အတွက် သီလရှင် အဖွဲ့အစည်းတခု ဖွဲ့စည်းထားရန် သင့်သည်ဟု သဘောဆပါက်လာကြပြီးလျှင် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူ၍ 'မြန်မာနိုင်ငံလုံးဆိုင်ရာ သာသနာဘိတကာရီ သီလရှင် အဖွဲ့ချုပ်ကြီး' ဟူသော အမည်ဖြင့် ဥက္ကဋ္ဌဒါ ပုဥဿတီ, အထွေထွေ အတွင်းရေးမှူး ဒေါ်စောရီတို့

ဦးဆောင်ပြီးလျှင် အလယ်တောရ ဘောင်ဒရိုလမ်း သမိုဒ္ဓေ ဒယမော်လမြို့စာသင်တိုက်တွင် အဖွဲ့ချုပ် တည်ထူပြု၍ ၁၃၂၃ ခု ဝါခေါင် လပြည့်ကျော် ဂ ရက် (၁၉၆၁ ခုနှစ် စက်တင်ဘာလ ၃ ရက်) နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့လေသည်။

ထိုနောက် အဖွဲ့၏ အခြေခံဥပဒေကို ရေးဆွဲ၍ သီလရှင်ကျောင်းတိုက် အသီးသီးမှ သီလရှင်ဆရာကြီးများအား ဥက္ကဋ္ဌ အတွင်းရေးမှူးမှစ၍ စနစ်တကျ ၂၅ ပါးသော အမှုဆောင်အဖွဲ့ဖွဲ့စည်းကာ စည်းရုံးလုပ်ကိုင်ခဲ့၏။ သို့ဖြင့် အထူးတလည် အောင်မြင် ထမြောက်ခဲ့ရုံမျှမက အလွန် လိုအပ်နေသော "သီလရှင် ဘက္ခသိုလ်" တခုကိုပင် တည်ဆောင်နိုင်ခဲ့လေသည်၊ (ထိုသီလရှင် ဘက္ခသိုလ် အကြောင်း နောက်တွင်ဖော်ပြပါအံ့။)

ယခုမူ ဖော်ပြပါ ၁၉၅၄ ခုနှစ်က ပေါ်ပေါက်လာသော စစ်ကိုင်းတောင်ရိုးရှိ သီလရှင် အသင်းချုပ်ကြီးနှင့် ၁၉၆၁ ခုနှစ်တွင် ပေါ်ပေါက်လာသော ရန်ကုန်မြို့ရှိ သီလရှင်အဖွဲ့ချုပ်ကြီးတို့သည် နှစ်ဖွဲ့တဖွဲ့ ပေါင်း၍ ဆောင်ရွက်သွားရန် စီစဉ်၍နေကြသည်ဟု သိရပေသည်၊ အဖွဲ့နှစ်ဖွဲ့ပူးပေါင်း၍ မြန်မာတနိုင်ငံလုံးရှိ သီလရှင် ရှစ်ထောင်ကျော်တို့ တစည်းတရုံးတည်း သဒ္ဓိသဒ္ဓာ သာသနာရေးအာဘုတ် ဆောင်ရွက်သွားကြလျှင် ပိုမိုထမြောက် အောင်မြင်နိုင်သဖြင့် နှစ်ဖွဲ့ပူးပေါင်း ဆောင်ရွက်နိုင်ပါစေဟု မြော်လင့်ရပေသည်။

ဒေတာမှီ သိလရှင်များ

ဖော်ပြပါ၊ သီလရှင် တိုက်ကြီးများမှာ ပရိယတ်လုပ်ငန်းကို အသားပေး၍ အချို့ ပဋိပတ် လုပ်ငန်းကို တဲ့ဖက် ကာလောကုတ္တရာရေးသက်သက်ကိုသာ ရှေးရှု လုပ်ကိုင်နေကြသော တိုက်ကြီးများဖြစ်ပေသည်၊ ထိုကဲ့သို့သော သီလရှင်တိုက်များမှာ မြန်မာပြည် အထက်အောက် မြို့ရွာ မြို့ကြီးများတိုင်း လိုလိုမှာ ထင်ရှားရှိကြ၏၊ ပရိယတ္တိ စာပေသင်ကြားရေး၌လည်း ထွန်းထွန်းပေါက်ပေါက် ထမြောက်အောင်မြင်ကာ အစိုးရပဋမပြန် စာမေးပွဲများ စာချတန်း စာမေးပွဲများတို့၌လည်း သီလရှင်များ နှစ်စဉ်ပင် အောင်ပန်းဆွတ်ခူး၍ နေကြပေပြီ၊ ပဋိပတ္တိဝိပဿနာ စီးဖြန်း ပွားများမှု၌လည်း မိမိဆရာကျောင်းတိုက် အတွင်းမှာပင် ကမ္မဋ္ဌာန်းကျောင်းများ ဆောက်လုပ်ကာ အမျိုးသမီးကြီးငယ် တို့အား နံ့သာပေးဟောကြား ကိုယ်တိုင်လည်း အားထုတ်ဖြင့် ကြိုးကုပ် လုပ်ကိုင်နေကြသည်တို့ကို အများ အပြား တွေ့ရပေသည်။

ထိုအတွင်းမှ လောကုတ္တရာ စာပေ ပရိယတ္တိ ရေးရာကိုလည်း လက်မလွှတ်စေဘဲ ပရဟိတခေါ် ကယ်ဆယ်ရေးလုပ်ငန်းဖြင့် လောကီ ကြီးပွားရေး၌ တဖက်တလမ်း ဆောင်ရွက်၍ သာသနာပြုနေကြသည့် သီလရှင်ကျောင်းတိုက်များလည်း ပေါ်

ထွက်စပြုနေပေပြီ၊ ယခုအထိ မြန်မာပြည်တွင် ထိုကျောင်းတိုက်များသည် ၀၁—သီလရှင် ဦးစီးသော မိဘမဲ့ကျောင်း ၃ ကျောင်းတွေ့ရှိရပေပြီ။

မြိတ်မြို့ မိဘမဲ့ မိန်းကလေးဂေဟာ

(၁) ပဌမဆုံးဖြစ်ပေါ်လာသော သီလရှင် ဦးစီးသည့် မိဘမဲ့ ကျောင်းကား မြိတ်မြို့ ဘုရားငါးဆူကွင်း ဗုဒ္ဓဘာသာ မိန်းကလေးဂေဟာ စောင့်ရှောက်ရေး အဖွဲ့ပင်ဖြစ်၏၊ ၎င်း ဂေဟာကို ၁၉၅၃-ခုနှစ် ဇွန်လတွင် ယခုမော်လမြိုင် ခေမာရုမတိုက်ကြပ်နာယကက ဒေါ်ဟေမာရိန္ဒင့် ဒေါ်ဒေါ်ကြူ၊ ဒေါ်ဒေါ်တင် စသော မြို့မျက်နှာဖုံး အမျိုးသမီးကြီးများက စ၍ တည်ထောင်ခဲ့၏၊ ၁၉၅၄-ခုနှစ် ဇွန်လတွင် မုဒုံဇာတိ မော်လမြိုင်မြို့ ခေမရုမ သီလရှင် စာသင်တိုက်မှ ဒေါ်ဂုဏဝတီနှင့် ဒေါ်ဝဏ္ဏဝတီ သီလရှင်ဆရာ ၂ ဦးအား ပင့်ခေါ်၍ ဂေဟာကို အုပ်ချုပ်စေခဲ့သည်၊ ဂေဟာမှူးတာဝန်နှင့် အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်နေသော ဒေါ်ဂုဏဝတီသည် ၁၉၃၅-၃၆ ခုနှစ်အတွင်းကပင် သတ္တမတန်းအီးတီစီ ဆရာဖြစ် (အော)အောင်မြင်ခဲ့သူဖြစ်၍ လောကီ အရည်အချင်းလည်း ပြည့်ဝသူဖြစ်၏၊ သီလရှင်ညီအမနှစ်ဦးစလုံးပင် လောကီ လောကုတ္တရာ

အရည်အချင်း ပြည့်ဝသူများ ဖြစ်ရာ ၎င်းတို့ကြောင့်ပင် ဂေဟာများမှာ တိုးတက်၍လာရပေသည်။

၁၉၅၅-နှစ်က အစိုးရလူမှုဝန်ထမ်း ဌာနနှင့် ဆက်သွယ်ကာ အစိုးရ၏ ထောက်ပံ့မှုကို လက်ခံရယူခဲ့၏၊ ဂေဟာများမှာ အတွက်လည်း တလ လခ ၂၀၀-ပေး၍ မိဘမဲ့ ကလေးများ အတွက် စား၀တ်နေရိတ်တန်စ် အတွက် ၇၂၀၀-ကျပ်နှင့် အ၀တ် အစား အတွက် ၆၀၀ အစိုးရကထောက်ပံ့၏၊ မြို့လူထုကလည်း သဒ္ဓါကြေးများ လှူစဉ်ကြေးများဖြင့် ထောက်ပံ့နေရာ အထူး အောင်မြင်လျက် ရှိပေသည်။

ဂေဟာတွင် မိဘမဲ့ မိန်းခလေးပေါင်း ၆၀-ခန့်ရှိ၍ ၎င်းတို့မှာအသက်၆နှစ်မှ ၁၆နှစ်အထိရှိ၏၊၎င်းတို့ကိုသူငယ်တန်းမှ ၁၀ တန်းအထိ အစိုးရကျောင်း၌ တားပေးကာ ကျောင်း ချိန်မှ တပါးသော အချိန်တို့တွင် အချိန်မှန် စနစ်တကျ ဘုရားရှိခိုးခြင်း ပရိတ်ရွတ် မေတ္တာပို့ ၀တ်တက် ၀တ်ကပ် ပြုလုပ်ခြင်းစသော ဘာသာရေးကိစ္စများကို ပြုလုပ်စေသည်၊ ထို့ပြင်လောကီလောကုတ္တရာ ပညာသင်ကြားပေးခြင်း စက်ချုပ် ပန်းထိုး အိမ်တွင်းမှု အချက်အပြုတ်နှင့် သန့်ရှင်းရေး ကိစ္စများကိုပါ လိမ္မာတတ်မြောက်စေလေသည်။

ဤမိဘမဲ့ မိန်းခလေး ဂေဟာသည် မိဘမဲ့ဟူသည်နှင့် အာညီမိဘနှစ်ဦးစလုံးကွယ်လွန်၍ ဆွေမျိုးရင်းချာများပင်တာ၀န်

မယူနိုင်သူ ခိုကိုးရာမဲ့ အထီးကျန်မိန်းခလေးများကိုသာ လက်ခံပေသည်၊ ဂုဏ်ဂေဟာ၏ ထူးခြားချက်ကား နှစ်စဉ် နှစ်ပတ်လည်နေ့တွင် မိဘမဲ့ ဂေဟာရှိ သံလရှင်မပြုလုပ်ရသေးသူ မိန်းခလေးမှန်သမျှအား ကျောင်းပိတ်ရက် ကုန်ဆုံးသည်အထိ သီလရှင်ဝတ်ပေးလေသည်၊ ကျောင်းများဖွင့်မှ သီလရှင်ဝတ် ချွတ်လို၍ ကျောင်းတက်ရ၏၊ ဤနည်းဖြင့် ကျောင်းရှိ ကလေးတိုင်း သီလရှင် ဝတ်ဘူးသူချည်းဖြစ်နေပေတော့၏၊ ဘာသာရေးစာပေများကို သင်ကြားရရုံမျှမက သီလရှင်ဝတ်၍ပင် အားထုတ်ဘူးသဖြင့် ဤသီလရှင် ဦးစီးအုပ်ချုပ်သော ဂေဟာမှ အမျိုးသမီးများအဖို့ ဗုဒ္ဓဘာသာအခြေခံ ကျမ်းကျင်၍ အစဉ်သဖြင့် စိတ်ချရသော ဘာသာဝင် အမျိုးသမီးကြီးများ ဖြစ်လာရတော့မည်မှာ ဖေသချာလှပေတော့၏။

ဂေဟာဝင်္ဂမြို့ ဇေယျာသီရိ မိဘမဲ့နှင့် ခိုကိုးရာမဲ့ အမျိုးသမီးကလေးများ စောင့်ရှောက်ရေး အဖွဲ့

(၂) ဒုတိယဖြစ်ပေါ်လာသော သီလရှင် ဦးစီးသည့် မိဘမဲ့ကျောင်းကား တောင်ငူမြို့ ဇေယျာသီရိ မိဘမဲ့နှင့် ခိုကိုးရာမဲ့ အမျိုးသမီးကလေးများ စောင့်ရှောက်ရေးအဖွဲ့ပင် ဖြစ်၏။

၁၉၅၈ ခုနှစ် မေလတွင် သီလရှင် ဆရာကြီး ဒေါ်ဝေမာနန္ဒနှင့် ဒေါ်နန္ဒဝေရီတို့ ကိုယ်တိုင် အားထုတ်၍ သီလရှင် ၄-ဦ.နှင့် စတင်တည်ထောင်ခဲ့သည်၊ ၎င်းသီလရှင်ဆရာလေးတို့သည် ဓမ္မာစရိယတန်းအောင်မြင်ပြီးလျှင် စာပေပို့ချမှု လုပ်ငန်းကို အများကပင် ပြုလုပ်နေကြသဖြင့် တနည်းတဲ့လမ်းဖြင့် သာသနာပြုကြစို့ဟု အကြံပေါက်ကာ မိဘမဲ့ကျောင်း ထောင်ရန် စီစဉ်ကြသည်၊ ဤသို့စီစဉ်ရာ၌ ဘာသာခြားများ အားကောင်းရာဖြစ်သော တောင်ငူမြို့ကို ရွေးချယ်ပြီး ရွှပ်ရွှပ်ချ ံချ လာရောက်ကာ မြေနေရာရှာပြီး ဤကျောင်းကို မဖြစ်မနေ ထူထောင်ခဲ့ကြသည်ဟုဆို၏၊ ၅၈-ခုနှစ်တွင် ကလေး ၄ယောက်နှင့် စတင်ကာ သီလရှင်ပီပီဆန်ခံကျွေးခဲ့သည်၊ ၁၉၆၀-ခုနှစ်တွင် မိန်းကလေး ၂၀ ဖြစ်လာလာသည်။ သို့သော် ထိုအချိန်တွင် မိဘမဲ့ကျောင်း မစနိုင်သေး၊ အထောက်အပံ့ ကျောထောက်နောက်ခံ မရှိသေးသဖြင့် သီလရှင်ကျောင်း အဖြစ်ဖြင့်ပင် အားလုံးကို သီလရှင် များပြုစကာ ထုံးစံအတိုင်း ဆန်ခံ၍ စားရိတ်စားခ ရှာဖွေရ၏၊ ဆန်ခံ၍ရသမျှထဲမှ တမတ်စီစုကာ တလပြည့်လျှင် ' ဆရာကြီးများက စုရသမျှ တဆထည့်၍ 'ရံပုံငွေရှာခဲ့ကြရ၏။ ကျောင်းသစ် နေရာသစ် ဖြစ်သဖြင့်လည်း ရှိသမျှသော မြေညှိခြံကာစသော လုပ်ငန်းမှန်သမျှကိုလည်း သီလရှင်များကိုယ်တိုင် လက်ညှိညှိ မနားမနေ အလုပ်လုပ်ခဲ့ကြရ၏၊ ၎င်းတို့အဖို့ မိဘမဲ့ကျောင်း ဖြစ်ရေးသာရည်မှန်း၍ လုပ်ငန်းလုပ်နေကြရသည်၊ အမှန်အားဖြင့် ပရဟိတကျောင်း, လူမှုဝန်ထမ်းကျောင်း စသည်များကိုပင် နားမလည်ကြ၊ စေတနာ အရသာလျှင်

လုပ်ကိုင်နေကြပေသည်၊ သို့နှင့် ၁၉၆၁-ခုနှစ်တွင် သီလရှင် ၂၅-ခန့်ဖြစ်လာပြီး မိဘမဲ့ကလေး ၄-၅-ဦးခန့်ဘိုလာလေသည်၊ ၆-လခန့်ကြာသော် မိဘမဲ့မိန်းကလေး ၁၈-ဦးအထိ တိုးတက်လာလေ၏။

ထိုအခါမှ ရဲမင်းကြီး ဦးဘတူ၏ အားပေးမှုဖြင့် တောင်ငူဘခရိုင်လုံးရှိ ရဲအဖွဲ့ဝင်များက ရာထူးကြီးငယ်မရွေး တဦးလျှင် တလ ၁၀ ပြားရုံပုံငွေစဘင် ဖွင့်လှစ်လှူဒါန်း၍ ဘလ ၁၅၀-မှ ၂၀၀-အတွင်း ရရှိလာလေသည်၊ထို့နောက် ပြည်တော်သာတိုက်မြို့သူမြို့သား စေးသူစေးသား စသည်ဖြင့် စုပေါင်းကောက်ခံလှူဒါန်းသူများ တစတစ ပေါ်ပေါက်လာလေသည်။

ထိုနှစ်တွင်ပင် အစိုးရလူမှုဝန်ထမ်းဌာနမှ လာရောက်ကြည့်ရှုပြီး အကြံဉာဏ်ပေးကာ ခရိုင်ဝန်ကတော်ဒေါ်ညွှန့်ညွှန့်စသော အမျိုးသမီးကြီးများက ကြီးမှူး၍ ရည်မှန်းရင်း အတိုင်းပင် ဇေယျာသီရိမိဘမဲ့ ခိုကိုးရာမဲ့အမျိုးသမီးကလေးများ စောင့်ရှောက်ရေးအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ဖြစ်လေသည်။

အဖွဲ့၏ရည်ရွယ်ချက်မှာ—

(၁) မိဘနှစ်ပါးကင်းမဲ့လျက် ပြုစုစောင့်ရှောက် ထိန်းသိမ်းမည့်သူ မရှိသော အမျိုးသမီးကလေးများ၊

(၂) အမိသော်၎င်း အဘသော်၎င်း ကင်းမဲ့ပြီး လွန်စွာချို့တဲ့လျက် နေထိုင်ကြရသော အမျိုးသမီးကလေးများ၊

(၃) အမိသေဉ်ဂုဏ်း အဘသေဉ်ဂုဏ်း နာတာရှည် ရောဂါ ကူးစက်တတ်သောရောဂါနှင့် စိတ်ဓာတ်ရောဂါစွဲကပ်လျက် ရှိသော အမျိုးသမီးကလေးများ၊

(၄). အမိသေဉ်ဂုဏ်း အဘသေဉ်ဂုဏ်း အစိုးရ ပြစ်ဒဏ် ခံနေကြရသော အမျိုးသမီးကလေးများ၊

(၅) မိဘနှစ်ပါးတို့၏ အိမ်ထောင်ရေး အခြေအနေမခိုင် မြဲမှုကြောင့် ပြုစုစောင့်ရှောက် ထိန်းသိမ်းမှု ကင်းမဲ့လျက်ရှိသော အမျိုးသမီးကလေးများ၊

အထက်ပါ အချက်တခုခုကြောင့် ခိုကိုးရာမဲ့ဖြစ်နေသူ အသက် ၃-နှစ်မှ ၁၆-နှစ်အထိ အမျိုးသမီးကလေးများအား လက်ခံထိန်းသိမ်းစောင့်ရှောက်ကာ ဗုဒ္ဓဘာသာအခြေခံ အသိ အလိမ္မာများ အရေး,အဖတ်, အတွက်နှင့် အသက်မွေးဝမ်း ကျောင်း ပညာရပ်များကို သင်ကြားပေးလေသည်။

၁၉၆၁-ခုနှစ်တွင် အမျိုးသမီး ၃၀-ခန့်ရှိလာပြီး ၆၄-ခုနှစ်တွင် ၄၆-ယောက်ရှိလာသည်၊ ၎င်းတို့ကို အစိုးရအကူအညီ, မြို့ရှာလူထုအကူအညီ, သီလရှင် ဆရာကလေးများ၏ဆွမ်းဆန်ရပ် ၍ ရသော လာဘ်လာဘအကူအညီတို့ဖြင့်, လုံလုံလောက်လောက် ကျွေးမွေးပြုစု နိုင်ခဲ့၏၊ အရွယ်အား လျော်စွာ အမျိုးသမီးကလေး များအား အစိုးရအမှတ်၁-နှင့်အမှတ်၂-ကျောင်း က,ကြီး၁,ကွေး

တန်း, သူငယ်တန်းမှ ၉-ဟန်းအထိ ကျောင်းသူ ၄၁-ဦးကို စားရိတ် အကုန်အကျ ခံ၍ ကျောင်းထားပေးနေလေသည်။

အခြေခံရထံမှ ပဌမနှစ်တွင် ကျောင်းသူကလေး ၂၀-အတွက် တလ ၆-တင်းနှုန်းနှင့် ဆန်တနှစ် ၇၂-တင်းရ၏၊ ဒုတိယနှစ်တွင် ကလေးတယောက် တလ ၁၀-နှုန်းနှင့် ၃၀-အတွက် ၃၆၀၀-အဝတ်အစား စားရိတ် ၃၀၀-နှင့် ပြန်လည်ထူထောင်ရေး စားရိတ် ၅၀၀၀-ရရှိလေသည်၊ တတိယနှစ်တွင် တဦး ၁၅-နှုန်းအထိ တိုးတက်လာပြီး ကျောင်းသူကလေး ၄၀-ယောက် အတွက် စား စားရိတ် ၇၂၀၀-အဝတ်အစားအတွက် ၄၀၀-ရရှိ၏၊ ထိုအတွင်းမှာပင် ဘီ-အေ-အောင်သော ဂေဟာမှူး တဦးကို ငှားရမ်းကာ ဂေဟာမှူးအတွက် တလ ၂၀၀-ပါ အခြေခံရထံမှ ရရှိလေသည်။

ဂေဟာအတွင်းရေးမှူး ဓမ္မာစရိယ ဆရာကလေး ဒေါနုဒ္ဒ ထေရီမှာဖြူး, ကညတ်ကွင်းဇာတိဖြစ်၍ ဤလုပ်ငန်း၌ အထူးစိတ်ဝင်စားပြီး ဇွဲသတ္တိရှိသူ တဦးဖြစ်သည်နှင့်အညီ မန္တလေးတွင် ကျောင်းခဲတခုသွားရောက်ဖွင့်လှစ်ခဲ့ပြီး၊ နောင်တွင် ပဲခူး, မော်လမြိုင်, တောင်ကြီး, ရွှေဘို, မုရာ, သာစည်, စသော မြို့ကြီးများ၌လည်း အလားတူ ဂေဟာများဖွင့်လှစ်နိုင်ရန် ကြိုးစားနေလေသည်၊ ဒေါနုဒ္ဒထေရီ၏ ကြိုးစားချက် အောင်မြင်ပါစေဟု ဆုတောင်းရ၏၊ ရန်ကုန်တွင် ဂေဟာတခု ဖွင့်လှစ်ရန် တိုက်တွန်းကြည့်ရာ ရန်ကုန်၌ အစိုးရဂေဟာများ ရှိသောကြောင့် တ

ကြောင်း ထိုဂေဟာမျိုးမရှိသည့် တောမြို့များကို ဦးစားပေးလို့ သောကြောင့် တကြောင်း ရန်ကုန်တွင် ဖွင့်ရန် ရည် ရွယ် ချက် မထားကြောင်း ပြောပြပေရာ ဆရာကလေးတို့၏ စိတ် ထား ကို ချီးကျူးမိပါသည်။

ဒေါနန္ဒဆေရိန့ှင့်ဒေါခေမာနန္ဒ ၂-ဦးစလုံးပင် မော်လမြိုင်ခေမာရာမ သီလရှင်စာသင်တိုက်မှ လာကြသူများဖြစ်ရာ မြိတ်၊ မိဘမဲ့ဂေဟာမှ ဒေါကုဏဝတီတို့နှင့် ဆရာတူ တပည့် များပင် ဖြစ်ပေသည်။

မန္တလေးပွဲကုန်းရပ် မိဘမဲ့ဂေဟာ

(၃) တတိယမိဘမဲ့ကျောင်းမှာတောင်ငူ ဇေယျာသီရိမှ သွားရောက်၍ ကျောင်းခွဲဖွင့်လှစ်ထားသော မန္တလေးမြို့နှန်းရှေ့ ပွဲကုန်း မိဘမဲ့နှင့်ခိုကိုးရာမဲ့ အမျိုးသမီးစောင့်ရှောက်ရေးဂေဟာ ပင်ဖြစ်၏၊ ထိုဂေဟာကို ၁၉၆၃-ခုနှစ်တွင် ဖွင့်လှစ်ပြီး သီလရှင် ဆရာလေး ဒေါရူပဝတီက အုပ်ချုပ်၍ သီလရှင် ၁၀-ပါးမိန်း ကလေး ၈—ယောက်နှင့် အစပျိုးခဲ့၏၊ ယခု မိဘမဲ့မိန်းကလေး ၁၈-ယောက် ရှိနေပြီဟု သိရလေသည်၊ ရှေ့သို့တစတစတိုးတက် လာမည်ကား မလွဲပေ။

သီလရှင်တက္ကသိုလ်

သီလရှင်လောက၏ အစဉ်သဖြင့် ထွန်းတောက်လာမည့် အလားအလာအတွက် အားထားမြော်လင့်ချက်အရှိဆုံးတိုးတက်မှုကြီးတရပ်ကား သီလရှင်တက္ကသိုလ်တခု ဖြစ်ပေါ်လာခြင်းပင် ဖြစ်ပေ၏။ ၎င်းကား ရန်ကုန်မြို့ ဘောင်ထရီလမ်း အလယ်တောရ သမိဒ္ဓါဒယဲ့ မော်လမြိုင်သီလရှင်စာသင်တိုက်တွင် ပြည်တောင်စုမြန်မာနိုင်ငံလုံးဆိုင်ရာ သာသနဟိဘကာရီ သီလရှင် အဖွဲ့ချုပ်ကြီးမှ ကြီးမှူး၍ ၁၃၂၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သော သီလရှင်တက္ကသိုလ်ပဲင်ဖြစ်၏။ တက္ကသိုလ်၏ အဓိက ရည်ရွယ်ချက်မှာ ပြည်တွင်းပြည်ပ သာသနာပြုနိုင်သော သီလရှင် အရည်အချင်းနှင့် ပြည့်စုံသည့် သီလရှင်များ ပေါ်ပေါက်ထွန်းကားလာရန်ပင် ဖြစ်ပေသည်။

ထိုသီလရှင် တက္ကသိုလ်မှ ပါဠိ ပဌမပြန် အကြီးတန်း အောင်ပြိုးသူနှင့် ဓမ္မာစရိယ ပါဠိပါရဂူ အောင်မြင်ပြီးဖြစ်သော သီလရှင်များအား လက်ခံ၍ -

(က) မူရင်းဘာသာအဖြစ် -

(၁) ဗုဒ္ဓဒေသနာ သင်ခန်းစာ၊
(၂) ပါဠိ၊

(၃) မြန်မာစာ၊
(၄) အင်္ဂလိပ်စာ၊
(၅) သချိုင်္၊

(ခ) အထွေထွေဘာသာအဖြစ်-

(၁) ရာဇဝင်၊
(၂) ပထဝီ၊
(၃) ကမ္ဘာ့ကိုးကွယ်ရာ ဘာသာကြီးများ၊
(၄) စည်းရုံးရေးနှင့် အုပ်ချုပ်ရေးနိသယရည်း၊
(၅) သင်ပြပုံ နိသ္ဆယရည်း၊

ဤဘာသာရပ်များကို သင့်လျော်သလို အချိန်စာရင်းဆ၁းရှ် သင်ကြားပေးလေသည်၊ သင်တန်းဆရာမများမှာ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ ဒီဂရီအရာရှိ အမျိုးသမီးများဖြစ်ကြ၏၊ ယခုသင်တန်း တက်နေကြသော သီလရှင် တက္ကသိုလ် သင်တန်းသူသီလရှင်များမှာ ၁၈ ပါးရှိလေသည်။

နှစ်စဉ် တိုးခဲ့၍ ဖွင့်လှစ်သင်ကြားရန် ရည်ရွယ်ချက် ရှိသဖြင့် ထိုသင်တန်းများမှ အောင်မြင်၍လာကြသူ သီလရှင် များးများပြား၍ လာသည်နှင့်အမျှ ခေတ်မီ သာသနာပြု သီလရှင်းကျောင်းများ ပေါ်ပေါက်၍ လာပြီးလျှင် ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးတို့၏ အားထားရာများအဖြစ် များများ မတ်မတ်

တည်ရှိနေပေလိမ့်မည်၊ ဘာသာတပါးသို့ ပြောင်းဝင်နေသော အမျိုးသမီးများကို တားဆီးနိုင်ပေလိမ့်မည်ဟု ချင်းချက်မရှိ မြော်လင့်ရပေ၏။

ဘီ-အေ-သီလရှင်

မြန်မာနိုင်ငံသီလရှင်တခေတ်တွင် တဦးတည်းသောခေတ် ပညာတတ် ဘီ-အေ-ဒီဂရီရ သီလရှင်မှာ မဝိဇ္ဇာသီဖြစ်၏၊ ယခု စစ်ကိုင်းတောင်ရိုးရှင်ဖြူရှင်လှရှိ ဆန်လွှမ်းကောင်းမှု သာသနာ့ ဗိမာန်တွင်နေထိုင်ကာ တောင်တန်းဒေသသူသီလရှင်ငယ်ကလေးများကို စာပေသင်ကြား၍ သာသနာပြုနေလေသည်၊ မဝိဇ္ဇာသီသည် မင်းဘူးမြို့ ဇာတိဖြစ်၍ ၁၂၇၈ ခုနှစ်တွင် မွေးဖွားပြီး ၁၅ နှစ် သမီးအရွယ်တွင် မင်းဘူးမြို့အစိုးရအထက်တန်းကျောင်းမှ ၉ တန်း အောင်ခဲ့၏၊ ထိုနောက် စစ်အတွင်း၌ စစ်ကိုင်းတောင်ရိုးသို့ ရောက်လာပြီး ပါဠိစာပေ သင်ကြားကာ ၁၉ နှစ်သမီးတွင် သီလရှင်ဝတ်လိုက်သည်၊ ဝိပဿနာချောင်တွင် သီလရှင် ဝတ်ဖြင့် စာပေသင်ကြားပြီး ၁၃၁၃ ခုနှစ်တွင် ပဌမကျော် အောင်၍ ၁၃၁၅ ခုနှစ်တွင် ဇေယျသိန် ပါဠိတက္ကသိုလ်မှ ဓမ္မာစရိယ စာချတန်း စာမေးပွဲကို အောင်မြင်ခဲ့လေသည်။

ထိုသို့ လောကုတ္တရာစာပေသင်ကြားမှု အောင်မြင်ပြီးစီး သွားသောအခါ လောကီစာပေ ခေတ်ပညာ သင်ကြားရေးကို

လည်း ဆက်လက်ကြိုးစားလိုသဖြင့် ရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့ပြီး ဟုံသာဝတီရပ်ကွက် မြန်အောင် သီလရှင်တိုက် ဆရာကြီး ဒေါ်ဉာဏစာရီထံ၌ နေထိုင်ကာ ဆရာကြီး ဒေါ်ဉာဏစာရီ၏ မောင်အရင်းဖြစ်သော ဆရာကြီး ဦးစိန်ရွှေ၏ အော-ပို-ကောလိပ်၌ ၁၀ တန်းပညာကို ဆက်လက်ဆည်းပူး လေသည်။ ထိုနောက် အော-ပို-ကောလိပ်မှ ၁၀ ဘန်းအောင်၍ တက္ကသိုလ်ပညာကို ဆက်လက်ကြိုးစားပြန်ရာ ၁၉၅၈ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်မှ ဥပစာတန်း အောင်မြင်လေသည် ထိုနောက် မိမိနေထိုင်ခဲ့ရင်း စစ်ကိုင်းတောင်ရိုးသို့ ပြန်လည်ခဲ့ပြီး ကြိုးစားပြန်ရာ ၁၉၅၉-၆၀ တွင် မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာတန်းကို အောင်မြင်ခဲ့လေသည်။ မဟာဝိဇ္ဇာ M.A. တန်းကို ဆက်လက်အားထုတ်ရန် ကြိုးစားနေစဉ် မရွှောင်သာသော သာသနာရေး ကိစ္စများကြောင့် အထမမြောက်တော့ပေ။ ထိုအတွင်း ဖော်ပြပါ သာသနာ့ဗိမာန် အဆောက်တည်တွင် တောင်တန်းဒေသသူများဖြစ်ကြသော ပဒေသာအမျိုးသမီး သီလရှင် ဂ ဦး၊ ရှမ်းအမျိုးသမီး သီလရှင် ၄ ဦး၊ ကရင် ၃ ဦး၊ ကဒူ ၁ ဦး၊ ဤတောင်ဘန်း သီလရှင် ၁၆ ဦးနှင့် မြန်မာသီလရှင်များပါ သီလရှင်ငယ်ပေါင်း ၃၀ ကျော်ကို ပရိယတ္တိ စာပေသင်ကြားပေး နေရသေး၏။

နယ်ခြားသာသနာပြုသီလရှင်

ပူတာအိုမြို့သည် ကချင်ပြည်နယ် မြစ်ကြီးနား အထက် တောတောင် အထပ်ထပ်ကို ကျော်၍ လေယာဉ်လမ်းတခုဖြင့်သာ သွားလာရေးလွယ်ကူသော မြို့ငယ်တမြို့ဖြစ်၏၊ ထိုမြို့နှင့် ပတ်ဝန်းကျင်တွင် မြန်မာလူမျိုးအနည်းငယ် ကချင်, ရှမ်း, ရဝမ်, လီဆူး နှင့် ခနု လူမျိုးတို့နေထိုင်ကြသည်၊ ကိုးကွယ်ရာ ဘာသာအနေဖြင့်လည်း ဗုဒ္ဓဘာသာ အနည်းငယ်မျှသာရှိ၍ ခရစ်ယန်များနှင့် နတ်ကိုးကွယ်သူများတို့သာ လူများစုဖြစ်နေကြပေသည်။

ထိုပူတာအိုမြို့တွင်ရှိသည့် ဗုဒ္ဓဘာသာ လူနည်းစုတို့က တရားရိပ်သာတခုနှင့်သာသနာပြုအဖဲ့ တခု ဖွဲ့စည်းထား ပေသည်၊ ထို ရိပ်သာတွင် တရားပြရန်နှင့် သာသနာပြုအဖွဲ့ကျောင်းတွင် စာပြရန်အတွက် စွမ်းရည်ရှိသော သီလရှင်များကို အဖွဲ့မှ ရန်ကုန် မြို့ ဗုဒ္ဓဓမ္မ လောကစာစောင်နှင့် ဆက်သွယ်ကြော်ငြာ၍ ရှာဖွေ ခဲ့၏၊ သို့ဖြင့် မကြာမီ သာသနာပြု အရည်အချင်းပြည့် သီလရှင် တဦးဖြစ်သော ဆရာလေး မဓမ္မာရီကိုတွေ့ရ၍ အဆိုပါ သာသနာပြုအဖွဲ့မှ ပင့်ဆောင်သွားခဲ့လေသည်။

ဆရာကလေး မဓမ္မာရီသည် မြိတ်မြို့၌တိုဖြစ်၍ ၁၂၉၃ နှစ်၌ဖွားမြင်ပြီးမြိတ်မြို့အားရစိုအထက်တန်းကျောင်း၌တက္ကသိုလ်

ဝင်တန်းအထိပညာသင်ကြားခဲ့သည်၊ မြိတ်မြို့ကျောင်းတကျောင်း၌လက်ထောက်ဆရာမ လုပ်ခဲ့ပြီး ပြည်သူ့ ဆေးရုံကြီးတွင်လည်း သူနာပြုဆရာမ လုပ်ခဲ့၏။

ထိုနောက် ၁၉၅၂-ခုနှစ်တွင် မိဘဆွေမျိုးများကို အာသီမပေးဘဲ ကိုယ်တိုင် ဆံပင်ကိုဖြတ်၍ မြိတ်မြို့ တပ်ပြင်ရပ် သီလရှင်ကျောင်းတကျောင်းတွင် သီလရှင် ဝတ်ခဲ့၏၊ သီလရှင် ဝတ်ပြီးနောက် ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ ဝိပဿနာတရားကို လမ်းဆုံးအောင် အားထုတ်၍ မြိတ်မြို့ တရားဌာနတခုတွင် အေးဆေးစွာ ကမ္မဋ္ဌာန်းအာရုံဖြင့် နေခဲ့သည်၊ ထိုစဉ်တွင် ဖေဖေ ပြပါ ပူတာအိုမှ သာသနာပြု သီလရှင်တဦးလိုကြောင်း သိရ၍ သာသနာပြုလိုစိတ်များ တဖွာဖွား ပေါ်လာကာ ဗုဒ္ဓဓမ္မလောက စာစောင်နှင့် ဆက်သွယ်၍ ပူတာအိုမြို့သို့ ၁၉၆၄-ခုနှစ်မေလတွင် တပည့် သီလရှင်တဦးနှင့်အတူ လိုက်ပါသွားခဲ့သည်။

ပူတာအိုမြို့ တရားရိပ်သာတွင် ယောဂီ ယောကျ်ား မိန်းမ ၂၀-ခန့်ကို ဝိပဿနာတရားများ သင်ကြား ပြသ၍ တဖက်မှ ပဋိပတ်စခန်း လောကုတ္တရာ လုပ်ငန်းဖြင့် သာသနာပြုကာ တဖက်မှ အလယ်တန်း ကျောင်းနှင့် ညီမျ သော ကျောင်းတွင် သူငယ်တန်းမှ ဆဋ္ဌမတန်းအထိ ဂဏန်းသင်္ချာ, မြန်မာစာ, အင်္ဂလိပ်စာတို့ကိုကိုယ်တိုင် ကျောင်းအုပ်ဆရာပြုလုပ် သင်ကြားပေးပြီး လောကီလုပ်ငန်းဖြင့်လည်း အားပါးတရ သာသနာ ပြုနေရပေ၏၊

မည်သည့်အခွင့်အရေးမျှမရှိ၊ မိဘဆွေမျိုးနှင့် ဝေးကွာ၍ အသွားအလာ ခက်ခဲလှသော ပူတာအိုတွင် တကယ်သာသနာပြု စိတ်ဓာတ်ဖြင့် နေဆိုင်ကာ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကြီး တိုးတက်စည်ပင်ရေးအတွက် မဆုတ်မနစ် အားသစ်ကြိုးစား၍ နေဓပဿော ဆရာကလေး မဓမ္မာရိန္ဒင့် တပည့် သီလရှင်ကလေးအား သေလေးနက်နက် ဂုဏ်ပြုချီးကျူးဆိုင်လှပါပေသည်၊

ပွဲသိမ်း

မြန်မာ ဗုဒ္ဓဘာသာ သီလရှင်တို့သည် ဆံကေသာကို ပယ်ဖြတ်ကာ သီလရှင်ဟူ၍ ပြုလုပ်သည့်အချိန်မှစ၍ လောကီလူ့ဘောင်နှင့် ဝတ်ကြောင်ကို ကျောခိုင်းလိုက်ပြီး ဖြစ်၏၊ ထို့ကြောင့် သီလရှင်၏ ဘဝမှန်အတိုင်းနေသွားကြမည်ဆိုလျှင် အရှယ်ရှိတုန်းတွင် ပရိယတ္တိပညာတို့ကို ကြိုးစားသင်ယူပြီးနောက် ပဋိပတ္တိလုပ်ငန်းခွင်သို့ ဝင်ရမည့် လမ်းစဉ်သာ အမှန်ကန်ဆုံးဖြစ်ပေ၏၊ ယခု သီလရှင် ဆရာကြီးတို့ကို ကြည့်လျှင် အများအားဖြင့် ထိုမူအတိုင်း နေထိုင်ကြသည်ကို ကြည်ညိုဖွယ်ရာ တွေ့မြင်ရပေသည်။

အကြမ်းအားဖြင့် သီလရှင်တို့ ဘဝ၌ အရှယ်ကို သုံးပိုင်းပိုင်း၍ သီလရှင်ဖြစ်သည်မှ အသက် ၃၀- ပဲတ်ဝန်းကျင် အထိ

ပရိယတ်များကို ကြိုးစားသင်ယူ၏၊ အသက် ၄၀ ကျော်, ၅၀-ခန့်အထိ တပည့်တပန်းနှင့် ငယ်ရွယ်သူတို့အား စာပေပို့ချပေး၏၊ ထိုမှ နောက်တွင်ကား ပဋိပတ်လုပ်ငန်းဝယ် သက်တန်းတလျှောက်လုံး ခိုဝင်သွားကြတော့သည်၊ ဆရာကြီးတို့က ထို အတိုင်း လမ်းပြသွားသဖြင့် ဆရာကလေးတို့ကလည်း ဆရာကြီးတို့ လမ်းစဉ်အတိုင်းပင် လိုက်ပါလာကြလေရာ သီလရှင်လောကသည် ဆွမ်းဆန်ရပ်သည့် အခါမှတပါး လူ့လောကနှင့် ဝေးကွာမြဲ ဝေးကွာနေကြလေသည်။

သီလရှင်တို့အဖို့ လူ့လောကနှင့် ဝေးကွာ ရခြင်းသည် အမှန်အားဖြင့် ကောင်းသောလက္ခဏာသာဖြစ်ပါ၏၊ လူ့လောကနှင့် ဝေးကွာနိုင်မှ ရှင်ထွက်နိုင်မှ သီလရှင် ဖြစ်ကျိုးနပ်ရပေမည်၊ အိမ်ထောင်သားမွေး ခြွေနှယ်မြဲသည့် လူရေးလူရာ ရှုပ်ထွေးစွာကို ရှောင်ခွာရကျိုးနပ်ပေမည်။

သို့သော် ခေတ်ကြီးသည် ပြောင်းလဲလာ၏၊ ယခင်ကနှင့်မဘူတော့၊ ယခင်ကမိမိတဦးတည်း အေးအေးသက်သာနေလိုလျှင် နေ၍ရ၏၊ မိမိက စိတ်ကောင်းမွေးနိုင်လျှင် ပတ်ဝန်းကျင်က မိမိအပေါ် စိတ်ကောင်းမွေးကာ စောင့်ရှောက် ချီးမြှောက်ကြ၏၊ ယခုမူ လူတို့၏စိတ်ဓာတ်တို့သည် ပျက်ပြားချင်တိုင်းပျက်ပြားနေ၏၊ နယ်ခွဲစစ်ပွဲကြီးများကပေးထားခဲ့သော အာမေဋအနှစ် စိတ်ညစ်စိတ်ယုတ်တို့ကြောင့် တရားလက်လွှတ်ဖြစ်ကာ ရာဇဖွဲ့မှု စားသောက်မှုတို့မှာ၍ စည်းဝေါက်နေကြ၏၊ အစား

အဝတ် ပေးကမ်းနိုင်လျှင် ပေးကမ်းသူအလိုကျ လိုက်လျောကြ, တပည့်ခံကြသည်အထိ ဖြစ်ချင်တိုင်းဖြစ်နေပေရာ ,မိမိတို့ ရိုးရာ ယဉ်ကျေးမှု ဘာသာ သာသနာနှင့် အလိမ္မာ တရား တို့သည် ပါးသည်ထက်ပါး ပျောက်သည်ထက် ပျောက်လာကြလေတော့၏။

ထို့စဉ်တွင် အကွက်ကောင်းကို ချောင်းမြောင်းနေသော ဘာသာခြားတို့သည် ရိုးရာယဉ်ကျေးမှု ဘာသာသာသနာနှင့် အလိမ္မာတရား ပါးလျားပျောက်ကွယ်နေသော မြန်မာအမျိုးသား, အမျိုးသမီးတို့အား အစားအဝတ် စသည်ဖြင့် ပေးချေသွေးဆောင် သိမ်းသွင်းလေတော့ရာ ဗဟုတစ လိုက်ပါ၍ကြာသော် ရိုးရာဘာသာကို ကျောခိုင်းပယ်ပစ်လျက် ဘာသာသစ်သို့ ခိုဝင်သွားကြတော့၏၊ ဤနည်းဖြင့် ဗုဒ္ဓဘာသာသည် လုံးပါး, ပါး၍ အားနည်း ယိုင်ရဲလာလေသည်၊ ဘာသာခြားတို့သည် အဖက်ဖက်မှ ချို့တဲ့လျက်ရှိသော မြန်မာလူမျိုးတို့အား အခမဲ့ ပညာသင်ပေးခြင်း, ခိုကိုးဆုမဲ့တို့အား စောင့်ရှောက်ခြင်း, ဆေးဝါးကုသပေးခြင်း စသော လုပ်ငန်းတို့ကို ထူထောင်ပေးပြီး လိုရာပုံသွင်းခဲ့ကြ၏။

ဘာသာခြားတို့သည်၊ အထူးအားဖြင့် ခရစ်ယန်ဘာသာဝင်တို့သည် မြန်မာနိုင်ငံ ပြည်နယ်ပြည်မ ဒေသအသီးသီးတို့၌ မူလတန်း, အလယ်တန်းနှင့် အထက်တန်းကျောင်းများ, စက်မှုက်မှု ပညာသင်ကျောင်းများ, မိဘမဲ့ဂေဟာများ, ကလေး

မွေးမြူရေး ဌာနများ, ဆေးပေးခန်းများ, ဆေးရုံများ, လူအိုရုံများ, အမျိုးအမိေဂဟာများ အနာကြီးရောဂါရုံများ, မျက်မမြင် ကျောင်းများနှင့် ဆွံအနားမကြားကျောင်းများ စသော ပညာပေးဌာန ကူညီရေးဌာနနှင့် ကယ်ဆယ်ရေးဌာန အသီးသီး ဘည်ထောင်၍ ၎င်းတို့ဘာသာတင်းသို့ သိမ်းသွင်းနေကြ၏၊ ၌ မန်ကက်သလစ်ဂိုဏ်း, အမေရိကန်ဘက်ပတစ်မစ်ရှင်ခေါ် နှစ်ခြင်း သာသနာဂိုဏ်း, အန်ဂလီကန်ဂိုဏ်းဟူသော ခရစ်ယန်ဂိုဏ်း ၃-ဂိုဏ်းစလုံးကပင် အပြိုင်အဆိုင် အဆိုပါဌာနအမျိုးမျိုးကို ဖွင့်လှစ်ကာသူ့ထက်ငါ ကောင်း ခရစ်ယန်သာသနာ တိုးတက်ရေးကို ကြိုးပမ်းနေကြ၏။

ရုံမန်ကက်သလစ်ဂိုဏ်းဝင်တို့သည် ခရစ်ယန် သီလရှင်တို့ကို သေ့ကျင့်၍ ဖော်ပြပါ ညာပေး, ကူညီရေးနှင့်ကယ်ဆယ်ရေး ဌာန အသီးသီးတို့သို့ ပို့လွှတ်အုပ်ချုပ်စေကြရာ အထူးတလည် အောင်မြင်ကြလေသည်။ ခရစ်ယန် သီလရှင်တို့သည် အမျိုးသမီးတို့အကြား၌ သွားလာဝင်ထွက်ကာ ပညာပေးကြ၏၊ ကူညီကြ၏၊ ကယ်ဆယ်ကြ၏၊ သို့နှင့် ၎င်းတို့၏ ကျောင်းတို့တွင် ကျောင်းသူ(ကျောင်းသား) များ တိုးမပေါက်အောင်စည်ကမ်းနေကြသည်၊ ကယ်ဆယ်ရေးဌာန, ဆေးပေးဌာရှိ ၎င်းတို့ လက်အောက်ဘွင်စုပြုံ၍တိုးဝင်နေကြ၏၊ သို့နှင့် ၎င်းတို့သာသနာသည် မြန်မာလူမျိုးတို့၏ ကယ်တင်ရှင်ဖြစ်လာတော့ရာ နောက်ဆုံးတွင် ပြောင်ခိုလှုံရာကြီး ဖြစ်နေတော့သည်။

ခရစ်ယန်ဘာသာသည် မြန်မာနိုင်ငံသို့ ညောင်ရမ်းပင်းဆက် တနှစ်ဆွမင်းလောက်ထက်မှစ၍ အခြေစိုက်ခဲ့သဖြင့်နှစ်ပေါင်း ၂၂၀ ခန့် မြန်မာ့မြေပေါ်တွင် အာဂက်ရှည်ခဲ့ပေပြီ၊ ခရစ်ယန် သီလရှင်ဂိုဏ်းဝိုစတင်ပေါက်လာသည်မှာလည်း နှစ်ပေါင်းတရာကျော်ခန့်ရှိပြီဖြစ်ရာ ၎င်းဟိုသည် မြန်မာနိုင်ငံသို့ ရောက်စကပင် ၁၂ ဂိုဏ်းခန့်ခဲ့ပြီး အမြိုမြိုအရွာရွာ ပြည်မနှင့်တောင်တန်းဒေသတို့၌ စာသင်ကျောင်းများ၊ မိဘမဲ့ကျောင်းများ ကလေးထိန်းနှင့် မွေးမြူရာဌာန နာဘာရှည်ရောဂါသည်ဂေဟာများ စသည်တို့ကို ခဲ့ဝေဖွင့်လှစ်လျက် ခရစ်ယန်ဘာသာ ပြန့်ပွားရေး ရည်ရွယ်ချက်ကြီးကို ရင်ဝယ်ပိုက်ကာ အင်တိုက်အားတိုက် အလုပ်လုပ်ကြလေသည်၊ လုပ်သည့်ပုံစံတိုင်းလည်း အောင်မြင်ကြလေ၏။

အမျိုးသားသာသနာပြုများထက် အမျိုးသမီး(သီလရှင်) သာသနာပြုများက ပိုမိုအောင်မြင်ကြောင်း သိလာကြသော အခါ မြန်မာခရစ်ယန်သီလရှင် အများအပြား ရရှေးအတုန်က အမြိုမြိုအရွာရွာတွင် ကျောင်းများဖွင့်၍ လေ့ကျင့် သင်ကြားပေးကြ၏၊ သင်တန်းဆင်းလျှင် အနယ်နယ်အရပ်ရပ်သို့ လွှတ်ကြ၏၊ ဖော်ပြပါလုပ်ငန်းများဖြင့် သိမ်းသွင်းကြပြန်၏၊ သို့နှင့်ပင် ဗုဒ္ဓဘာသာ အမျိုးသားအမျိုးသမီးတို့သည် ပြိုချပြိုချဆင်းကာ ခရစ်ယန်ဘာသာတွင်းသို့ အစုလိုက်အပြုံလိုက် ရောက်သွားကြကုန်၏။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့် နောက်တွင်ကား မြန်မာ ဗုဒ္ဓဘာသာ ခေါင်းဆောင်တို့သည် အခြေ ဒေသနေကို

အတော်အတန်ရိပ်မိလာကြပြီး ဘာသာ၏ အန္တရာယ်ကိုကာကွယ်ကြရန် သဘောပေါက်လာကြ၏၊ သံဃာတော်များသည်လည်း နောင်တွင် ဤအတိုင်းနေက ဗုဒ္ဓဘာသာ သာသနာကြီး လုံးပါးပါးသွားမည့်အရေးကို မြော်တွေးလာကြ၏၊ သို့နှင့် အသင်းအဖွဲ့အမျိုးမျိုး ပညာသင်ဌာန အမျိုးမျိုးကို စတင်လာကြရသည်၊ အနှစ် နှစ်ရာကျော် လက်ဦးနေသော ဘာသာခြားတို့၏ အလုံးအရင်းနှင့် လုပ်ငန်းကြီးကို ရပ်မသွားစေနိုင်လှ်င်ကစား နောက်ထပ် ဗုဒ္ဓဘာသာဝင်များ ပြိုဆင်းမသွားရန် တားဆည်းရေးကိုကြိုးပမ်းကြရသည်၊ သို့သော် အသင်းအဖွဲ့တို့သည် ပညာရေး ကူညီရေး ကယ်ဆယ်ရေးကို ထိထိရောက်ရောက်မလုပ်နိုင်ကြပေ၊ ဆရာတော် သံဃာဘောင်များသည်လည်း ဝိနည်းစည်းမျဉ်းကို မခက်ခဲလွန်နိုင်သပြင့်စိတ်ဒိဿလောက်မလုပ်နိုင်ခဲ့ကြပေ၊ ပရဟိတကောင်းများအနေဖြင့်လည်း ခိုကိုးရာမဲ့ ယောကျ်ားကလေးများအတွက်သာ သင့်လျော်သလို တာဝန် ယူနိုင်ခဲ့သော်လည်း လူဘမျိုးလုံးအတွက် အရေးအကြီးဆုံး မိန်းကလေး များကို လက်ခံထိန်းသိမ်းရေးအတွက်မူ လက်လျှော့ရတော့၏။

မိန်းကလေးများကို အဘယ်ဗုဒ္ဓဘာသာ အမျိုးသမီးတို့က ထိန်းသိမ်းရန် မပေါ်ထွက်သေးမီမှာပင် ဘာသာခြားသီလရှင်တို့က နည်းအမျိုးမျိုးဖြင့် ဆဲယူနေကြ၏။ သို့နှင့်ပင် လွှတ်လပ်ရေးသက် ၁၀ နှစ်ကျော်လာခဲ့ရသည်။

ထိုအခိုက်မှာပင် အမျိုးသမီး သူရဲကောင်းများ တဦးတလေပေါ်ထွက်၍လာသဖြင့် အနည်းငယ် အသက်ရှူချောင်ရ

မလိုလို ရှိလာရသည်၊ ၎င်းတို့မှာ ဗုဒ္ဓဘာသာ သီလရှင်အခွါဖြစ်၍ မြို့တော်, တောင်ငူနှင့်မန္တလေးရှိ မိဘမဲ့ကျောင်းများကိုဘည်ထောင်ဖွင့်လှစ်ကြသူများဖြစ်ရာ ပိုမိုဝမ်းမြောက်ရပေသည်၊ သို့သော် ယခုမှ အစပျိုးရရုံကလေးဖြစ်နေ၍ အမြစ်တွယ်ပြီဟု မဆိုသာသေး၊ ၎င်းတို့လုပ်ငန်းမှာ စသည်နှင့်ပင် အောင်မြင်မှု အရိပ်အရောင်များ ထိုးထွက်နေသဖြင့် နောက်တွင် ဗုဒ္ဓဘာသာသီလရှင်များထဲမှ ၎င်းတို့ကဲ့သို့ အာဇာနည်မယ်များ အများအပြား ပေါ်ထွက်ရန်လိုနေပေသည်။

မိဘမဲ့ကျောင်းလုပ်ငန်းမှသည် သွာသနာပြု ကျောင်းများ, ဆေးပေးဌာနများ, လူအိုရုံစသည် အဆင့်တဆင့် တက်သွားရန်လည်းစိတ်ကူးသင့်ပေ၏၊ ဖြစ်နိုင်က သီလရှင်များ ဦးစီးသော ဆေးရုံတရုံပေါ်ထွက်ရန်ပင် အရေးတကြီး ဆောင်ရွက်သင့်ပေသည်၊ ဒုက္ခသည်ကို ကယ်ဆယ်နိုင်မှ ထိုဒုက္ခသည်ပေါင်းများစွာ၏ အားထားရာ ဖြစ်လာကာ ပုဂ္ဂိုလ်ခင်မှ တရားမင်္ဂလာမည်ဖြစ်ပေသည်၊ ဗုဒ္ဓဘာသာ မြန်မာသီလရှင်အနေဖြင့် ဆေးရုံကို ဦးစီးနိုင်ရန် ဒေါက်တာဘွဲ့ရအောင် ပညာသင်ကြား နေရဦးမည်လောဟု မေးစရာရှိပေသည်၊ ဤမျှ အချိန်ကုန်ခံရန် မလိုပါ၊ စနစ်တကျ အုပ်ချုပ်တတ်ရန် ခန့်ခဲ့တတ်ရန် အရည်အချင်းမျှသာလိုပါသည်၊ စနစ်တကျ အုပ်ချုပ်တတ် စီမံခန့်ခဲ့တတ်လျှင် ဆရာဝန်များ ဆရာဝန်မများကို စေတနာဝန်ထမ်း အကူအညီယူ၍ ဖြစ်စေ ငှားရမ်း၍ ဖြစ်စေ အလုပ်လုပ် သွားနိုင်ပေသည်၊

ထို့ကြောင့် ထိုလုပ်ငန်းတို့အာဘုတ် ခေတ်မီ ဗုဒ္ဓဘာသာ သီလရှင်များ ပေါ်ထွက်လာစေလို၏။

ဤသို့ဆိုသဖြင့် ဗုဒ္ဓဘာသာ သီလရှင်များ အားလုံးကို လူမှုဝန်ထမ်း ပရဟိတလုပ်ငန်းကိုလုပ်ရန် တိုက်တွန်း နေပြီဟု မယူဆစေလိုပါ။ အစတွင် ဆိုခဲ့သည့်အတိုင်း ပရိယဘွိစခန်းမှ ပဋိပတ္တိစခန်းသို့ ဖြောင့်တန်းစွာ လမ်းမှန်အတိုင်း ကူးပြောင်း နေသူတို့အားလည်း ဤဘက်သို့ လက်ချပ်မခေါ်လိုပါ။

ဖြစ်စေလိုသည်ကား-

သီလရှင်တို့၌ ဂန္ဆဓူရ, ဝိပဿနာဓူရ လမ်းစဉ် နှစ်သွယ် ရှိပါသည်၊ ဝိပဿနာဓူရဟူသော ပဋိပတ် လုပ်ငန်းခွင် ဝင်နေသော သီလရှင်များအဖို့ ထိုလမ်းစဉ်မှထွက်ခွာရန်မလိုပါ၊ အောင်မြင်သည်အထိ ခရီးသွားရန်ပင်ဖြစ်၏၊ ဂန္ဆဓူရ တာဝန်ကို ထမ်းဆောင်နေသော သီလရှင်များတွင်လည်းထက်ဝက်ခန့်သောသီလရှင်တို့သည် ဂန္ဆဓူရ တာဝန်ကို ထမ်းဆောင်မြဲ ထမ်းဆောင်စေချင်ပါသည်၊ ငယ်ရွယ်သူ သီလရှင်ကလေးများကို အာဆင့် အဟန်းမြင့်မားလာအောင် သင်ကြားပေးချင်ပါသည်၊ ဂန္ဆဓူရမှ တဝက်သော သီလရှင်များ အဖို့ကား သာသနာရေးအတွက် ရွေးရွက်ကာ လူမှုဝန်ထမ်းကိစ္စမျိုး မဟုတ်စေကာမူ စေတနာအလျောက် ဖေါ်ပြပါ ပညာပေးကူညီရေးနှင့် ကယ်ဆယ်ရေးကိစ္စများကို ကရုဏာစိတ်ထား၍ ကြိုးစားကြစေလိုပါသည်။

ဗုဒ္ဓဘာသာအသင်းအဖွဲ့နှင့် ဂုဏ်သရေရှိ အမျိုးသမီးကြီး တို့သည် ဦးဆောင်ပြုလုပ်မည့် ဗုဒ္ဓဘာသာ သီလရှင် မပေါ်ထွက် သေးရှိသာနေရသည်၊ ပေါ်ထွက်လာလျှင် ဝိုင်းဝန်းအားပေးကြ မည်မှာ အမှန်ဖြစ်ပါသည်၊ မြို့တော်၊ တောင်ငူနှင့် မန္တလေး သုံး ဌာနရှိ မိဘမဲ့ကျောင်းများက ထို၏ သက်သေသာဓကများပင် ဖြစ်ပါသည်။

အစပဌမတွင် အားမပေးခြင်း, ကဲ့ရဲ့ရွဲတ်ချခြင်းများ ရှိ မည် ဖြစ်သော်လည်း ကြာသော် အောင် မြင် လာ ရှ မည်သာ ဖြစ်ပါ၏။ လွန်ခဲ့သည့် ၁၀-နှစ် ကျော် ခန့် က ပဌမပြုန် စာမေးပွဲ၌ သီလရှင်များ ဇင်ရောက်မှုနည်းပါးသေး ၏၊ ဝင်ရောက်ဖြေဆိုသော သီလရှင်တို့အား ကဲ့ရဲ့ရွဲတ်ချခဲ့ကြ၏၊ သို့သော် မလျှော့သော ဇဲ့ကြောင့် ယခုအချိန်တွင် သီလရှင် တို့သည် ပဌမပြုန်သာမက ပါဠိတက္ကသိုလ် စာမေးပွဲကိုပင် အောင်ပန်းဆင်နေပြီး တနိုင်ငံလုံး၏ အားပေးမှုကို ခံယူနေရပြီ မဟုတ်ပါလော၊ ထိုနည်းတူစွာ ပရဟိတလုပ်ငန်း, သာသနာပြု လုပ်ငန်း, ဆေးရုံလုပ်ငန်း စသည်များအတွက်လည်း စတင် တီထွင်သူတို့၏ ဇဲ့သတ္တိသာလျှင် ပခာန ဖြစ်ပေသည်။

သင်္ဘော ၀ါများအပေါ်၌ မေတ္တာထားသော လုပ်ငန်းတခု ကို လုပ်ကိုင်သူသည် နကိုယ်ကပင် မိမိ၏ကိုယ်နှင့် စိတ်ကို မေတ္တာ ဖြင့် ကာကွယ်ထားပြီး ဖြစ်၏၊ ကဲ့ရဲ့ရွဲတ်ချ အပြစ်ဆိုသူတို့၏ ကဲ့ရဲ့မှု, ရွဲတ်ချမှုနှင့် အပြစ်ဆိုမှုတို့လည်း မိမိအား ထိခိုက်ဖွယ်

မရှိ၊ ပြန်လှန် ဖြေရှင်းနေဖွယ် လည်း မလို၊ ထို အကြောင်းနှင့် ပတ်သက်၍ သံယုတ်ပါဠိတော်လာဘုရားဟော ဂါထာတပုဒ်ကို လက်ဆောင် ပြုလိုပါသည်၊ ထိုဂါထာသည် သာသနာပြုလုပ်ငန်းစဉ်တလျှောက်လုံး ဆောင်ပုဒ်သဖွယ်ဖြစ်နေပါလိမ့်မည်။

"ယဿ သဗ္ဗမ္ဘောရတ္ထ၊ အဟိ သာယ ရတောမနော။
မေတ္တ သော သဗ္ဗဘူတေသု၊ ဝေရံ တဿ န ကေနစိ"

အကြင် ပုဂ္ဂိုလ်အား အလုံးစုံသော နှံ့ ညွှန့်တို့ပတ်လုံး မည်းဆဲခြင်း၌ မွေ့လျော်သော စိတ်ရှိ၍ သတ္တဝါအားလုံးတို့၌ မေတ္တာထားသည် ဖြစ်၍ နေ၏၊ ထိုပုဂ္ဂိုလ်အား တစုံတဦးနှင့်မျှ ရန်ဖြစ်နေဖွယ် မရှိပေ။ ထိုကြောင့် ပဲ့သိမ်း နိဂုံးချုပ်အားဖြင့် တိုက်တွန်းလိုသည်ကား-

သီလရှင်တို့သည်....

(က) မိမိဘဝစောင့်ရှောက်ရသော သီလနှင့်ဆိုင်ရာ တိုက်တာ၏ စည်းမျဉ်းဥပဒေတို့ကို လိုက်နာလျက် ပရိယတ္တိ လုပ်ငန်းဝယ် အထက်တန်း ရောက်နိုင်သမျှ ရောက်အောင် ကြိုးစားစေလိုပါသည်။

(ခ) ပရိယတ္တိလုပ်ငန်း၌ အထက်တန်း ရောက်ပြီးသူတိုင်း စာပေ ပို့ချမှုကို စွမ်းနိုင် သမျှ အားထုတ်စေချင်

ပါသည်၊ သို့မဟုတ် ပဋိပတ်လုပ်ငန်းစဉ် ဝင်လိုက်လည်းဆက်ဆက်ဝင်ဖြစ်အောင် ဝင်စေချင်ပါသည်၊ သို့မဟုတ် ခေတ်ပညာ သင်ကြားရေး လမ်းစဉ်ဖက်သို့ ချီတက်လိုပါကလည်း ရဲရဲရင့်ရင့် ချီတက်စေလိုပါသည်။

(ဂ) ပရိယတ္တိ (လောကုတ္တရာ ပညာ ခိုင်ခိုင်လုံလုံရရှိပြီးသူများသည် (ပဋိပတ်လုပ်ငန်းစဉ် ဝင်သူများမှ အပ) ခေတ်ပညာသင်ပြီးသည် ဖြစ်စေ၊ မသင်ရသေးသည် ဖြစ်စေ၊ ဖေဖြပါ ဗုဒ္ဓဘာသာ သာသနာပြုရေး ရည်ရွယ်ချက်ကိုပိုက်၍ ကြိုက်နှစ်သက်ရာ ပညာပေး, ကူညီရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းတို့ကိုဝင်ရောက်ဆောင်ရွက် ကြစေလိုပါသည်။

ဤအချက် ၃-ချက်တို့တွင် (က)မှာ မူချ သွားရမည့် လမ်းစဉ်ဖြစ်၍ (ခ)နှင့်(ဂ)မှာ တလမ်းလမ်းကို ရွေးကာ နှစ်သက်ရာ လမ်းစဉ်အတိုင်း စခန်းထွင်၍ အဆင်ပြေအောင် လှမ်းကြရမည် ဖြစ်ပေရာ တသွယ်သောလမ်းဝယ် ခြေလှမ်း မှန်မှန်နှင့် ဆက်ထက်သန်သန်ကြီး ချီတက်ကြစေလိုပါသတည်း။

သီလဝတီ၊ ပါဠိသည်နှင့် သီလသည်တဝ၊သူဘော်မ ခေါ်၊ မယ်သူဇာဘ်ပြင်၊ အဓော်ခရွေးသုံး၊ သီဘင်းသုံးပြင်၊ မှန်သုံးခေါ်ဆို၊ သပ္ပရိဟ်-တည့်၊ ညွှတ်ရိုစမ်မ၊

ဒသ့ဌဲဟု၊ သီလပြည့်အင်၊ သီလရှင်၏၊ ယခင်ရှေးကျ၊ ပေါရာဏဟု ကာလဘန္ဓီ၊ ပဝေဏီမှ စဉ်စီ ရှည်ဘီ၊ ဒုခေတ်ထိအောင်၊ ကြား, သိ မှတ်ကာ၊ စာပေရှာ၍၊ နောင်လာနောက်သား၊ သိစေသားဟု၊ ရေးသားညွှန်ကြား ဤသမိုင်းကား၊ ဆစ်ပိုင်းကုန်အုပ်၊ နိဂုံးချုပ်ခဲ့၊ သိမ်းရုပ်ခါသော်၊ အောင်,ဆု,ခေါ်,သား။ နတ်တော်ကြုံ၍၊ စာဆိုနေဦး၊ စုံစေ.ပြီးသတ်၊ ကမ္ဘည်းမှတ်သည်။- အမြတ်နိဗ္ဗာန်ရည်မှန်းတည်း။

၁၃၂၆-ခု၊— စာဆိုတော်နေ့။ ရဇဝထွန်း

၅-၁၂-၆၄

ဥပ္ပါဒကဏ္ဍ

(၁)

အရှင်ဇနကာဘိဝံသ၏ ဘာသာပြန်မှ ကောက်နုတ်ချက်
သီလရှင်မျိုးတာဝန်

ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်ပြီးချိန်မကြာခင် ပရိဗ္ဗာန်စံဘို့ တောင်းပန်လာသော မာရ်နတ်အား "ဘိက္ခု ဘိက္ခုနီဥပါသကာ ဥပါသိကာ" ဟူသော ပရိသတ်၄-ပါ၊တို့ တရားသိသိနှင့် ပြည့် ပြည့်စုံစုံ မရှိသေးသမျှ ပရိနိဗ္ဗာန်စံတော်မူမည်မဟုတ်သေးဟု မိန့် တော်မူ၍ ပရိသတ် ၄-ပါးစုံညီသောကြောင့်သာ ပရိနိဗ္ဗာန် စံတော်မူပါသည်၊ ယခုအခါဝယ် ဘိက္ခုနီပရိသတ် အဆက်ပြတ် နေပါပြီ၊ ထိုပရိသတ်၏နေရာ၌ သီလရှင်များ ဝင်ရောက်နေထိုင် လျက်ရှိပါသည်၊ ဘုရားလက်ထက်တော်၌ ဘိက္ခုနီများသည် ဘုရားကျင့်၍ များစွာသောအမျိုးသမီးများကို ယဉ်ကျေးလိမ္မာ အောင် တာဝန်ယူခဲ့ကြပါသည်၊ ဓမ္မာသောက မဟာရာဇာ၏ သမီးတော် သံဃမိတ္တာထေရီမသည် သီဟိုဠ်သို့လာ၍ အနုဠာဒေပီ အမှူးရှိသော နန်းတော်များကို ဘိက္ခုနီပြုပေးခဲ့ပါသည်။ ယခု အခါ ဘုန်းကြီးသိက္ခမ်းသော သီလရှင်များတွင် အထက်တန်း

အမျိုးသမီးများပါရှိပါသည်၊ ထိုအမျိုးသမီးများသည် မိမိတို့ကိုယ်တိုင်သာသနာ့ဝန်ဆောင်ရာတွင် တိုင်းပြည် အမျိုးသမီးများအတွက် တာဝန်ယူနိုင်လောက်သော စိတ်ခံတ်သတ္တိကို ဖြစ်စေသင့်ကြပါသည်။

ဘာသာခြားသီလရှင်များ

ဘုန်းကြီးသည် ဘာသာခြားသီလရှင်များ၏ အနေအထိုင်စသည်ကို အခွင့်သင့်တိုင်း သတိပြုပါသည်၊ သူတို့သည် ကလေးတွေကို ပညာသင်ပေး၏၊ အပ်ချုပ်ခြင်းစသော လက်မှုပညာများကိုတာ်ကျွမ်း၍သင်ပေးကြဟန်တူ၏၊ ဓားဘက်၌ကျွမ်းကျင်သူဘို့က ဆေးကုဒေးကြ၏၊ ဘုန်းကြီးသိရသော သီလရှင် ဆရာကြီး၏ ဆေးကုပုံမှာ အလွန်မေတ္တာဥာဏ်ရှိပါ၏၊ ကချို့ကဝေးကုဌာနေရာဒေသများကိုပင် ကုသပြုစုကြ၏၊ သူတို့၏ မေတ္တာကရုဏာအသက်ဝင်နေသော ဆေးကုမှုနည်းကြောင့် သူတို့ကိုအာဝေးကိုးကြိုး၏၊ မေတ္တာကရုဏာ အတုံ့ပြန်ကြ၏၊ သူတို့ကာမကြီးပွားဘဲမနေး ကောင်းကြီးပွားခွင့် ရှိပါပေသည်၊ သီလရှင်ဆရာမကြီး အုပ်ချုပ်သော မန္တလေးကွန်ဗင်းကျောင်းကား ကျောင်းသူအမျိုးသမီးကဒေသများ(နေရာမလောက်အောင်)ပြည့်လျှံနေပါတော့သည်။

သီလရှင်များ၏ဝန်ဆောင်ကျောင်းတိုက်

ဗုဒ္ဓဘာသာ သီလရှင်များလဲ ခေတ်နှင့်လျော်ညီစွာ အမျိုးသမီးကလေးများကို ပညာသင်ပေးမှု၊ အကျင့်စာရိတ္တပြုပြင်မှုများကို ပြုစေလိုပါသည်၊ ထိုသို့ပြုပြင်ဘို့ရန် ရဟန်းတော်များအတွက် ဝန်ဆောင်ကျောင်းတိုက်လိုသကဲ့သို့ သီလရှင်များအတွက်လဲ အမှန်ပင်ဝန်ဆောင်ကျောင်းတိုက်လိုပါလိမ့်မည်၊ ထိုသို့ဝန်ဆောင်ကျောင်းတိုက်ဝယ် စနစ်ကျသော ပညာကို သင်ယူကြပြီးနောက် မိမိတို့မြို့ရွာနယ်ပယ်သို့ပြန်၍ အမျိုးသမီးများ၏ အားကိုးရာများဖြစ်နိုင်မှသာ တနည်းတလမ်းအားဖြင့်ဖြန့်ဝေရန်ဘိက္ခုနီ ထေရီမတို့၏ နေရာဝင်၍ ဗုဒ္ဓသာသနာ့ဝန်ကို ထမ်းဆောင်ရာ ရောက်ကြပါလိမ့်မည်။

ကျန်းမာရေးပညာသင်ပါ

ဗုဒ္ဓဘာသာဝင် သီလရှင်များကို ဘာသာခြားသီလရှင်များကဲ့သို့ သူနာပြုဆရာမလုပ်ပါဟု မတိုက်တွန်းလိုပါ၊ သို့ရာတွင် မိမိကျောင်းအတွင်းရှိ သီလရှင်များနှင့် တပည့်မကလေးတို့၏ ကျန်းမာရေးကို စောင့်ရှောက်နိုင်ဘို့ရန် ကျန်းမာရေး ပညာကိုကား သင်ကြဘို့လိုပါသည်၊ သီလရှင်များသာမက, ရဟန်းတော်

များလည်း ရဟန်းသံဃာအချင်းချင်း စောင့်ရှောက်ဘို့ရန်နှင့် ကျောင်းသားလူငယ်များကို စောင့်ရှောက်ဘို့ရန် ကျောင်းတွင်းကျန်းမာရေးပညာကို တတ်သင့်ပါသည်၊ ဗုဒ္ဓမြတ်စွာဘုရား ဘေသဇ္ဇခန္ဓကခေါ်သော ပါဠိတော်တရပ်လုံးဌှ ဆေးနည်းများကို ဟောတော်မူ၏၊ "ဆရာသည် တပည့်မကျန်းမာလျှင် ပြုစုလုပ်ကျေးရမည်"ဟု ပညတ်တော်မူ၏၊ ပဥ္စကနိပါတ်အဂုံတို့ရှိ လာ ဂိလာနဝဂ်ဌကား "ဂိလာနအတွက် ဆေးစိမ်တတ်(ဆေးစပ်တတ်)ရမည်, သင့်-မသင့် အစာကို သိရမည်"စသည်ဖြင့် အင်္ဂါ ၅-ပါးကိုဟောတော်မူ၏၊ထို့ကြောင့် ဆရာဖြစ်သူတိုင်းကျန်းမာရေးအတတ် ဆေးအတတ်များကိုတတ်၍ တပည့်များကိုလည်း သင်ပေးထိုက်ပါသည်၊ ဤသို့အသီးသီးတာဝန်ကို ကျေပွန်စွာ ဆောင်ကြမှသာ ဤနိုင်ငံနှင့် ဤ သာ သ နာ တိုးတက်နိုင်စရာရှိပါသည်။

(၂)

သီလရှင်ကျင့်ဝတ်

(ဝိစိတ္တာသာရ ဒေသနာ, ဒုတိယတွဲမှ ထုတ်နုတ်ချက်)

ကေနိပါတ် အာဗဒါသမုခ ဇာတ်မှာလည်း သရက်ဥယျာဉ်ထဲမှာနေသော ရသေ့တွေ ကုလဒူသန မိစ္ဆာဇီဝမှု ပြုကြလွန်း

ဘုံသစ်သီးဝလံတွေ ခါးစပ် ချဉ်စုတ် အရသာ ယုတ်ကုန်တယ်လို့ လာ၏၊ ဤစကားကို ထောက်သော် ရဿမျိုးနှင့် ပရိဗိုဇ်မျိုး ကဲ့ကြလှသည် မဟုတ်သောကြောင့် သီလရှင် များမှာ လဲ ကုလဒူသန မိစ္ဆာဇီဝမျိုးရှိတယ်လို့ဆိုရမယ်၊ ကုလဒူသနမိစ္ဆာဇီဝ မျိုးရှိတယ်လို့ ဆိုလိုက်သဖြင့် ဘယ်လိုဖြစ်သွားသလဲ၊ သီလရှင် များဟာ အဆွဲမတော်သူ, အမျိုးမတော်သူ, ဝေယျာဝစ္စ မဆောင်ရွက်သူ, အလုပ်အကျွေးမလုပ်သူများ သစ်သီးမပေး ကောင်း၊ ပန်းမပေးကောင်း၊ မကျွေးမမွေးကောင်းဟု ဆိုရလိမ့် မယ်။

ထိုသူတို့ထံ ဝစီဝိညတ်စွက်ဖက် နှုတ်ကမြွက်၍ မတောင်း မရမ်း မရှာမဖွေကောင်း၊ ဆန်ရှာရာမှာ ပေးကမ်းစွန့်ကြဲဘို့ရာ ဆုတောင်းရွတ်ဆို၍ မတောင်းကောင်း၊ ဘုန်းကြီးများ ဆွမ်းခံ သလို ကာယဝိညတ်ကိုယ်ဖြင့် ရပ်ခံရှာအပ်တယ်၊ ယခုက စ ဆန်ရှာ ဆုတောင်းတွေ မေ့ပျောက် ပစ်လိုက်ကြပေတော့၊ သေးလဲသေးသိမ်ပါတယ်၊ မသုံးကြပါနှင့်၊ ဆုတောင်း အချီး ပဲနဲ့ပြီး ဆိုတာတွေ တော်တော်ကြာ နားကြားပျင်းလာမှာပါ။

ငွေကိုင် ကြေးကိုင်မှာလဲ သီလရှင်များကိုင်ဘို့မသင့်ဘူး၊ ဘုန်းကြီးများလို့ ကမ္မဝါစာရိကာ ထားဘို့သင့်တယ်၊ ဇာတရူပ ရဇတသိက္ခာပုဒ်ပါသော ဆယ်ပါးသီလသည် သီလရှင်များမှာ နိစ္စသီလဖြစ်ရမယ်၊ သီလရှင်များလဲ ရဟန်းမျိုးဘဲ၊ ပိုက်ဆံ ကြေးငွေ မကိုင် မခံကောင်းဘူး၊ ရှစ်ပါး သီလလောက် ခံပြီး

ဒဋ္ဌကိုင်တဲ့ ထုံးစံကြီးကို စတင်ဖျက်ဆီးဘို့ တယ် ခဲယဉ်းတယ်၊ နည်းဟောင်းကြီးရယ်လို့ အကောင်းလုပ်မနေကြနှင့်၊ ယခုပြောတာ နည်းသစ်ရယ်လို့မလိုက်နဲ့ဘဲလဲ မရှိကြနှင့်၊ ရှေးရှေး ရဟန်းမျိုးတို့ ကျင့်ရတဲ့နည်းဟောင်း မြုပ်တိမ်၍နေတာ ဖော်ထုတ်တာဘဲနော်၊ ဤနည်းဟောင်းအတိုင်း လိုက်နာမှ ဝတ်ကြောင်မတွေ့ထက် ထူးမယ်၊ သို့မဟုတ်ရင်တော့ မယ်သီလကော တို့ထက် ဘာထူးသေးသလဲ၊ ရှစ်ပါးသမားဘဲလို့ ပြောဦးမှာဘဲ။

သီလရှင် သာသနာကြီးဟာ အရပ်တိုင်းလိုဘဲ ပျံ့နှံ့လာပြီ၊ ပေါ့ပေါ့ဆဆနေလို့မရဘူး၊ အထူးဂရုစိုက်ကြ၊ အခု့ိ သီလရှင်ဆရာကြီးများ ဒဋ္ဌမကိုင်ဘဲ အမြဲ ဆယ်ပါးသီလနှင့်ဟာများတွေ့ဘူးတယ်။ သာဟာ-ကျနတဲ့နည်းပေဘဲ၊ သိက္ခာပုဒ်များလဲ ခံယူဆောက်တည်ထားတဲ့ ရှစ်ပါး ဆယ်ပါးကလေးထဲကလောက် ကြည့်ပြီး သည့်ပြင်ဟာတွေ့ အလွတ်ကြီးဘဲလို့ လုပ်မနေကြပါနဲ့၊ ပဗ္ဗဇိတဘာဝေါ ဒုလ္လဘောထဲ၌ ပဗ္ဗဇိတအရမှာ ပရိဗ္ဗာဇကပဗ္ဗဇိတအဖြစ်နှင့် သီလရှင်များလည်း ပါဝင်တယ်၊ ဒုလ္လဘငါးပါးစလုံး အကုန်သိမ်းကျုံးရတယ် ဆိုတုန်းက ဝမ်းမြောက်ကြတာလို့ ကျင့်ရာကျ ရဟန်းများ ကျင့်ဝတ်သီလထဲက အခု့ိ အဝက်ကို ယူကျင့်မယ်ဆိုတာလဲ ဝမ်းမြောက်နိုင်မှ ကောင်းမှာ။

ရဟန်းလေးများထဲ ပါဝင်တယ်ဆိုတော့ ဝမ်းသာအားရတက်ကြွပြီးတော့ ရဟန်းကျင့်ဝတ်တရားထဲက တပိုင်း တစသင့်လျော်နေရာကျတာ ယူကျင့်ရမယ်ဆိုတော့ ရှဲ့မဲ့မဲ့ လုပ်မနေ

ကြနဲ့၊ တခုဝမ်းသာအားရဖြစ်လျှင် တခုလဲ ဝမ်းသာ ရှင်ပျ အားရနှစ်သက်ဖြစ်ရလိမ့်မယ်၊ သာတင့် ဆရာဘုရား အခေါ်ခံကြ တဲ့ တိုက်စီးတိုက်အုပ် တိုက်ချုပ်လုပ်နေကြတဲ့ ဆရာကြီးတွေက စတင်တည်ထောင်ကြရမယ်၊ သို့မှနောက်လိုက်တွေဟာ 'အရင်းလဲ အဖျားထင်းဖြစ်' ဆိုတာလို ဖြစ်ကြမှာ။

(၃)

တရုပ်ပြည်၌ ယခုတိုင် ဘိက္ခုနီမများ ရှိသေးကြောင်း

ဗုဒ္ဓဘာသာသည် တရုပ်ပြည်သို့ သာသနာနှစ် ၃၂၇-နှင့် (၂၁၇-ဘီစီ)ကပင် စတင်ရောက်ရှိကြောင်း အဆိုရှိ၏၊ သို့သော် သာသနာ ၆၁၁(၆၇-ဘီစီ)တွင်မှ သိသိသာသာ ရောက်ရှိသည်ဟု မှတ်သား ရပေသည်။ (ဦး ဖိုး ကျား- မြောက် ပိုင်း ဗုဒ္ဓ ဘာသာ-၈၇)

ထိုရောက်စ အချိန်တွင်းမှာပင် မိဖုရားကြီးတဦးဖြစ်သော သျှဉ်ဦးနှင့် မောင်းမမိဿ တရာ့ကိုးဆယ် ဘိက္ခုနီပြုလုပ်ကြ ကြောင်းနှင့် တရုတ်ပြည်၌ ဘိက္ခုနီသာသနာ ပွင့်လင်းပုံကို မှတ်သားရ၏၊ (ဗုဒ္ဓနိုင်ငံတော်- ၂၉၉) သို့သော် တရုတ်ပြည်သို့

ရောက်ရှိလာသော ဗုဒ္ဓဘာသာကား ထေရဝါဒ ဗုဒ္ဓဘာသာ မဟုတ်၊ မြောက်ပိုင်း ဗုဒ္ဓဘာသာခေါ် မဟာယာန ဗုဒ္ဓဘာသာ ဖြစ်လေသည်။

ငှင်းတို့ မဟာယာန ဗုဒ္ဓဘာသာအနေဖြင့် ဘိုကျွန်သံဃာ အဆက်မပြတ်ယခုတိုင်ရှိသည်ဟု သိရပေသည်၊ ထိုအကြောင်းနှင့် ပတ်သက်၍ သခင်ချစ်မောင် ရေးသားသော ကမ္ဘာလှည့် သခင် ကိုယ်တော်မိုင်း စာအုပ်တွင် အောက်ပါအတိုင်းပါရှိ၏။

"ဘရုတ်ပြည်မှာ ဘိုကျွန်မ သာသနာရှိတယ်လို့ ကြားသိ ရပါတယ် ဘုရား"

"မှန်ပါတယ် ဒကာကြီး၊ ဘိုကျွန်မတွေဟာ ဆရာတော် များလို့ဘဲ သူတို့တိုက်နှင့် သူတို့ အသိုးသီးရှိကြပါတယ်"

"ဘိုကျွန် မများရဲ့ သိကၡာပုဒ်တွေဟာ ဆရာတော်တို့ ရဟန်းတော်များနဲ့ ခြားနားပါသလား ဘုရား"

"အခြေခံအားဖြင့်တော့ မခြားနားပါဘူး၊ သို့ပေမဲ့ သိကၡာပုဒ်ငယ်တွေမှာ ဘိုကျွန်မများက ပိုပြီးများပါတယ်၊ ဆရာ တော်တို့မှာ ပါရာဇိက ၄- ပါးနဲ့ သိကၡာပုဒ်ကြီးတွေ အပြင် သိကၡာပုဒ်ငယ်ပေါင်း ၁၅၀-ကျော်ရှိပါတယ်၊ ဘိုကျွန်မတွေမှာ

တော့ သိက္ခာပုဒ်ငယ်တွေကပင် ၂၀၀-ကျော် ရှိပါတယ်၊ ဒကာကြီး”

(ကမ္ဘာလှည့် သခင်ကိုယ်တော်မိုင်း - ၆၇)

(ဆရာကြီး ဦးမိုင်းနှင့် တရုတ်ဆရာတော်ကြီးများ ဆွေးနွေးချက်မှ ဘိက္ခုနီနှင့် ပတ်သက်၍ အထက်ပါအတိုင်း တွေ့ရ၏။ မဟာယာန ဗုဒ္ဓဘာသာဆိုင်ရာ ဘိက္ခုနီများဖြစ်ရာ ထေရဝါဒ ဘိက္ခုနီများနှင့် အဝတ်အဆင် အကျင့်သိက္ခာမှစ၍ ကဲလဲလျက် ရှိလေသည်၊ အဝတ်အဆင်အကြောင်း အထက်ပါ စာအုပ်တွင် မဖော်ပြထားသော်လည်း အကျင့်သိက္ခာနှင့်ပတ်သက်၍ ဖော်ပြထားချက်မှာ ဘိက္ခုနီ ပါတိမောက်လာ သိက္ခာပုဒ်များနှင့် ကဲလဲလျက်ရှိနေသည်ကို တွေ့ရပေလိမ့်မည်။

ထိုတရုတ်ပြည်ကဲ့သို့ပင် တောင်ဗီယက်နမ် ပြည်၌လည်း ဘိက္ခုနီများရှိကြောင်း ကြားသိရ၏။ ကမ္ဘောဒီးယား, ယိုးဒယား, လာအိုတို့ကား ထေရဝါဒ နိုင်ငံများဖြစ်ရာ မြန်မာနိုင်ငံ၌ကဲ့သို့ပင် သီလရှင်များကိုသာ တွေ့မြင်ရလေသည်၊ သို့သော် ၎င်း သီလရှင်တို့ကား မဏ္ဍရင်္အန္ဒယ်ပီသစွာ ယခုတိုင် အဖြူဆုတ်ဆုတ်များကို ဝတ်ရုံ၍ နေကြဆဲပင်ဖြစ်လေ၏)။

(၄)

ရွှေကိုင်းသား၏ သံကစ္စဝံကမ္မတ်ချက်

သံကစ္စဝံကကို ရွှေးနိသဃယဆရာတို့က ရင်လှမ်း သဘက်ဟု ပြန်ဆိုထား သည့်အတိုင်း လက္ခဏ်ချင်ပါသည်၊ ဆရာတော် ဦးဗုဒ္ဓကလည်း ၎င်းသိက္ခာပုဒ်တွင် သံကစ္စဝံကကို တဘက်ဟု ပြန်ဆိုပြီးနောက် မှတ်ချက်တွင် "တဘက်ဟူသည် ညှပ်ရိုးမှအောက် ချက်မှ အထက်ကိုယ်အရပ်ကို ဖုံးလွှမ်းခြင်းငှာပြုအပ်သောအဝတ်တည်း၊ ထို့ကြောင့် ပဒဘာဇနီတွင် "သံကစ္စဝံကံနာမ အင်္ကဲကံ ဥဇ္ဈနာဘိ တဿပဋိစ္ဆာဒနတ္ထာယ"ဟုလာသည်၊အတောင် အထွာကို မလာ"ဟု ဆိုခဲ့ပါသည်။

ပဒဘာဇနီလာသည့်အတိုင်း ပုဂံခေတ် ကျန်စစ်သားမင်းကောင်းမှု အပယ်ရတနာ နဂါးရုံ မြင်းကပါ ဂူပျောက်ကြီးစသော ကူဘုရားများ၏ နံရံများ၌ ရေးချယ်ခဲ့သော ဆေးရေးပန်းချီကားများမှ နန်းတွင်း အာမျိုးသမီး ပုံများတွင် ရင်သားလောက်သာ ရစ်ပတ်ဖုံးလွှမ်းထားသော ရင်စည်း တဘက်မျိုးတွေ့ရပါသည်၊ သိက္ခာပုဒ် ပညတ်ရခြင်းကလည်း မြို့လယ်လမ်းမတခုတွင် လွေပွဲဝှေ့စဉ် သားမြတ်အုံပေါ်၍ အရှက်ရခဲ့သော ဘိက္ခုနီတယောက်ကို အကြောင်းပြု၍ ပညတ်ခြင်း ဖြစ်ခဲ့ရာ

ချိုင်းအောက်မှ ပေါ်ငင်းအထိ မလိုဘဲ ရင်သားလုံခြုံရေးသာလိုပါမည်။

(ဤစာအုပ်၌ ပါရှိသော သံကိစ္စ°က အကြောင်းနှင့် ဆက်စပ် မှတ်သားရန် ထည့်သွင်းလိုက်ပါသည်)

(၅)

သီလရှင် အဝတ်အစားနှင့် ပတ်သက်၍ ဂျာနယ်ကျော် မမလေး၏ ဝတ္ထုတပုဒ်မှ ကောက်နုတ်ဖော်ပြချက်။

"ရော့-သည် ခါးဝတ်ကိုအယင်လဲ" ခင်မေသည် မကုမ္မာရီ လက်ထဲမှ ခါးဝတ်ဆိုသည်ကို လှမ်း၍ယူသည်၊ ခါးဝတ်ဆိုသည်မှာ အထက်ဆင်မရှိသော မြေနီဆိုးထားသည့် အရောင်ရင့်ရင့် ပိတ်ထမီဖြစ်သည်၊ ခင်မေသည် ခါးထဲက ထမီနှင့် ခါးဝတ်ကို လဲလိုက်လေသည်။

"အပေါ်အင်္ကျီကို ခွဲတ်ပြီး ဟောဒီလက်ကြပ်နဲ့လဲဝတ်"

အဝါမကျ အနီမကျ စပ်ခဲဆိုးထားသော ဘင်္ဂလီလုက်ကြပ် အင်္ကျီကို ခေါင်းလျှိ၍စွပ်ကာ ရှေကပိတ်ကြယ်သီးကလေးများကိုစေ့တပ်လိုက်လေသည်။

မကုမ္မာရီသည် ထပ်၍ကိုင်ထားသော အဝတ်ကို လက်တဖက်စီ ခွဲပြောင်း၍ ကိုင်လိုက်ကာ "ဟောဒီက ကိုက်၊ ဟော

"ဒါက ကိုယ်ရုံ၊ ဒါက ခေါင်.တင်"ဟု ပြယင်း ကိုက်ကို အယင်
ကမ်းပေး လိုက်သည်။

ကိုက်, ကိုယ်ရုံတို့သည် စပ်ခဲဆိုးသော ဘင်္ဂလီလက်ကြပ်
အင်္ကျီနှင့် တသွေးတရောင်တည်း ဖြစ်ကြသည်၊ လက်ကြပ် အင်္ကျီ
ပေါ်ထပ်၍ လက်တဖက်လျှို ဝတ်ရသည့် ကိုက်ကို လက်တဖက်
လျှို၍ စုပ်ချလိုက်လျှင် ကိုယ်လုံးနှင့် ကပ်နေလျက် ခြေသလုံး
အလယ်ရောက်အောင်ရှည်လေသည်။

ကိုက်ကိုစုပ်၍ ချပြီးနောက် ကိုယ်ရုံ အဝတ်ကို ဖြန့်လိုက်
လေကာ တစကို ဘယ်ပခုံးပေါ်၌ချ၍ တစက ဘယ်ဘက် လက်
အောက်လျှိုပြီး အစချင်းထပ်လျက် လက်ကန်တော့ထိုး လှမ်းရုံ
လိုက်ရလေသည်။

ခင်မေသည် ကိုယ်ရုံကို ဝတ်ပြီးနောက် ခေါင်းတင်
အဝတ်ပတ်ထားလျက် မိန်းမ ပီပီကလေး ဝါးကြမ်းပေါ်၌
ထိုင်နေလေသည်။

၁၉၅၃-ခု မတ်လထုတ် ဂန္ဓဝင် ဂျာနယ် အမှတ်-၁၁
ဂျာနယ် ကျော် မမလေး၏ ခေမာရီ ဝတ္ထုမှ-
(ဖော်ပြပါ သီလရှင် ဝတ်စား ဆင်ယင်ပုံမှာ အမျိုးသမီး
စာရေးဆရာတဦး၏ မျက်မြင်အတိုင်း ရေးသားထားချက် ဖြစ်
သည်၊ ဤသီလရှင်သမိုင်း တနေရာ၌ ရှိသော သီလရှင်အဝတ်
၆-မျိုး စာရင်းနှင့် နှိုင်းယှဉ်၍ ဌာနအားလျော်စွာ အခေါ်
အဝေါ် အသုံး အနှုန်း ကွဲလွဲမှုများကို မှတ်သားသင့်သဖြင့်
ဤ၌ ဖော်ပြလိုက်ပါသည်)။

(၆)

သီလရှင် ဝတ်ပုံဝတ်နည်းများမှာ တကျောင်း တဂါ
ထာ တရွာတပုဒ်ဆန်းဟူသကဲ့သို့ တမြို့နှင့်တမြို့ တကျောင်းနှင့်
တကျောင်း ဝှေ့ညီကြမည်မဟုတ်ပေ၊ အချို့နေရာတွင် ရိုးရိုးပင်
ခေါင်းရိတ်ဆံချကာ သီလရှင်ဝတ် ဝတ် ပေး လိုက် ပြီးနောက်
ရှစ်ပါးသီလ ခံယူရုံမျှဖြင့် ပြီးကြသည်လည်း ရှိပေသည်၊ သို့သော်
အချို့သီလရှင်တိုက်ကြီးများဌာကား တခမ်းတနားပင် ပြုလုပ်ပေး
ကြလေသည်။

ရန်ကုန် ဟံသာဝတီရပ် မြန်အောင် သီလရှင်တိုက်ခေါ်
ဒေါ်ညာနုစာရီ၏ စံပြသဒ္ဓါဒယ သီလရှင်တိုက်၌ တခင်း
တနား ပြုလုပ်ပေးလေ့ရှိကြောင်း သိရ၏၊ သီလရှင် ဝတ်လုံ၍
လာရောက်ကြသူ အမျိုးသမီးများအား အနည်းဆုံး တလခန့်
လူဝတ်နှင့်ပင် ထား၍ စာကျက်နေစေသေးသည်။ (ကျောင်းပိတ်
ရက်၌ ယာယီမျှ ဝတ်ကြသူများအားကား ချက်ချင်းပင် ဝတ်
ပေးလေသည်) အမြဲ သီလရှင် ဝတ်မည့် အမျိုးသမီးကလေး
များအား သီလဆောင်း ဒုတိယ သာကာရ ကမ္မဋ္ဌာန်းမှ စ၍
ကျက်မှတ်ဖွယ် များကို ကျက်မှတ်စေပြီးနောက် သီလရှင်ဝတ်
မည့်ရက်တွင် ဆရာတော် ၅-ပါး ၁၀-ပါးခန့် ပင့်၍ ဆွမ်း
များကပ်စေလေ၏၊ ထို့နောက် ဒုတိယ သာကာရ ကမ္မဋ္ဌာန်း ကေ
သာလောမာစသည်ကို ရွတ်ဆိုစေပြီး ဆံချပေးလေသည်။

ပြီးလျှင် မိဘများက သီလရှင်ဆရာကြီးထံ အပ်နှံသော စာကို ဆိုစေ၍ အပ်နှံပြီးနောက် သီလရှင်လောင်း အမျိုးသမီးက သီလရှင်ဝတ်စုံ တောင်းစာ ကို ရွတ်ဆို၍ ဆရာကြီး ထံ၌ တောင်းရ၏၊ ထိုနောက် ဆရာကြီးက ဝတ်စုံကိုပေး၍ ဝတ်ဆင်စေကာ ဆရာတော်ဘုရားများထံ သီလတောင်း၍ သီလခံယူရလေသည်၊ (စံပြသီလရှင်တိုက်၌ကား ကိုးပါးသီလကို တောင်းခံကျင့်သုံးရသည်ဟု ဆိုပေသည်)။ ယင်းသည့်နောက်မှ ဆိုင်ရာ ဝတ္တရားများကို သင်ကြားကျင့်သုံးရသည်ဟု သိရပေ၏။

(၇)

သီလရှင်တိုက်တိုင်း လိုက်နာ ကျင့်သုံးလျက် ရှိနေသော မဟာဂန္ဓာရုံ ဆရာတော် ဘုရားကြီး၏ သီလရှင် ဥပဒေကျင့်ခဏ်း

(သီလရှင် ဥပဒေကျင့်ခဏ်းကို နှုတ်တက် အရဆောင်ကြရမည်)

ရှေနောက်စဉ်းစား သတိထား ဉာဏ်အာ၊အမှန်ကြည့်။
ကြည့်လို့မြင်သော် တော်မတော် အဖော်ညှိနှိုင်းဘိ။
အဖော်နှင့်ပြော ဉာဏ်နှိုးနှော သဘောကျလေ့ရှိ၊
ထို့ကြောင့်ကဝိ ပညာရှိ မျက်စိဆုံးအောင်ကြည့်၊

ဘယ်သင်းဘယ်ဟာ အရာရာ ငါသာတတ်ချင်ဘိ၊
ပညာသတိ ဉာဏ်မသိ မှားမှန်းမသိ မှားတတ်၏၊

(တပည့်ကျင့်ခဏ်း ထုံးနည်းလမ်း တခဏ်းပြဦးအံ့)

ဆရာဒေါပြစ် ဆိုးအညစ် စင်စစ်မပြောရ၊
ဆရာဆုံးမ သြဝါဒ မုချနားထောင်ရ၊
ဆရာကိုမူ နှုတ်ခမ်းစူ ပြန်မူမပြောရ၊
ပြန်မပြောငြား ထိုသူအား နှစ်ပါးကိုယ်စိတ်ချမ်းသာရ၊
ကမ္မဋ္ဌာန်းထုတ်သူ သီလဖြူ နိဗ္ဗုလျင်မြန်ရ၊
ပရိယတ်ပဋိပတ် ကျင့်မြတ်နှစ်ဖြာ ပြည့်စုံတာ
တိုက်တာဂုဏ်ကြီးရ၊
တိုင်းဂုဏ်ရှိငြား လွန်ကြီးပွားး ဘုရားသာသနာ ချီး
မြောက်ရ၊

သာသနာမူ ချီးမြောက်ဟူ နိဗ္ဗုလျင်မြန်ရ၊
တောထဲတောင်ထဲ တယောက်တဲ ထင်းလဲမခွေရ၊
ပြေးလားလွှားလား တဟားဟား လားလားမပြုရ၊

ရေခပ်ရေချိုး သည်နှစ်မျိုး ကိုယ်ကျိုးရှဲအောင်သွား၊
ညာလှမ်းရုပ်နာမ် ဘယ်လှမ်းဖြစ်ပျက် ထင်မြင်လျက်
မပျက်ခရီးသွား၊

သွားတိုင်းသွားတိုင်း စိတ်မချိုင်း ကသိုဏ်းခြေမှာထား၊
ခြေဖာလှမ်းနှုန် သခင်္ဂြတန် နိဗ္ဗာန်ရဘို့သွား၊
ဆွမ်းလောင်းပြန်လျှင် သီလရှင် ငယ်လျှင်မခိုင်းနှင့်၊
ဆွမ်းကပ်ပြန်လျှင် သီလရှင် ကိုယ်ပင်မကပ်နှင့်၊
ဆွမ်းကပ်ပြန်ရာ ဘုဉ်းပေးပါ တစာစာမလျှောက်ကြနှင့်၊
ဆွမ်းကျွေးသောခါ ဒါယကာ ပါးမှာမခွာနှင့်၊
ရဟန်းတပါး အိမ်ဘွင်းများ ယောကျ်ားကင်းရှိမပင့်ရ၊
ဆွေဘုန်းကြီးများ ဝင်ပြန်ငြား
ဘုရားကျောင်းမှာညှဉ်ခံကြ၊
ညဉ့်အိပ်ပြန်လို့ ထိုဘုန်းမို့ ကျောင်းကိုညှန်းပါကြ၊
ရဟန်းတော်များ နီးအပါး ဝပ်တွားရှိသေကြ၊
တရားနာလျှင် သမ္မာဇဉ် ယှဉ်၍နာပါကြ၊
တရားတော်ကို လွန်ကြည်ညို ပုဂ္ဂိုလ်မချစ်ရ၊
ပုဂ္ဂိုလ်ချစ်မျိုး စိတ်မရိုး ကိုယ်ကျိုးပျက်စီးရ၊
သူငါမြင်လျှင် မေးငေါ့ခွင် ကိုယ်တွင်ရှက်ကြီးရ၊
လောကုတ်လောကီ ကျိုးနှစ်လီ ဘယ်ဆီဟန်မရ၊
သာသနာဖျက် သည်အတွက် နံရက်ထောက်ပြန်ရ၊
လောကီမှာလဲ ကိုယ်ဖြစ်နဲ့ ဆင်းရဲစိတ်ဒုက္ခ၊
ထို့ကြောင့်သာပ မျိုးသိဿ အားထုတ်ကျင့်ပါကြ၊
စစ်ကိုင်းမြို့မြောက် ဘောင်တလျှောက် ထွန်းတောက်
ဆောင်ဝါ သာသနာ လွန်စ့ဳာထွန်းလတံ့။

ဥဩဿမုံတ်ခါ သာသနာ ရောင်ဝါနေသို့ ထွန်းလတံ့။ ထွန်းသည့်သာသနာ သတ္တဝါထိုခါရေသို့အေးလတံ့။ သီလရှင်တို့ နိဗ္ဗာန်သို့ ရောက်ဘို့ ကိုယ်နှုတ် ဆုံးမရပါသည်ဘုရား။

စကားပြောကျယ်၊ အနှယ်ကျယ်၊ အခေါ်ကျယ်၊ အခေါ်ချကျယ်အသန်းကျယ်၊ ကျယ်ငါးပါးကို ပယ်ရပါသည်ဘုရား။

စကားများ၊ အရယ်များ၊ အအိပ်များ အစားများ၊ နဝကမ္မများ၊ ပစ္စည်းစုများ၊ လူငယ်တို့နှင့် ရောနှောများ၊ အလည်အပတ်များ၊ များရှစ်ပါးကို ပယ်ရပါသည်ဘုရား။

အစား၊ အအိပ်၊ အသွား၊ အထိုင်၊ အရယ်၊ စိတ်၊ ကိုယ်၊ နှုတ်၊ အဆုံးအမ ကြမ်း၊ ကြမ်း၉—ကြမ်းကို ပယ်ရပါသည်ဘုရား။

ဆန်ပိုး၊ ထင်းပိုး၊ ဟင်းရွက်ပိုး၊ ဓရေပိုး စသည် ရှောင်ကြဉ်ရပါသည်ဘုရား။

စားဘွယ်သီးမျိုး တကြိမ်ခိုး ထမ်းပိုး ဒဏ်သုံးဆယ်ပါဘုရား။

နှစ်ကြိမ်ခြောက်ဆယ် သုံးကြိမ်ဝယ် ချောင်မယ်မနေရပါဘုရား။

ပါးချဆိုငြား ခိုက်ရန်ပွား ထွက်သွားချောင်ကပါဘုရား။ သီလချစ်ငြား မယ်သီအား ဘုရားမျှော်ပဲ့ မလိုက်ရပါဘုရား။

ပဲမချိုငြား ဘုရားသွား များများကုသိုလ်ရပါသည်ဘုရား။
ခင်သီနှင့်ခင်ကြီး လွန်ပွန်းတီး အနီးနေမှု ချောင်၍ မနေအပ်ပါဘုရား။
အနီးနေသူ အခေါက်ထူ လူဟူသမျှ နှုတ်ခမ်းစူကြပါသည်ဘုရား၊
ဘုန်းကြီးကျောင်းကို သွားမည်ဆို တကိုယ်တည်းမသွားရပါဘုရား၊
ဘုန်းကြီးနှင့် သီလရှင် ကျမ်းတင် ရယ်ရွှင်စကား တပြောပြောနေငြား ထွက်သွားချောင်ကပါဘုရား။
ဘုန်းကြီးမျှားထံ စာတက်ပြန် လျင်မြန်ချောင်ကထွက်သွားရပါသည်ဘုရား။
ဆွေမျိုးတော် မတော် ယောကျ်ားသော်မလျော် အဝေးကခွောင်ရပါသည်ဘုရား။
ကျားသစ်ဆင်မြေ ရန်သူတွေ့ ကြောက်လေအဝေးကရှောင်ရသလိုပါဘုရား။
ညဉ့်ချေ နံနက် ရက်မပျက် ဝတ်တက် ဆွမ်းတော်ကပ်အမှန်လိုက်ရပါသည်ဘုရား။
အရာရာမှာသည်းခံတာ များစွာ ကြီးပွားပါသည်ဘုရား။
တိုက်ဘာဂုဏ်နိမ် ပုန်းတိတ်ဘိ ဆေးလိပ်သောက်ခြင်း မနေရပါဘုရား။
နွေလဲဆွမ်းစား ဆေးဝါးငြား ထွက်သွား ချောင်ကပါဘုရား။

ဝါပဝါတွင်း လေးသီတင်း ဆားဟင်းကောသနိုက် ပတ္ထပိုဏ် တတိုက်လုံးစားရပါသည်ဘုရား။

ဝါပဝါတွင်း လေးသီတင်း မပျင်းတတိုက်လုံးကမ္မဋ္ဌာန်း စီးဖြန်းရပါသည် ဘုရား။

ဘောဘုမ္မကရုပ်နာမ်တို့သည် အဖန်ဖန် ဖြစ်ပျက်၍ အနှစ် သာရ ဘာတခုမျှမရှိကုန်ပါတကား၊

အဇ္ဈတ္တရုပ်နာမ်တို့သည် အဖန်ဖန်ဖြစ်ပျက်၍ အနှစ်သာရ ဘာတခုမျှ မရှိကုန်ပါတကား။

ဒုက္ခဝေဒနာတို့သည် အဖန်ဖန်ဖြစ်ပျက်၍ အနှစ်သာရ ဘာတခုမျှ မရှိကုန်ပါတကား။

တောဘုမ္မကရုပ်နာမ်တို့သည် အိုခြင်း, နာခြင်း, သေခြင်း တို့ကို အစိုးမရ၍ အနတ္တသဘောတရားချည်းပါတကား။

အဇ္ဈတ္တရုပ်နာမ်တို့သည် အိုခြင်း, နာခြင်း, သေခြင်း တို့ကို အစိုးမရ၍ အနတ္တသဘောတရားချည်းပါတကား။

တောဘုမ္မက ရုပ်နာမ်တို့သည် ရာဂ, ဒေါသ, မောဟစသည် မီးတောက်လောင်၍ အလွန်ပူသော မီးပုံကြီးတို့ပါတကား။

နိဗ္ဗာန်သည် မီးအလုံးစုံ အကုန်ချုပ်ငြိမ်း၍ အလွန် အေးမြပါတကား။

သီလရှင်မယ် ကျင့်သုံးဆယ် နှုတ်ဝယ်ရအောင် ဆောင်ရွက်ပါသည် ဘုရား။

သီလရှင် ဥပဒေကျင့်ဝတ်း ပြီး၏။

ဤသို့ဆို အပ်ခဲ့ပြီးသော အချို့သောတရား၏
အဓိပ္ပာယ်ကို အကျယ်ဆိုပေအံ့။

(သံပေါက်စာတို့ကို သီလရှင်များရအောင်ကျက်ရမည်)

သီလရှင်များမှာ တဦးနှင့်တဦးစကားပြောလျှင် 'တပည့်တော်မ' ထည့်၍ စကားပြောရမည်၊ တယောက်နှင့်တယောက် ခေါ်လျှင် 'ဘုရား' ထူးရမည်။

သီလရှင်၊ ဆရာ၊ ခင်သီ- ဟူ၍ သုံးမျိုးရှိ၏၊ ထိုတွင် သံဝေဂဉာဏ်ဖြင့် ဘုံသုံးတန်ကို ငြီးငွေ့လျက် သံသရာဘေးကို ရှု၍ သီလ, သမထ, ဝိပဿနာတရား တို့ကို အားထုတ်၍နေသော သူတို့ကို သီလရှင်ဟူ၍မှတ်။

ကရဏီယတရား ရှေးဦးထားလျက်တရားသဖြင့် ပစ္စည်းကို ရှာမှီး၍ ပရိယတ် ပဋိပတ်နှင်ပါးကို အားထုတ်၍နေသောသူတို့ကို ဆရာဟူ၍မှတ်။

လောဘတရားကို ဖြုန်ဦးထားလျက် ပစ္စည်းကို မတရားသဖြင့် ရှာမှီး၍ ပရိယာဒ် ပဋိပတ် နှစ်ပါးကို အားမထုတ်ဘဲ ပစ္စည်းခင်သောသူတို့ကို ခင်သီဟို၍မှတ်။

တနည်း-မယ်သီလ၊မယ်သီလေ၊ယ်သီလံ၊မယ်သီလော-ဟု၍ လေးမျိုးရှိ၏၊ ထိုတွင် ပရိယာဒ် ပဋိပတ်နှစ်ပါးကို အားထုတ်၍ နေသောသူတို့ကို ယ်သီလဟု၍မှတ်၊ တမြို့နှင့် တမြို့ ဘချောင်နှင့်ဘချောင် တဇရပ်နှင့်တဇရပ်သို့ ပြောင် သွား လှည့်လည်နေသောသူတို့ကို မယ်သီလဟု၍မှတ်၊ ဒဒါသ ကြီးမား၍ သူတပါးနှင့် မတည့်သောသူတို့ကို မယ်သီလံဟု၍မှတ်၊ လောဘ ဘရားကို ဖြုန်ဦးစွာထားလျက် အလိုကြီးသောသူ, သူတပါးကို လိမ်တာဆ် ကောက်တတ်သောသူ, ဆေးလိပ် သောက်သောသူ, နှလဲ့ ကွမ်းစားသောသူကို မယ်သီလောဟု၍မှတ်။

ရဟန်းသည်၊ ရဟန်း၊ ဘုန်းကြီး၊ ခင်ကြီးဟူ၍ သုံးမျိုးရှိ၏၊ ထိုတွင် သံဝေဂဉာဏ်ဖြင့် ဘုံသုံးတန်ကို ငြီးငွေ့၍ သံသရာဒေါးကိုရှုလျက်သီလ, သမထ, ဝိပဿနာတရားကို အားထုတ်နေသူတို့ကို ရဟန်းဟူ၍မှတ်၊ ကရဏာတရား ဖြုန်ဦးထားလျက် တရားသဖြင့် ပစ္စည်းကိုရှာမှီး၍ ပရိယတ် ပဋိပတ် နှစ်ပါးကို အားထုတ်၍ နေသောသူတို့ကို ဘုန်းကြီးဟူ၍မှတ်၊ လောဘတရား ဖြုန်ဦးထားလျက် မတရားသဖြင့် ပစ္စည်းကိုရှာမှီး၍ ပရိယတ် ပဋိပတ်နှစ်ပါးကို အားမထုတ်ဘဲ ပစ္စည်းကိုခင်သော သူတို့ကို ခင်ကြီးဟူ၍မှတ်။

ရဟန်းနှင့် သီလရှင်တို့မှာ ပညာပြခန်းသည်၊ ဘုန်းကြီးနှင့် ဆရာတို့မှာ ကရုဏာပြမခန်းသည်၊ ခင်ကြီးနှင့်ခင်ဗသိ ခင်သီတို့မှာ တဏှာပြခန်းသည်။

ငါးပိနှင့် လောက် စိန်နှင့် ကျောက်မှန် ဆွမ်းဆန်နှင့် ကြွက်ချေး ဘုန်းကြီးနှင့်သီလရှင်ဟူ၍ အာဘူတူပင် ရောယှက်ကာ နေတတ်သည်၊ များများကြီး သတိထားကြရမည်။

အစားကြမ်းမှာ-လက်များစွာနှင့် ဟင်းရည် ရှိသော ဟင်းခွက်ကို နှိုက်ခြင်း၊ ရှုးရှုးရဲရဲသောက်၍ စားခြင်း၊ အတိုင်းအရှည်မသိ ဟင်းရည်ဟင်းဖတ်ကို များစွာ အစားကြီးခြင်း၊ စကားတပြောပြောနှင့် စားခြင်း၊ ဝက်သား, ကြက်သား, အမဲသားကို လွန်စွာစုံမက်၍ အဝယ်ခိုင်းရာကြံ၍ စားခြင်း၊ ကွမ်းလဘက်, လဘက်ရေ, ကာဖီရေ စသည် အထွေထွေ သာယာရာကြံစားသောက်ခြင်း စသည်တည်း။

အအိပ်ကြမ်းမှာ-ကိုယ်ရုံတို့မကပ်ဘဲ ကိုယ်လုတ်အရောက် အိပ်ခြင်း၊ ပြိတ္တာကဲ့သို့ ပက်လက်အိပ်ခြင်း၊ တိရစ္ဆာန်များကဲ့သို့ မှောက်လျက်အိပ်ခြင်း (သူတော်ကောင်းများကဲ့သို့ စောင်း၍ အိပ်မိအောင် သတိဆောင်ရခြင်း) စသည်တည်း။

အသွားကြမ်းမှာ-လျင်မြန်စွာသွားခြင်း၊ တောင်မြောက်ကြည့်ရှု၍ လျှပ်ပေါ် လော်လီစွာသွားခြင်း၊ ကြမ်းနင်းပြင်းခြင်း၊ လှေခါး အတက်အဆင်းမြန်ခြင်း စသည်တည်း။

အာထိုင်ကြမ်းမှာ–မသိပ်မသဲ မပီမယိထိုင်ခြင်း၊ မရိုမသေကို ရိုကားရားထိုင်ခြင်း၊ သက်ကြီးဂုဏ်ကြီးတို့ကို တိုးဝှေ့တိုက်ခိုက်ခြင်း စသည်တည်း။

အရယ်ကြမ်းမှာ—လက်ခုပ် လက်ဝါးတီး၍ ရယ်ခြင်း၊ ခစ်ခစ်မြည်အောင်ရယ်ခြင်း ဟီးလားဟားလားအသံဖြင့် ပြင်းစွာရယ်ခြင်း၊ တကိုယ်လုံး ရွှဲထိုး နောက်လန် ရယ်ခြင်း စသည်တည်း။

စိတ်ကြမ်းမှာ–စိတ်အလွန်တိုခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ငြူစူစောင်းမြောင်းခြင်း၊ သူတပါးတို့အား မကောင်း ကြံခြင်း စသည်တည်း။

ကိုယ်ကြမ်းမှာ — သိတင်းသုံးဘော်တို့ရှေ့၌ မရိုမသေထိုင် ထ သွားလာခြင်း။ မကုန်းမကိုင်းနိုင်ခြင်း၊ ပုဆစ်,ဒူး,နဖူး, မြေကျ ဝတ်မချနိုင်ခြင်း စသည်တည်း။

နှုတ်ကြမ်းမှာ— ငမိုက်ငမဲငခွေးငဝက် မြည်တွန်ခြင်း၊ သီလရှင်တို့နှင့် မလျောက်ပတ် ပုံကြမ်းပတ်ကြမ်းစကား ပြောဆိုခြင်း စသည်တည်း။

အဆုံးမကြမ်းမှာ—ရိုက်နှက်ပုတ်ခတ်၍ ဆုံးမခြင်း၊ကာလဒေသမငဲ့မလင့်ဆုံးမခြင်း၊ ဓဒါသမာန်မာနနှင့် ဆုံးမခြင်းစသည်တည်း။

ကြည်ညိုဘွယ်သော ကိုယ်နှုတ် အမူအရာကိုပြခြင်းအကျိုး ငါးပါးကား....

၁။ မိမိကိုယ်ကို အစွပ်စွဲမခံရခြင်း၊

၂။ သီတင်းသုံးဘော်တို့ ကြည်ညိုချီးမွမ်းခြင်း၊

၃။ သတင်းကောင်းထွက်ခြင်း၊

၄။ မတွေ့မဝေ သေခြင်း၊

၅။ သေလျှင် အာယဲလေးပါးသို့ မလား၊ နတ်ရွာသုဂတိသို့ ရောက်ခြင်း ...အကျိုးငါးပါးတည်း။

ကြည်ညိုဘွယ်သော ကိုယ်နှုတ်အမူအရာမရှိခြင်း၌ အပြစ် ငါးပါးကား-

၁။ မိမိကိုယ်ကို အစွပ်စွဲခံရခြင်း၊

၂။ သီတင်းသုံးဘော်တို့ ကဲ့ရဲ့ခြင်း၊

၃။ မကောင်းသတင်း ပျံ့နှံ့ခြင်း၊

၄၊ တွေ့တွေ့ဝေဝေ သေရခြင်း၊

၅။ သေလျှင် အာယိယ်လေးပါး သွားရခြင်း....အပြစ်ငါးပါးတည်း။

"သမာဓိ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ" ပါဠိတော်လာသည်နှင့် အညီ လောကဓမ္မ၌ အကျိုးရှိသည် အကျိုးမရှိသည်ကို လျောက်ပတ်သည် မလျောက်ပတ်သည်ကို ဟုတ်တိုင်းမှန်စွာ ကောန်မုချ သိခြင်း၏ အကြောင်းဖြစ်သော ဝိပဿနာ မဂ်ဖိုလ်တို့ကို ဟုတ်တိုင်းမှန်စွာ ကောန် မုချ ထင်မြင်ခြင်း၏ အကြောင်းဖြစ်သော ကာယသုခ, စိတ္တသုခ, ဣရိယာ ပထသုခ, ပစ္စယသုခ, မနုဿသုခ, ဒေဝသုခ, သောတာပန်သုခ, သကဒါဂါမိသုခ, ဇာနာလာမိသုခ, အရဟာတ္တသုခ, နိဗ္ဗာနသုခတို့ကို ကောန်မုချ ရခြင်းအကြောင်း ဖြစ်သော စာသင်လျှင် ကောန်မုချ စာတတ်ခြင်း အကြောင်း ဖြစ်သော သမထကမ္မဋ္ဌာန်းတခုကို စာသင်သားတို့မှာ တနေ့ ဘနေ့မှာ အယုတ်ဆုံး တကြိမ် အာဃာတ်ရခြင်း၊ သမထ, ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့မှာ တနေ့တနေ့ အယုတ်ဆုံးသုံးကြိမ် အာဃာတ်ရခြင်း၊ အာဃာတ်ဘဲနေလျှင် ဒဏ် ၁၀-ခေါက် ဆမ်းရခြင်း။

ဂုဏ်ဥပဒေသည် ဥပဒေအပေါင်းတို့၏ ကျင့်နိုင်ခိုင်းခြုံနိုင် အာဃာတ်နိုင်ကြောင်း ဖြစ်သော "လိုရင်းကြီးမူလ ဥပဒေ" ဟူ၍ မှတ်။

သီလရှင်အသစ် ရောက်တိုင်း ရောက်တိုင်း ရွှတ့်ဖတ်ကြ ရမည်၊ သီလရှင်သစ်ပြုတိုင်း ပြုတိုင်း ရွှတ်ဖတ်ကြရမည်၊ ဤကား သဗ္ဗဘိစ္ဆ် ပြုကျင့်ရာသော ဥပဒေနည်းတည်း။

ဤသို့ဆိုအပ်ပြီးသည့် အထွဲထွေနည်းနယ ဥပဒေကို ကျင့်ရသည့် တို့တတွေ့မှာ ဘုရားရှင် မင်းပညတ်တော် ဝိနယ အစဉ်ကို ကျင့်ကြံကာ ကြိုးပမ်းသည့် ဘိက္ခုန် ရှင်ရဟန်းမတို့ သည် ဘေးမသန်း ရန်မမြောင် နိဗ္ဗာန်ပြည်ခေါင်ဝယ် စမူယ် ကာ ပျော်မွေ့ အငြိမ်းစား သုခကြီးကို တွေ့ကြသလို နည်း ဥပဒေ ပေါ်ပေါက်လာပေ၍ တကြိမ်မျှ တခေါက် အိပ်မက်ထဲ သော်မှ မရောက်ဘူးကြသည့် ဘေးမသန်း ရန်မကပ် ဆဲ့တခန်း မီးငြိမ်းသည့် ခေမာရပ်သောင်ကမ်းသို့ သေ့ဝမကြာ အမြန်လှမ်း ရတော့မည်ဟု ဝမ်းမြောက်ဝမ်းသာ ကြည်လင်စွာ သဒ္ဓါတရား ဖြင့် အနှစ်တရာ ရှည်ကြာမြင့်မှ တကြိမ် တခါသာ ပွင့်ဆန်း သည့် ပန်းကသစ်ပုပ္ပါကို ဝတီသာ ပျော်စံ နတ်ဒေဝါတို့ အခါခါဆင်ပန်သလို နှစ်ကာလ ရှည်မြင့်ကြာမှ တကြိမ်တခါ ဘုရားမြတ်စွာ သာသနာတွေ့ကြုံခါမှ ကျင့်ရသည့် နည်းဥပဒေ ကို သတိမိုးစွဲရွာ ဒိဂုဏ် တိမ်ထပ်လွှာဥာဏ်ပညာ ဝရဇိန်မိုး ပေါက်တို့ဖြင့် သွေ့မဖယ်ဖြောင့်တန်းအောင် ကြိုးပမ်းလျက် ကျင့် နှိုင် ကြံနှိုင် စွမ်းနှိုင်ကုန်ကြ၍ အကောင်းတကာတို့ထက် အကောင်းဆုံးဖြစ်သော အမြတ်တကာတို့ထက် အမြတ်ဆုံးဖြစ် သော ချမ်းသာတကာတို့ထက် ချမ်းသာဆုံးဖြစ်သော အအေး တကာတို့ထက် အအေးဆုံးဖြစ်သော ဆန်ခံ၍ ကျွေးမွေးရခြင်း

စာသင်ရခြင်း ပန်းရေဆီမီး စသည် ပူဇော်ရခြင်း ဝတ်တက် ဆွမ်းတော်ကပ်ရခြင်း ဒါနသီလ သမထ ဝိပဿနာတို့ဖြင့်ပြုပြင် စီရင်ရခြင်းကင်းရာ အသင်္ခတနိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်၍ နိစ္စအမြဲ အေးအေးကြီး အေးကြပါစေကုန်သတည်း။ အေးအေး ကြီး အေးကြပါစေကုန်သတည်း။

ဤကား ဥပဒေ နိဂုံးတည်း။

မဟာဂန္ဓာရုံ ဆရာတော် စီရင်တော် မူသော
သီလရှင်တို့ ဥပဒေကျင့်ခဏ်း
ပြီး၏။

ကိုးကားကြည့်ရှုသော စာအုပ်များ

၁။ သံယုတ်ပါဠိတော် (ပဌမ)
၂။ စူဠဝါပါဠိတော်
၃။ ပါရာဇိကဏ်အဋ္ဌကထာ
၄။ စူဠဝဂ္ဂါဒိအဋ္ဌကထာ
၅။ သုတ်မဟာဝဂ် အဋ္ဌကထာ
၆။ ဥပရိပဏ္ဏာသ အဋ္ဌကထာ
၇။ သံယုတ် အဋ္ဌကထာ (ပဌမ)
၈။ အင်္ဂုတ္တိုရ် အဋ္ဌကထာ (တတိယ)
၉။ ဥဒါန်းအဋ္ဌကထာ
၁၀။ ထေရဂါထာ အဋ္ဌကထာ
၁၁။ ဇာတ်အဋ္ဌကထာ 'ဆဋ္ဌမ'
၁၂။ သာရသမ်ဂ်ဟ အဋ္ဌကထာ
၁၃။ ဝင်္ဂီရဗုဒ္ဓဋီကာ
၁၄။ ဒီပဝံသ
၁၅။ ဦးကုလားမဟာရာဇဝင်ကြီး (ပဌမ)
၁၆။ ကုန်းဘောင်ဆက်ရာဇဝင် (ဒုတိယ-တတိယ)
၁၇။ ခေတ်ဟောင်းမြန်မာရာဇဝင် (ဒေါက်တာသန်းထွန်း)

၁၈။ ပြည်ထောင်စု မြန်မာနိုင်ငံသမိုင်း
(ဒေါက်တာ ကျော်သက်)
၁၉။ မြန်မာရာဇဝင်မဉ္ဇူ (ဦးဗညွန့်)
၂၀။ သမန္တစက္ခုဒီပနီ (ပဌမ)
၂၁။ ကလျာဏီကျောက်စာ (ပြည်ကြီးမင်္ဂုံ)
၂၂။ အမေးတော်ဖြေကျမ်း 'မောင်းထောင်'
၂၃။ ဗုဒ္ဓသာသနိကပဌဝိဝင် 'တောင်ပေါက်'
၂၄။ ဗုဒ္ဓနိုင်ငံတော် 'ဖျာပုံအရှင်သံဝရ'
၂၅။ ရွှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ 'ဦးမြ
၂၆။ မြစေတီပျဉ်းကျောက်စာ ဦးသာမြတ်'
၂၇။ ရတနာကြေးမုံ နန်းတွင်းဝတ္ထုကြီး
'ရွှေတောင်သီဟသူ'
၂၈။ သာသနာလက်ဝဲရစာတမ်း
၂၉။ လောကဗျူဟာအင်ဂုံစားတမ်း
၃၀။ ဒုလ္လဘသုံ့ပြိုက်ကျမ်း 'တောင်ပိလာ'
၃၁။ ရွှေကျင်နိုကာယမှတ်တမ်း 'ရွှေဟင်္သာ'
၃၂။ မဟာဒွါရနိုကာယသာသနာဝင် 'သပြေပင်'
၃၃။ ဒီပဝံသဝတ္ထု
၃၄။ ပေါရာဏဒီပနီ 'ပဌမဘဲ' မော်ပိဆရာသိန်း
၃၅ ကဗျာ့ဘဏ်တိုက် 'တတိယတဲ့-ဆရာတင်'
၃၆။ ပုဂံကျောက်စာ လက်ရွေးစင်
'ပါမောက္ခ-ဦးအေးမောင်'
၃၇။ ဘိုးဝဇီရစာပေ 'စန်းယုအောင်'

၃၀။ ဖာဟီယန်ခရီးစဉ် 'မြန်မာ'
၃၉။ ဝိဗိတ္တာသာရဒေသနာ 'ဝိသုဒ္ဓိရုံအရှင်စာရိတ္တ'
၄၀။ ဦးကျော်လှ သံချိုကဗျာများ 'အရှင်စန္ဒာသိရိ'
၄၁။ မွန်အင်္ဂလိပ်အဘိဓာန် 'ဟာလီဒေး'
၄၂။ ကုသပျို 'မုံရွေး'
၄၃။ စန္ဒကိန္နရီမျို့ 'ဦးရွှေခြည်'
၄၄။ ကဝိမဏ္ဍနိကျမ်း 'ဆီးပန်းနီ'
၄၅။ မဃဒေဝလင်္ကာသစ် 'မန်လည်'
၄၆။ ရှင်ဝဇီရဓမ္မသတ်လင်္ကာ
၄၇။ ဓေါဟူရဝိပ္ပလ္လာသ လက္ခဏာကျမ်း
၄၈။ နန္ဒိသေနပျို့ 'လက်ဝဲသုန္ဒရ'
၄၉။ ပိဋကတ်ဘော်သမိုင်း
၅၀။ မြန်မာစကားအဖွင့်ကျမ်း 'ဒုတိယဝဏ္ဏ' (ဦးဖိုးလတ်)
၅၁။ ဘာသာသွေး 'အရှင်ဇနကာဘိဝံသ'
၅၂။ ကမ္ဘာလှည့်သခင်ကိုယ်တော်မှီး 'သခင်ချစ်မောင်'
၅၃။ နိုင်ငံခြား သာသနာပြုအသင်းအဖွဲ့များ 'ဦးဘခင်'
၅၄။ မင်းကုန်းကနောင် အရေးတော်ပုံ 'ဗိုလ်အေးမောင်'
၅၅။ သဉ္ဇီဟ်ကိုးပိုင်း အကျဉ်းသရုပ်ကျမ်း 'ဆရာထပ်'
၅၆။ ရွှေပြည်ဦးဘတင် စာပေလောက
၅၇။ ပြည်ထောင်စု ယဉ်ကျေးမှုဘာစောင်
'အတွဲ-၃၊အမှတ်-၆'
၅၈ မြဝတီမဂ္ဂဇင်း 'အတွဲ-၈၊ အမှတ်-၁၂'
၅၉၊ ဝိုင်အမ်ဘီအေ ရွှေ့တုသဘင်စာစောင်

၆၀။ ပုဒ္ဓဓမ္မလောကစာစောင် 'အတွဲ-၉၊ အမှတ်-၂၃, ၂၄, ၂၅'
၆၁။ မော်လမြိုင် ခေမာရုံမင်္ဂလာတုသဘင်စာစောင်
၆၂။ သာသနဥဟိတကာရီ သီလရှင်အဖွဲ့ချုပ် နှစ်လည်စာစောင်
၆၃။ မန္တလေး မလွန် ဆန်လှူသင်း ၆၀-ကြိမ်မြောက် မှတ်တမ်း
၆၄။ သီလရှင် ဥပဒေကျင့်ခဏ်း
၆၅။ Dictionary of Pali Proper Names (G.P. malalasekara)
၆၆။ A Record of the Buddhist Countries (Fa-hsien)